

WHISPER OF WORDS

အင်း၊လျား၊စာအုပ်

ရွက်လှုပန်း

မိုးမိုး [အင်းလျား]

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ရှက်လှပန်း

မိုးမိုး (အင်းလျား)

၁

လောကမှာ လူက အရေးကြီးသလား၊ စာရွက်စာတမ်းက အရေးကြီးသလား၊ လူထက် တံဆိပ်တုံးက ပိုတန်ဖိုးရှိသလား။ လူကိုယ်တိုင်ထက် စာရွက်ပေါ်က လက်မှတ်တခုက ဘာကြောင့်များ ပိုပြီး အရေးပါနေပါလိမ့်။

ညိုတို့ တွေးပြီဆိုလျှင် သည်လိုပဲ လောကကြီးနဲ့ချီပြီး တွေးတတ်သည်။ တလောကလုံးကို မကျေမနပ် ဖြစ်နေတတ်သည်။ တလောကလုံးသည် ညိုနှင့် ဆန့်ကျင်ဘက် ဖြစ်နေတတ်သည်။ ထိုတလောကလုံးထဲတွင်မှ မကျေနပ်ဆုံးအရာသည် ညို့ဘဝ ဖြစ်နေပြန်သည်။

ညို့ဘဝသည် အနုတ်လက္ခဏာနှင့် စထားသောဘဝ ဖြစ်သည်။ ဘဝအစကို ညိုမေ့ချင်သည်။ သို့သော် ညို့ဘဝတွင် အရေးကြုံတိုင်း အတိတ်ကို ပြန်လည် ဖော်ထုတ်နေရတတ်သည်။ ဒါကို ညိုအမုန်းဆုံး ဖြစ်သည်။ သူတပါးလို အတိတ်ကို အတိတ်မှာထား၍ မရဘဲ အတိတ်ကို အစဉ် ဖော်ထုတ်ပြသနေရသည့် ညို့အဖြစ်ကို ညို နာကျည်းလှပါသည်။

ယခုပင် ညို့အတိတ်ကို ညိုတူးဖော်ခဲ့ရပြီ။ အများသိပြီးသော ညို့ဘဝကို အများသိအောင်ပင် ထပ်မံ၍ သက်သေသာဓကေ ပြည့်စုံစွာဖြင့် စင်တင်ပြခဲ့ရပြန်ပါပြီ။

※※※

၂

အမှန်တရားသည် အစဉ် နေရာရပါရဲ့လား။ အမှန်တရားကို မှန်ကြောင်း သက်သေပြနိုင်ရန် မည်သည့်အရာက သက်သေထူမည်လဲ။ ထိုသက်သေထူမည့်အရာသည်ကော မှန်ပါသည်လို့ မည်သူက အခိုင်အမာ ဆိုဝံ့မည်လဲ။ အခိုင်အမာ ဆိုနိုင်သည်ထားဦး၊ ထိုအဆိုကကော မှန်နိုင်ပါ့မလား။

ညို့အတွေးများက ချာချာလည်နေသည်။

ရထားက အမှောင်ထဲသို့ တိုးဝင်နေသည်။ အမှောင်ထဲတွင် လရောင်ပျပျကို လွဲ့လွဲ့လေးမြင်ရသည်။ ပြတင်းဝမှ တိုးဝင်လာသော လေပူပူကိုပင် ဝမ်းပန်းတသာ ကြိုဆိုနေရသည်။ ရာသီဥတုက မိုက်လှပါဘိ။ ညဘက်တွင် ရထားမစီးဖူးသော ညို့အတွက် ရထားလမ်းဘေးမှ ညရှုခင်းသည် ရှုငေးစရာ ဖြစ်နေသည်။ သို့သော် ညသည် စိတ်ကူးယဉ်စရာ ကောင်းလောက်အောင် လှမနေခဲ့။ ညအလှကို ဖျက်ဆီးနေသည့်အရာများကို ညို့မြင်နေရသောကြောင့် ဖြစ်သည်။ အလှအပထဲတွင် အနိဋ္ဌာရုံကိုမှ ရွေးမြင်တတ်သော ညို့စိတ်ကြောင့်ပဲ ထင်သည်။ ညို့အမြင်တွင် ညသည် တစထက် တစ အကျည်းတန်လာသည်။

“ညိုဟာ ဘာကိုပဲဖြစ်ဖြစ် အပျက်ဘက်ကချည်းပဲ မြင်တတ်တယ်”

ကိုကိုနိုင်က ညို့ကို သည်သို့ပင် မှတ်ချက်ချဖူးသည်။ ကိုကိုနိုင်သည်သာ မဟုတ် ညို့အပေါင်းအသင်းတွေကလည်း သည်သို့ပင် ပြောသည်။ သို့သော် ညို့အနေဖြင့်တော့ မည်သို့ မတတ်နိုင်။ အလှအပကို သူတပါးထက် ညိုက ပိုမြတ်နိုးတတ်သည်။ အထူးသဖြင့် ညို့လို အရုပ်ဆိုး အကျည်းတန်သူ မိန်းကလေးတယောက်က အလှအပကို ပို၍ပင် တွယ်တာချင်သည်။ သို့သော် ညို့အမြင်တွင် အလှအပများက ဆိတ်သုဉ်း ပျက်စီးနေသည်။ ဒါကို ညိုက ဘာများတတ်နိုင်ပါမည် လဲ။ လောကကြီးကို အကျည်းတန်နေတာပဲ။ လောကကြီးကို ညိုက ဘယ်လိုလုပ် ပြုပြင်မလဲ။

တကယ်ဆိုလျှင် ညသဘာဝနှင့် လိုက်ဖက်အောင် ပတ်ဝန်းကျင်က တိတ်ဆိတ်နေသင့်သည်။ လွမ်းမောဖွယ် ဖြစ်နေသင့်သည်။ အိပ်မက်ကမ္ဘာထဲ ရောက်နေသင့်သည်။ ခုတော့ ထိုသို့မဟုတ်၊ ညို့ပတ်ဝန်းကျင်က ဆူညံနေသည်။ ညို့အသိစိတ်က ကြောက်ရွံ့နေသည်။ စက်ဆုပ်ရွံရှာနေသည်။ စိုးရိမ်ပူပန်နေသည်။ အရက်နံ့များက လှိုင်နေသည်။

ရထားတွဲတခုလုံး ဆန်အိတ်များဖြင့် ပြည့်နေသည်။

ဆန်အိတ်တွေပေါ်တွင် အကျီမပါသော လူ လေးငါးယောက် ထိုင်နေကြသည်။ ရောက်တတ်ရာရာ သီချင်းများကို အော်ကြီးဟစ်ကျယ် ဆိုနေကြသည်။ အရက်နံ့က သူတို့ဆီမှ လာနေသည်။

"ဟေ့ ဒါတွေအားလုံး တအိတ်တကျပ် မရရင်တော့ ကန်ကိုချပစ်မယ်"

ရထားတွဲစောင့်က မူးမူးနှင့် အော်လိုက်သည်။

"တအိတ် တကျပ်နော်၊ ကျေနပ်ရင်တင် မကျေနပ်ရင် ခု ဆင်းသွား၊ ဒီတွဲကို ကျုပ်ပိုင်တယ်"

ဒုတိယအကြိမ် အော်လိုက်သည့်တိုင် ဆန်အိတ်ပိုင်ရှင်များက လူကို ဂရုစိုက်ဟန် မပြကြ။ ဆေးပေါ့လိပ်ကိုဖွာကာ ခြေပစ်လက်ပစ် ထိုင်နေကြသည်။ သူတို့သည် မောလည်းမောပန်းနေကြဟန် တူသည်။ တာ၀ဘူတာတွင် ဆန်အိတ်များကို အပြေးအလွှား ထမ်းတင်ခဲ့ကြရသောကြောင့်ဖြစ်သည်။

သည်ရထားသည် ပျဉ်းမနား လော်ကယ်ရထား ဖြစ်သည်။ ဒိုက်ဦးဘူတာကို ရောက်တော့ လေးနာရီကျော်လောက်ရှိပြီ။ အချိန်မှန် စိုက်ချိန်သည် မည်သည့်အချိန်လည်း မသိ။ မည်သူမျှ မသိ။ ရုံပိုင်လည်း မသိ။ သွားမေးတော့ လာခါနီးလျှင် သံချောင်းခေါက်မည်၊ ခုတော့ မသိသေးဟု ဖြေလိုက်သည်။ ဘာပဲဖြစ်ဖြစ် ရောက်လာချိန်ကိုသာ အချိန်မှန်ဟု မှတ်ပေရော့။

ညိုက လရောင်ဘက် လှည့်၍ လက်ပတ်နာရီလေးကို ကြည့်လိုက်သည်။ ၁၀ နာရီကျော်ပေပြီ။ ရန်ကုန်ကို ဘယ်အချိန်ဆိုက်မည် မသိသေး။ ရထားဆိုက်သည့်အချိန်သည် ရန်ကုန်သို့ ရောက်သည့် အချိန်ဖြစ်မှာ သေချာသည်။ ဘာမျှမရေရာ။

ရထားက ကျောက်တန်းဘူတာသို့ ၀င်လာသည်။ ပလက်ဖောင်းပေါ်တွင် ဆန်အိတ်ပုံများကို မြင်နေရသည်။ လူအချို့က မီးတုတ်များကို ကိုင်ထားကြသည်။ စာတိုက်တွဲက ဆန်အိတ်ပုံကို ကျော်လာသည်။ ဆန်အိတ်ပုံနားသို့ ဂတ်ဗိုလ်တွဲ မရောက်ခင် ရထားက ရပ်သွား၏။ လူအချို့က တီးတိုးဆဲရေးလိုက်သည်။

ညိုက သက်ပြင်းကို ခိုး၍ချမိ၏။ သည်ပုံနှင့်ဆိုလျှင်တော့ ရန်ကုန်ကို ဘယ်အချိန်မှ ရောက်မည်မသိ။ သည်ဆန်အိတ်တွေ မပါဘဲနှင့်တော့ သည်ရထားက ထွက်မည်မထင်။

"ဟေ့ မတက်နဲ့ မတက်နဲ့၊ ဒါ လူစီးတွဲ မဟုတ်ဘူး၊ စာတိုက်တွဲ စာတိုက်တွဲ၊ တယ် ဒီလူတွေ ပြောလို့ဆိုလို့ မရပါလား၊ တံခါးပိတ်ထားလိုက်စမ်း"

ဒီတွဲကို ကျုပ်ပိုင်တယ်ဟု ကြွေးကြော်ခဲ့သူကပင် အလုအယက် တိုးဝှေ့တက်လာသော လူများကို အတင်းနှင်ချနေလေသည်။

"အို ဘာတွဲဖြစ်ဖြစ် တက်ရမှာပဲ၊ လူစီးတွဲက တက်လို့မှမရဘဲ"

ကလေးချီထားသူ မိန်းမတယောက်က အတင်းတိုးတက်ရင်း ပြန်အော်လိုက်သည်။ သည်မိန်းမ ရထားတွဲပေါ်ကို ချောချောမောမော ရောက်လာပါစေဟု ညို့စိတ်ထဲက ဆုတောင်းမိသည်။ ကျန်လူစီးတွဲများတွင် ခြေချစရာမရှိအောင် လူတွေကျပ်ညပ်နေသည်ကို ညို မြင်ခဲ့ရပြီးဖြစ်သည်။ ယခုလောက်ဆိုလျှင် ရထားပေါ်တက်သည့် တံခါးပေါက်ကို ပိတ်ထားကြမည်မှာ သေချာသည်။ တမင်ပိတ်ထားသည် မဟုတ်သည့်တိုင် ပြည့်လျှံနေသည့် လူနှင့် ပစ္စည်းများက ပိတ်ဆို့ထားပြီး ဖြစ်နေလိမ့်မည်။ ညိုပင် ကံကောင်းထောက်မ၍ သည်တွဲပေါ်တွင် ထိုင်စရာ နေစရာ ရခဲ့ခြင်း ဖြစ်သည်။ ဒိုက်ဦးမှ တက်ကတည်းက သူငယ်ချင်းဖြစ်သူက တင်ပေးလိုက်ခြင်း ဖြစ်သည်။

ကလေးနှင့်အမျိုးသမီးက တွဲပေါ်ရောက်လာသည်။ ရထားက ဘီးလိမ့်၍ ထွက်လာသည်။ သို့သော် ညိုထင်သလို ရှေ့သို့ ထွက်လာခြင်းမဟုတ်။ နောက်ပြန်ဆုတ်သွားခြင်း ဖြစ်၏။ ညို စီးသည့်တွဲသည် ဆန်အိတ်ပုံဘေးသို့ ရောက်သွားသည်။ သည်တွင် ရထားရပ်သွားသည်။

"ဟေ့လူ အင်္ကျီဝတ်စမ်းပါဗျ"

ဘေးမှလူကို အမိန့်ပေးလိုက်သည်။ ထိုသူက အင်္ကျီတထည်ကို ကောက်ဝတ်လိုက်သည်။

ထိုလူက တွဲတံခါးကို ပိတ်မည့်ဟန်ပြုရင်း အော်သည်။ သို့သော် သူ့စကားကို မည်သူမျှ ဂရုမစိုက်။

ညိုသည် တွဲအပြင်ဘက် အမှောင်ထုထဲမှ လရောင်ကို မဖွေရှာချင်တော့။ တွဲထဲမှ ဖယောင်းတိုင် မီးရောင်အောက်တွင် အဆီပြန်နေသောလူတွေ၏ မျက်နှာကိုသာ လိုက်ကြည့်နေမိသည်။ သူတို့သည် အလုပ်တခု ပြီးမြောက်သွားသည့် အထိမ်းအမှတ်ဖြင့် သက်ပြင်းတချက်ကို မှုတ်ထုတ်လိုက်ပြီး ရေပုလင်းကို တယောက်တလှည့် မော့လိုက်ကြသည်။ ပုလင်းထဲတွင်တော့ ရေလား အရက်လား ညို ခွဲခြားမသိ။ ပြီးလျှင် ဆန်အိတ်များပေါ် ပစ်လှဲကာ သီချင်းအော်ဆိုကြသည်။ သူတို့အားလုံး ညို့ကို မည်သို့မျှ အနှောင့်အယှက် မပေးသည်ကိုတော့ ညို ကျေးဇူးတင်မိသည်။ စောစောက စိုးရိမ်ပူပန်မိသောစိတ်လေးများပင် ပြေစပြုလာသည်။ ကလေးနှင့်အမျိုးသမီးသည် ငိုက်မြည်းနေ သည်။ သူ့ဘေးတွင် ယောကျ်ားဖော် နှစ်ယောက် ပါသည်။

ရထားသည် အရှိန်ပြင်းပြင်း ခုတ်လာသည်။ ညိုုတယောက် အတွေးထဲမှာ နစ်နေသည်။ ညို့အတွေးတွင် ထုံးစံအတိုင်း လောကကြီးအကြောင်း၊ လူတွေအကြောင်း စုံနေသည်။

"လူတွေက အလိုက်မသိတတ်ဘူးဗျ သိလား"

လူတွေအကြောင်း တွေးနေစဉ် လူတွေကို အမိပ္ပာယ်ဖွင့်လိုက်သော စကားကြောင့် ညို လှည့်ကြည့်မိသည်။ "တအိတ် တကျပ်" ဟု အော်ခဲ့သူ တွဲပိုင်ရှင်က ညို့ဘေးတွင်ထိုင်ပြီး စကားစလိုက်ခြင်းဖြစ်၏။ ညိုက အလိုက်သင့် နားထောင်လိုက်ရသည်။

"တက်တုန်းကတော့ အလုအယက် တက်ပြီး ဆင်းသွားတော့ ပိုက်ဆံလေး တကျပ် ငါးမူးကို မပေးချင်ကြဘူး၊ စောစောက ဟိုမိန်းမဆိုကြည့်၊ ပိုက်ဆံလေးကျပ်ပဲ ပေးသွားတယ်"

သူပြောမှ ကလေးနှင့်မိန်းမ မရှိတော့သည်ကို တွေ့ရသည်။ သူ့အဖော်များပါ ဆင်းသွားကြလေပြီ။ ငွေလေးကျပ် ပေးသွားပါလျက် အလိုက်မသိဘူးဟု ပြောနေသော ထိုသူကို နားမလည်သလို ကြည့်လိုက်မိသည်။

"လူအသေဆို ဘယ်သူမှ မတင်ချင်ကြဘူး မဟုတ်လား၊ ကျွန်တော်က သနားလို့တင်တာ၊ တဆယ်တောင်းတယ် မပေးဘူး"

"လူအသေ ဟုတ်လား"

ညိုက အထိတ်တလန့် ဆိုလိုက်မိသည်။

"ဟုတ်တယ်လေ၊ သူ့ကလေးက သေနေပြီပဲ"

ညို ဘုရားတလိုက်မိသည်။ အမှုပွေလှသော လောကအလယ်မှ လူတွေအကြောင်း၊ ဒုက္ခတွေ အကြောင်းကို ညို ကောင်းကောင်းမသိသေးပါကလား။

"ညီမက ရန်ကုန် ဘယ်မှာနေသလဲ"

"ပြည်လမ်းမှာပါ"

ညိုက မရေမရာ ဖြေလိုက်သည်။

"လာကြိုမယ့်လူ ရှိလား"

"ဟုတ်ကဲ့ ရှိပါတယ်"

“ရှိမှပဲ ညဥ့်နက်နေပြီ၊ မိန်းကလေးတယောက်တည်း မကောင်းဘူး”

ထိုလူက သတိပေးစကား ပြောလိုက်သည်။ သတိပေးသည်ပဲလား၊ သွေးတိုးစမ်းသည်ပဲလား ညို ခွဲခြားမသိ။ လေးလေးစားစား စကားပြောနေသည်ကိုပဲ ကျေးဇူးတင်နေမိသည်။

“ကြည့်နေ ရထားရပ်အောင် လုပ်ပြမယ်”

ထိုလူက ညို့ကို ကလေးတယောက်သဖွယ်ကြည့်ကာ ရယ်၍ဆိုသည်။ ပြီးတော့ ရထားကြီးကို “ဟိုးဟိုး” ဟူသော အမူအရာဖြင့် လက်ကာပြသည်။ ရထားက ရပ်သွားသည်၊ သူက သဘောကျစွာ ရယ်မောလိုက်၏။ အရက်နံ့က ထောင်းခနဲ ထွက်လာသည်။

ညိုက စိတ်ပျက်စွာဖြင့် အပြင်သို့ ငဲ့ကြည့်လိုက်မိသည်။ သဃ်န်းကျွန်းဘူတာနား ရောက်နေပေပြီ။ ရထားလမ်းဘေးတနေရာမှ လက်နှိပ်ဓာတ်မီးရောင် မြင်နေရသည်။ ထိုမီးရောင်၏ အချက်ပြမှုကြောင့် ရထားက ရပ်သွားခြင်းဖြစ်မည်။ ပြီးတော့ ရပ်နေကျနေရာလည်း ဖြစ်မည်။ ထို့ကြောင့်လည်း စောစောကလူက ရထားရပ်အောင် လုပ်ပြမယ်ဆိုကာ နောက်ပြောင်ခဲ့ခြင်း ဖြစ်ပေသည်။ ရထားပေါ်မှ လူအချို့ ဆင်းသွားကြသည်။ သူတို့လက်ထဲတွင် ပစ္စည်းအပြည့်ပါသော ခြင်းများကို ဆွဲသွားကြသည်။ ရထားက ဆက်၍ ထွက်လာသည်။ ညိုက သက်ပြင်းကို ခိုးရှိုက်လိုက်မိပြန်သည်။ ပြီးတော့ တိုးတိုးရေရွတ်မိသည်။ လောကကြီးနှင့် ချီပစ်လိုက်သည်။

“တလောကလုံး ဖြစ်ချင်တိုင်း ဖြစ်နေတာပဲ”

※※※

“မိုးချုပ်လိုက်တာ ညိုရယ်”

ဗယ်လာရီက ညို့လက်ကလေးများကို ဆုပ်ကိုင်၍ ရေရွတ်လိုက်သည်။ ကျော်ဇောထွန်းက ညို့ကို ပြုံးပြသည်။

“သိပ်ကျေးဇူးတင်တာပဲကွယ်၊ ညိုတော့ ဒီအချိန်ထိအောင် မင်းတို့ စောင့်နေမှာမဟုတ်တော့ဘူးလို့ တွေးပြီး ကြောက်နေမိတာ”

“စောင့်ရတာပေါ့ဗျာ၊ ရထားက ထွက်လာနေပြီဆိုတာတော့ သိထားရတာကိုး၊ ရောက်တဲ့အချိန်ထိ စောင့်ရတာပေါ့”

“ဟုတ်တယ်၊ အစကတော့ ညိုလဲ ဒီလောက် မိုးချုပ်မယ် မထင်လို့ပါ”

"ဘာလို့ ဒီလောက် အလောသုံးဆယ် ပြန်လာရသလဲ ညိုရယ်၊ မနက်မှ အေးအေးဆေးဆေး ပြန်လာလဲ ရသားနဲ့"

"အဆင်မပြေဘူး ဆိုကတည်းက တစ်စက္ကန့်ကလေးမှ ဆက်နေချင်တဲ့စိတ် မရှိတော့လို့ ဖဲလ်ဆီ ဖုန်းဆက်တာပေါ့"

"ပြန်လာမယ်ဆိုတာသာ သိလိုက်တယ်၊ ဘာမှလဲ သဲသဲကွဲကွဲ မကြားရပါဘူး"

"ဟုတ်တယ်၊ စာတိုက်ကနေ ဆက်လိုက်တာ"

ညိုတို့သုံးယောက် ဘူတာအတွင်းမှ ထွက်လာကြသည်။ ရန်ကုန်မြို့သည်ပင် တိတ်ဆိတ်စ ပြုနေပေပြီ။ ကျော်ဇောထွန်းက ဖယ်မလီယာတစီးကို စောင့်ငှားသည်။

"ဘာတွေ ဖြစ်ခဲ့သလဲဟင်"

ဗယ်လာရီက ညို့မျက်နှာကို စေ့စေ့ကြည့်၍ မေးသည်။

"အိမ်ရောက်မှ ပြောမယ်ကွာ"

ညိုတို့ အိမ်ရောက်တော့ ၁၂ နာရီ ကျော်ပေပြီ။

"အများကြီး ကျေးဇူးတင်တယ် ဇော်"

"ကိစ္စမရှိပါဘူးဗျာ"

ကျော်ဇောထွန်းက ဗယ်လာရီကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ သူပြန်သွားမှ ညိုတို့နှစ်ယောက် အိမ်ထဲဝင်ခဲ့ကြရ၏။ တအိမ်လုံး တိတ်ဆိတ်နေသည်။ တဘက်ခန်းမှ ချစ်လှကြည်တို့ မလေးဆွေတို့လည်း အိပ်နေကြပြီ ထင်သည်။

"တခုခု စားဦးမလား"

ဗယ်လာရီက နို့မှုန့်ဘူးခွံများကို လိုက်ဖွင့်ရင်း မေးလိုက်သည်။

"ဆာတော့ ဆာတယ်၊ ဒါပေမဲ့ မစားချင်တော့ဘူးကွာ"

ညိုက အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

"ကိတ်ခြောက်နည်းနည်းကျန်သေးတယ် စားမလား"

ညိုက ခေါင်းခါပြလိုက်သည်။

"ညို အိပ်တော့မယ်"

"မအိပ်ခင် အင်္ကျီလဲရမယ်"

ဗယ်လာရီက ညို့ကို ပြောနေကျစကားအတိုင်း ပြောလိုက်သည်။ အင်္ကျီမလဲဘဲ ခြေပစ်လက်ပစ် အိပ်တတ်သော ညို့အကျင့်ကို ဗယ်လာရီ မကြိုက်။ သူဆိုလျှင် ညဝတ်အင်္ကျီ လဲပြီးမှ၊ ကိုယ်လိမ်း ပေါင်ဒါ အနံ့လိမ်းပြီးမှ အိပ်ရာဝင်တတ်သည်။ ညို့ကိုလည်း ထိုအတိုင်း ပြုစေသည်။

"ဒီတညတော့ ခွင့်လွှတ်ကွာ"

ညိုက တောင်းပန်လိုက်၏။

"ဒါပေမဲ့ မအိပ်ခင် မငိုပါဘူးလို့တော့ ကတိပေးရမယ်နော်"

"မငိုပါဘူးကွယ် စိတ်ချ၊ သိပ်ပင်ပန်းနေပြီ အိပ်မှာပါ၊ ဂွတ်နိုက်"

"နိုက်"

မငိုပါဘူးဆိုသည့်တိုင် ညို အိပ်မက်ထဲတွင် ငိုမိလေသည်။

※※※

ပြဿနာတခုကို တင်ပြီဆိုသည့်နောက်တော့ အဖြေကို ရှာကြဖို့ပဲ ရှိသည်။ အဖြေသည် လိုချင်သည့်အဖြေ ဖြစ်ချင်မှ ဖြစ်မည်။ အနီးစပ်ဆုံးအဖြေ ဖြစ်ချင်ဖြစ်မည်။ ဘာမျှမဆိုင်သည့် အဖြေ ဖြစ်ချင်ဖြစ်မည်။

ယခုလည်း ညိုက ကော်ဖီခါးခါးသောက်ရင်း ပြဿနာတင်သည်။ ဗယ်လာရီက ကိတ်ခြောက်ဝါးရင်း အဖြေရှာသည်။ တကယ်တော့ ဗယ်လာရီသည် အဖြေမှန်ထက် ညို့ရင်တွင်းမှ ဝေဒနာများ ပြေလျော့စေရန် ဖြေချပေးနေခြင်းသာ ဖြစ်သည်။

"စာရွက်စာတမ်းဆိုတာ လိုအပ်လို့ သတ်မှတ်ထားတာတွေပဲ ညို၊ သူတို့ မရှိရင် အလုပ်လုပ်လို့ ဘယ်ရမလဲ။ လူတွေ အမှုပွေလို့ တရားရုံးတွေ ထားရတယ်၊ ဒီသဘောပဲ"

"မှန်ပါတယ်၊ ဒါပေမဲ့ စာရွက်စာတမ်းဆိုတာ လူတွေ သက်သာလွယ်ကူအောင်၊ အလုပ်တွင်အောင် အထောက်အကူပြုမယ့် ပစ္စည်းသာ ဖြစ်ရမယ်။ လူတွေ ဒုက္ခများအောင်၊ လူတွေကို ဝန်ပိအောင် ချုပ်နှောင်တဲ့အရာ

ဖြစ်နေတာတော့ မကောင်းဘူး။ လူဟာ အဓိက စာရွက်စာတမ်းဟာ သာမည ဖြစ်ရမယ်၊ ခုတော့ စာရွက်က အဓိကဖြစ်နေတယ် မခက်လား”

ပြဿနာသည် ပြေလျော့မသွား။ တဖြည်းဖြည်း တက်လာသည်။ ဗယ်လာရီသည် ညို့လို ဦးနှောက်ခြောက်ခံတတ်သူ မဟုတ်။ ဂိုရာ အိုဒီကလုံးကို လက်နှင့်တို့၍ နားထင် ဆံစပ်ကို အနည်းငယ် ဆွတ်လိုက်သည်။

“တခါက အသက်အာမခံထားတဲ့ လူတယောက်ဟာ နှစ်စေ့လို့ အာမခံငွေထုတ်ဖို့ လျှောက်တယ်တဲ့၊ ဒီတော့ ရုံးကလူက သူ နှစ်စေ့တဲ့အထိ အသက်မသေသေးတဲ့အကြောင်း ထောက်ခံချက် တောင်းတယ်တဲ့၊ မသေလို့ လူကိုယ်တိုင် ရောက်နေပြီပဲ၊ ထောက်ခံစာ လိုသေးလားလို့ ဒေါပွပွနဲ့ ပြန်မေးသတဲ့”

ဗယ်လာရီက ရယ်သည်။

“ခုကော ညိုက ဘာပြောချင်လို့လဲ”

“ကျွန်မရဲ့သွေးဟာ ဗမာသွေးလား တရုတ်သွေးလားဆိုတာ ခေတ်ခွဲကြည့်စမ်းပါလို့ ပြောချင်တယ်”

ညို့မျက်လုံးတွင် မျက်ရည်တွေ ဝေ့လာသည်။ ဗယ်လာရီက လက်ပတ်နာရီလေးကို မသိမသာ မြှောက်ကြည့်သည်။

“ဗဲလ် သွားစရာရှိတာ သွားပါ”

“ညို့ကို စိတ်တောင်မချဘူးကွာ”

“သွားစမ်းပါ သူငယ်ချင်းရာ၊ ညို့ကို အမေက လောကမှာ တယောက်တည်း ထားခဲ့တာပါ”

“လာပြီ၊ သူပြောလိုက်မှဖြင့် လောကကြီး မပါရင် မပြီးဘူး၊ လောကဆိုတာလဲ လူတွေ ဖန်တီးထားတာပဲ၊ လူတွေနဲ့ ပြည့်နေတာပဲ၊ ဒီတော့ လောကမှာ ညိုတယောက်တည်း မဟုတ်ဘူး၊ အများကြီး အများကြီး၊ ကဲ ကိုယ်သွားမယ် ငိုမနေနဲ့”

ဗယ်လာရီသည် ညို့ကို စိတ်မချသလို တချက်လှည့်ကြည့်ပြီးမှ အပြင်ထွက်သွားသည်။ တအိမ်လုံး တိတ်ဆိတ်၍ ကျန်ရစ်သည်။ အိမ်ရှေ့ ဗာဒံပင်ရိပ်သို့ ညို ထွက်လာခဲ့သည်။ တထပ်တိုက်ကလေး သည် ခြံဝင်းထဲတွင် သပ်ရပ်စွာ ရပ်တည်နေသည်။ သည်ခြံနှင့် အိမ်ကို ဗယ်လာရီ၏ ဦးလေးတော်သူတဦးက ပိုင်သည်။ ဗယ်လာရီ၏ ပူဆာမှုကြောင့် ညိုတို့ သူငယ်ချင်းတသိုက်ကို တလ ၂၀၀ ဖြင့် ငှားထားခြင်း ဖြစ်၏။

ညိုတို့လို လူ့ဘဝတွင် မရေမရာ ယောင်ချာချာရောက်လာသူ မိန်းကလေးတယောက်အတွက်တော့ သည်လိုနေရာမျိုးသည် တကယ့် ကွန်းခိုရာပင် ဖြစ်ပါသည်။ ညို့အတွက်တော့ သည်ကွန်းခိုရာတွင် ပင် ကြာရှည်ရပ်တည် ခိုလှုံနိုင်မည် မဟုတ်တော့။ လွင့်ရပါဦးမည်။ သည်မျှ အေးချမ်းဆိတ်ငြိမ်ရာ သည် ညို့လို ပူလောင်၍ သောကဖြာသူတယောက်အတွက် ဆက်လက် နေရာပေးတော့မည် မဟုတ်။

နွေသည် ပူလောင်လှပါဘိ။ နွေ၏အလှကို ညို မဖွေရှာတတ်။ ရွက်ဝါကို ညို မချစ်တတ်။ ဥဩသံကို သာယာသည်ဟု ညို မခံစားမိ။ တခုပဲသိသည်။ ညို့ဘဝက နွေနှင့်တူသည်။ အထီးကျန် ဆန်သည်။ ပူလောင်သည်၊ ခြောက်ခန်းသည်။

ညို့ဘဝတွင် သာယာအေးချမ်းမှုဟူသည် အလွန်ပင် ခေါင်းပါးခဲ့လေသည်။

※※※

ဗီယက်နမ်မှာ အမေရိကန်စစ်သားတွေနဲ့ ရတဲ့ ကလေးပေါင်း ၂၀၀၀ ကျော် ရှိတယ်ထဲ့။ သူတို့လေးတွေရဲ့အနာဂတ်ကို ဘယ်သူတွေက တာဝန်ယူမှာလဲ။ ဗီယက်နမ်ပြည်သူတွေက တို့နိုင်ငံသား မဟုတ်ဘူး ဆိုပြီး လျစ်လျူရှုမှာလား။

ညိုလဲ ဗမာမိန်းကလေးတယောက်ပါပဲ။ မြန်မာပြည်ကို ချစ်ပါတယ်။ အခြားဘယ်နိုင်ငံကိုမှလည်း ညိုမရောက်ဖူးတော့ မြန်မာပြည်ကိုပဲ အချစ်ဆုံးပါ။ ဗမာလူမျိုးအပေါ်မှာ ညို သစ္စာရှိပါတယ်။

မှတ်ပုံတင်လက်မှတ် မပါရင် ခရီးမသွားရဘူးလို့ မီးရထား ဘူတာရုံက ပြောပါတယ်။ မှတ်ပုံတင် လက်မှတ် မရှိရင် မန္တလေးလက်မှတ် ဝယ်လို့မရပါဘူး။ ထိုင်းနိုင်ငံကို ကျောက်စိမ်းမှောင်ခို ကုန်ကူးနေတဲ့သူတွေဆီမှာ မှတ်ပုံတင်လက်မှတ် ရှိပါရဲ့လား။

"ဟိတ်၊ ဘာတွေရေးနေတာလဲ"

"အမလေး လန့်လိုက်တာ"

စာရွက်လွတ် အပိုင်းအစလေးများတွင် ခဲတံတချောင်းဖြင့် လျှောက်ရေးနေသော ညို့ကို ဗယ်လာရီက ပခုံးကို ဆုပ်ကိုင်ကာ မေးလိုက်သည်။ အတွေးထဲတွင် နစ်နေသော ညိုမှာ လန့်ဖျပ်သွားမိသည်။ ဗယ်လာရီက သဘောကျစွာ ရယ်နေသည်။

"ညိုဟာလေ အရူးကျနေတာပဲ၊ ဘာလဲ စာရေးဆရာမလုပ်တော့မလို့လား"

“ကဗျာဆရာမတော့ အဖြစ်ချင်သား”

“ညို ကဗျာစပ်ရင် တကယ်ရှုးမှာပဲ”

ညို့ကို စူးစိုက်ကြည့်ရင်း ဗယ်လာရီက ညည်းညူလိုက်သည်။ ညို့အသားက နာမည်နှင့်လိုက်အောင် ညိုသည်။ မည်းသည်ဟုပင် ဆိုနိုင်သည်။ မျက်လုံးများက သေးငယ်၍ စူးရှသည်။ နှာခေါင်းက မပေါ့တပေါ်။ နှုတ်ခမ်းက ထူသည်။ ညို့တွင် မိန်းကလေးတို့တွင် ရှိအပ်သော လှပခြင်းဟူသည် မရှိ။ တလောကလုံးကို မကျေမနပ် ဖြစ်နေဟန်ရှိသော အမူအရာမျိုး ညို့မျက်နှာတွင် အစဉ် မြင်ရတတ်သည်။ တခါတရံတော့လည်း ညိုသည် သနားဖွယ်ကောင်းလောက်အောင် အားငယ် စိတ်ပျက်နေတတ်ပြန်လေသည်။ အဓိပ္ပာယ်မဲ့ ငိုချင် ငိုနေတတ်သည်။ ဘာပဲဖြစ်ဖြစ် ညို့ကို ဗယ်လာရီ ခင်မိလေသည်။

ညို့ကို အင်းလျားဆောင်တွင် စတင် သိကျွမ်းခဲ့ရခြင်း ဖြစ်သည်။ ဗယ်လာရီတို့က ညို့ထက် စီနီယာကျသည်။ နှစ်ကြီးသမားများမို့ မမ အခေါ်ခံချင်ကြသည်။ ပြီးတော့ မေမြို့တို့၊ တောင်ကြီးတို့မှ ဆင်းလာသော သူဌေးသမီးအုပ်စုမို့ ညိုတို့လို တောသူလေးတွေကို သိပ်အထင်မကြီးချင်၊ ဗယ်လာရီတို့၏ ဖရန့်ဝင်း (အဆောင်အရှေ့ဘက်တန်း) သည် အဆူဆုံး အညံဆုံး ဖြစ်သည်။ အချိန်မရွေး ဗွန်းသံ ခက်ရင်းသံ ကြားရတတ်သည်။ မီးပူခိုးတိုက်၍ အဆူခံရလျှင် သူတို့။ အဆောင်မှူး၏ ပန်းခြံထဲမှ ပန်းပျောက်လျှင်လည်း သူတို့ လက်ချက်။ ဖန်ခွက်နတ်၊ မီးခြစ်နတ် မေးပြီး ဟားတိုက်နေတတ်ကြသည်မှာလည်း သူတို့။ ဘယ်သူ့မျှ ဂရုမစိုက်။ ထင်တိုင်းကြဲတတ်ကြသည်။ အကဲဆုံးကတော့ ညအခါ အဆောင်ရှေ့တွင် သီချင်း လာဆိုကြသည်ကို နားထောင်ကြသည့်အခါတွင် ဖြစ်သည်။

ဝါသနာရှင် ကျောင်းသားတသိုက်က မယ်ဒလင်၊ ဂီတာ ကိုင်၍ အင်းလျားတို့ ရတနာဆောင်တို့ရှေ့မှာ ညအခါ သီချင်း လာဟစ်တတ်ကြသည်။ ကျောင်းသူတွေကလည်း မီးရောင်ရိပ်တွင် ပုန်းကွယ်သလိုလိုဖြင့် ကိုယ်ဟန်ပြကာ နားသောတ ဆင်တတ်ကြသည်။ ထုံးစံအတိုင်း အကဲဆုံးကတော့ ဗယ်လာရီတို့အုပ်စု။ သီချင်းတပုဒ် ဆုံးလျှင် လက်ခုပ်တီးပြီး ဩဘာပေးသည်။ နောက်ထပ်ဆိုရန် ဝမ်းစမိုး အော်သည်။ နားထောင်ချင်သည့် သီချင်းကို ရီကွက်စ်တောင်းသည်။ အဆောင်မှူးနှင့် ဟောကျူတာများ လာလျှင် အခန်းထဲ ဝင်ပြေးပြီး မီးပိတ်ကာ ပုန်းနေတတ်ကြသည်။

ညိုသည် ဂီတ အလွန်ဝါသနာပါဟန်တူသည်။ သတင်းစာဖတ်ခန်းထဲမှ ရေဒီယိုနားတွင် သူ့ကို အမြဲမြင်ရတတ်သည်။ ညဘက်တွင် ဖရန့်ဝင်းသို့ အချိန်မှန်မှန်လာ၍ သီချင်းနားထောင်တတ်သည်။ ညည့်နက်သန်းခေါင်အထိ

ထိုင်နားထောင်နေတတ်သည်။ အဆောင်မှူး လှည့်လည် စစ်ဆေးသည့်အခါ ဗယ်လာရီတို့က အခန်းထဲ ဝင်ပုန်းနေသော်လည်း ညိုက နေရာမှ မရွေ့။ ထို့ကြောင့် ညို မကြာခဏ အဆူခံရသည်။

တခါတွင်လည်း ညို ခါးစာခံဖြစ်ခဲ့ရဖူးသည်။ ထိုညက စစ်ကိုင်းဆောင်မှ ကိုသက်နောင်တို့က သူကိုယ်တိုင်ရေးစပ်သော သီချင်းများဖြင့် အင်းလျားသူတို့ကို ဖြေဖျော်သည်။ ထုံးစံအတိုင်း ဗယ်လာရီတို့အသိုက်က ထပ်ဆိုရန် ရီကွက်စ်တောင်းသည်။ ထိုမျှနှင့် အားမရသေး။ စာတစောင် ရေးကာ သကြားလုံးများကို ထုပ်၍ ကြိုးချည်ပြီး သူတို့ရှိရာ အဆောင်ရှေ့ ကံ့ကော်ပင်အောက်သို့ ပစ်ပေးကြသည်။ သို့သော် သကြားလုံးထုပ်က ဝင်းထရံကို ကျော်၍ ထွက်မသွား။ အဆောင်ဝင်းအတွင်းမှ လူသွားလမ်းပေါ်သို့ ကျသွားသည်။ အဆောင်တံခါးက ပိတ်ထားပြီမို့ ထွက်ကောက်၍လည်း မဖြစ်။ ဒရဝမ်တွေ့သွားလျှင် ကောက်ပြီး အဆောင်မှူးလက်အပ်မှာ စိုးရသည်။ နောက်ဆုံးတော့ မနက်အစောဆုံး တံခါးဖွင့်ဖွင့်ချင်း သွားကောက်ရန် ဆုံးဖြတ်ကြရ၏။

သို့သော် အဆောင်တံခါး ဖွင့်ချိန်တွင် ဟောကျူတာ မမထားက တံခါးဝနားတွင် မားမားကြီး ရပ်နေသည်ကို တွေ့ကြရ၏။ ဗယ်လာရီတို့အုပ်စုက ပြူတစ်ပြူတစ်လုပ်ကာ ကြံရာမရ ဖြစ်နေကြသည်။ သည်အတိုင်းဆိုလျှင်တော့ တယောက်ယောက်က တွေ့ပြီး ကောက်သွားမှာ သေချာသည်။ မတော်တဆ အဆောင်မှူးလက် အပ်လိုက်မှဖြင့် ဒုက္ခ။

မမထားက အဆောင်ရှေ့သို့ ထွက်ရန် ဟန်ပြင်နေသည်။ ဗယ်လာရီတို့ ပြူးတူးပြာတာ ဖြစ်ကုန်ကြသည်။ သည်တွင် အခြေအနေကို လာကြည့်သော ညိုက မနေနိုင်တော့။ ညက နားထောင်သည့် ပရိသတ်ထဲတွင် သူလည်း ပါသည်မို့ သူနှင့်လည်း ဆိုင်သလို ခံစားနေရသည်။ ညိုက အပြင်သို့ အေးအေးဆေးဆေး ထွက်သွားပြီး အထုပ်ကလေးကို သွားကောက်သည်။ စာကို လက်ဖြင့် ခြေပစ်ပြီး သကြားလုံးထုပ်ကို ယူလာသည်။

“အဲဒါဘာလဲ ညိုညို”

မမထားက သံမှန်ဖြင့် လှမ်းမေးလိုက်သည်။

“သကြားလုံးထုပ်ပါ”

ညိုက လေသံအေးအေးဖြင့် ဖြေသည်။ ဗယ်လာရီတို့မှာ အသက်ပင် မရှူရဲကြ။ ညို့လက်တဘက်က စာရွက်ကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် ဆုပ်ခြေပစ်နေသည်ကို ကျေးဇူးတင်စွာ ကြည့်နေမိကြသည်။

"မိန်းကလေးတွေနော် တော်တော်ကဲကြ၊ ဂိုဒန်းက တိုင်နေတာ ကြာပြီ၊ အပြင်က ယောက်ျားလေးတွေ သီချင်းလာဆိုတယ်နော်၊ ဒီက ဆရာမလေးတွေနော် သံပရာသီးတွေ၊ စာတွေ၊ သကြားလုံးတွေ ပစ်ပေးတယ်တဲ့၊ ဂိုဒန်းပြောတယ် မရဘူးတဲ့၊ ဘယ်လောက် ရှက်ဖို့ကောင်းလဲ"

ဂိုဒန်းမှာ အဆောင်ညစောင့် ဒရဝမ်ဖြစ်သည်။ ထိုညက ထမင်းစားခန်းမထဲတွင် ညိုတို့ ကျောင်းသူအားလုံး သိမ်းကျုံး အဆူခံရသည်။ ကျောင်းသူအများစုက မနက်ကအဖြစ်ကို သတင်း ကြားထားသည့်အလျောက် ညို့ကို မဲ၍ ဝိုင်းကြည့်နေကြသည်။ ဗယ်လာရီတို့မှာ အပြစ်ရှိသူများပီပီ ငြိမ်နေကြသည်။ တကယ်တော့ သူတို့ရေးလိုက်သည့်စာသာ မိသွားလျှင် သည့်ထက် အဆူခံရမှ သေချာသည်။ အရှက်လည်း ကွဲရဦးမည်။ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာကို လာတွေ့ပါ၊ စောင့်နေမည် ဆိုတာမျိုးတွေ ရေးထားသည်လေ။

ထိုနေ့မှစ၍ ဗယ်လာရီက ညို့ကို လိုက်၍ အသိဖွဲ့သည်။ နောက်တော့ ညိုနှင့် ဗယ်လာရီတို့ အလွန်ခင်မင်သွားကြလေ၏။ ညို စာမေးပွဲကျ၍ အဆောင်မှထွက်ရချိန်တွင် ဗယ်လာရီက သူ့ဦးလေး အိမ်တွင်နေကာ အချိန်ပိုင်းကျူတာ လုပ်နေပြီ ဖြစ်သည်။ ဗယ်လာရီကပင် သူတို့စုပေါင်းနေထိုင်ရာ ကမာရွတ် လှည်းတန်းမှ အိမ်ကလေးသို့ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ သည်တွင် ညို့ဘဝကို ဗယ်လာရီ သိရှိနားလည်ခွင့် ရခဲ့သည်။

ဗယ်လာရီသိသော ညို့ဘဝသည် အထီးကျန်ဘဝ၊ အပယ်ခံဘဝ၊ လူ့ဘဝတွင် အနိမ့်ကျဆုံးအချိန်။ သူမနှင့် မရင်းနှီးခင်က ညို ဘာတွေ ဖြစ်ခဲ့သည်ကို မသိ။ ဖွင့်၍လည်း မမေး။ ဗယ်လာရီ သိသမျှ ညို့ဘဝတွင် ပါဝင်ပတ်သက်နေသူများမှာ ကိုကိုနိုင်ရယ်၊ သီသီရယ်၊ ပြီးတော့ ဆရာရယ် ဒါပဲဖြစ်သည်။ ယခုလက်ရှိ ညို့ဘေးတွင် ရပ်တည်နေသူမှာ ဆရာ။ သို့သော် ညို တမ်းတနေသူက ကိုကိုနိုင်။ ညို့ ကိုကိုနိုင်သည် မည်ကဲ့သို့သော ကိုကိုနိုင်နည်း။ ကိုကိုနိုင်ကို ညို မည်မျှ ချစ်ခဲ့ပါသနည်း။ ညိုသည် အချစ်ကို ကိုးကွယ်တတ်သူမှန်းတော့ သိသည်။ ညို ကိုးကွယ်သော အချစ်သည် မည်သို့သော အချစ်မျိုးပါနည်း။

※※※

၃

အချစ်ကို အချစ်ဟူသော စကားလုံးထက်ပို၍ ထိထိရောက်ရောက် အဓိပ္ပာယ် ပေါ်လွင်စေမည့် စကားရှိပါလျှင် မည်မျှကောင်းပါမည်လဲ။

အချစ်ဆိုသောအရာသည် မည်မျှ ကျယ်ဝန်းနက်နဲပါသနည်း။ အချစ်ကို အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ကြသော်လည်း တကယ်တော့ တခုမျှ မရေရာ၊ မသေချာ။ ပိုင်ဆိုင်လိုခြင်းလား။ စွန့်လွှတ်ခြင်းလား။ ကိုးကွယ်ရာလား။

ညိုသည် အချစ်ငတ်သူဖြစ်သည်။ ညို့ဘဝတလျှောက်လုံး အချစ်ကို မျှော်လင့်တောင့်တ ဖွေရှာခဲ့သူဖြစ်သည်။ သို့သော် ညို ခံယူရသော အချစ်သည် ညို မျှော်လင့်သလို အေးစိမ့် ချိုမြခြင်း မရှိ။ ညစ်နွမ်းသည်။ လောင်ကျွမ်းသည်။ ထို့ကြောင့် အချစ်ကို ညို မချစ်ချင်တော့။ အချစ်ကို ညို မုန်းသည်။

ညို့ဘဝတွင် မမေ့နိုင်သောနေ့ နှစ်နေ့ ရှိခဲ့သည်။ အမေ နောက်အိမ်ထောင်ပြုသောနေ့နှင့် ကိုကိုနိုင်နှင့် ညို စတွေ့ခဲ့ရသည့်နေ့တို့ဖြစ်သည်။ အမေလက်ထပ်စဉ်က ညို့အသက် လေးနှစ်ခန့်သာ ရှိခဲ့သေးသည်။ နုနယ်သော ညို့နှလုံးသားတွင် ဝမ်းနည်းအားငယ်စိတ်ဖြင့် ငိုကြွေးခဲ့ရသည်။

ကိုကိုနိုင်နှင့် တွေ့ကြတော့ ညို့အသက် ၂၀ ပြည့်ဖို့ တစ်နှစ်သာ လိုတော့သည်။ ညို့ရင်သည် ကြည်နူးမှု လှုပ်ရှားမှုကို ကောင်းကောင်း ခံစားတတ်ခဲ့ပြီ။ ထို့ကြောင့်လည်း ညို ကြည်နူးခဲ့ရပါ၏။ ညို့စိတ်လှုပ်ရှားခဲ့ရပါ၏။

"ကိုကိုနိုင်ရယ်လေ"

"ညိုဆိုတာ သူပေါ့ ကိုကို"

ကိုကိုနိုင်က ပြုံးပြသည်။ ညိုက ယောင်ရမ်း၍ မျက်လွှာကို ချလိုက်မိပြီးမှ ခေါင်းကို ကြိုးစား၍ မော့ကာ ပြုံးပြလိုက်ရသည်။ တကယ်တော့ ကိုကိုနိုင်နှင့် ညိုသည် ရင်းနှီးပြီးသား၊ ကျွမ်းပြီးသား၊ ညို့ရင်ထဲသို့ ကိုကိုနိုင် ရောက်နေခဲ့သည်မှာ ကြာပြီ။ ကိုကိုနိုင့်ညီမ သီသီနိုင်က ညို့အကြောင်းကို ကိုကိုနိုင့်ဆီ သယ်သွားတတ်သလို သူ့အချစ်ဆုံး အစ်ကိုကြီး ကိုကိုနိုင့်အကြောင်းတွေကိုလည်း ညို့ဆီ သယ်လာတတ်ခဲ့သည်။ ဘွဲ့နှင်းသဘင်ခန်းမဘေးမှ စိန်ပန်းပြာပင်အောက်ဝယ် ပန်းအကြွေလေးများ ကောက်ရင်း နားထောင်ခဲ့ရသော ကိုကိုနိုင့်အကြောင်းတွေသည် ညို့အတွက် ကြည်နူးစရာ စိတ်လှုပ်ရှားစရာလေးများသာ ဖြစ်ခဲ့ရသည်။

ခုလည်း ညို့ရင်မှာ လှုပ်ရှားရပြန်ပါပြီ။

"သီသီကတော့ ညို့အကြောင်း အမြဲပြောနေတာပဲ"

ကိုကိုနိုင်က အလိုက်သင့် ပြောဖော်ရသည့်တိုင် ညို့မှ ဘာပြန်ပြောရမည် မသိသေး။ သီသီ့လက်ကိုသာ အခိပ္ပာယ်မရှိ ဆုပ်နယ်နေမိသည်။

"လာ ညီညီတို့ဆီ သွားမယ်"

သည်တော့မှ ညိုသည် လွတ်လပ်ပေါ့ပါးစွာ ပြုံးပြမိပြီး သီသီခေါ်ရာသို့ လိုက်ပါသွားခဲ့ရသည်။ ဘာကြောင့်များ ကိုကိုနိုင်ကို စကားလှလှလေးတွေဖြင့် ခွန်းတုံ့ မပြန်ခဲ့မိပါလိမ့်ဟု ညို့ကိုယ်ညို ဒေါသဖြစ်နေမိသည်။ တကယ်တော့ ညို သတ္တိနည်းနေမိခြင်းသာ ဖြစ်သည်။ အားငယ် ရှက်ရွံ့နေမိခြင်းသာ ဖြစ်သည်။ ညိုသည် ပွဲထွက်မလှသော အကျည်းတန်မလေး မဟုတ်လား။

သည်ပွဲသည် ညီညီနိုင်၏လက်ထပ်ပွဲ။ ထို့ကြောင့်လည်း သီသီက ညို့ကို မလာမနေရ အတင်းအကျပ် ဖိတ်ခေါ်လာခဲ့ခြင်း ဖြစ်သည်။ ညိုသည် ပွဲတိုးသူမဟုတ်။ အထူးသဖြင့် ယခုလို မိန်းမလှလေးတို့ အလှချင်း ကျိတ်ပြိုင်နေတတ်ကြသောပွဲမျိုးကို ညို ပို၍ ကြောက်သည်။ မိန်းကလေးများသည် သူတို့၏အလှကို ဖွင့်လှစ် ပြသရမည့် အခွင့်အရေးမျိုးကို အစဉ်မျှော်လင့်နေတတ်ကြမြဲ။ အခွင့်သာသည်နှင့် မိမိပိုင်ဆိုင်သမျှ အလှအပကို အစွမ်းကုန် ထုတ်ဖော် ပြသတတ်ကြစမြဲ။ ညို့လို မိန်းကလေးမျိုးကတော့ သည်ပွဲမျိုးကို အဝေးကပင် ရှောင်ချင်သည်။ သို့သော် ကိုကိုနိုင့်ကိုတော့ ညို တွေ့ချင်ခဲ့သား။

သီသီက ညို့လက်ကိုဆွဲ၍ လျှောက်လာခဲ့သည်။ ယနေ့အဖို့တော့ သီသီသည် အလှဆုံး။ ဘာမျှ ထူးထူးခြားခြား ဝတ်စားမထားပါဘဲနှင့် သီသီ့အလှက ပေါ်လွင်နေသည်။ သီသီ ဝတ်ထားသော လုံချည်သည်ပင် ညို၏ ပိုးချိတ်လုံချည် အစိမ်းလေးမျှသာ ဖြစ်၏။ တနေ့က သီသီ အဆောင်ကို လာစဉ် ညိုက သူ့ပုလဲတဆင်စာကို အတင်းပေးခဲ့သေးသည်။ သီသီက အကြောက်အကန် ငြင်းဆန်ပြီး သူကြိုက်သော အစိမ်းရောင် ပိုးချိတ်လုံချည်လေးကိုသာ ယူသွားခဲ့သည်။ သို့တိုင် သည်ပွဲတွင် သီသီသာပင် အလှဘုရင်မလေး ဖြစ်ပါ၏။ ယောက်မလောင်း သတို့သမီး ခင်ခင်ထွေးသည်ပင် သီသီအလှကို မမီပါချေ။

အဆိုးဆုံးကတော့ ညို။

ပိုးသားစစ်စစ် ပန်းနုရောင် ချိတ်ထဘီနှင့် အင်္ကျီပန်းရောင်လေးတို့သည် ပတ္တမြားတဆင်စာနှင့် လိုက်ဖက်လှသည်။ ကန်တော်ကြီးစောင်းမှ ခြံတခြံတွင်

တကူးတက သွားဝယ်ထားရသော သဇင် ပန်းခက်လေးများသည်လည်း သူငယ်ချင်းများ ဝိုင်းဝန်းထုံးပေးလိုက်ကြသော ဆံထုံးလှလှလေးနှင့် ပန်ရလှသည်။ သို့သော် ထိုအဆင်တန်ဆာလေးများကို သူတို့ချည်းသက်သက် ချိတ်ဆွဲထားလျှင်မူ မြင်ရသူကို နှစ်လိုမက်မောမှု ပေးနိုင်စွမ်းပေဦးမည်။ သူတို့အားလုံးသည် ညို့ကိုယ်ပေါ် ရောက်လာသည့်အချိန်မှစ၍ မူလတန်ဖိုးထက် အဆမတန် နိမ့်ကျသွားကြပါချေပြီ။ သူတို့နှင့် ညိုသည် အပြန်အလှန် အကျိုးမပြုကြ။ သူတို့က သူတို့၊ ညိုက ညို၊ တခြားစီ တခြားစီ။

သည်ပွဲတွင် ညိုသည် ရဲရဲသော်မှ မပြုံးရဲ။ အရာရာက သတိထားရလွန်းသဖြင့် ညို့ရင်မှာ တင်းကျပ်နေသည်။ ညို၏အပြုအမူ အားလုံးသည်ပင် အကျည်းတန်မှုကို ပိုမိုပေါ်လွင်စေမည်လားဟု ညို အမြဲစိုးရိမ်နေရသည်၊ ခြေတလှမ်းကို လှမ်းလိုက်တိုင်း နောက်တွင် ထင်ကျန်ရစ်ခဲ့သော ညို့ခြေရာလေးများသည်ပင် ညို့အတင်းအဖျင်းကို ပြော၍ ကျန်ခဲ့ကြသည်ဟု ညို ထင်မိလေသည်။

"ညီညီတို့ကော ကျော်ကျော်"

သီသီက တုန့်ခနဲရပ်ပြီး စားပွဲဝိုင်းတဝိုင်းတွင် ထိုင်နေသော ကျော်ကျော့်ကို လှမ်းမေးလိုက်သည်။ ကျော်ကျော်က ဘာမှ မဖြေသေးဘဲ သီသီတို့အနားကို ထလာသည်။ ပြီး သီသီနောက်တွင် ခပ်ရှိန့်ရှိန့်လေးရပ်နေသော ညို့ကို လှိုက်လှိုက်လှဲလှဲ ပြုံးပြသည်။

"မမသီသူငယ်ချင်း ညိုညို ဆိုတာ မဟုတ်လား"

သူ့ပြုံးပုံက ပွင့်လင်း၍ ကလေးဆန်သည်။ နုနယ်လှပ၍ ခင်မင်ဖွယ်ကောင်းသော ကျော်ကျော့်ကို ကြည့်ပြီး သူတို့မောင်နှမတွေများတော့ အကျိုးပေး ကောင်းလိုက်တာဟု ညို တွေးမိပြန်သည်။ သီသီတို့တွင် မောင်နှမလေးယောက် ရှိသည်။ ကိုကိုနိုင်က အင်ဂျင်နီယာ ကျောင်းသား။ ဘွဲ့မရသေး။ ညီညီကတော့ ဘီအက်စီဘွဲ့ ရပြီးပြီ၊ ခု ကြင်ယာလည်း ရပြီ။ သီသီက ညိုနှင့်အတူ ဓာတုဗေဒ ဒုတိယနှစ်။ ကျော်ကျော်နိုင်က အထွေးဆုံး၊ ၁၀ တန်း ဖြေထားဆဲ။ သီသီမှလွဲ၍ သူတို့အားလုံးကို ညို ခုမှမြင်ဖူးခြင်း ဖြစ်သည်။ ခုချိန်မှစ၍ သူတို့မိသားစုအတွင်းဝယ် ညိုဆိုသော မိန်းကလေးတယောက် ဝင်ရောက်ပတ်သက်ခဲ့ရပြီ ဆိုသည်ကိုဖြင့် ညို မရိပ်စားမိခဲ့သေးပါပေ။

"အေး တို့ကို ညီညီတို့ဆီ လိုက်ပို့စမ်း"

"လာ"

ကျော်ကျော်က ညို့လက်ကလေးကို လှမ်းဆွဲ၍ ခေါ်သွားသည်။ မိန်းကလေးတယောက်တည်းသာ ပါသော သီသီတို့ ညီအစ်ကို မောင်နှမတတွေမှာ သည်သို့ပင် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း နေထိုင်တတ်ကြသည်။

ညီညီတို့ အသစ်စက်စက် ဇနီးမောင်နှံနှစ်ဦးက ညို့ကို ပျူပျူငှာငှာ ခေါ်ငင်ကြ၏။ ညီညီနိုင်သည် အသားအနည်းငယ် ညို၍ ယောကျ်ားပီသသော အသွင်ရှိသည်။ ကျော်ကျော်ကတော့ ကလေးဆန်ဆန် လှပနုနယ်သည်။ ချောလည်းချော၍ ခံ့လည်းခံ့သည်ကတော့ ကိုကိုနိုင်ပါပဲ။ ကိုကိုနိုင့်ရုပ်သွင်ကို ဖျတ်ခနဲ ပြန်မြင်မိပြီး ဘာကြောင့်မှန်းမသိ ညို့မှာ အလိုလိုနေရင်း အနေအထိုင် ကျံု့သွားမိရပြန်သည်။

"ဒီညတော့ ဒီမှာပဲ အိပ်ပေါ့ မညိုညို"

ညီညီက ဆိုလိုက်သည်။

"ညို အဆောင်မှာ ခွင့်မတင်ခဲ့ရလို့ အိပ်လို့မဖြစ်ပါဘူး၊ ညနေထိ နေပါ့မယ် ကိုညီညီ"

"လာပါ မမညို၊ ကျွန်တော်တို့ အိမ်အောက်မှာ သွားထိုင်ကြမယ်"

ကျော်ကျော်ကပင် ညို့လက်ကိုဆွဲ၍ အောက်ထပ်သို့ ခေါ်လာခဲ့ပြန်သည်။ သီသီတို့အိမ်သည် ခြေတံရှည်၍ အိမ်အောက်တွင် ကွပ်ပျစ်ချထားသည်။ ဆိတ်ငြိမ်သောရပ်ကွက်ဖြစ်၍ အေးအေးချမ်းချမ်း ရှိလှသည်။ ရပ်ကွက်အမည်လေးကိုက လှလှပပ 'စံပယ်ခြံ' တဲ့။ သီသီတို့မှာ ဤစံပယ်ခြံရှိ အိမ်တလုံးမှလွဲ၍ ပြည့်ပြည့်စုံစုံ ဘာမျှမရှိပါဟု သီသီက သူ့ဘဝ တစိတ်တဒေသကို ပြောပြဖူးသည်။ သီသို့မေမေသည် ဖေဖေဆုံးပြီးကတည်းက သီသီတို့မောင်နှမတတွေကို ခဲခဲယဉ်းယဉ်း ပညာသင်ပေးခဲ့ရသည်ဟု ဆိုသည်။ ယခုတိုင်လည်း သီသီတို့မှာ အခက်အခဲ အမျိုးမျိုးကြားမှ လှုပ်ရှားရုန်းကန်နေရဆဲ ဖြစ်သည်။ သို့တိုင် ပျော်ပျော်ရွှင်ရွှင် သိုင်းသိုင်းဝန်းဝန်း နေတတ်သော သီသီတို့ အိမ်ထောင်လေးမှာ ပကတိ ချမ်းချမ်းမြေ့မြေ့ ရှိလှသည်။

စံပယ်ခြံဆိုသော်လည်း ရပ်ကွက်ထဲမှာ နှင်းဆီခြံတွေကိုချည်း ညို မြင်နေရသည်။ သီသီတို့အိမ်တွင်တော့ ကင်ပွန်းချဉ်ပင်များဖြင့်သာ စည်းရိုးခတ်ထားသည်။ ဤသည်ကလည်း အိမ်၏ စီးပွားရေးကို အထောက်အကူ ပြုပေမည်။

"ဒီရပ်ကွက်ကို ဘာလို့ စံပယ်ခြံလို့ခေါ်တာလဲဟင်၊ စံပယ်ပင်လဲ များများမတွေ့ရပါဘူး"

“ဒီနားကရပ်ကွက်တွေကို ဒီလိုပဲခေါ်ကြတာပဲ၊ ဟိုဘက်က မာလကာခြံ၊ ဟိုဘက်ကျတော့ ကင်ပွန်းခြံ

ညို့နောက်မှ အသံတသံက ဖြေလိုက်သည်။ သည်တော့မှ ညို့နောက်တွင် ရပ်နေသော ကိုကိုနိုင့်ကို ညို မြင်မိသည်။ သည်တခါတော့ ကိုကိုနိုင့်ကို ရဲရဲဝံ့ဝံ့ပင် ညို ရင်ဆိုင်လိုက်သည်။ ကိုကိုနိုင်သည် ရှပ်အင်္ကျီအဖြူနှင့် မရမ်းရောင် ရခိုင်လုံချည်ကို ဝတ်ထားသည်။ ကိုကိုနိုင့်အသားသည် သီသီလို ဆွတ်ဆွတ်မဖြူဘဲ ဝါညိုရောင် သမ်းနေသည်။ အရပ်မမြင့်လှသည့်တိုင် ဗလကောင်း၍ ထည်နေသည်။ ကိုကိုနိုင့်နှာတံက ထူးခြား၍ ပေါ်လွင်သည်။

အလှအပများကြားတွင် ရောက်နေရသော ကိုယ့်ဘဝကို တွေးမိသည့်ခဏ၌ ညိုသည် အလိုလို အားငယ်သွားမိပြန်သည်။

“ညိုက ကဗျာစပ်တာ ဝါသနာပါလား”

“ဟုတ်တယ်၊ သိပ်ဝါသနာပါတာပဲ”

ညိုက အလှပဆုံးဖြစ်အောင် ပြုံးပြရင်း ရင်းရင်းနှီးနှီး ပြန်ဖြေလိုက်သည်။

“ဒီလိုဆို အဲ့တစ် ယူဖို့ကောင်းတယ်၊ ဘာလို့ ဆိုင်းယင့်စ် ယူတာလဲ”

ကိုကိုနိုင်က အနုပညာဝါသနာပါသော ညို့ကို ဝိဇ္ဇာဘာသာရပ် မယူဘဲ သိပ္ပံ ဘာလို့ယူသလဲဟု မေးသည်။

“သိပ္ပံသမားတွေလဲ အနုပညာစိတ် ရှိကြတာပါပဲ ကိုကို”

ကိုကိုနိုင့်ကို သီသီ ခေါ်သလိုပင် ကိုကိုဟု ခေါ်ကြည့်လိုက်သည်။ ကိုကိုနိုင့်မျက်နှာတွင် ကျေနပ်မှု အရိပ်အယောင်ကို မြင်လိုက်ရလေသည်။

ဧည့်ပရိသတ်များ တဖြည်းဖြည်း စဲသွားခဲ့ပေပြီ။ ရင်းနှီးသူအချို့ကိုသာ ဖိတ်သည့်ပွဲမို့လည်း မကြီးကျယ်လှ။ မေမေသည် စားပွဲများကို သိမ်းနေရာမှ ညိုတို့ဆီ လျှောက်လာခဲ့သည်။ တမနက်လုံး အလုပ်ရှုပ်နေသော မေမေ့ကို ညို နှုတ်မဆက်ရသေး။ အဆောင်ကို သီသီနှင့်လိုက်လာဖူး၍ ညို့ကို မေမေ မြင်ဖူးပြီးပြီ။ ညိုနေသော အခန်းထဲမှ ညို့အိပ်ရာ စားပွဲနှင့် ပစ္စည်းများထားပုံကိုကြည့်၍လည်း “သိပ်တော်တဲ့ မိန်ကလေးပဲ၊ အိမ်က မိသီတို့နဲ့များ ကွာပါ့” ဟုလည်း ချီးမွမ်းဖူးသည်။

“သမီး ဆာရင် ထမင်းစားပါလား”

မေမေ့စကားကြောင့် ညို့ရင်မှာ သိမ့်သိမ့်ခါသွားသည်။ ညို့ဘဝတွင် ဘယ်တုန်းကမျှ မရခဲ့သော ကြင်နာမှုမျိုးကို ရရှိလိုက်သည်ဟုလည်း ညို

ထင်မိသည်။ ညို့အမေသည် ယနေ့အထိ ညို့ကို တခါမျှ သမီးဟု မခေါ်ခဲ့ဖူးချေတကား။

"ဟုတ် ဟုတ်ကဲ့ မေမေ၊ ညို သီသီတို့နဲ့ အတူတူမှပဲ စားပါတော့မယ်"

မေမေဟူသောနေရာတွင် ညို့အသံ သိသိသာသာ တုန်သွားသည်။ သီသီသည်ပင် ညို့အမေနှင့် တွေ့စဉ်က အမေ့ကို ရင်းရင်းနှီးနှီး အမေဟုပင် လိုက်ခေါ်ခဲ့ဖူးသည်။ သို့သော် မည်သို့မျှ ထူးခြားဟန် မပြခဲ့။

"အမလေး မိသီကိုသာ စောင့်နေရင် ညို ထမင်းငတ်လိမ့်မယ်၊ ဟိုမှာ သူက ဝနေပြီ"

သည်တော့မှ ညို သီသို့ကို ရှာမိသည်။ သီသီက အတွတ်နှင့် တွေ့နေပြီပဲ။ အတွတ်က သီသီတို့ တအိမ်သားလုံးနှင့် ခင်မင်ပြီးသား။ သီသို့ယ်ရည်းစား။ ပွင့်ပွင့်လင်းလင်း ရှိလှသော မေမေ့စကားကြောင့် ညို ရယ်မိသည်။

"လာပါ ကျွန်တော်နဲ့ စားမယ်၊ ကိုကိုရော လာလေ"

ထမင်းဝိုင်းသို့ ကျော်ကျော်ကပင် ဦးဆောင် ခေါ်ယူခဲ့ပြန်သည်။ ကိုကိုက ညို့ဘေးမှ ယှဉ်လိုက်လာခဲ့ သည်။ သူတို့ ထမင်းစားပုံကလည်း တပျော်တပါးနှင့် အားရစရာ ကောင်းလှသည်။ မြန်မာဆန်ဆန် စားပွဲဝိုင်းတွင် ဝိုင်းထိုင်လိုက်ကြပြီး ဟင်းခွက်များကိုလည်း တယောက်ကို တယောက် မညှာတမ်း အလုအယက် ခပ်ကြသည်။

"ဒီအိမ်မှာ လုစားနိုင်မှ ဝတာဗျ" ဟု ကျော်ကျော်က ခင်ခင်ထွေးကိုရော ညို့ကိုပါကြည့်ပြီး ပြောသည်။ ခင်ခင်ထွေးသည် အိမ်သား အသစ်စက်စက် ဖြစ်သော်လည်း ရှိုးတို့ရှန့်တန့် မဖြစ်။ ရင်းနှီးပြီးသား ဖြစ်ဟန်တူသည်။ ထမင်းဝိုင်းတွင် ခင်ခင်ထွေးနှင့် ညီညီက တွဲလျက်။ ညီညီဘေးက ကျော်ကျော်၊ ကျော်ကျော်ဘေးက ညို၊ ညို့ဘေးက ကိုကို။

"ဟေ့ ဟေ့ ဘယ်ရမလဲ တို့လဲ စားမှာပေါ့"

သီသီနှင့် အတွတ်တို့က ပြေးလာပြီး ဝိုင်းထဲ အတင်းတိုးဝင်သည်။ ညိုနှင့် ကျော်ကျော့်ကြားတွင် ဝင်ထိုင်ကြသည်ဆိုတော့ ညိုမှာ ကိုကိုနှင့် ပခုံးချင်း လက်မောင်းချင်း ပူးကပ်သွားကြရသည်။

"မိသီကလဲ အရမ်းချည်းပဲ၊ ညို ဟင်းခွက်ကို ဘယ်လို ခပ်တော့မလဲ"

ကိုကိုက ညိုကို အားနာဟန်ဖြင့် ပြောသည်။ ညိုက မျက်လွှာကိုချထားသည်။ ဘာပဲပြောပြော သည်ထမင်းဝိုင်းမှ ဟင်းခွက်အားလုံးသည်

ချိုမြနေပေသည်။

"ကဲ ကဲ စားပြီးရင် အောက်မှာ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း ချထားတယ်"

မေမေက လှမ်းပြောသဖြင့် ညိုတို့ တပြုံကြီး အောက်ကို ဆင်းကြပြန်သည်။

"မနက်က မကုန်လို့ ကျန်တဲ့လက်ဖက်သုပ်တွေ အပြတ်စားပစ်ရမယ်"

ကျော်ကျော်က ပြောရင်း ရှေ့မှ ပြေးဆင်းသွားသည်။

"သူက သိပ်ကလေးဆန်တာပဲ၊ အငယ်ဆုံးဆိုတော့ မေမေကလဲ အချစ်ဆုံးလေ"

ကိုကိုက သူ့ညီငယ်ကိုကြည့်ပြီး ညို့ကို ပြောပြနေသည်။ သည်တခါ ကိုကိုနှင့် ယှဉ်တွဲ၍ ညို အောက်သို့ ဆင်းခဲ့ရသည်။

နောက်မှ သီသီတို့အတွဲ။ ညီညီတို့အတွဲကတော့ ဆင်းမလာကြတော့။

"ကိုကိုတို့ခြံထဲကို ဆင်းကြည့်ပါဦး။ ကိုကိုပျိုးထားတဲ့ အပင်တွေကို ကြွားဦးမယ်"

ညိုက ကိုကို့နောက်ကို အသာအယာ လိုက်လာခဲ့သည်။

"ဒါက ကိုကိုပျိုးထားတဲ့ ရွက်လှပန်းတွေ"

ညိုက ကိုကို့မျက်နှာကို ဖျတ်ခနဲ မော်ကြည့်မိသည်။ ကိုကို ဘာရည်ရွယ်ချက်နဲ့များ ပြတာပါလိမ့်။ သီသီ့အော်တိုထဲမှာ ညိုရေးပေးလိုက်တဲ့ ကဗျာလေးကိုများ ဝေဖန်ချင်သေးလို့လား။ ညို့ကဗျာ အမည်က 'အညတြ ရွက်လှပန်း' တဲ့။ 'ဒါကို ကိုကိုက မကျေနပ်ဘူးတဲ့' ဟု သီသီက ပြန်ပြောပြဖူးသည်။ ရွက်လှပန်းဆိုတာ အညတြ မဟုတ်ဘူး။ ရွက်လှပန်းဖြစ်တဲ့ဘဝကို အားငယ်စရာ မလိုဘူး။ ရွက်လှပန်းဟာ အပွင့်မဟုတ်ပေမယ့် စိမ်းစိမ်းလန်းလန်းနဲ့ လှတဲ့ပန်း၊ ကျက်သရေရှိတဲ့ပန်း၊ ရာသီဥတုဒဏ်ကို ခံနိုင်တဲ့ ပန်း။ ကိုကိုက သည်လိုပဲ ဝေဖန်ခဲ့သည်ဆိုပဲ။ တကယ်တော့ ညိုလဲ ရောမ ကဗျာဆရာမကြီး မဟုတ်သေး။ ကဗျာရူးမလေးသက်သက်သာ ဖြစ်သည်။ ညိုသာ ကိုကို့လို အတွေးအခေါ် ရင့်သန်ခဲ့လျှင် ရွက်လှပန်းကို အညတြလို့ တင်စားမိမည် မဟုတ်။ ဆရာဇော်ဂျီရဲ့ဗေဒါပန်းလို အဓိပ္ပာယ် ပြည့်ပြည့်ဝဝ စပ်ဆိုမိပေမပေါ့။

"ရွက်လှပန်းတွေကလဲ မျိုးကိုစုံနေတာပဲနော်၊ အင်ဂျင်နီယာကြီးက သစ်ပင်စိုက်တာလဲ ဝါသနာ ပါတယ်လား"

“သိပ္ပံပညာရှင်မှာလဲ အနုညာစိတ် ရှိတာပါပဲလို့ ညိုပဲ ပြောခဲ့တယ် မဟုတ်လား”

“ဒါထက် ညို ကဗျာတပုဒ်စပ်နေတယ်”

“ဘာကဗျာများလဲ”

“ရွက်လှပန်း”

ကိုကိုက ပြုံးသည်။

“ဒါပေမဲ့ ဒီရွက်လှပန်းက အရင်ရွက်လှပန်းလို မဟုတ်တော့ပါဘူး”

ညိုက ကိုကို့မျက်နှာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ကာ ပြောလိုက်လေသည်။

※※※

ကန်ရေပြင်သည် အစဉ်တည်ငြိမ်တတ်ပါသလား။ လေပြင်းခတ်လျှင် လှိုင်းထပေလိမ့်မည်။ ရေလှိုင်းကလေးများသည် ကမ်းခြေကို ထိမိပြီး ပြန်ပြန်ပြေးသွားတတ်ကြသည်။ မိခင်ရေအလျဉ်တွင် ဝင်ရောက် ပုန်းကွယ်သွားကြသည်။ နောက်တဖန် ပြန်လာသော လှိုင်းကလေးများသည် အလျင်လှိုင်းကလေးများ မဟုတ်ကြတော့။

အင်းလျားကန်၏ ဆည်းဆာအလှသည် တောက်ပနေသည်။ သီသီတို့နေရာ ကမာရွတ် စံပယ်ခြံ ရွှေဟင်္သာလမ်းအတိုင်း ထွက်လျှင် ပြည်လမ်းမကြီးကို ရောက်သည်။ ထိုမှ တောင်ဘက်သို့ ရောက်လျှင် ကန်ပေါင်ရိုးနှင့် ပနံတင့်နေသော အင်းလျားကန်ကို တွေ့ရပေမည်။ သီသီတို့ မောင်နှမတတွေက ညိုနေရာ အင်းလျားဆောင်အထိ လမ်းလျှောက်၍ လိုက်ပို့ကြသည်။ ကန်ပေါင်ရိုး တလျှောက် လမ်းလျှောက်ရသော အရသာကို ညို စွဲသွားသည်။

သီသီတို့ မောင်နှမတတွေက လမ်းလျှောက်မြန်လှသည်။ ကျော်ကျော်က ရှေ့ဆုံးက သွားနှင့်ပြီး သီသီနှင့် အတွတ်က သူ့နောက် မလှမ်းမကမ်းမှာ ရောက်နေသည်။ လမ်းလျှောက်နှေးသော ညို့မှာ သူတို့နောက် အမီလိုက်ရင်း ချွေးစို့နေသည်။ ကိုကိုက အလိုက်သိစွာ ညို့ကို စောင့်ခေါ်သည်။

“ညို မနက်စောစော လမ်းလျှောက်တာ ဝါသနာမပါဘူးလား”

ကိုကိုက စကားစရှာ၍ ပြောသည်။

“ပါပါတယ်၊ အဖော်မရှိတော့လဲ မလျှောက်ဖြစ်ဘူး”

"ညိုတို့အဆောင်က မနက် ဘယ်အချိန်ဖွင့်ပေးလဲ"

"ခြောက်နာရီလောက်ဆိုရင် ထွက်လို့ရပါပြီ"

"ကိုကိုတို့ လာခေါ်မယ်လေ၊ ဆောင်းတွင်းရောက်ရင် လမ်းလျှောက်ပါလား၊ ရွှေတိဂုံဘုရားထိ ကိုကိုတို့ လျှောက်တယ်"

"အမလေး၊ ရွှေတိဂုံဘုရားထိ ခြေကျင်လျှောက်တယ်"

"မဝေးလှပါဘူး ညိုရဲ့၊ စကားတပြောပြောနဲ့ဆို ခဏလေး ရောက်သွားတာပဲ"

"ကောင်းသားပဲ၊ လျှောက်ကြည့်မယ်လေ"

အဆောင်ရှေ့မှ သီသီတို့က ရပ်စောင့်နေကြသည်။ ညိုက လမ်းမှာ မစောင့်ရကောင်းလားဟု သီသီကို မျက်စောင်းထိုး၏။ "ဘယ်နှယ့်လဲ ပြေလည်ခဲ့ရဲ့လား ယောက်မရဲ့" ဟု သီသီက ညို့နားကပ်၍ နောက်လိုက်သည်။ ညိုက သီသီ့ပေါင်ကို ဆွဲဆိတ်ပြီး အဆောင်ထဲ ပြေးဝင်ခဲ့သည်။ အဆောင်စောင့် ဒရဝမ်က နောက်ကျ၍ ဝင်လာသော ညို့ကို တစုံတရာ ရေရွတ်ပြောဆိုပြီး တံခါးကို ပိတ်လိုက်လေသည်။

"မင်္ဂလာဆောင်သွားတဲ့ မမရယ် ကြာလှချည်လား"

ညို့အခန်းဖော် မယုက ဆီး၍ အပြစ်တင်လိုက်သည်။

"အေးကွာ၊ မယု ထမင်းစားပြီးပြီလား"

"ပြီးပြီပေါ့၊ ညို့အတွက် ထမင်းယူထားသေးတယ်"

"တော်ကြာ ဆာမှပဲ စားတော့မယ်ကွာ"

ညိုက အဝတ်အစားများကို မချွတ်လဲမီ မှန်ရှေ့တွင် ရပ်လိုက်သည်။ ကိုယ်စိတ်ဝင်စားသူနှင့် တွေ့ခဲ့ရာမှ ပြန်လာလျှင် မှန် ပြန်ကြည့်တတ်သည်က ညိုတို့မိန်းကလေးတွေရဲ့အကျင့်။ သူ့ရှေ့မှာ မိမိ ဘယ်လောက်လှခဲ့သလဲ၊ အဆင်မှပြေရဲ့လားဟု ပြန်လည် ဆန်းစစ်တတ်ကြမြဲ။

မှန်ထဲမှ ညို့မျက်နှာသည် အဆီပြန်၍ ပြောင်တင်းနေသည်။ ညိုသော ညို့အသားက သနပ်ခါး မစွဲပါချေ။ အကျီပန်းရောင်သည် ထင်းထင်းကြီး ပေါ်နေသည်။ ညို့အဖေသည် ဖြူဖြူတုတ်တုတ် လူချောလူခန့်ကြီးတဦး ဖြစ်သည်ဟု ညို ကြားရဖူးသည်။ အမေသည်လည်း အသားညိုချော ဖြစ်သည်။ ညို့ကျမှ

ဘယ်သူနှင့်မျှ မတူဘဲ အရုပ်ဆိုးနေသည်။

ညိုက သက်ပြင်းကို အသာချလိုက်မိသည်။

ခုတော့ ညို အိပ်ချင်လာပြီ။ မအိပ်မီ ကိုကို့အကြောင်း တွေးနေချင်သေးသော်လည်း မျက်စိများက မှေးစင်းလာကြသည်။ ပြိုင်ပွဲတခုမှ ပြန်လာရသူအလား ညို ပင်ပန်းနေခဲ့ချေသည်။

※※※

သည်ခရီးက လေ့လာရေးခရီး ဆိုသည်ထက် အပျော်ခရီးဆိုလျှင် ပိုမှန်မည်။ သာစုကန်မှာ ညိုတို့ လေ့လာစရာ အထူးမရှိ။ အသင့်ယူလာသော ဒံပေါက်ထမင်းထုပ်များကို ဖြေစားကြသည်။ ညိုတို့ ဓာတုဗေဒကျောင်းသားပေါင်း ၁၀၀ ကျော် ပါလာကြသည်။

“မျက်နှာချင်းဆိုင်ပြီး အတန်းနှစ်တန်း ခွဲထိုင်ကြပါ”

အဖွဲ့ခေါင်းဆောင်က ညွှန်ကြားပြီး ထမင်းထုပ်များကို လိုက်ဝေသည်။

“ဆရာ ညို့ကို နှစ်ထုပ်ပေးရမယ်နော်”

“တယောက်ကို တထုပ်ပဲရမယ်”

“သီသီ့အတွက်ကောလေ”

ဆရာဦးမြင့်ထွန်းက ထမင်းထုပ်များ လာပေးသည်။ ညိုတို့သူငယ်ချင်းတစုနှင့် ခင်မင်ပြီးသားမို့ ညိုက နောက်လိုက်ခြင်း ဖြစ်၏။ ဆရာက ပြုံး၍ ဆက်လျှောက်သွားသည်။ ညိုက ထမင်းထုပ်ကို ဖြေလိုက်၏။

“တို့အထဲမှာတော့ ရင်အုပ်ပိုင်း ပါတယ်ဟေ့”

“ရင်အုပ်ပိုင်း ပါမှာပေါ့၊ ရင်ထဲက စေတနာနဲ့ ပေးတဲ့လူက ပေးသွားတာပဲ”

“တော်စမ်းပါ မိသီရယ်၊ ကိုကိုနိုင်ကြားသွားရင် အထင်လွဲနေပါဦးမယ် ယောက်မရဲ့”

“ဆရာ ညို့ကိုကြည့်ပုံက တမျိုးပဲ”

“အရုပ်ဆိုးလို့ ကြည့်တာ ဖြစ်မှာပေါ့”

“ညိုက ကိုယ့်ကိုယ်ကို အရုပ်ဆိုးတယ်လို့ ထင်နေတာကိုး။ ညိုက မလှပေမယ့် ချစ်စရာကောင်းတယ် လို့ ပြောတယ်”

"ဘယ်သူက ပြောတာလဲ ဟင်"

ညိုက ဟန်မဆောင်နိုင်ဘဲ မေးမိသည်။

"ဘယ်သူက ပြောတာလဲဆိုတာ သိချင်ရင် သီကို ကြက်သား တဖွဲ့ ပေးမလား"

သီသီက စျေးကိုင်သည်။

"ကဲကွာ ရော့ရော့၊ ပြောစမ်း၊ ကိုကိုနိုင်က ပြောတာလား"

"မဟုတ်ဘူး၊ ကျော်ကျော်က ပြောတာ"

"သွား ငါ့ကြက်သား ပြန်ပေး"

သီသီနှင့် ညိုသည် ကြက်သားတုံးကိုလုရင်း တွန်းထိုးနေကြသည်။ အနားမှ သူငယ်ချင်းများက ရယ်ကြ၏။

ထမင်းစားပြီးချိန်တွင်တော့ ညိုတို့ ထိုင်းမှိုင်းလာကြသည်။ ထိုအချိန်တွင် အစီအစဉ်တခုကို စကြသည်။ ပျော်ပွဲစားထွက်တိုင်း ကစားတတ်သော ရိုးလှသည့် ပါဆယ်ဂိမ်းကစားနည်း။ ညိုတို့တတွေအားလုံး မြက်ခင်းပြင်တွင် ဝိုင်း၍ ထိုင်လိုက်ကြရသည်။ ပါဆယ်ထုပ်ကို လက်ခံရရှိသူသည် သူ့အတွက် ခိုင်းစေထားချက်ကို မရှက်မကြောက် လုပ်ပြနေရသည်။ ကျန်လူများက တဝါးဝါး တဟားဟား။

တချိန်တွင်တော့ ထိုအထုပ်သည် ဆရာဦးမြင့်ထွန်းလက်သို့ ဆိုက်ရောက်သွားခဲ့ရသည်။ ရည်ညွှန်းချက်က ဂေါ်မစွဲ လူပျိုဆရာကြီး တဦးသို့ဟု ပါခဲ့သည်ကိုး။ ဆရာ့ခမျာ ရှက်ရှက်နှင့် အထုပ်ကို လက်ခံယူရသည်။ သူတို့ခိုင်းထားသော ပေါက်ကရအမူအရာကို မျက်နှာထား တည်တည်ဖြင့် လုပ်ပြသောအခါ အားလုံး တသောသော ရယ်မောကြရ၏။

ဆရာ့တာဝန်ကျေလျှင်ပင် လက်ဆင့်ကမ်းရမည့်သူ ဆရာရှာရတော့သည်။ အမျိုးသားလက်ထဲမှ ပါဆယ်ထုပ်သည် အမျိုးသမီး တဦးဆီသို့သာ ညွှန်းမြဲ။ ယခုလည်း 'ဓာတုကလျာ ပျိုဖြူချောသို့' တဲ့။ မော့မကြည့်ပါဘဲနှင့် ဆရာ အနားရောက်သည်ကို ညိုတို့ သိကြသည်။ သည်နားတဝိုက်တွင် ဓာတုဗေဒမှ အချောအလှထိပ်ခေါင် သီက ရှိနေသည် မဟုတ်လား။ ဓာတုဗေဒအဓိက ကျောင်းသူများကို ဓာတုကလျာဟု အမည်ပေးကြသည်။ ညိုက သီသီကို တံတောင်နှင့် ထွက်သည်။ သီသီက ဆရာ့ကို ရဲရဲဝံ့ဝံ့ မော့ကြည့်ပြီး ပြုံးပြကာ ညို့ကို လက်ညှိုးထိုးပြလိုက်သည်။ သိပ်ဆိုးတဲ့ သီသီ။ ညို မျက်နှာ

မထားတတ်အောင်ဖြစ်ပြီး ရှက်စိတ်တို့ဖြင့် မွန်ထူလာခဲ့ရသည်။ ညို့လို အရုပ်ဆိုး အကျည်းတန်သူက သည်အထုပ်ကို လက်ခံယူလိုက်လျှင် အဆိုက တခြား လက်တွေ့က တခြား၊ လာလားမှ မလျော်၊ ရှက်ဖွယ်သာ ဖြစ်ရပေတော့မည်။ သို့သော် ညို မဖြစ်စေချင်သည်က ဖြစ်ခဲ့ပေသည်။

ဆရာသည် ကိုယ်ကိုကိုင်း၍ ညို့လက်ထဲသို့ အထုပ်ကို ကြည့်သည်။ ညိုက သီသီကို မျက်စောင်း တချက်ခဲကာ မတ်တတ်ရပ်လိုက်ရသည်။ အားလုံးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန် ညို အားတင်းလိုက်သည်။

"သီချင်းတပုဒ်ဆိုပြပါ"

စာက ရိုးရိုးရှင်းရှင်းလေး ဖြစ်၏။ ညို့မျက်နှာတွင် ချွေးသီချွေးပေါက်များ ကျလာသည်။

"သီချင်းဆိုပါ၊ သီချင်းဆိုပါ"

ကျောင်းသားများက အော်ကြသည်။ ဘာပဲဖြစ်ဖြစ် လှောင်ပြောင်ပြက်ရယ်ခြင်း မပြုကြတာပဲ တော်သေးရဲ့ဟု ညို အားတင်းလိုက်ရသည်။ ညိုသည် အသံတုန်တုန်လေးဖြင့် သီချင်းကို စဆိုသည်။ ညို့သီချင်းက ဆရာဇော်ဂျီရေးသော ဗေဒါလမ်း။ ကြည်ကြည်ဌေး၏ အသံကို မမီသော်လည်း ညို့အသံလေးက ရှက်စိတ်ကြောင့် အနည်းငယ် တုန်နေသည်မှအပ အေးမြ၍ သာယာသည်။ သီချင်းသံဆုံးလျှင် လက်ခုပ်သံများ ထွက်လာသည်။ ညို မျက်လွှာအပင့်တွင် ညို့ကို ငေးမောစူးစိုက်ကြည့်နေသော ဆရာ့ကို တွေ့ရလေသည်။

ကစားပွဲအဆုံးတွင် အကောင်းဆုံးဆုအတွက် ညိုက ကော်ရုပ်လေးတရုပ် ရသည်။ အလှဘုရင်မ ဘွဲ့ကို သီသီက ဆွတ်ခူး၍ ရင်ထိုးလှလှလေးကို ရရှိသည်။

သည်ပွဲသည် ညိုနှင့် သီသီတို့၏ပွဲ။

※※※

နွေနှင့်ဥသြသည် ခွဲ၍မရစကောင်း။ သို့သော် ညိုက နွေကို မုန်းသည်။ ဥသြသံကိုတော့ ချစ်သည်။ ဥသြသံလေးများနှင့်အတူ ကံ့ကော်တို့ ပွင့်စပြုသည်။ ထိုအခါ ညိုတို့ ကျောင်းပိတ်ရက်ကို ရောက်လာချေပြီ။

ညိုက စာမေးပွဲပြီးလျှင် သူငယ်ချင်းများနှင့် ရန်ကုန်မှာ တစ်ရက်နှစ်ရက်တော့ လည်မြဲဖြစ်သည်။ သည်တခါတော့ အမေ ကောင်းကောင်း နေမကောင်းဘူး၊ စာမေးပွဲပြီးပြီးချင်း ပြန်လာပါ ဟူသော စာကြောင့် ညို ချက်ချင်း

ပြန်လာခဲ့ရသည်။ အမေ သိပ်များ နေမကောင်းဖြစ်နေသလား၊ စာမေးပွဲရက်အတွင်း စိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ ကြိုတင်အကြောင်းမကြားခဲ့လေသလားဟု ညို စိတ်ပူမိလေသည်။

တကယ်တော့ ညို့ဘဝတွင် အမေသည်သာ တဦးတည်းသော ဆွေမျိုးရင်းချာ။ အမေသည်သာ အားထားရာ။ ညို့အတွက် အမေ ရပ်တည်ခဲ့ရသလို အမေ့အတွက် ညို ရပ်တည်နေရသည်။

အမေသည် သမီးကို ချစ်သော်လည်း ပွင့်ပွင့်ချစ်တတ်သည့် အမေမျိုးမဟုတ်။ ချစ်ဟန်ကို မည်သည့်အခါမျှ မပြ။ တက္ကသိုလ် ရောက်သည်တွင်မှ အမေ့အဆူအပူ၊ အအော်အငေါက်၊ အခေါက် အလိမ်မှ ညို လွတ်ခဲ့ရသည်။ ကလေးတို့အတွက် စိတ်ပညာဟူသော ခေတ်မီ အတွေးအခေါ်မျိုးကို အမေ မသိ။ အမေသိသည်မှာ သူ့သမီးတယောက် လောကအလယ်မှာ လူလူသူသူဖြစ်ဖို့၊ အများထက် ထူးချွန်ဖို့၊ သိပ်တော်တဲ့သမီးဟု ဂုဏ်ယူဖို့။ ဤသို့သာပဲ ဖြစ်သည်။

အမေ့အယုအယ၊ အမေ့အချော့အမြှူကို မခံယူခဲ့ရ၍ ညိုတယောက် အမေ့အပေါ် စိတ်အတွင်းမှ နာကျည်းဝမ်းနည်း ဖြစ်ခဲ့ဖူးသည်။ ယခုတော့လည်း အမေ့စေတနာကို ညို နားလည်ခံယူ တတ်ခဲ့ပေပြီ။ အမေသည် ညို့အတွက် အသက်ရှင်နေသူသာတည်း။

အမေ့ကို လက်လွတ်ဆုံးရှုံးခဲ့ရပြီဟု ယူကျုံးမရ ဖြစ်ခဲ့ရသည့် နေ့လေးကို ညို အခုတိုင် အမှတ်ရနေဆဲ။ ပြန်တွေးလျှင် ယခုပင် ဖြစ်နေသလားဟု ထင်ရအောင် အဖြစ်အပျက်များကို ကွင်းကွင်းကွက်ကွက် ပြန်မြင်နေရသည်။ ထိုစဉ်က ညို့အသက် သုံးနှစ်ကျော် လေးနှစ်အတွင်း။ သို့သော် ညို့ ခံစားချက်များက ပြင်းထန်လွန်း၍ ထိုနေ့ကအဖြစ်ကို ညို ဘယ်တော့မှ မမေ့။ အစဉ်သတိရနေတတ်သည်။

ထိုနေ့က အမေ့မျက်နှာပြင်သည် ညို့အမြင်တွင် ထူးခြားလွန်းနေသည်။ အစဉ် မဖြီးမလိမ်း မပြုမပြင်ဘဲ နေတတ်သော အမေ့မျက်နှာသည် ယနေ့မှ ထူးထူးခြားခြား ဖြူဖွေးလှပနေသည်။ အမေ့မျက်ခုံးများက ပိုနက်နေသည်။ အမေ့နှုတ်ခမ်းများက ပိုနီနေသည်။ အမေ့ဆံထုံးက ပို၍ သပ်ရပ်နေသည်။

အိမ်ရှိလူတွေကို ကြည့်ရသည်မှာလည်း အမူအရာတွေက တမျိုး။ စကားကို တိုးတိုး တိုးတိုးပြောကာ တစုံတရာကို ကျိတ်လုပ်နေဟန်ရှိကြသည်။ စင်စစ် သည်အိမ်တွင် ရှိနေသူများမှာ ညိုနှင့်သာ သွေးစပ်သော်လည်း အမေနှင့် မည်သို့မျှ သွေးချင်း တော်စပ်သူများ မဟုတ်ကြ။ ညို တစ်နှစ်သမီး မပြည့်မီက ဆုံးပါးသွားခဲ့ပြီဖြစ်သော အဖေ့အစ်မ အပျိုကြီး ဒေါ်ကြည်၊ အဖေ့ညီမ အေးရင်နှင့် သူ့ယောကျ်ား ကိုကံထွန်း၊ သူတို့၏သားလေး ကိုတုးတို့ပင် ဖြစ်သည်။

အထူးသဖြင့် ဒေါ်ကြည်သည် ယနေ့အဖို့ အလွန်အလုပ်များနေရဟန်တူသည်။ အမေ့ကိုလည်း တစုံတရာ တဖွဖွ နားချနေလေသည်။ ညိုသည် ကိုတူးနှင့် ကစားရင်း အမေ့မျက်နှာကို လှမ်းလှမ်းကြည့်နေမိသည်။

ညို ကြည့်နေမိစဉ်မှာပင် အမေသည် အင်္ကျီ လုံချည် သစ်သစ်လွင်လွင် ဝတ်၍ ပန်းလှလှပန်ကာ ကြီးကြီးဒေါ်ကြည်နှင့်အတူ အပြင်ထွက်သွားလေသည်။

"ဒေါ်လေးအေးရင် အမေ ဘယ်သွားတာလဲ ဟင်"

ညိုသည် အမေ့ကို မမေးရဲ၍ မမေးလိုက်ရသဖြင့် ဒေါ်လေး အေးရင်ကိုသာ ညို သိချင်သည့်အရာကို မေးလိုက်ရသည်။

"နင့်အမေ ယောကျ်ားသွားယူတာဟဲ့"

ကိုကံထွန်းက မူးမူးနှင့် လှမ်းအော်လိုက်သည်။ ကိုကံထွန်းသည် အစဉ်မူးနေသူသာဖြစ်သည်။ ကိုကံထွန်း၏ စကားကြောင့် ညို့ရင်မှာ သိမ့်သိမ့်ခါသွားသည်။ ယောကျ်ားသွားယူတာတဲ့၊ ယောကျ်ားသွားယူတာတဲ့။ အမေ ဘာလို့များ ယောကျ်ားသွားယူရတာပါလိမ့်၊ ယောကျ်ား မယူဘဲနေရင် မရဘူးလား။

ထိုအချိန်ထိတော့ ညို နေမထိ ထိုင်မသာ ဖြစ်ရရုံသာ ရှိသေးသည်။ ငေးငေးငိုင်ငိုင်ဖြစ်ရုံသာ ရှိသေးသည်။ အမေတို့ပြန်ရောက်လာသည့်အခါတွင်မှ အမေယောကျ်ားယူခြင်းသည် ညို့အတွက် ဝမ်းနည်းစရာပါလားဆိုတာ ညို သိရသည်။

အမေတို့နှင့်အတူ အသားဖြူဖြူလူတယောက် ပါလာသည်။ ထိုသူနှင့် အမေသည် နီးနီးကပ်ကပ် ရှိလှဘိသည်။ ထိုသူက အမေ့အနားမှာ ကပ်နေခြင်းဖြစ်သည်။ ဒေါ်ကြည်က ထိုသူကို လိုလိုလားလား၊ ပြုံးပြုံးပျာပျာ ဧည့်ခံလျက်ရှိသည်။ ထိုလူသည် ညို့ထံသို့ တချက်လှမ်းကြည့်ပြီး ဧည့်ခန်းမှ တလုံးတည်းသောကုလားထိုင်တွင် ဖုတ်ဖက်ခါ၍ ထိုင်ချလိုက်သည်။

ဒေါ်ကြည်က ညို့ထံလျှောက်လာပြီး ညို့ကို ပွေ့ချီလိုက်သည်။ ပြီးတော့ ထိုလူကြီးဆီ ခေါ်သွားလေသည်။

"အဲဒါ နင့်အဖေပဲ မှတ်ထား"

ညိုသည် ခြေကားယား လက်ကားယားဖြင့် ထိုလူကြီး ပေါင်ပေါ်ကျသွားလေသည်။ သူက ညို့ကို ဆီးကြိုပွေ့ယူလေသည်။

"ဟင့်အင်း ဟင့်အင်း ဟင့်အင်း ဟင့်အင်း"

ညိုသည် အားရှိသမျှ ရုန်းကန်ငြင်းဆန်နေမိလေသည်။ ပါးစပ်မှမူ ဘာမျှ မပြောတတ်။ စိတ်ထဲမှ ညို့အဖေသေပြီ ညို့အဖေ သေပြီဟု မြည်တမ်းနေမိသည်။ ညို့အသိတွင် အဖေသေခဲ့ပြီ။ အဖေ သေပြီဆိုသည်ကို ညို ကောင်းကောင်း မှတ်သားထားခဲ့သည်။ အမေတို့ ကြီးကြီးတို့နှင့် တအိမ်သားလုံးကပင် အဖေသေပြီဟု တဖွဖွပြောခဲ့ကြပါလျက် ယခု လူတယောက်ကို "အဲဒါ နင့်အဖေပဲ" ဟု ပြောသည်ကို ညို နားမလည်နိုင်အောင် ရှိရပြီ။ ညို့စိတ်တွင်းကရော နှလုံးသားကပါ အဖေဟူသော နေရာတွင် မည်သူ့ကိုမျှ အစားမထိုးတော့ရန် ဆုံးဖြတ်မိလေသည်။

"သွားမယ် သွားမယ်"

ညိုသည် အတင်းရုန်းကန်၍ ပြေးဆင်းခဲ့လေသည်။ အမေသည် ညို့ကို ပြုံး၍သာ ကြည့်နေသည်။ ညို ဝမ်းနည်းလာခဲ့၏။ ညို ငိုချင်လာသည်။ အမေသည် ထိုလူ့ဘေးတွင်ထိုင်ပြီး ပြုံးပြုံးရွှင်ရွှင် စကားပြောနေသည်။ ညို့ရင်ထဲသို့ အဖေအစား မဝင်ခဲ့သည့်ပြင် အမေတယောက် လျော့ပါးသွားချေပြီဟု ညို နားလည်လိုက်လေသည်။

ထိုညနေက အဖေအသစ်နှင့် အမေတို့၏ ထမင်းဝိုင်းသို့ ညို မဝင်ဘဲ ချောင်တချောင်တွင် ထိုင်ကာ ကျိတ်၍ ငိုနေမိခဲ့သည်။ ညို့ကို ချော့မော့ နှစ်သိမ့်လာသူတို့သည် ကြာကြာ စိတ်မရှည်ကြ။ သိပ်ငိုကြောရှည်တဲ့ကောင်မလေးဟု ဆိုကာ ကျောခိုင်း၍ ထားပစ်ခဲ့ကြလေသည်။

※※※

"ခုတခါတည်း ခေါ်သွားလို့ ဘယ်ဖြစ်ဦးမလဲအေ၊ ဟိုမလဲ အခြေကျသေးတာမဟုတ်၊ ပြီးတော့ ညည်းသမီးကလဲ သူ့ကို မခင်တွယ်သေးပဲနဲ့ ခမျာစိတ်ညစ်နေပါ့မယ်၊ မိညိုကလဲ ဂျစ်တစ်တစ်နော် စဉ်းစားဦး"

အမေသည် တပင်လဲ၍ တပင်ထူခဲ့ပြီ။ အားကိုးရာ အသစ်ကို ဖွေရှာခဲ့ပြီ။ ယခု ထိုအသစ်သောသူ နောက်သို့ လိုက်ရန် ပြင်ဆင်နေလေပြီ။ ညိုတို့က ရန်ကုန်-မန္တလေးလမ်းမပေါ်မှ ဖောင်တော်သီ မြို့ကလေးတွင် နေခဲ့သည်။ အမေတို့သည် စီးပွားရှာ၍ ပိုကောင်းမည်ဟု ယူဆသော ပဲခူးမြို့သို့ ပြောင်းရွှေ့ရန် စီစဉ်နေကြလေသည်။ ထိုအခါ ညို့ကို တပါတည်း ခေါ်သွားရန် အမေက ဆုံးဖြတ်သည်။ သို့သော် ကြီးကြီးဒေါ်ကြည်က နောက်မှ လာခေါ်ရန် ပြောနေလေသည်။

ညို့စိတ်ထဲမှာလည်း သိပ်တော့ လိုက်မသွားချင်။ အမေ့နောက်ကို လိုက်လိုသော်လည်း "အတယ်" ဟု ခေါ်ရသော ထိုလူကြီးနောက်သို့ မလိုက်ချင်။ ညို့ကိုယ်က ရင်းနှီးကျွမ်းဝင်အောင် မည်မျှ ကြိုးစားစေကာမူ ညို့စိတ်တွင်းက

ခင်မင်တွယ်တာအောင် ကြိုးစား၍ မရသေး။ ညိုသည် စိတ်တွင်းမှ မကျေနပ်သမျှ တပူပူတဆာဆာ လုပ်တတ်သဖြင့် အိမ်တွင် အမြင်ကပ်စရာ ဂျီကောင်မလေး ဖြစ်၍ နေလေသည်။

အမေသည် သားသမီးကို ချော့မော့ဖျောင်းဖျ၍ ပြောဆိုတတ်သူမျိုး မဟုတ်။ အမေသည် စိတ်တိုလွယ်သည်။ လက်မြန်သည်။ ပါးစပ်ကပြောလျှင် လက်က ရှေ့မှရောက်လာတတ်သည်။ ညို့နဖူးနှင့် ငယ်ထိပ်သည် အမေ့လက်နှင့် ယဉ်ပါးနေပြီ။

ဘာပဲဖြစ်ဖြစ် အမေ့ကို ညိုချစ်သည်။ အမေကလည်း ညို့ကို ချစ်ပုံရသည်။ ယခုပင် ညို့ကို ခေါ်သွားရန် တောင်းဆိုနေပြီ။ အတယ့်ကိုလည်း ပြောပြီးပြီ။ သို့သော် ကြီးကြီးဒေါ်ကြည်တို့က ညို့ကို မထည့်ချင်။ "ကလေးက တို့ကို သံယောဇဉ်ဖြစ်နေပြီ" ဟု မျက်ရည်စမ်းစမ်းဖြင့် တားလေသည်။ နောက်ဆုံးတော့ အမေသည် ယောက်မကို မလွန်ဆန်နိုင်သူပီပီ ညို့ကို ထားခဲ့ရသည်။

တကယ်တော့ ဒေါ်ကြည်သည် ညို့ကို မွေးမြူထားခြင်းဖြင့် တနေ့လျှင် ရွှေဥတလုံးဥသော ငန်းကို လက်ဝယ်ပိုက်ထားသည်သို့ ရှိချေသတည်း။ အမေနှင့် အတယ်သည် ညို့အတွက် အစားအသောက် ငွေကြေးဟူသမျှ လစဉ်မှန်မှန် ပိုပိုလျှံလျှံ ပို့နေလေ၏။ ပို့သမျှသော ရိက္ခာသည် ညို့ဝမ်းတွင်းသို့ မရောက်၊ ကျန်လူများ၏ အိမ်စရိတ်ကိုသာ အထောက်အကူ ဖြစ်စေတော့၏။ ထို့ကြောင့် အမေနှင့် ညိုတို့ အတူနေထိုင်ရရေးသည် ဝေးသထက်သာ ဝေးလေတော့သည်။

"ကိုတူးရယ် ငါ အမေ့နောက် လိုက်သွားချင်လိုက်တာဟယ်၊ ဒီနေ့ ကြီးကြီး ပဲခူးသွားတယ်၊ ငါ့ကို လိုက်မလားလို့ မမေးဘူး၊ မေးရင် ငါလိုက်မယ်လို့ ပြောလိုက်မှာ"

"အမယ် အလကား နင်ပြောလဲ မပြောရဲဘဲနဲ့"

အမှန်ပင် ညို မပြောရဲ။ ညိုက "ကြီးကြီး ညို အမေ့ဆီလိုက်ချင်တယ်" ဟု တခါက ပြောဖူး၍ ညို အဆူအမောင်း ခံရဖူးပြီ။ "အမယ် ညည်းက ကျေးဇူးကန်းချင်ပြီလား၊ ငါက သနားလို့ ခေါ်ထားတာကို ပထွေးကို ဖအေတော်ချင်နေ၊ လူပါးတော်တော်ဝ"

ထိုနေ့မှစ၍ ညို အမေ့ဆီ လိုက်ချင်သည်ဟု မပြောရဲတော့။

သို့သော် ညို့ဆီသို့ အမေ တခေါက် ရောက်ခဲ့သေးသည်။ ကြီးကြီးမေက ငွေကို ပိုမိုတင်ပို့စေလိုသည့် သဘောဖြင့် ညို နေမကောင်းကြောင်း၊ ဆေးဝါးခတ်စာ ကျွေးနေရကြောင်း စာရေးလိုက်သည်။ အမေသည် မုန့်မျိုးစုံ၊ ဆေးမျိုးစုံကို ပိုက်၍

ရောက်လာလေသည်။

"နင့်အမေက လိုက်မလား မေးရင် မလိုက်ချင်ဘူးလို့ပြော၊ ကြီးမေတို့နဲ့ပဲ နေချင်တယ်လို့ပြော ကြားရဲ့လား"

ကြီးကြီး ဒေါ်ကြည်သည် ညို့ကို ချော့ကာတလှည့် ခြိမ်းခြောက်ကာတမျိုး ကျိတ်၍ သင်ပေးလေ၏။ ညိုထင်သည့်အတိုင်း အမေက ညို့ကို ခေါ်သွားရန် တောင်းဆိုသည်။

"ကလေးက ဒီမှာ ပျော်နေမင့်ဟာ သူပျော်ရာ နေပါ့စေ၊ ညည်းပဲ မေးကြည့်စမ်းပါဦး ညည်းသမီးကို လိုက်မလားလို့"

အမေက ညို့မျက်နှာကို စေ့စေ့ကြည့်သည်။ ညို အမေ့မျက်နှာကို မကြည့်ရဲ။ ညို ကြောက်နေသည်။

"မိညို ညည်း ငါနဲ့လိုက်ခဲ့မလား"

ညို့နှုတ်ခမ်းများ တရွရွလှုပ်ရှားနေလေသည်။

"ပြောလိုက်လေ"

ဒေါ်ကြည်က သတိပေးသလို ပြောလိုက်သည်။ ငါသင်ထားတဲ့အတိုင်း ပြောလိုက်လေဟု ဆိုခြင်းပင် ဖြစ်သည်။

"ပြောလေ၊ လိုက်မလား မလိုက်ဘူးလား"

လိုက်စေချင်၍ ခေါ်သည့်တိုင် အမေ့စကားလုံးများက မညင်သာ။ ညိုသည် ရင်တွင်းမှဆန္ဒကို တွန်းလှန်ကာ မျက်ရည်ဝဲဝဲဖြင့် ပြောမိသည်။

"မ မလိုက်ချင်ဘူး၊ ကြီးမေတို့နဲ့ပဲ နေမယ်"

"ကဲ ငါမပြောလား"

ထိုအခေါက်ကလည်း အမေသည် ညို့ကိုထားကာ ပြန်သွားခဲ့ရပြန်လေသည်။

နောက်ဆုံးအခေါက်တွင်တော့ အမေနှင့် ကြီးကြီးတို့သည် ညို့အတွက်နှင့် စကားတော်တော်များကြရ သည်။ သည်တခါတွင်တော့ အမေက ညို့ကို အပါခေါ်ရန် ဆုံးဖြတ်လာခဲ့ဟန် တူလေသည်။

"ကလေးက ကျောင်းထားဖို့လဲ အရွယ်ရောက်နေပြီမို့ပါ၊ ကိုဟုတ်ကြိုင်ကလဲ

ခေါ်ခဲ့ဖို့ တဖွဖွ မှာလိုက်တယ်၊ သူက ကလေးလဲ သိပ်ချစ်တတ်တာ”

“ကျောင်းက ဒီမှာထားလဲရပါတယ်အေ၊ ငါတို့မလဲ ဝမ်းနဲ့လွယ် မမွေးရရုံ တမည်ပါ”

“ဟုတ်ပါတယ်၊ မမတို့ ကလေးကို သံယောဇဉ်ရှိတာလဲ သိပါတယ်၊ ဒါပေမဲ့ ကလေးပညာရေးက ရှိသေးတယ်၊ ဟိုမှာဆိုတော့ ကျောင်းကောင်းကောင်းမှာ ထားရတာပေါ့”

“အမယ်လေး ညည်းက ခုမှ သူဌေးမယားဖြစ်နေလို့ ကြီးကျယ်နေလိုက်တာ၊ တောကျောင်းမှာထားလဲ ဒီစာပါပဲအေ့”

ကြီးကြီး၏စကားက အနှောင့်အသွား မလွတ်။ အမေသည် ကြီးကြီး၏ ကောင်းမှုကြောင့် လင်ကောင်း သားကောင်း ရသွားသူ ဖြစ်သည်။ ယခုမှ ကြီးကြီး၏ဩဇာကို အမေ အာခံသလို ဖြစ်ရချေသည်။ သို့သော် အမေ အလျှော့မပေး။

“ခုတော့ ခေါ်သွားပါရစေဦး မမကြည်ရယ်၊ ကျွန်မလဲ ကလေးနဲ့ မနေရတာ ကြာပြီမို့ပါ၊ မမတို့ကျေးဇူးကို ကျွန်မ မမေ့ပါဘူး”

နောက်ဆုံး ညိုမရှိသည့်တိုင် ကြီးကြီးတို့ကို ပေးမြဲပေးကာ ထောက်ပံ့မြဲ ထောက်ပံ့မည့်အကြောင်း ပြော၍ ညို့ကို ခေါ်ယူသွားခဲ့ရသည်။ သည်လိုတော့လည်း အမေသည် ညို့ကို ချစ်သားပဲဟု ညို ဝမ်းသာခဲ့ရလေသည်။

※※※

၄

ရထားသည် သံတံတားကြီးကိုကျော်ဖြတ်၍ ဒိုက်ဦးမြို့တွင်းသို့ ဝင်လာသည်။ သံတံတားချောင်းသည် ခြောက်ခန်း၍ သဲသောင်ငယ်များ ထွန်းနေသည်။ ညို ရထားနှင့်ပြန်လာတိုင်း သံတံတားချောင်းကို မြင်ရလျှင် ဒိုက်ဦးရောက်ပြီ၊ အိမ်ရောက်ပြီဟု ဝမ်းသာရတတ်သည်။

ညိုသည် ပစ္စည်းများကို ပြင်ဆင်၍ တံခါးပေါက်ဝနားရောက်အောင် တိုးထွက်ခဲ့သည်။ ရထားက ညိုတို့ အိမ်ရှေ့ကို ဖြတ်ကျော်လာသည်။ ညိုတို့အိမ်ကို ရထားပေါ်မှ လှမ်းမြင်ရသည်။ အိမ်သည် ရထားလမ်းဘက်ကို မျက်နှာမူထားလေသည်။

ရထားဆိုက်၍ ညို ပစ္စည်းများ မနိုင်မနင်းဖြင့် ဆင်းလာခဲ့သည့်တိုင် ညို့ကို လာကြိုသူတယောက်မျှ မတွေ့ရ။ မီးရထား အလုပ်သမားများက ညို့ပစ္စည်းများကို သယ်ယူသွားကြသည်။ သူတို့က ညို့ကို သိပြီးကျွမ်းပြီးသူများသာ ဖြစ်လေသည်။ ညိုတို့အိမ်သည် တမြို့လုံးသိသော ပွဲရုံတရုံပင် ဖြစ်သည်။ လက်လုပ်လက်စား အလုပ်သမားမှန်သမျှသည် ညိုတို့အိမ်နှင့် မကင်းကြ။ အတယ်သည် ပဲခူးမြို့ပေါ်မှ ဒိုက်ဦးသို့ ပြောင်းရွှေ့ အခြေစိုက်ခဲ့သည်မှာ ဆယ်နှစ် ဆယ်မိုးခန့် ရှိပေပြီ။

ညိုအိမ်ထဲဝင်သွားချိန်တွင် အတယ်သည် ညို့သေတ္တာများကို သယ်ယူသွားနှင့်သော အလုပ်သမားများကို ပိုက်ဆံရှင်းပေးနေသည်။ ညိုက အိမ်ရှေ့ခန်းကို ကျော်ဖြတ်၍ နောက်ဖေးဆောင်ထိ ဝင်ခဲ့သည်။ ညိုနှင့် အိမ်ရှေ့ခန်းသည် မည်သို့မျှ မဆိုင်ချေ။

"ဟော မိညိုပြန်လာပြီ"

မကျင်ထွေးက ထမင်းချက်နေရာမှ ညို့ကို လှမ်း၍နှုတ်ဆက်သည်။ ညိုသည် အမေရှိနေမည့်နေရာကို ပြေးတက်ခဲ့လေသည်။ သည်အိမ်တွင် အမေသည် အိမ်ရှေ့တွင်သော်လည်းကောင်း၊ မီးဖိုဆောင်တွင် သော် လည်းကောင်း၊ အိမ်ပေါ်ထပ်တွင်သော်လည်းကောင်း လှည့်ပတ်ကာ လှုပ်ရှားသွားလာ နေတတ်မြဲ ဖြစ်သည်။ "အမေ သိပ်များ နေမကောင်းဖြစ်နေရှော့သလား"။

ညို မျှော်လင့်သည့်အတိုင်း အမေ့ကို အိပ်ရာထက်မှာ တွေ့ရသည်။

"မိညို ပြန်ရောက်ပလား"

အမေ့မျက်နှာသည် အလွန်အမင်း ကျမသွား။ သို့သော် လန်းလန်းဆန်းဆန်း မရှိ။

"အမေ ဘာဖြစ်တာလဲ"

မိညိုက ခုတင်ထက်တွင် တင်ပါးလွှဲထိုင်ရင်း မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး ဗိုက်ထဲက နည်းနည်းအောင့်နေလို့၊ ညည်း စာမေးပွဲ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ်၊ အမေဗိုက်အောင့်တာဆိုရင် အစာအိမ်ရောဂါ ဖြစ်နေဦးမယ်၊ ဆရာဝန်မပြဘူးလား"

"ပြပြီးပါပြီ၊ ညည်း ဒီနှစ်အောင်ရင် နောက် နှစ်နှစ်ပဲကျန်တော့တယ်နော်"

အမေသည် သူ့ကျန်းမာရေးထက် ညို့ပညာရေးကိုသာ အရေးတယူ မေးမြန်းနေသည်။

"ဟုတ်တယ်လေ နောက်နှစ်နှစ်ပဲ ကျန်တော့တယ်၊ အမေ့ကို ဆရာဝန်က ဘာဆေးတွေပေးလဲဟင်"

"ညည်း စာမေးပွဲအောင်ရင် ရန်ကုန်မှာပဲ အလုပ်လုပ်တော့"

အမေ ဘယ်လိုများဖြစ်နေပါလိမ့်၊ ရောက်ကတည်းက အမေသည် ညို့အနာဂတ်ကိုသာ ဆွေးနွေးနေသည်။ အမေ တခုခုကို ပြောချင်ပုံရသည်။

"ရန်ကုန်မှာ အလုပ်ရှာ၊ ရန်ကုန်မှာပဲ နေပေါ့၊ ဒီကိုတော့ ပြန်လာဖို့ စိတ်မကူးပါနဲ့တော့အေ"

အို အမေရယ်။ အမေ့ရင်ထဲမှ ဝေဒနာသည် ပွင့်ထွက်လာခဲ့ချေပြီ။ အမေရော ညိုပါ ရင်ထဲမှ ဝေဒနာကိုယ်စီကို မျိုသိပ်၍ နေခဲ့ရသည်မှာ ကြာပြီ။ ညိုတို့သားအမိသည် လူ့လောကထဲတွင် အသိုင်းအဝန်း မရှိသော လူသားများအဖြစ် ရပ်တည်နေခဲ့ကြရသည်။ အစက ညို မရိပ်စားမိခဲ့။ အမေသည် လက်ရှိဘဝကို ကျေနပ်နှစ်သိမ့်နေသည်ဟုသာ ထင်ခဲ့မိသည်။ ညို ထင်သလို မဟုတ်ခဲ့ချေတကား။

"ညို ထမင်းစားတော့မလား"

မကျင်ထွေးက ညို့ကို ထမင်းစားလာခေါ်သည်။ အမေက လိုက်သွားလေ ဟူသော အမူအရာမျိုး လုပ်ပြသည်။

"အမေကော ဘာစားပြီးပြီလဲ"

“ဘာမှ မစားတော့ဘူး”

“ဆန်ပြုတ် ပြုတ်ထားတယ်လေ”

မကျင်ထွေးက ဝင်ပြောသည်။

ညို အိမ်အောက်သို့ ဆင်းလိုက်ခဲ့ရလေသည်။ ညိုတို့၏ထမင်းဝိုင်းသည် ထုံးစံအတိုင်း ခြောက်ကပ်ကပ်ပင် ဖြစ်သည်။ မကျင်ထွေးက ရန်ကုန်အကြောင်း တခွန်းစ နှစ်ခွန်းစ မေးသည်။ ညိုသည် အချဉ်အစပ် မပါသော ဟင်းများကို သည်းခံ၍ စားသောက်ရင်း တချိန်တုန်းက သူနှင့် မကျင်ထွေးတို့ ထမင်းဝိုင်းတွင် ရန်ဖြစ်ခဲ့ဖူးသည်ကို သတိရနေလေသည်။

ညိုတို့ ထမင်းစားလျှင် ထမင်းရည်ကို ပန်းကန်လုံးကြီးများဖြင့် ထည့်ပြီး ရေနွေးကြမ်းအစား ထမင်းရည်ကိုပင် သောက်ကာ စားတတ်လေ့ရှိသည်။ တရုတ်ဟင်းများကို ညို မကြိုက်သော်လည်း ထမင်းရည်ကိုတော့ ညို စွဲနေသည်။ ရန်ကုန် ရောက်စကပင် အဆောင်တွင် ထမင်းရည်မသောက်ရ၍ တတမ်းတတ ဖြစ်ခဲ့ရသေးသည်။

တနေ့တွင်တော့ ညိုက ထမင်းစားရင်း ထမင်းရည်ကောင်းကြောင်း ချီးမွမ်းခန်း ဖွင့်မိသည်။

“ထမင်း ဘယ်လောက်စားစား ထမင်းရည် မသောက်ရသေးရင် ထမင်းဝတယ်လို့ကို မထင်ဘူး”

“ဟုတ်တယ်၊ ထမင်းရည်က အာဟာရပိုဖြစ်တာ၊ ဗမာတွေက ဘာမှနားမလည်ဘူး သွန်သွန်ပစ်တာပဲ”

တကယ်တော့ ညိုလည်း ကြားဖူးပါသည်။ ရှေးအခါက သူဆင်းရဲမတယောက် ထမင်းရည်ကို မြေတွင်သွန်ပစ်၍ ဘုရင်က ရိုက်နှက်ဆုံးမသည့်အကြောင်း။ သို့သော် ကိစ္စရပ်တခုကို ပြောတိုင်း ပြောတိုင်း ဗမာတွေက ဘာမှ နားမလည်ဘူး၊ ဗမာတွေက ဘာမှ အသုံးမကျဘူး၊ ဗမာတွေက သိပ်ညံ့တာပဲ၊ ဗမာတွေ ဗမာတွေ စသည်ဖြင့် ဗမာတွေကို အမြဲ နှိမ်ပြောတတ်သော အတယ်တို့ မကျင်ထွေးတို့ အကျင့်ကို ညို မကြိုက်။ ဗမာတွေ မကောင်းကြောင်း ပြောတိုင်း ဗမာသွေးစစ်စစ် ဖြစ်သော ညို့အသည်းက ဆက်ဆတ်ခါ နာကျည်းလှသည်။ အမေရော ညိုပါ ဗမာစစ်စစ် ဖြစ်သည်ကို သိပါလျက် ဗမာကို နှိမ်ပြောတတ်သည်ကို ညို ခံပြင်းလှ၏။

ရေမြွလိုနေတတ်သော ညိုသည် မြွေပွေးလို ထပေါက်ချင်စိတ် ပေါက်လာသည်။

“တရုတ်တွေက ထမင်းရည်ကို ဘာလို့ကြိုက်သလဲ သိလား”

ညိုက စကားလမ်းစ ဖော်ပေးမိသည်။

“ဘာဖြစ်လို့လဲ”

“တရုတ်ပြည်က လူဦးရေများပြီး ဆန်ရှားတော့ ထမင်းမဝကြဘူးလေ၊ ဒီတော့ ထမင်းရည်ပါ သောက်ရတာပေါ့၊ များသောအားဖြင့် တရုတ်တွေဆို ဆန်ပြုတ်သောက်ကြရတာပဲ”

ဖြူသော မကျင်ထွေး၏ မျက်နှာသည် နီမြန်းသွားလေသည်။ အမေသည် ညို့မျက်နှာကို စိုးရိမ်မကင်းစွာ လှမ်းကြည့်သည်။ မကျင်ထွေးသည် ထမင်းပန်းကန်ကို စားပွဲပေါ်သို့ အသံမြည်အောင် စောင့်ချကာ နေရာမှ ထသွားသည်။

ဩော် ကိုယ့်သွေးထိတော့လည်း နာတတ်ကြသားပဲ။ ထိုနေ့မှစ၍ အတယ်သည် ညို့ကို မကျင်ထွေးနှင့် ရန်မဖြစ်အောင် နေရမည်ဟု သတိပေးလေ၏။ မကျင်ထွေးသည် အတယ့်နှမ ဝမ်းကွဲဖြစ်သော်လည်း ညို့အသက်နှင့် မတိမ်းမယိမ်း။ သူ့အဖေနှင့်အမေ ဆုံးပြီးကတည်းက ညိုတို့နှင့် အတူလာနေသည်။ တရုတ်သွေးမို့ ထက်သည်။ သွက်သည်။ သည်အိမ်တွင် အတယ်ပြီးလျှင် သူ့သြဇာချည်း။ နောက်ဖေးမီးဖိုချောင်ကို သူ ချယ်လှယ်သည်။ အိမ်ရှေ့စီးပွားရေးကို သူကူညီသည်။ အိမ်တွင် အမေသည် သာမညာ၊ ညိုသည် ပါမွှား၊ ဘာမျှအသုံးမကျ၊ လုံးဝ သုံးမရ။ အသုံးမကျသော ဗမာတွေ။

မကျင်ထွေးသည် တရုတ်စစ်စစ်မို့ အသားဖြူသည်။ မျက်နှာက တရုတ်ဆန်သော်လည်း နှာခေါင်း မပြား၊ မျက်ပေါက် မကျဉ်း၊ တရုတ်ချော ချောသည်။ မကျင်ထွေးသည် လှရုံသာမက သတ္တိလည်း ကောင်းသည်။ သူ့အမေကလည်း သတ္တိကောင်း။ တရုတ်ပြည်မှ မြန်မာပြည်ကို တယောက်တည်း ကူးလာသည်ကို ကြည့်။ ယောကျ်ားဖြစ်သူကို မြန်မာပြည်တွင် အခြေချနှင့်ရန် အလျင်လွှတ်လိုက်သေးသည်။ အခြေကျပြီး စားဝတ်နေရေးအတွက် အဆင်သင့်ဖြစ်လျှင် သူလိုက်လာရန် ဖြစ်သည်။ သို့သော် ယောကျ်ားဖြစ်သူထံမှ စာလည်း မလာ၊ အကျိုးအကြောင်း မသိရဘဲ ၃ နှစ် ကုန်လွန်ခဲ့သည်။ သည်တွင် တူဖြစ်သူ အတယ့်ကို လွှတ်ပြန်သည်။ သူ့တူက ဦးလေးဖြစ်သူသည် အိမ်ထောင်သစ်နှင့် ဘဝသစ်ထူထောင်နေပြီဖြစ်ကြောင်း အကြောင်းကြားလိုက်သောအခါ မြန်မာပြည်သို့ အချိန်မဆိုင်းဘဲ ဒုန်းစိုင်း၍ ပေါက်ချလာလေတော့သည်။ မြန်မာပြည်သို့ ခုမှရောက်သော်လည်း သူနှင့်ဦးစွာ တရားဝင် ပေါင်းသင်းလာခဲ့သည်။ သူသာလျှင် မယားကြီး။ ပဝါပါးနှင့် ကြက်သားထုပ်မိသော မရွှေဗမာ ဘာများ တတ်နိုင်ဦးမည်နည်း။

မကျောင်ထွေးသည် မြန်မာပြည်တွင် မွေးသော်လည်း တရုတ်သွေး စစ်စစ်ဖြစ်သည်။ ထို့ကြောင့် မြန်မာဆန်ကို စားရင်း တရုတ်ပြည်က လွမ်းလွမ်းနေတတ်လေသည်။ တရုတ်သွေးပါသည်မို့ တရုတ်ပြည်သို့ လွမ်းသည်ကို ညို အပြစ်မတင်ချင်ပါ။ သို့သော် မြန်မာမြေနင်းပြီး မြန်မာလူမျိုးကို အထင်သေး နှိမ့်ချတတ်သည်ကို ညို နာကျည်းခံပြင်းမိသည်။

ညိုသည် ငါးပိဖုတ်နှင့် ချဉ်ပေါင်ဟင်းကိုပင် ကောင်းကောင်း အရသာမခံတတ်ခဲ့။ လူမှန်းသိတတ်စ ကတည်းက ဝက်သားနှင့် ကြံမဆိုင်ကို ခံတွင်းတွေ့ခဲ့သူ ဖြစ်သည်။ သို့သော် ညို့သွေးကို ထိလျှင်ကား မချိအောင် နာတတ်ခဲ့လေသည်။

ညိုတို့ ဆရာတစ်ဦးက မြန်မာမျိုးချစ် သမိုင်းကို သင်ရာတွင် မျိုးချစ်စိတ်ဓာတ်အကြောင်း ပြောခဲ့ဖူးသည်။ ထိုစဉ်ကပင် ညိုသည် လူမျိုးခြားနှင့် လက်ထပ်မိသော မိန်းမတဦး၏ ဘဝကို တွေးတောကာ နာကျည်း ဝမ်းနည်းခဲ့မိလေသည်။

လူမျိုးနှစ်မျိုး ပေါင်းစပ်ဖွဲ့စည်းထားသော ညိုတို့ အိမ်ထောင်စုမှ ၄ ယောက်သော အိမ်သားများသည် ကမ္ဘာ ၄ ခုမှလာသူများအလား တယောက်တကမ္ဘာ ဖြစ်နေတတ်ကြလေသည်။ စုစည်းမှု ပျော်ရွှင်မှု ဟူသည် ညိုတို့အိမ်ထဲတွင် မရှိ။

အတယ်သည် ငွေများ၊ စာရင်းအင်းများ၊ ကုန်သည်ပွဲစားများနှင့် အလုပ်ရှုပ်နေတတ်သည်။ အတယ် အိမ်မှာရှိနေလျှင် ပေသီးတံ တခြောက်ခြောက်နှင့် သေ့တချွင်ချွင်ကို ကြားနေရတတ်သည်။

အမေ့ကိုမူ အိမ်ရှေ့ကတ္တားပေါ်တွင် ထိုင်လျက်သော်လည်းကောင်း၊ ဈေးဝယ်သူများကို ငွေ အယောင်ယောင် အမှားမှား အမ်းလျက်သော်လည်းကောင်း၊ အိမ်ပေါ်တွင် ခြင်ထောင်အပြဲတခုကို ချုပ်လျက် သော်လည်းကောင်း တွေ့ရတတ်သည်။ သည်အိမ်တွင် အမေ့နေရာ သတ်သတ်မှတ်မှတ် မရှိ။

မကျောင်ထွေးသည် မီးဖိုဆောင်တွင် စီမံချက်ပြုတ်သည့် အချိန်မှလွဲလျှင် အတယ့်ကို ငွေစာရင်းများ ကူတွက်ပေး၍သော်လည်းကောင်း၊ စက်ဘီးတစီးဖြင့် မြို့တွင်းထွက်ကာ ကွာစိဈေး မြေပဲဈေး စုံစမ်း ၍သော်လည်းကောင်း တွေ့ရတတ်သည်။ တအိမ်လုံးတွင် သူမရှိလျှင် မဖြစ်သလောက် အားကိုးရသည်။

ညိုတို့ကတော့ အလကား လူပိုပါပဲ။ ညို့အတွက် သီးခြားကမ္ဘာဖြစ်သော တယောက်အိပ် ခုတင်ဘေးမှ စားပွဲတွင် ထိုင်၍ ကျောင်းစာ ကျက်ချင်ကျက်နေမည်၊ ကဗျာ ခိုးရေးချင် ရေးနေမည်၊ သို့မဟုတ် အိပ်ရာထက်တွင် လဲလျောင်းကာ

သီချင်းဆိုချင် ဆိုနေမည်။ သည်အိမ်တွင် ညို့မရှိ၍ မည်သူ့ကိုမျှ ထိခိုက်မည် မဟုတ်ချေ။ ညိုတယောက် ပျော့သွား၍လည်း မည်သို့မျှ မထူးခြား။ တခုတော ရှိသည်။ ညို စာမေးပွဲတွင် အမှတ်ကောင်း၍ ထူးထူးချွန်ချွန် ဆုတွေ ဘာတွေရသည့်အခါ ဆိုလျှင် အတယ်သည် ဧည့်သည်များရှေ့တွင် မိညို စာတော်ကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောနေတတ်လေသည်။ ထိုအခါ အမေသည် ပြုံး၍ နားထောင်နေပေလိမ့်မည်။

ညိုတို့မိသားစု လေးယောက် မျက်နှာချင်းဆိုင်၍ ဝိုင်းဖွဲ့နေသည့် အချိန်ဟူ၍ကား မရှိသလောက်ပင် ရှားပါးလှချေ၏။

ညို့အိမ်သည် ဤသို့သော အိမ်မျိုးပင် ဖြစ်သတည်း။ သည်အိမ်တွင် မပျော်ပိုက်သည်မှာ ညိုတယောက်တည်းသာဟု အစက ထင်ခဲ့သော်လည်း ယခုတော့ ညိုအပြင် အခြားတယောက် ရှိသေးသည်ကို ညို သိရချေပြီ။

အမေ့ဝေဒနာရင်းမြစ်သည် မည်သည့်အရာဖြစ်မည်ကို ညို မှန်းဆတတ်ခဲ့ချေပြီ။ အမေသည် သူကိုယ်တိုင် ရုန်းမထွက်နိုင်သော ပိုက်ကွန်တွင်းမှ ကြိုးတစကို ကိုက်ဖြတ်၍ ညို့ကို တွန်းထုတ်နေပါပြီကော။

※※※

နွေကျောင်းပိတ်ရက်သည် ကုန်မှန်းမသိ ကုန်လာသည်။ ညိုသည် အမေ့ကို နားနားနေနေ နေစေ၍ အိမ်အလုပ်ကို တတ်နိုင်သမျှ ကူညီ လုပ်ကိုင်ပေးခဲ့သည်။ အိမ်အလုပ်ဆိုသော်လည်း ညိုနှင့် အဆင်ပြေရသည် အဝတ်လျှော်ရာ၊ မီးပူတိုက်ရာ၊ ကြမ်းတိုက် တံမြက်လှည်းတို့တွင်သာ ရှိသည်။ ညိုမို့ မီးဖိုချောင်ဝင်လိုက်လျှင် ပြဿနာက တခုမဟုတ် တခု တက်တတ်သည်။ ကြက်၊ ဘဲ ကိုင်ရာတွင်လည်း ညိုက အချိုးမကျ။ အတုံးကြီးလျှင် ကြီးမည်၊ သေးချင်သေးမည်။ ခါးကိုင် ကြောက်သဖြင့် အသားတုံးသည် မလှမပ ဖြစ်ကာ ကြေချင် ကြေသွားမည်။ ဟင်းရွက်ကြော်လျှင် လည်း စိမ်းစိမ်းကြွပ်ကြွပ်မနေဘဲ နွမ်းကြေသွားတတ်သည်။ ထိုအခါ အတယ်က မကြိုက်။ ဟင်းရွက်ကြော်သည် စိမ်းမှ။ ဟင်းထဲသို့ ငါးပိထည့်သည်ကို အတယ်က လုံးဝလက်မခံ။ ဟင်းက သူ့အလိုလို ငန်သွားလျှင်သော်မှ ငါးပိထည့်သလားဟု သံသယမေးဖြင့် မေးတတ်သည်။ ညိုနှင့် အမေ့အတွက် ငါးပိရည်ကျိုကိုတော့ သပ်သပ်ထား၍ စားခွင့်ရသည်။

အသွင်မတူသောလူသားတို့ ပေါင်းစည်းနေထိုင်ရသည့် သည်အိမ်ထောင်စုလေးသည် အစဉ်သဖြင့် ထိုသို့သော ပြဿနာငယ်လေးများက တထောင့်တနေရာမှ ပေါ်ပေါက်လာစမြဲသာတည်း။ သည်တခေါက် အိမ်မှာနေရသည်မှာ ညို့အတွက် ပို၍ပင် စိတ်ပျက်ငြီးငွေ့ဖွယ် ကောင်းနေသည်။ ညို အားအထားရဆုံးသော အမေကိုယ်တိုင်က စိတ်ဓာတ်ကျဆင်းနေသည်။ ပြီးတော့

အတယ်နှင့် အမေသည် မကြာခဏ ခွန်းကြီးခွန်းငယ် စကားများကြသည်။ အတယ်က တရုတ်ပီပီ မဆင်မခြင် ဆဲရေးတိုင်းထွာသံကို ကြားရလျှင် ညို ရှူးချင်သလို ဖြစ်လာသည်။ နောက်ဆုံးတော့ ရန်ပွဲကို အမေ့ မျက်ရည်နှင့် အဆုံးသတ်မြဲ ဖြစ်သည်။

ညိုအတွက် ရွှင်လန်းအားတက်ရသည့် အချိန်ကလေးမှာတော့ ချစ်သော သူငယ်ချင်းများဆီမှ သတိတရ စာလေးများ ရောက်လာသည့်အချိန်ပင် ဖြစ်ပါသည်။ အထူးသဖြင့် သီသီစာလေးများသည် ညို့ရင်ကို ခုန်စေသည်။ ကိုကိုနိုင့်အကြောင်းလေးများ တစွန်းတစ ပါလာ၍ပဲ ဖြစ်သည်။ ကိုကိုနိုင့်အကြောင်းဆိုလျှင် အောက်ဆုံးက စာကြွင်းအဖြစ်ရေးသော စာကြောင်းလေးကိုပဲဖြစ်စေ၊ ဘေးနားက နေရာလွတ်တွင် ရေးလိုက်သည်ပဲ ဖြစ်စေ၊ ညို အမြတ်တနိုး ရှာဖွေ ဖတ်ရှုရမြဲ။ တခါတရံ စာရွက်နောက်ကျောကိုပါ လှန်ကြည့်မိရသေးသည်။

သီသီ သိလျှင်တော့ စိတ်ဆိုးမည်လား၊ ဆဲမည်လား မသိ။ သီသီ စာတစောင်လုံးတွင် ညို အနှစ်ခြိုက်ဆုံး စာကြောင်းမှာ "ကိုကိုနိုင်ကလဲ သတိရပါတယ်တဲ့" ဟူသော စာကြောင်းလေးသာ ဖြစ်သည်။

"ဘယ်ကစာများလဲ မိညို"

ညို့မျက်နှာကိုကြည့်ကာ အမေက မေးတတ်သည်။ ယခင်ကလို လာသမျှ စာအိတ်များကို ဖောက်ဖတ်ခြင်းမျိုးတော့ မပြုတော့။ တက္ကသိုလ်ကျောင်းသူကြီးပင် ဖြစ်လာပြီမို့ လွတ်လပ်ခွင့် ပေးလာသည့် သဘောလည်း ပါသည်။

"သူငယ်ချင်းတွေဆီကပါ အမေ၊ သူက သီသီတဲ့"

ယခုတပတ် ကျောင်းပိတ်ရက်တွင် အမေနှင့် ညို စကားပိုပြောဖြစ်သည်။ ညိုပြောသမျှကို အမေ စိတ်ဝင်တစားနားထောင်သည်။ စကားပြောပါများ၍ ညို့စကားထဲက ဇာတိပြလာလေသည်။ ညို့နှုတ်မှ အမှတ်မထင် ထွက်သွားသည့်တိုင် အမေကတော့ ကောင်းကောင်း သတိထားမိသည်။ ကိုကိုနိုင်ဆိုသူတယောက် ညို့နှလုံးသားထဲ ရောက်နေပြီပဲ။

"အဲဒီ ကိုကိုနိုင်ဆိုတာက ဘယ်တက္ကသိုလ်မှာ တက်နေတာလဲ"

"ဟို အင်း စက်မှုတက္ကသိုလ်မှာလေ၊ အင်ဂျင်နီယာပေါ့၊ အဲ သူက ပဥ္စမနှစ်မှာလေ၊ စာတော်တယ် အမေရဲ့၊ စတိုင်ပင်လဲရတယ်၊ အင်း ပြီးတော့လေ"

"သူ့မိဘတွေက ဘာလုပ်တာလဲ မိညိုရဲ့"

"ခြံစိုက်တာပေါ့ အမေရဲ့၊ ခြောက်မိုင်ခွဲမှာ အိမ်နဲ့ မြေနဲ့ ရှိတယ်၊ အကျယ်ကြီးပဲ၊ အပင်တွေကို စုံနေတာပဲ"

သည်တခါတော့ ညိုက ပိုပိုမိုမိုဖြီးလိုက်မိသည်။ ကိုကိုနိုင်နှင့် ပတ်သက်၍ အမေ့ဘက်က အထင်အမြင် သေးမည်ကို ညို စိုးရိမ်မိသည်။ အမေသည် သားသမီးကို ဆင်စီးမြင်းရံတာ မြင်ချင်သည့် မမေမျိုး။ ညိုသည် မုန့်ဆီကြော် မစားမီက နှုတ်ခမ်းနာကို ဆေးထည့်နေမိလေသည်။

"ညည်းသူငယ်ချင်းတွေကို အိမ်အလည်ခေါ်ပါလား"

အမေကလည်း အလာချည်း။ သမီးနှင့် ခင်မင်သည်ဆိုရုံရှိသေး၊ နဖူးရေဒူးရေ ကြည့်ချင်နေသည်။ ပြီးတော့လည်း ညို့အမူအရာတွေက အမေ အထင်လွဲလောက်အောင် ဖြစ်နေလေသလား မသိ။

"ကိုကိုနိုင်က ကျောင်းပိတ်ရက်မှာ လုပ်အားပေးရတယ် အမေရဲ့၊ သီသီကတော့ ဒိုက်ဦးမှာ အကြမ်းဖက် သောင်းကျန်းသူ ဝင်တယ်ဆိုလို့ ကြောက်တယ်တဲ့၊ အမေ ဒီတခါ ရန်ကုန်လာရင် သူတို့အိမ် သွားလည်မယ် သိလား"

"ကောင်မ လျှောက်ချည်းလဲ လည်မနေနဲ့ စာလဲကြိုးစားဦး"

ညို့ခြေလှမ်းကို ရိပ်မိသော အမေ့စကားကြောင့် ညိုသည် မသိမသာ လျှာလေးတစ်လစ် ဖြစ်သွားမိလေသည်။

※※※

၅

မိဘမေတ္တာဟူသည် သံသယ မရှိစကောင်းဟု ဆိုကြသည်။ မိဘတို့သည် သားသမီးအပေါ် မေတ္တာထားမြဲ။ စေတနာ အပြည့်အဝ ရှိစမြဲ။ သို့သော် နုနယ်သော သားငယ် သမီးငယ်တို့အပေါ် မိဘသည် ကြင်နာယုယမှုကို အခါအားလျော်စွာ ထုတ်ဖော်ပြသင့်သည်ဟု ထင်သည်။ မိဘ၏ ကြင်နာယုယမှုကို သားသမီးတိုင်းက မျှော်လင့်စမြဲ။ မိဘ၏ အကြင်နာတွန့်တိုမှုကြောင့် သားသမီးတို့ ရင်ဝယ် သံသယ မှိုတွယ်ကြရသည်။

ယခုတော့ ညို့ရင်မှ သံသယတို့ ပြေကျခဲ့ရလေပြီ။ ရထားက သံတံတားချောင်းကို ကျော်လွန်လာသည်။ ဒိုက်ဦးမြို့မှ အပြီးအပိုင် ထွက်လာခဲ့လေပြီ။

သည်တခေါက် အမေ့ကို ထားခဲ့ရသည်ကို ညို အလွမ်းဆုံး ဖြစ်သည်။ ပထမနှစ် ကျောင်းတက်ရစဉ် ကပင် သည်မျှ မလွမ်းခဲ့။ နေရာသစ်တွင် အတွေ့အကြုံသစ်နှင့် ဆုံရမည်မို့ လွမ်းစိတ်တဝက် ဝမ်းသာစိတ်တဝက် ဖြစ်ခဲ့ရသည်။

ယခုအပတ်တွင်မှ အမေနှင့် ညိုသည် တဦးနှင့်တဦး နားလည်မှု ပိုမိုရရှိလာသည်ဟု ညိုထင်သည်။ လူ့လောကအလယ်တွင် တို့သားအမိနှစ်ယောက်သာ အားထားရာပါလားဟူသော အသိကို ညို ရရှိခဲ့သည်။ ကြီးကြီးကျယ်ကျယ် ပြောရလျှင် အမေ့ကို ညို ကယ်တင်ချင်သည်။ တင်းကျပ်မွန်းသိပ်နေသော ဘဝထဲမှ အမေ့ကို ဆွဲထုတ်ချင်သည်။ ပြီး အမေ့ကျန်းမာရေးသည် စိတ်ချလောက်ဖွယ် မရှိသေး။ ရန်ကုန်ကိုခေါ်ပြီး အမေ့ကို ဆေးကုခံစေချင်သည်။

ရထားပေါ်တွင် ညိုမျက်ရည်ဝဲနေလေသည်။ အိမ်ကို လွမ်း၍ ငိုနေတတ်သော တက္ကသိုလ်ကျောင်းသူ ဖရက်ရှာလေးအဖြစ်မျိုး အထင်ခံရမည်စိုး၍ မျက်ရည်မကျအောင် ညိုထိန်းနေရသည်။ နှစ်စတွင် များများငိုတတ်သော ကျောင်းသူလေးများသည် နောင်အခါ တက္ကသိုလ်တွင် ပျော်လွန်း၍ အိမ်ကိုပင် သတိမရကြတော့ဟူသော စကားက ရှိနေလေသည်။ ထို့ကြောင့် ညို မငိုချင်။ ညို့မျက်ရည်သည် ဘဝနှင့်ယှဉ်သော မျက်ရည်တည်း။ ညိုသည် မျက်ရည်ကိုပင် အထင်လွဲခံရမည်စိုးနေ၏။

ရန်ကုန်နယ်နိမိတ်ကို ဝင်ရလျှင်ပင် ညို တိတ်တခိုး မျက်ရည်စလေးများ ခန်းခြောက်စပြုလာသည်။ ညို့ရင်သည် ခုန်စပြုလာသည်။ ညို မျှော်လင့်ခဲ့သလိုပင်

ရထားမဆိုက်မီက သီသီတို့ မောင်နှမကို ပလက်ဖောင်းပေါ်တွင် ရပ်လျက်သား တွေ့လိုက်ရသည်။ သီသီက ညိုရှိရာ ရထားတွဲဆီသို့ ပြေးလာခဲ့လေသည်။

"ညို ပိန်သွားတယ်"

"ကိုကိုနိုင် ဝလာတယ်နော်"

ညို့ကို နှုတ်ဆက်သူက သီသီဖြစ်၍ ညို ပြန်နှုတ်ဆက်မိသူက ကိုကိုနိုင်သာ ဖြစ်ပါချေသည်။ သီသီက ညို့ကိုမသိမသာ မျက်စောင်းထိုးသည်။

"ဒီနေ့အဆောင်မှာ ထမင်းကျွေးမှာ မဟုတ်သေးဘူး၊ ကိုကိုတို့ အိမ်မှာပဲ လိုက်စားပေါ့၊ မေမေက ညိုကြိုက်တတ်တဲ့ မျှစ်ချဉ်ဟင်း ချက်ထားတယ်"

ကိုကိုက ဂရုတစိုက် ပြောလာ၍ ညို ကြည်နူးမိရသည်။

"ခုတော့ ညို့ကို အဆောင် အရင်လိုက်ပို့ပါဦး၊ ပစ္စည်းတွေ ထားလိုက်ဦးမယ်"

ညို့ပစ္စည်းများကို အဆောင်တွင် ချထားခဲ့ပြီး သီသီတို့အိမ်အတွက် လက်ဆောင်စားစရာများကို ယူ၍ ညို လိုက်သွားရသည်။ သီသီတို့အမေက ညိုတို့ကို ပြုံးရွှင်စွာ ဆီးကြိုသည်။ ညို့အတွက် အထူးတလည် စီမံထားသော ထမင်းဝိုင်းသည်လည်း ဖွယ်ဖွယ်ရာရာ ရှိလှသည်။ ညိုနှင့် သီသီတို့မှာ ကျောင်းပိတ်ရက်အတွက် အတိုးချ၍ စကားကို ရေပက်မဝင်အောင် ပြောနေမိကြလေသည်။

"မိုးတွေတောင် မှောင်လာပြီ၊ ညို ပြန်မှပဲ"

မိုးဦး၏ အရိပ်အယောင်သည် ဖြတ်သန်းလာခဲ့ပြီ။ မိုးမရွာမီ အဆောင်အရောက်ပြန်ရန် ဟန်ပြင်ရတော့၏။

"ဒီမှာပဲ အိပ်လိုက်ပါလားကွာ"

"မဖြစ်ဘူး သီသီ၊ ပစ္စည်းတွေ အခန်းထဲမှာ ဒီအတိုင်း ထားခဲ့တယ်"

"ဒီလိုဆို ကိုကိုပဲ လိုက်ပို့လိုက်တော့၊ သီသီမှာ ထီးလဲမရှိဘူး"

သီသီက ကိုကိုနိုင့်ကို ကြည့်၍ ပြောသည်။

"ညိုလဲ ထီးမပါလာဘူး"

ညိုက သီသီကိုကြည့်ကာ ပြန်ပြောမိသည်။

“မေမေ့ထီးကို ယူသွားတာပေါ့ကွယ်”

ကိုကိုနိုင်က ညို့ကို စူးစူးစိုက်စိုက်ကြည့်၍ ပြောလိုက်လေသည်။ ပြီးလျှင် ကိုကိုနိုင်က တလက်တည်းသောထီးကို ယူ၍ ရှေ့မှ ထွက်သွားခဲ့သည်။ သီသီက ညို့ကိုကြည့်ကာ ပြုံးနေသည်။ ညိုက ရက်သော်လည်း ဘာမျှ မဖြစ်သလို ဟန်ဆောင်ကာ ကိုကိုနောက်မှ လိုက်ခဲ့လေသည်။

စံပယ်ခြံကို လွန်သည်နှင့် မိုးက ညို့လာတော့သည်။ ညိုက ကိုကိုနိုင့်နောက်မှ မဝံ့မရဲ လှမ်းလျှောက်ရင်း စိတ်ပူဟန်ဖြင့် ကောင်းကင်ကို မော်ကြည့်မိ၏။ ကိုကိုနိုင်ကတော့ ဘာမျှမဖြစ်သလို အေးအေးဆေးဆေး လျှောက်သွားနေသည်။ အင်းလျားကန်ပေါင်ကို စ၍ ကျော်မိလျှင်ပင် မိုးဖွဲလေးများ ကျစပြုလေပြီ။ ကိုကိုနိုင်က ထီးကို ဖွင့်လိုက်လေသည်။ သို့သော် ကိုကိုနိုင်ရော ညိုပါ မိုးမလုံကြ။ ထီးတလက်တည်းအောက်တွင် နှစ်ယောက်လုံး မိုးလုံအောင် ဆောင်းဖို့ ကိစ္စက လွယ်သည်မှ မဟုတ်ပါပဲ။

“ညို မြက်တွေကြားထဲက မလျှောက်နဲ့လေ၊ အုတ်လမ်းပေါ်က တက်လျှောက်”

ကိုကိုနိုင်က ညို့ကို သတိပေးသည်။ အုတ်လမ်းလေးကလည်း နှစ်ယောက်ယှဉ်၍ မလျှောက်သာ။ ကိုကိုနိုင်က မြက်ပင်များကြားမှ လျှောက်ကာ အုတ်လမ်းပေါ်မှ ညို့ကို ထီးမိုးပေးသည်။

“မိုးက သိပ်မှမရွာဘဲ၊ မိုးဖွားလေးတွေ ကျရုံတင်ပါ၊ မိုးစက်လေးတွေကြားမှာ လျှောက်ရတာ ညို ပျော်တယ်၊ ထီးကို ပိတ်လိုက်ပါလား ကိုကို”

ညိုက ကိုကိုနိုင့်ကို မကြည့်ဘဲ ကန်ရေပြင်ကို ငေးရင်း ပြောလိုက်မိသည်။ မိုးစက်ကလေးများကြောင့် အင်းလျားရေပြင်တွင် လှိုင်းပွက်စက်ဝိုင်းလေးများ လှုပ်ရှားနေကြလေသည်။

“ဒါကြောင့် သီသီကပြောတာ၊ ညိုက သိပ်စိတ်ကူးယဉ်တတ်တာတဲ့၊ မိုးရေထဲမှာ လမ်းလျှောက် ရရင်လဲ ပျော်တတ်တယ်တဲ့၊ ပြီးတော့ သူပဲ မိုးနည်းနည်းလေးမိတာနဲ့ ဖျားတတ်တာတဲ့”

သီသီက ညို့အကြောင်းတွေ သူ့အစ်ကိုကို အားလုံး ပြောပြထားသည်ထင်ရဲ့။ ညိုက ကိုကိုနိုင့်ကို လှည့်၍ ပြုံးပြမိသည်။ ထိုအချိန်တွင် မိုးက ဝေါခနဲ သွန်ချလိုက်လေသည်။ ညိုက ထိတ်လန့်တကြား အုတ်လမ်းပေါ်မှ ဆင်းကာ ကိုကို့ထီးရိပ်ကို တိုးကပ်ခိုဝင်မိသည်။ လျှပ်စီးလက်သည်ကို ညို သိပ်ကြောက်တတ်သည်ကိုတော့ သီသီက ကိုကိုနိုင့်ကို ပြောမပြရသေးဘူး

ထင်သည်။

"ညိုတော့ ဖျားတော့မှာပဲ မြန်မြန်လျှောက်"

ညို့လုံချည်သည် ဒူးဆစ်အထိ မိုးရေများ ရွှဲနေပြီ။ ညို မြန်မြန် မလျှောက်တတ်။ ကန်ထိပ်က ခရေပင်အောက်ရောက်မှ ကိုကိုနိုင်က ညို့ကို ငဲ့ကြည့်သည်။ ညို့တကိုယ်လုံး ရွှဲနေပြီ။ သို့တိုင်အောင် ညိုသည် အသက်ကို ပြင်းပြင်းရှူနေသည်။ ညို မောနေသည်ကို ကြည့်ပြီး ကိုကိုနိုင်က ကြည်နူးဖွယ် ရယ်မောလေသည်။ ညီမငယ် တယောက်ကို ကျီစယ်လှောင်ပြောင်သည့် ပုံစံမျိုး။

"ဆောရီး ညို ကိုကိုမေ့သွားတယ်၊ ညိုက လမ်းလျှောက်နှေးတာပဲ၊ သိပ်မောသွားလား"

"ကိစ္စမရှိပါဘူး"

ညိုက နှုတ်ခမ်းကို မသိမသာလေးစူ၍ ပြောမိသည်။ ကိုကိုနိုင်က ရယ်ပြန်သည်။

"ထီးသာ ဆောင်းလာတယ် ညို့တကိုယ်လုံးလဲ ရွှဲနေတာပဲ၊ ညိုက ကိုကို့နားမှ မတိုးဘဲ"

ပြောပြီး ကိုကိုနိုင်က ရယ်ပြန်သည်။ ညိုသည် ရယ်ရမလို ငိုရမလို ကိုကိုနိုင့်ကို တွေပြီး ကြည့်နေမိသည်။ "ကိုကို ညို့ကို လှောင်နေတာ မဟုတ်ပါဘူးနော်" ဟုလည်း စိတ်ထဲမှ ပြောမိသည်။

မိုးက တဖြည်းဖြည်း စဲသွားသည်။ ရန်ကုန်မိုးဆိုတော့ ရွာချင်လျှင်လည်း ခဏသာ။

ကိုကိုက ထီးကိုပိတ်ပြီး ညို့လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ အင်းလျားလမ်းသည် ဆိတ်ငြိမ်နေလေသည်။ ဘွဲ့နှင်းသဘင် အဆောက်အအုံဝယ် လူသူရှင်းလျက် ရှိသည်။ စီးပွားရေး တက္ကသိုလ်သည် ရေချိုးပြီးစ ကလေးငယ်လို လန်းဆန်းစွာ ရပ်တည်နေသည်။ ညိုက ကိုကိုနိုင့်လက်ကို လွှတ်ပြီး လုံချည်အောက်နားမှ မိုးရေများကို ညှစ်ချလိုက်သည်။ ပြီး ကိုကိုနိုင့်လက်ကို ပြန်၍ ဆုပ်ကိုင်ရန် ကြိုးစားမိပြီးမှ လမ်းတဝက်မှပင် ပြန်ရုပ်သိမ်းလိုက်မိသည်။ သည်တခါတော့ ကိုကိုနိုင်က မရယ်တော့ဘဲ ညို့ကို ကလေးတယောက်သဖွယ်သာ ကြည့်နေသည်။

"ကိုကို ပြန်ချင် ပြန်တော့လေ၊ ညို သွားရဲပါပြီ၊ မိုးလဲ မရွာတော့ဘူး"

ညိုက အရှက်ပြေ ပြောမိ၏။

"ကိစ္စမရှိပါဘူးကွယ်၊ အဆောင်ရှေ့ရောက်အောင် ပို့ပေးပါမယ်၊ အခန်းပြန်ရောက်ရင် အဝတ်အစား လဲပြီး ဆံပင်တွေကို ခြောက်အောင် သုတ်လိုက်နော်"

"ဟုတ်ကဲ့ရှင့်"

သည်တခါတော့ ညိုက ခပ်ရွှံ့ရွှံ့လေး ပြန်ပြောမိသည်။ ကုံကော်ပင်တန်းအောက် ရောက်လာလျှင်ပင် ဆည်းဆာ၏ နေရောင် တောက်တောက်လေးကို ညိုတို့ မြင်ကြရသည်။ သည်နေရောင်လေးက အလွန်ချစ်စရာကောင်းသည်။ ဝင်း၍ လဲ့နေတတ်သည်။ ဝန်းကျင် အားလုံးကို လှပဝင်းလဲ့သော ရွှေဝါရောင်လေးဖြင့် ဖုံးလွှမ်းထားတတ်သည်။

"ညို့ကို အသားမည်းတယ်လို့ ပြောကြတယ်၊ တကယ်တော့ ညို့အသားက နာမည်နဲ့လိုက်အောင် ညိုရုံလေးပါ"

ကိုကိုနိုင်က ညို့ကိုကြည့်၍ တိုးတိုးပြောသည်။

"ဒါတော့ ကိုကိုက ဒီအချိန်မှာကြည့်ပြီး ပြောတာကိုး၊ ဒီအချိန်က အရုပ်ဆိုးလှချိန် မဟုတ်လား"

ခုလို နေရောင် ဝင်းလဲ့လဲ့လေး ထွက်ပြူတတ်သည့်အချိန်မျိုးကို ရုပ်ဆိုးလှချိန်ဟု ခေါ်တတ်ကြသည် ကို ညို ကောင်းကောင်းသိပါ သည်။

"မဟုတ်ပါဘူးကွယ်၊ ညိုက အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် အားနည်းတဲ့ဘက်က တွေးနေတာပဲ၊ တကယ်တော့ ဘာမှ အားငယ်စရာ မရှိပါဘူး၊ မလှလို့လဲ အားမငယ်ရဘူး၊ မချမ်းသာလို့လဲ ဝမ်းမနည်းရဘူး၊ မအောင်မြင်လို့လဲ စိတ်မပျက်ရဘူး"

ကိုကိုနိုင်က ညို့ကို အားပေးဆုံးမသလို ပြောလာပြန်သည်။ ညိုက ခပ်မဆိတ်သာ လိုက်လာမိသည်။ အဆောင်ရှေ့ရောက်မှ နှစ်ယောက်လုံး ပြိုင်တူရပ်ကာ ပြိုင်တူပင် တယောက်မျက်နှာ တယောက် ကြည့်မိကြသည်။ ကိုကိုနိုင့်မျက်နှာတွင် မိုးရေစက်များ မခြောက်တတ်သေး။ ညို့ကို ဦးစားပေး၍ ထီးကို ဆောင်းပေးခဲ့ဟန် တူသည်။

"ကျေးဇူးတင်ပါတယ် ကိုကို"

"ကိုကိုသွားမယ်၊ ကိုကိုပြောတာတွေ မမေ့နဲ့နော်"

ကိုကို အဆောင်ရှေ့မှပင် ပြန်လှည့်သွားသည်။ ကိုကိုပြောတာတွေဆိုတာက ညို့ကို အဝတ်လဲပြီး ဆံပင်ကို ခြောက်အောင်သုတ်ဖို့ ဆိုလိုသည်လား၊ ရုပ်ဆိုးတာကို

အားမငယ်ဖို့ ဆိုလိုသည်လား ညို မသိ။ အားလုံးကို လိုက်နာရန်သာ ညို ဆုံးဖြတ်မိလေသည်။

※※※

"ညို ဘာတွေ စဉ်းစားနေတာလဲ၊ ကြည့်စမ်း ဒီမှာ အမှားတွေချည်းပဲ"

ညိုသည် ရုတ်တရက် လန့်ဖျပ်သွားကာ ဆရာထောက်ပြသည့်နေရာကို ကြည့်လိုက်မိသည်။ ဆရာပြသည့် အမှားကို ညို မမြင်ခဲ့။

"ဆောရီး ဆရာ ညို မမြင်လို့ပါ၊ ပြီးတော့ ဆရာဖတ်တာကလဲ သိပ်မြန်တာပဲ"

ညိုသည် ဖယောင်းစက္ကူပေါ်မှ စာလုံးများကို ကြိုးစား၍ ဂရုစိုက်ကြည့်ရပြန်သည်။ ဓာတုဗေဒ နှစ်လည်မဂ္ဂဇင်းအတွက် ညိုတို့ ဝိုင်းဝန်းလုပ်အားပေးနေရသည်။ ဆရာက ညို့ကို သူနှင့်အတူ ပရုပ် ဖတ်ရန် ခေါ်ထားခဲ့သည်။ ဖော်မြူလာတွေမို့ မှားလို့မဖြစ်။ သို့တိုင်အောင် ညို့စိတ်က အဝေးသို့ ရောက်နေသည်။ ဆရာ့ အသံသြသြကိုပင် မကြားတချက် ကြားတချက် ဖြစ်နေသည်။ တနေရာတွင် စာရွက်များထပ်နေသော သီသီကလည်း ညို့ကို မကြာမကြာ လှမ်းကြည့်နေသည်။ ညို အခက်အခဲ တွေ့နေမှန်းလည်း သိပုံရသည်။

၁၂ နာရီ ထိုးပြီးပြီ။ ကိုကိုနိုင်တယောက် အပန်းဖြေရိပ်သာကို ရောက်နေရော့မည်။ ကိုကိုနိုင်က ညိုတို့ ဝိဇ္ဇာသိပ္ပံဘက်ကို လာလည်မည်၊ မုန့်ကျွေးရမည် ဆိုသဖြင့် အပန်းဖြေရိပ်သာတွင် ၁၂ နာရီ ၂၀ တွင် ဆုံကြရန် ချိန်းထားသည်။ နေ့လယ် ကျောင်းလွှတ်ချိန်ကို ချိန်းလိုက်ခြင်းသာ ဖြစ်သည်။ ယခုထိ ဖတ်လက်စ စာရွက်များက မကုန်တတ်သေး။ ညိုက ဆရာနှင့် တွဲဖတ်ရ၍ ထသွား၍လည်း မကောင်း။

"ဗိုက်ဆာတယ်ဟာ၊ မုန့်သွားစားမယ် လိုက်မလား"

ညို့အခက်အခဲကို သီသီက ဖြေရှင်းပေးရန် ကြိုးစားသည်။ ညိုက ဆရာ့ကို မော်ကြည့်လိုက်သည်။ ဆရာက လက်ပတ်နာရီကို ကြည့်သည်။

"ဒီတစ်မျက်နှာပြီးရင် သွားစားကြတာပေါ့"

ညိုက သီသီကို ဖျတ်ခနဲကြည့်မိပြန်သည်။ သီသီက ကျိတ်၍ ရယ်လေသည်။

"သီသီတို့ သူငယ်ချင်းတယောက်နဲ့ မာလာဆောင်ဘက်မှာ ချိန်းထားတယ် ဆရာ"

တော်ပါသေးရဲ့။ ကျေးဇူးရှင်မကြီး မိသီသီ။ ထိုင်၍ပင် ရှိခိုးလိုက်ချင်တော့သည်။ ဆရာက "ဒီလိုဆိုလဲ သွားကြလေ၊ ညနေ ဆက်လုပ်ပေးကြဦးနော်" ဟု ဆိုသည်။

ညိုနှင့် သီသီတို့ အပန်းဖြေရိပ်သာရှေ့ အရောက်တွင် စားသောက်ဆိုင်ရှေ့တွင် ရပ်နေသော ကိုကိုနိုင့်ကို တွေ့ရသည်။ ကိုကိုနိုင်က ဦးဆောင်၍ ဆိုင်ထဲ ဝင်ခဲ့သည်။ ညို့အခန်းဖော် မယုနှင့် သီသီ့သူငယ်ချင်း အေးမြင့်ရီတို့ကိုလည်း ချိန်းထားခဲ့သည်။ မယုက ကလပ်စ်ပြီးမှ လာမည်။ အေးမြင့်ရီက စီးပွားရေးတက္ကသိုလ်မှ ကူးလာရမည်။ ညိုတို့က သူတို့မရောက်ခင် ခေါက်ဆွဲကြော် မှာထားနှင့်သည်။ မယုနှင့် အေးမြင့်ရီတို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြလေသည်။

"ဒါက ဘယ်သူက ဘယ်သူ့အတွက် ကျွေးတာလဲ"

အေးမြင့်ရီက အရှုတ်အနောက် ဝါသနာပါသည်။ ခုလဲ အနှောင့်အသွား မလွတ်သော စကားကို အေးမြင့်ရီက အစပျိုးသည်။

"ညိုက ကိုကို့အတွက်"

သီသီက ဝင်ဖြေသည်။

"မဟုတ်ပါဘူး၊ ကိုကိုနဲ့ ညိုက တို့များအတွက်"

မယုက ဝင်နှောက်လာသည်။ ညိုက မသိဟန်ဆောင်နေသည်။

အေးမြင့်ရီက သည်မျှနှင့် မရပ်သေး။

"ခေါက်ဆွဲကြော်က ငန်လိုက်တာ"

ရုတ်တရက်တော့ အေးမြင့်ရီ စကားကို အတည်ပြောသည်ပဲ ထင်ကြသည်။

"မငန်ပါဘူးကွယ် အတော်ပါပဲ"

ညိုက ဝင်ပြောမိသည်။

"ငန်ပါတယ်ကွယ်၊ ငန်ကိုငန်ရမှာပဲလေ၊ ဆားတွေက များနေတယ် မဟုတ်လား၊ တပွင့် နှစ်ပွင့် သုံးပွင့်တောင်မှ"

အေးမြင့်ရီက ညိုနှင့် ကိုကိုနိုင့်ကို ချန်လှပ်၍ သူတို့သုံးဦးကို လက်ညှိုးထိုးကာ ရေတွက်ပြသည်။ သည်တော့ အားလုံးက သဘောပေါက်သွားကြလေသည်။ ပြည်ပန်းညို ချိုပါလျက် ကြားက

ဆားဝင်ဖျက်သည် ဟူသော အဓိပ္ပာယ်ဖြင့် အေးမြင့်ရီက နောက်သည်။

"ကိုကိုတို့ကျောင်းကိုလဲ လာလည်ကြနော်၊ ဆားသုံးပွင့်လဲ လိုက်ခဲ့ပါ"

ကိုကိုက ပေါ့ပေါ့ပါးပါး ရယ်မောရ၍ ဝင်ပြောလိုက်သဖြင့် ညို အနေရချောင်သွားသည်။ ညိုက အားလုံးအတွက် ကုန်ကျသမျှကို ရှင်းပေးရန် ပိုက်ဆံအိတ်ကို ဖွင့်မိသည်။

"ညို မေ့နေပြီလား၊ ပိုက်ဆံပေးပြီးမှ သွားယူရတယ်လေ"

သီသီက ဝင်သတိပေးသည်။ ယခုမှပင် သတိရကာ ကိုကို့ကို အားနာစွာ လှမ်းကြည့်မိသည်။

"ညိုက ကျွေးမယ်ဆိုပြီး ခေါ်ထားတာ ကိုကိုက ကျွေးသလိုဖြစ်နေပြီ၊ ကိုကို ပိုက်ဆံ ပြန်ယူရမယ်နော်"

"နေပါစေတော့ ညို၊ ညိုကျွေးချင်ရင် ကိုကိုတို့ကျောင်းကိုလာတော့ ကျွေးပေါ့၊ ကိုကိုတို့ဘက်ကတော့ ဒီမှာလို ပျော်စရာမကောင်းဘူး။ ပျင်းစရာကောင်းတယ်"

"တို့ကတော့ စားရရင်ပြီးတာပဲ၊ ဘယ်သူကျွေးကျွေး"

အေးမြင့်ရီကပြောပြီး ကျောင်းပြန်တက်ရန် ဟန်ပြင်သည်။ ကိုကိုက ညိုတို့ကို သိပ္ပံအဆောက်အအုံ အဝင်ဝအထိ လိုက်ပို့ပေးသည်။ ပြီးတော့ ကိုကိုက ညို့ကို မှာသွားသေးသည်။

"ညို ကဗျာစပ်ပြီးရင် သီသီကို ပေးလိုက်နော်"

ညို ကဗျာတပုဒ်စပ်နေတယ်ဟု ပြောဖူးသည်ကို ကိုကိုက သတိတရ ပြောလာသည်။ ညိုက ခေါင်းကို အသာညိတ်ပြမိသည်။ ညိုတို့က လုပ်လက်စအလုပ်များကို ဆက်လုပ်ရန် ဆရာရှိရာသို့ လာခဲ့ကြသည်။ ဆရာက ရေးနွေးကြမ်းခွက်ကို အနားချကာ အလုပ်ကို စူးစူးစိုက်စိုက် လုပ်နေသည်။ ဆရာသည် ဌာနဆိုင်ရာ အလုပ်မှန်သမျှကို ဤသို့ပင် မနားတမ်းတက်တက်ကြွကြွ လုပ်တတ်သည်ကို ညိုတို့သိသည်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ ဆရာ့ကို ဝိုင်းဝန်းကူညီကြသည်။

"ဆရာ ထမင်းစားပြီးပလားဟင်"

ညို့အမေးကို ဆရာက ခေါင်းခါပြသည်။

“ညို့တို့ ဘာစားလာခဲ့ကြသလဲ”

“ခေါက်ဆွဲကြော်”

ညိုက ပြောပြီးမှ သတိရသည်။ မာလာဆောင်ဘက်သွားမည် ပြောပြီး ခေါက်ဆွဲကြော် စားခဲ့သည် ဆိုတော့ ရှေ့နောက်မညီ ဖြစ်နေသည်။ သို့သော် ဆရာက သတိထားမိဟန် မတူ။ အလုပ်ကိုသာ သဲသဲမဲမဲ လုပ်နေသည်။

“ဆရာ ညိုကြည့်ပေးရဦးမလား”

ဆရာက ခေါင်းခါသည်။

“ညို့တို့ ကလပ်စ်ရှိရင် သွားတက်ဦး၊ ဒီမှာ သိမ်းဖို့ဆည်းဖို့ ကျန်တော့တယ်။ ကျောင်းဆင်းမှပဲ လာတော့၊ သီသီကတော့ ပြန်ချင်ပြန်လေ”

သီသီက အိမ်မှတက်သော နေ့ကျောင်းသူမို့ ဆရာက စောစောပြန်စေသည်။ ညိုကတော့ အင်းလျားဆောင်နှင့် နီးသည်။ အေးအေးဆေးဆေး ပြန်၍ဖြစ်သည်။ ဆရာက သထုံဆောင်မှ နေသည်။ ဌာနတွင် နောက်အကျဆုံး အလုပ်လုပ်ပြီးမှ ဆရာ အဆောင်ပြန်တတ်သည်။

ညို့တို့က မီရာအတန်းကို ပြန်တက်ကြသည်။ ထုံးစံအတိုင်း ညို့တို့ နောက်ဆုံးခုံတန်းမှာ ထိုင်ကြသည်။ စကားတိုးတိုးပြောကြသည်။

“ညို ညနေ သိပ်နောက်ကျအောင် မနေနဲ့နော်”

“မနေပါဘူး သီသီရယ်၊ ဘာဖြစ်လို့လဲဟင်”

“ဩော် ဆရာနဲ့ နှစ်ယောက်တည်း”

သီသီက နောက်သလိုလို အတည်ပြောသလိုလို သတိပေးသလိုလိုနှင့် ဆိုလာသည်။ ဆရာ့ကို သီသီရော ညိုပါ ခင်မင်ကြသည်။ သို့တိုင် ဆရာက ညို့ကို အလေးပေးဆက်ဆံတတ်သည်ကိုတော့ သူတို့နှစ်ယောက်လုံး သတိပြုမိကြသည်။

“ကိုကျော်ဦးတို့လဲ ရှိနေတာပဲ သီသီရယ်၊ ညိုလဲ သိပ်နောက်ကျအောင် မနေပါဘူး၊ ထမင်းဆာနေမှာပေါ့”

ကျောင်းဆင်းချိန်တွင် ဆရာ့ရုံးခန်းသို့ ညို လာခဲ့သည်။ နောက်ဆုံးနှစ် ကျောင်းသားများက ဆရာနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်နေကြသည်။ ညိုသည် စာရွက်စများကို သိမ်း၍ တခန်းလုံး တံမြက်လှည်းပေးနေမိသည်။

ဆရာက သူ့အလုပ်များကို လက်စသတ်ပြီးသည်နှင့် ညိုရှိရာသို့

လျှောက်လာခဲ့လေသည်။

"မညိုညိုက အတော် အလုပ်လုပ်သွားပဲ၊ စိတ်လဲ ရှည်ပုံရတယ်၊ ဒီတခါ အမှုဆောင်အသင်း ပြန်ဖွဲ့ရင် အတွင်းရေးမှူး လုပ်ခိုင်းရမယ်"

"ဆရာလဲ သိပ်အလုပ်လုပ်တာပဲ၊ ဆရာ ထမင်းလဲ မစားဘူးနော်"

"မနက်က အဆောင်မှာ စားလာပါတယ်၊ ညို ပြန်ချင် ပြန်တော့လေ၊ ငါးနာရီထိုးပြီ"

"ကိစ္စမရှိပါဘူးဆရာ၊ ဒီစက္ကူတွေ ပြီးအောင် သိမ်းလိုက်ဦးမယ်"

နောက်ဆုံးတွင် အားလုံးပြီးစီးမှ အတူတကွပြန်ရန် ပြင်ဆင်နေရသည်။

"ညို့ကို ဆရာလိုက်ပို့ရဦးမလား"

"နေပါစေ ဆရာ၊ နောက်ဖေးလမ်းကပဲ ပြန်သွားမယ်"

"ကောင်းပြီလေ၊ နောင်ကြုံတဲ့အခါ ညို့အိမ်မှာ ညိုမပျော်နိုင်တဲ့အကြောင်းလေးတွေ ဆရာ့ကို ပြောပြပါဦးနော်၊ ဆရာ သွားမယ်"

သို့သော် ဆရာသည် ညို အဆောင်ထဲ ဝင်သွားသည်ကို စောင့်ကြည့်ပြီးမှ လှည့်ထွက်သွားလေသည်။

※※※

"ဘယ်လိုလဲ မရွှေညို စံပယ်ကို ပန်မှာလား၊ နှင်းဆီကို ရွေးမှာလား၊ အချိန်သိပ်မဆွဲနဲ့ တော်ကြာ ရတာယူနေရဦးမယ်"

တက္ကသိုလ်ကျောင်းသူလောကတွင် "ရတာယူနေရဦးမယ်" ဟူသော စကားက ခေတ်စားနေသည်။ တက္ကသိုလ်ရောက်စ ဖရက်ရှာနှစ်တွင် သနပ်ခါးသွေးလျှင် ကျောက်ပြင်က "ရွေးယူမယ်၊ ရွေးယူမယ်" ဟု အသံမြည်နေသည်ဆို၏။ ဒုတိယနှစ်ရောက်လျှင်တော့ "တန်းတူယူမယ်၊ တန်းတူယူမယ်" ဟု မြည်လာသည် ဆိုသည်။ နောက်ဆုံးနှစ် ရောက်သွားပြီ ဆိုလျှင်တော့ "ရတာယူမယ်၊ ရတာယူမယ်" ဟု မြည်လေသတည်း။ တက္ကသိုလ်ကျောင်းသူလောက၏ ဟာသလေးဖြင့် မယုက ဆီး၍နောက်သည်။

"မင်းသူငယ်ချင်းက ဒီလောက်မစွံပါဘူးကွာ"

"လုပ်အားပေးတာက ကြာလွန်းတယ်"

“နောက်ဆုံးပိတ် လှည်းကျင်းသိမ်းဆည်းပေးနေရတာကွ”

ညိုက အဝတ်အစားများကို ချွတ်လဲ၍ ရေချိုးရန် ပြင်ဆင်သည်။

“ဒီည အစီအစဉ် ဘယ်လိုလဲဟေ့”

ညိုက မျက်နှာသုတ်ပဝါကို ခြုံရင်း မယုကို လှမ်းမေးသည်။

“အားလုံးတော့ ပြောပြီးပြီ၊ မင်းအချစ်တော် ဗယ်လာရီလဲ လာလိမ့်မယ်”

သည်ည ညိုတို့အခန်း၌ လက်ဖက်သုပ်စားရန် အစီအစဉ် ရှိသည်။ ညိုတို့သည် ထမင်းကို မစားဘဲ ထမင်းစားခန်းထဲမှ ခိုး၍ သယ်ထားကြလေသည်။ ည ၆ နာရီ နာမည်စာရင်း ခေါ်ပြီးမှ ဆုံကြရန် ချိန်းထားကြသည်။

နာမည်ခေါ်ချိန်တွင် စာဝေသည်။ ညိုသည် လက်ဖက်သုပ်အတွက် ပြင်ဆင်ရင်း အခန်းထဲတွင် နေရစ်သည်။ မယုက ညို့အတွက် နာမည်ခိုးထူးပေးမည် ဖြစ်သည်။ မယုပြန်လာချိန်တွင် ညို့အတွက် စာတစောင်ပါ ပါလာလေသည်။

အခန်းထဲတွင် တဖြည်းဖြည်း လူစုံလာသည်။ ဗယ်လာရီ ဝင်လာချိန်တွင် ညိုသည် အိပ်ရာထက်တွင် လှဲကာ စာကို ဖွင့်ဖတ်လျက် ရှိသည်။

“အခြေအနေကြည့်ရတာ အိမ်ကစာပဲ ဖြစ်ရမယ်”

စာဖတ်သူ၏ အခြေအနေ မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍ ဘေးလူများက ဝေဖန်လေ့ရှိကြသည်။ ညိုသည် စာဖတ်ရင်း ငြိမ်သက်တွေးတောလျက် ရှိလေသည်။ စာသည် အမေရေးလိုက်သောစာ ဖြစ်သည်။ အမေ့လက်ရေးများက ထုံးစံအတိုင်း မညီမညာ၊ စာလုံးပေါင်းများက မှားသည်။ ထို့ကြောင့်လည်း စာအိတ်ပေါ်မှ လိပ်စာကို မကျောင်ထွေးကို ရေးခိုင်းတတ်သည်။

အမေ့စာတွင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးမထားသော်လည်း အမေ့စေတနာ အားပေးမှုနှင့် အမေ့ခံစားချက်၊ မျှော်မှန်းချက်၊ ညို့အပေါ် ယုံကြည်မျှော်လင့်ချက်များက ပါဝင်သည်။ အမေသည် သူခံစားနေရသော၊ သည်းခံမျိုသိပ်နေရသော အခြေအနေကိုလည်း တစိတ်တဒေသ ဖော်ပြထား၏။

ကျန်းမာရေး ဂရုစိုက်ပါ၊ စာကြိုးစားပါ၊ ကိုယ့်ဘဝကို နားလည်ပါ၊ သမီးအလုပ်ရမှ အမေ သမီးနဲ့ လာနေမယ်၊ သူတို့နဲ့လဲ မနေချင်ပါဘူး စသဖြင့် ပါလာတတ်သည်။ နောက်ဆုံးတွင် အမေ့စာတွင် ကျန်းမာပါစေဟူသော ဆုတောင်းဖြင့် အဆုံးသတ်ထားတတ်သည်။ သို့သော် အမေ့ “ကျန်းမာပါစေ” သည် မည်သည့်အခါမျှ ဝစ္စပေါက် မပါချေ။ “ကျန်မာပါစေ” သာ ဖြစ်သည်။ ညို အိမ်တခေါက်ပြန်စဉ်က အမေ့ကို ရယ်မောရ၍ ပြောဆိုခဲ့ဖူးသည်။

"အမေ့စာက ဝစ္စပေါက်လဲ မပါဘူး၊ ကျန်းမာပါစေကိုလဲ ကျန်မာပါစေတဲ့"

"အေး ငါမေ့သွားတယ်၊ နောက်တခါ ရေးရင် သတိထားပြီး ရေးထည့်လိုက်မယ်"

သို့သော် နောက်တခါလည်း "ကျန်မာပါစေ" သာ ဖြစ်သည်။ တခါတရံတော့လည်း ဝစ္စပေါက် ပါလာသည်။ စာအိတ်ပိတ်ပြီးမှ သတိရ၍ ပြန်ဖွင့်ပြီး ရေးထည့်လိုက်ရသည်ဟု ဆိုလေသည်။

"ဘယ်လိုလဲကွ၊ စာဖတ်ပြီး အိမ်လွမ်းချင်ယောင်ဆောင်မနေစမ်းပါနဲ့၊ ဒီမှာ အသင့်ဖြစ်နေပြီလေ"

သူငယ်ချင်းများက လှမ်းပြောသည်။ ညိုက ဝိုင်းထဲဝင်ထိုင်လိုက်သည်။

"စာထဲမှာ ငွေပို့လိုက်ပြီဆိုတာ မပါလို့လား"

ငေးငေးငိုင်ငိုင် ဖြစ်နေသော ညို့ကို တယောက်က မေးလိုက်သည်။

"မဟုတ်ပါဘူးကွာ ညို့အမေက ကောင်းကောင်းနေကောင်းတာမဟုတ်လို့ ဝါခေါင်လပြည့်နေ့ကျရင် ပြန်လာပါလားတဲ့၊ အိမ်မှာ တစ္ဆေကြီး ပစ်မယ်လေ၊ မယုက ဒိုက်ဦး လိုက်လည်ချင်တယ်ဆို လိုက်မလား"

"တစ္ဆေကြီးပစ်တယ်ဆိုတာ ဘာလုပ်တာလဲ"

မယုက မေးသည်။

"တရုတ်လို နတ်တင်တာပေါ့ကွာ၊ မင်းတို့ ပြာထုပ်ကောင်းကောင်း စားရမယ်"

"အေး၊ ဘဲဥဆားစိမ်လဲ ယူခဲ့ဦးနော်၊ တရုတ်မကြီး"

အစားမက်သော မိသွယ်က လှမ်းမှာသည်။

"ပြာထုပ်ဆိုတာ ဘာလဲဟင်"

ဗယ်လာရီက မေးသည်။

"ပြာရည်နဲ့ထုပ်တဲ့ တရုတ် ကောက်ညှင်းထုပ်လေ၊ အိမ်မှာတော့ ကိုယ်တိုင်ထုပ်တာပဲ"

"ဩော် ဟုတ်တယ်၊ သိပ်စားကောင်းတာပဲ၊ တီကွေးဆိုတာလဲ ရှိသေးတယ်နော်"

“အဲဒါက တရုတ်နှစ်ကူးရင်လုပ်ပြီး ကန်တော့ကြတာ”

“နင်ကလဲ တကယ့်တရုတ်မကြီး ကျနေတာပဲ၊ တရုတ်စကား တတ်ရင် ငါ့ကို သင်ပေးစမ်းပါဟယ်”

မယုက ဆိုသည်။

“တရုတ်စကားသင်ပြီး ဘာလုပ်မလို့လဲ”

မမကြည်က မေးသည်။

“အတန်းထဲက တရုတ်ကလေးတွေကို ပြောရအောင်ပေါ့၊ သူတို့က သင်္ချာသိပ်တော်တာပဲ၊ သူတို့နဲ့ ခင်အောင်ပေါင်းပြီး သင်္ချာ ပြခိုင်းရမယ်”

မယုသည် သင်္ချာအဓိကယူသည်။ မယုတို့ သင်္ချာအတန်းတွင် တရုတ်လူမျိုးက တဝက်ကျော်ရှိသည်။ ပီကင်းကောလိပ်ဟုပင် ခေါ်စမှတ်ပြုရ၏။

“တော်စမ်းပါ မယုရယ်၊ ငါဖြင့် တရုတ်တွေနဲ့ အပေါင်းအသင်း မလုပ်ချင်ပါဘူး၊ လူမျိုးခြားကို အထင်မကြီးစမ်းပါနဲ့၊ ကိုယ့်ဘာသာ တော်အောင် ကြိုးစားပေါ့”

“ဩော်၊ တရုတ်သမီးက တရုတ်တွေနဲ့ အပေါင်းအသင်း မလုပ်ချင်ဘူး ဟုတ်လား”

အကြောင်းသိသော မယုက ငြိမ်သွားသော်လည်း မိသွယ်က မသိသဖြင့် ဝင်ပြောမိသည်။ ကိုယ့်အကြောင်းနှင့်ကိုယ် ဒဏ်ရာရှိနေသော ညိုသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

“ကြည့်စမ်းပါ မိသွယ်၊ ညို့ရုပ်ဟာ တရုတ်နဲ့များ တူလို့လား”

“တူတော့ မတူဘူးလေ၊ တချို့ကပြားတွေဟာ ဗမာနဲ့ပဲ တူတတ်ကြတာပဲ၊ နေပါဦး ညိုက တရုတ်ကပြား မဟုတ်ဘူးလား”

မယုက မျက်ရိပ်ပြသည်ကို မမြင်သော မိသွယ်သည် သူထင်ရာကို ဆက်ပြောနေလေသည်။

“မဟုတ်ဘူး မဟုတ်ဘူး၊ ညို တရုတ်ကပြား မဟုတ်ဘူး၊ ဘာကပြားမှလဲ မဟုတ်ဘူး၊ ဗမာအစစ်၊ ဗမာအစစ်”

ညို အော်လိုက်သဖြင့် မိသွယ် စိတ်မကောင်း ဖြစ်သွားသည်။ မယုက မိသွယ်ကို အသာလက်ကုတ်လိုက်သည်။

"ဆောရီး မိသွယ်၊ ညို တောင်းပန်ပါတယ်၊ စိတ်မဆိုးနဲ့နော်"

"ကိုယ်က တောင်းပန်ရမှာပါ ညိုရယ်"

အပျက်အပျက်နှင့် လက်ဖက်ဝိုင်းသည် ပျက်သွားလေသည်။ ညိုသည် အိပ်ရာထက်ပေါ်တွင် ခွေနေလိုက်သည်။ ဗယ်လာရီက ညို့ကျောပြင်လေးကို လာကိုင်သည်။

"ဒီည သီချင်းနားမထောင်တော့ဘူးလား"

ညိုက ခေါင်းခါပြလိုက်သည်။ ညို့မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲနေသည်။ ထိုညအဖို့ ညိုသည် ကိုကိုနိုင့်ကိုရော ဆရာ့ကိုပါ မေ့ကာ ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်ရင်း အိပ်ပျော်သွားခဲ့ရလေသည်။

※※※

၄

ညိုရှိသော ညို၍ မရှာသောမိုး။ မည်းရှိသောမည်း၍ မသဲသောမိုး။ ရွာမည့်ဟန်ပြင်၍ တဂျိုးဂျိုး တဂျိမ့်ဂျိမ့်နှင့် လျှပ်စီးတဝင်းဝင်းလက်နေသည်မှာ ကြာပါပြီကော။

သည်ကျောင်းပိတ်ရက်တွင် ညို အိမ်မပြန်ဖြစ်။ သီသီနှင့်အတူ စီးကရက်စက်ရုံတွင် လုပ်အားပေးသည်။ ကိုကိုနှင့်အတူ သုတေသန ဆွေးနွေးပွဲတက်သည်။ ယခုတော့ ကိုကိုနှင့်ညိုသည် တတွဲတွဲ။

အမေ ရန်ကုန်ကို တခေါက်လာသည်။ ကိုကိုနိုင်တို့အိမ်ကို လိုက်လည်သည်။ ကိုကိုတို့ ရပ်ကွက်ထဲမှာ အိမ်တလုံးလောက် ဝယ်ထားချင်သည်ဟု အမေက ဆိုသည်။ အမေသည် ညို့အတွက် ဘဝသစ်ကို ထူထောင်ပေးရန် အားထုတ်နေလေသည်။ ကိုကိုတို့ မိသားစုသည် ညို့ကို ချစ်သည်နှင့်အတူ အမေ့ကိုလည်း ခင်မင်ကြသည်။

သို့သော် မိုးသည် ညိုရှိသာညို၍ မရွာပါချေ။

ညိုသည် ကျောင်းပိတ်ရက်အတွင်း ဗယ်လာရီနှင့်အတူ သူ့ဦးလေးအိမ်တွင် လိုက်နေသည်။ သီသီက သူ့အိမ်တွင် လိုက်နေရန် ခေါ်သော်လည်း ညို သွားမနေဖြစ်ခဲ့။ ညို မပြေးတတ်သော်လည်း လိုက်ရသည့်အဖြစ်မျိုးကို အဖြစ်မခံချင်။ ကိုကိုက ညို့ကို မှန်မှန် လာတွေ့သည်ကိုတော့ ညို ကြည်နူးသည်။

ကိုကိုက အချိန်ကိုလည်း လေးစားသည်။ သုတေသန ဆွေးနွေးပွဲတက်ရန် တက္ကသိုလ်မြေတွင် ချိန်းထားလျှင် ကိုကိုသည် ညို့ထက် စောစောရောက်အောင် အမြဲ ကြိုးစားသည်။ ညိုနှင့် တချိန်တည်းရောက်လျှင်ပင် ကိုကိုက တောင်းပန်တတ်သေးသည်။

"ယောက်ျားလေးက မိန်းကလေးထက် အနည်းဆုံး ၅ မိနစ်တော့ စောပြီး ရောက်နေသင့်တာပေါ့၊ ကိုကို နောက်ကျသွားတယ်နော်"

"ကိုကိုကလဲ ကိစ္စမရှိပါဘူး၊ ညို စောင့်နေရတာမှ မဟုတ်တာ"

ကိုကိုသည် ညိုစိတ်ဝင်စားသော လူမှုရေးသိပ္ပံ ဘာသာရပ်များကို ဦးစားပေး၍ လိုက်နားထောင် တတ်သည်။ အားလပ်ချိန်တွင် ညို့အတွက် စားစရာကို ဂရုစိုက်၍ သယ်ဆောင်ပေးသည်။ တခါတရံ ညိုတို့နှစ်ယောက်

အပြင်တွင် ထမင်း ဝယ်စားကြပြီး တခါတရံတော့ ညှော်ခံကျွေးမွေးသော လက်ဖက်ရည်နှင့် မုန့်ကို ယူစားကြသည်။ ဒုတိယနေ့ဆွေးနွေးပွဲ၏ အားလပ်ချိန်တွင် ညိုနှင့်ကိုကိုတို့ လက်ဖက်ရည် ဆင်းသောက်နေစဉ် ဆရာနှင့် တွေ့ရလေသည်။ ကိုကို လက်ဖက်ရည်ကို သွားယူနေခိုက် ဖြစ်၍ ဆရာသည် ညို တယောက်တည်း ရပ်နေသည်ကို မြင်သွားသည်။

"ဟင် ညိုတယောက်တည်းပါလား၊ ညို ဒိုက်ဦးပြန်သွားပြီ မှတ်နေတာ၊ ဆွေးနွေးပွဲတက်မယ်လို့လဲ မပြောပါလား"

ဆရာက အံ့အားသင့်ဟန်ဖြင့် ဆိုသည်။

"ဟုတ်တယ်ဆရာ၊ သူငယ်ချင်းတွေ အဆွယ်ကောင်းတာနဲ့ ညို မပြန်သေးဘူး"

ရန်ကုန်မှာ လုပ်အားပေးမည့်အကြောင်းကိုတော့ ညို မပြောမိပေ။

"သီသီ မပါဘူးလား"

"မပါဘူး ဆရာ"

ထိုစဉ် ကိုကိုနိုင်သည် လက်ဖက်ရည်နှစ်ခွက်ကိုယူ၍ ပြန်ရောက်လာလေသည်။ ညိုက ကိုကိုနိုင့်ဆီမှ လက်ဖက်ရည်တခွက်ကို လှမ်းယူလိုက်သည်။

"ဆရာ သောက်ပါ"

ညိုက ဆရာ့ကို လှမ်းပေးသည်။

"နေပါစေ ဆရာသောက်ပြီးပြီ"

ဆရာက ကိုကိုနိုင့်ကိုကြည့်ကာ ယဉ်ကျေးစွာ ပြုံးပြသည်။

"သီသီတို့အစ်ကိုလေ ဆရာ၊ ကိုကိုနိုင်"

ဆရာက ခေါင်းကို ညိတ်လိုက်သည်။

"ညိုတို့ဌာနက ဆရာဦးမြင့်ထွန်း"

ကိုကိုနိုင်က ပြုံး၍ပြသည်။

"မနက်ဖြန် ဆရာ စာတမ်းဖတ်မယ်ထင်တယ်"

ကိုကိုနိုင်၏ အမှတ်သညာကောင်းမှုအတွက် ညို ကျေးဇူးတင်လိုက်မိသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ စာတမ်းကတော့ စိတ်ဝင်စားသူ နည်းမှာပါဗျာ၊ အားတောင် မရှိလှဘူး"

"အို ညိုတို့ လာနားထောင်မှာပေါ့"

ဆရာသည် ညို့ကို အပြုံးတဝက်ဖြင့် ကြည့်လေသည်။

"ဆရာသွားမယ်၊ ကျွန်တော် သွားဦးမယ်ဗျာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆရာသည် ညိုတို့ကို ဦးစွာခွာထွက်သွားလေသည်။ ညိုနှင့် ကိုကိုနိုင်သည် ဆွေးနွေးပွဲကို ဆက်နားမထောင်တော့ပဲ သိပ္ပံ အဆောက်အအုံဘက်မှ ရုက္ခဗေဒ ဥယျာဉ်ဆီသို့ လျှောက်လာခဲ့သည်။ ပန်းခြံတွင်းမှ အုတ်ခုံလေးများပေါ်တွင် ညိုတို့ ထိုင်မိကြသည်။ ပန်းပင် များများစားစား မရှိလှ။ အရိပ်ကောင်း၍ အေးချမ်းသည်။ တိတ်ဆိတ်သည်။

"ရုက္ခဗေဒဥယျာဉ်သာဆိုတယ် ဘာပင်မှလဲ ကောင်းကောင်း မရှိဘူးနော်၊ ညိုတော့ ပန်းခြံဆိုရင် ပန်းတွေ အများကြီးပွင့်နေမှ ကြိုက်တယ်"

"ပွင့်ချိန်တန်မှလဲ ပွင့်မှာပေါ့ ညိုရယ်"

ကိုကိုသည် သူ့စကား အဓိပ္ပာယ်ကို သူ့ဘာသာသူ ပြန်တွေးကာ ညို့ကို လှမ်းကြည့်သည်။ သို့သော် ညိုက သတိမထားမိ။ သူပြောချင်ရာကို ဆက်ပြောနေသည်။

"ဟုတ်တယ်နော် ကိုကို၊ ပန်းဆိုတာ မိုးဦးတို့ ဆောင်းဦးတို့မှာမှ ပွင့်တာဆို၊ မိုးရွာရင် ပန်းတွေအများကြီး ပွင့်တတ်တာပဲ၊ မိုး ရွာတာ ကောင်းတယ်နော်"

"ရွာချိန်တန်မှလဲ ရွာမှာပေါ့ ညိုရယ်"

သည်တခါတော့ ညိုသည် ကိုကိုနိုင့်ကို မော့ကြည့်လိုက်မိသည်။ ကိုကိုနိုင်က ညို့ကို စူးစိုက်ကြည့်နေလေသည်။

"မရွာဘဲနဲ့ အုံ့နေတာတော့ မကောင်းပါဘူး ကိုကိုရယ်"

ညို့စိတ်တွင်းမှ ပြောလိုက်မိလေသည်။

※※※

ယောက်ျားတို့၏အချစ်သည် မည်သည့်အရာပေါ်တွင် မူတည်ပါသနည်း။ ယောက်ျားတိုင်းသည် အလှအပကို မြတ်နိုးတတ်သည် ဆိုပါလျှင်၊ အလှအပကိုမှ ချစ်တတ်သည် ဆိုပါလျှင် အလှအပ ဆိတ်သုဉ်းရာတွင် သူတို့၏ အသည်းနှလုံးကို ရှာတွေ့နိုင်ပါမည်လား။ အလှအပဆိုသည်ကို မည်သည့် အတိုင်းအတာနှင့် တိုင်းတာသုံးသပ်ကြပါလိမ့်။

သည်နှစ်တွင် ညိုနှင့် သီသီ တတိယနှစ်သို့ ရောက်လာသည်။ ဗယ်လာရီသည် နောက်ဆုံးနှစ်ကို ဘာသာစုံ အမှတ်ကောင်းကောင်းဖြင့် အောင်သည်။ ထို့ကြောင့် သူ့ဦးလေးအိမ်တွင် နေကာ ရူပဗေဒဌာနတွင် သရုပ်ပြဆရာအဖြစ် အလုပ်ဝင်ရန် ကြိုးပမ်းနေလေသည်။ ဗယ်လာရီက ကမာရွတ်အဝိုင်းအနီးမှ လမ်းသွယ်လေးအတွင်း ဝင်သွားရသော ဤတထပ်တိုက်ကလေးကို အလွန်သဘောကျနေသည်။ သူ့ဦးလေးသည် တောင်ကြီးကို ပြောင်းသွားသည်မှာ နှစ်နှစ်ရှိပြီ။ သည်တိုက်ကလေးသည် အားလပ်၍ ကျန်ခဲ့သည်။ ဗယ်လာရီက အားနေမည့်အတူတူ ဘော်ဒါ ငှားထားပါဟု တိုက်တွန်းကာ သူငယ်ချင်းတွေ လိုက်စုနေသည်။ များများစားစားတော့ မနေချင်၊ စိတ်တူ ကိုယ်တူ ၄-၅ ယောက်ဆို တော်ပြီ။ သို့သော် ဦးလေးကို တလ ၂၀၀ လောက်တော့ ပေးမှဖြစ်မည်။

အထူးသဖြင့် ဗယ်လာရီက ညို့ကို သူနှင့်အတူ နေစေချင်သည်။ ညိုလို အေးအေးဆေးဆေး တွေးနေတတ်သူအတွက် သည်နေရာကလေးက အေးချမ်းသည်။ သည်အိမ်လေးကို ‘ချမ်းမြငြိမ်’ ဟု အမည်ပေးချင်သည်ဟု ညိုကပင် ပြောခဲ့သေးသည်။ ဗယ်လာရီသည် အိမ်ရှေ့မျက်နှာစာတွင် မြေဖြူတချောင်းဖြင့် ‘ချမ်းမြငြိမ်’ ဟု ရေးလေသည်။

“ညိုရယ် အဆောင်မှာ မနေပါနဲ့တော့ ချမ်းမြငြိမ်မှာပဲ ကိုယ်နဲ့ အတူတူ နေပါလား”

“စာမေးပွဲကျရင်တော့ နောက်နှစ် ပြောင်းလာခဲ့မယ်လေ”

“ဟဲ့ မပြောကောင်း ပြောကောင်း”

တကယ်ပင် သည်နှစ်အဖို့ နှစ်စကတည်းက ညို စိတ်လေနေခဲ့သည်။ ချမ်းမြငြိမ်သို့ မကြာမကြာ ရောက်လာကာ ဗယ်လာရီကို ရုပ်ရှင်ကြည့်ရန် အဖော်ဆွယ်သည်။ တခါတရံ မယုနှင့် လျှောက်လည်နေတတ်သည်။ သီသီကို ဆွယ်၍ရလျှင် ကျောင်းလစ်သည်။ အင်းလျားမှာ ထိုင်သည်။ သီသီကို ခေါ်မရလျှင် အပန်းဖြေရိပ်သာသို့ သွားကာ ပတ္တလားခေါက်နေတတ်သည်။ စနေနေ့ဆိုလျှင် ပန်းချီဆွဲသည်။ တနင်္ဂနွေနေ့ဆိုလျှင် အကသင်တန်း တက်သည်။ သို့သော ညို ဘာကိုမျှ ထိထိရောက်ရောက် မတတ်မြောက်ချေ။

“နင် ဘယ်လိုဖြစ်နေတာလဲ၊ ကျူတိုရီယယ်လဲ မဖြေဘူး။ ပရက်တီကယ်ပါ လစ်တာကတော့ လွန်ပြီ”

တနေ့တွင် ဓာတုဗေဒ လက်တွေ့ခန်းသို့ ရောက်မလာသော ညို့ကို သီသီက အဆောင်ထိ လိုက်လာကာ မာန်မဲလေသည်။ သီသီ စိတ်ဆိုးလျှင် နင်နှင့်ငါနှင့် ပြောပစ်တတ်သည်၊ ညို့ကို စာကြည့်စားပွဲတွင် အေးအေးဆေးဆေးထိုင်ကာ ကဗျာစပ်နေသည်ကို တွေ့ရသည်။

“အဲဒီ လက်ဗ်ထဲကို ညို မဝင်ချင်တော့ဘူး၊ အနံ့တွေကလဲ သိပ်စူးတာပဲ၊ လုံချည်တွေလဲ အက်ဆစ်ပေါက်လို့ တထည်မှ ကောင်းကောင်းဝတ်စရာ မရှိတော့ဘူး”

“မဆိုင်တာတွေ ပြောမနေစမ်းပါနဲ့ ညို၊ ဒါဖြင့် အစက ဘာဖြစ်လို့ ဓာတုဗေဒ ယူသလဲ၊ ဖလော်ဆော်ဖီတို့ ဆိုင်ကိုတို့ ယူပါလား”

“ဟုတ်တယ်၊ အဲဒါ ညို့အမှားပဲ၊ တကယ်တော့ ညိုက လူတွေရဲ့အသည်းနှလုံးကိုမှ ခွဲကြည့်ချင်တာ”

သီသီသည် ညို့ကို စိတ်ဆိုးရအခက် ဒေါသဖြစ်ရအခက် ဖြစ်ကာ ခုတင်ပေါ်တွင် ဆောင့်ကြီး အောင့်ကြီးဖြင့် ထိုင်ချလိုက်လေသည်။

“အသည်းနှလုံးကို ခွဲကြည့်ချင်ရင် တက္ကသိုလ်ဆေးရုံကို ကြွပေတော့၊ အဲဒီမှာ ဆရာဦးမြင့်ထွန်း ရောက်နေလေရဲ့”

“ဘာရယ်၊ ဆရာ ဆေးရုံရောက်နေတယ် ဟုတ်လား”

“ဟုတ်တယ်၊ ခြေထောက်ကို ကျောက်ခဲမှန်လို့တဲ့၊ အရိုးထိသွားတယ်ဆိုလားပဲ၊ အဲဒါ အတန်းထဲက ကိုလှကြည်တို့ကို မှာလိုက်တယ်၊ ညို လာခဲ့ပါတဲ့”

“ညို့ကို မှာတယ် ဟုတ်လား”

သီသီက နှုတ်ခမ်းကို တမင်တကာ မဲ့ကာရွဲ့ကာ ပြန် ပြောသည်။

“ဟုတ်ပါသတဲ့ရှင်၊ မှာပါသတဲ့၊ အထူး ပြောစရာရှိလို့ပါတဲ့”

“ဘာများပါလိမ့်”

“ပြီးခဲ့တဲ့ ကျူတိုရီယယ်မှာ အမှတ်နည်းတာ ဆူမလို့ နေမှာပေါ့”

“သီကလဲကွာ၊ ရောက်ကတည်းက တခုမှ အကောင်းမပြောသေးဘူး”

"ဘယ်ပြောမလဲ အမိကို အတော့်ကို ဒေါသဖြစ်နေတာ၊ ဘယ့်နှယ့်ကွာ ကျောင်းပြေးလိုပြေး၊ ရုပ်ရှင်ကြည့်လို ကြည့်၊ ကဗျာ ရေးလိုရေး၊ ဘာတွေ လျှောက်လုပ်နေမှန်းကို မသိဘူး"

ညို့မျက်နှာသည် ညှိုးသွားလေသည်။

"ဟုတ်ပါတယ်ကွာ၊ ညိုလဲ ဘာဖြစ်နေမှန်းကို မသိပါဘူး၊ ကျောင်းပိတ်ရက် အိမ်မပြန်တာ သိပ်မှားတာပဲ၊ အမေလဲ နေကောင်းရဲ့လားမသိ"

ညို့မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲလာလေသည်။ သီသီသည် ညို့ကိုကြည့်ကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ညိုရယ် ဘာဖြစ်ရပြန်တာလဲဟယ်၊ အိမ်လွမ်းရင် အိမ်ပြန်ပါလား၊ ငါလိုက်ခဲ့မယ်လေ"

"ဟင့်အင်း၊ အိမ်လဲ မပြန်ချင်ပါဘူး၊ အိမ်ကိုပြန်ရင် စိတ်ဆင်းရဲလွန်းလို့"

သီသီက သက်ပြင်းချလိုက်သည်။

"ဒီလိုဆိုလဲ စာပဲ ဖိကြိုးစားပေါ့ဟာ၊ ညို့အမေကို သနားတယ်ဆို၊ ညို စာကြိုးစားရမှာပေါ့"

သီသီသည် ညို့ရင်ထဲမှ ဝေဒနာကို မသိဟန်ဆောင်ကာ ညို့ကို ဆုံးမနေမိသည်။ ညိုက မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်ပစ်ရင်း အင်္ကျီလဲနေသည်။

"ဘယ်သွားမလို့လဲ"

"ဆရာ့ဆီလေ၊ သီကော လိုက်မယ်မဟုတ်လား"

"အင်း၊ သွားတာပေါ့"

ညိုနှင့်သီသီသည် အင်းလျားဆောင် ဘေးပေါက်မှထွက်ကာ အင်းဝဆောင်ဘေးမှ ဖြတ်လျှောက်လာ ကြသည်။ ထို့နောက် သထုံဆောင်မှ ထွက်ကာ အားကစားရုံဘက်သို့ ကူးသည်။ ကျောင်းသားများ သည် မိန်းကလေးများ ဖြတ်သွားတိုင်း အဆောင်ပေါ်မှ နေ၍ သံသေးသံကြောင်များဖြင့် ဟစ်အော်လေသည်။

ညိုနှင့် သီသီသည် စကားမပြောဖြစ်ကြပဲ တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာနေကြသည်။ တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်ကူးပြီး ညိုက

ဆေးရုံဘက် မသွားသေးဘဲ ခေတ္တ တွေပြီး ရပ်နေသည်။

“လာလေ၊ ဘယ်သွားဦးမလို့လဲ”

သီသီက စိတ်မရှည်သလို ခေါ်သည်။

“ဆေးရုံဖွင့်ဖို့ အချိန်လိုပါသေးတယ်၊ ရေကူးကန်ဘက် ခဏ လျှောက်ရအောင်”

“ဘာလုပ်မှာလဲ ညို့ရယ်”

“ပိတောက်ပန်းလေးတွေ ရှိသေးလားလို့”

“မိုးမှ မရွာတော့ပဲနဲ့”

တက္ကသိုလ်ရောက်မှ မိုးတွင်းတွင် ပွင့်တတ်သော မိုးပိတောက်ဆိုသည်ကို ညို မြင်ဖူးရလေသည်။ တနှစ်တခါ ရှားရှားပါးပါး ပွင့်တတ်သော ပိတောက်ပန်းနှင့် တထေရာတည်း တူသည်။ သို့သော် ပိတောက်အစစ်လောက် မမွှေး။ လမ်းပေါ်ကြွေကျ ပြန့်ကြဲနေတတ်သည်ကို အစဉ် မြင်ရသည်။ ပိတောက်သည် မိုးရေနှင့်မှ ပွင့်သော ပန်း။ သို့သော် တခါ နှစ်ခါ သုံးခါထက် ပိုမပွင့်တတ်။ သည်ပန်းလေးတွေကတော့ လွန်လွန်းသည်ဟု ဆိုရမည်။ မိုးရွာတိုင်း ပွင့်ပြီး မိုးရွာတိုင်းများ ကြွေနေကြရော့သလား။

“လာပါကွာ၊ မင့်ပိတောက်တွေ မရှိတော့ပါဘူး”

သီသီက ညို့ကို ဆွဲခေါ်သည်။ တခါတရံ ညို စိတ်ကူးယဉ်လွန်းလျှင်၊ သူ့အပြောအရ အရူးထလွန်းလျှင် “ရောဂါ ထမနေစမ်းပါနဲ့” ဟု သီသီက မညှာမတာ ပြောတတ်သည်။ ထို့ကြောင့် ညိုသည် ရောဂါမထနိုင်တော့ဘဲ သီသို့နောက်သို့ လိုက်သွားရသည်။ ဆရာသည် ခုတင်ပေါ်တွင် ခြေဆင်းကာ ခေါင်းအုံးကို မှီ၍ ထိုင်နေသည်။

“ဆရာ ညို့ကို မှာတယ်ဆို”

ညိုက မေးလိုက်သည်။

“ဟုတ်တယ် ညို့ကိုပြောစရာရှိလို့၊ ထိုင်လေ ညို၊ သီသီကော ထိုင်လေ”

“ဆရာ့ခြေထောက်က ဘယ်လိုဖြစ်တာလဲ ဟင်”

ညိုက ဆေးရုံလာသည့်ကိစ္စသည် လူနာမေးဖို့သာ ဖြစ်သင့်သည်ဟု တွေးမိကာ စကားပြောင်းလိုက် သည်။

“ဆရာ လမ်းလျှောက်သွားတုန်း ကလေးတယောက်ကန်လိုက်တဲ့ ကျောက်ခဲက ခြေမျက်စိနားကို လာမှန်တယ်၊ အဆင်မသင့်တော့ တော်တော့်ကို နာသွားတယ်”

“အရိုးထိသွားတယ်ဆို”

ဆရာက ခြေထောက်ကို အသာမ၍ ပြသည်။

“ဆရာ ညို့ကို ပြောချင်တာက အခြား မဟုတ်ပါဘူး၊ အရင်တခါ ညို့ကို ပြောဖူးပြီးသားပဲ၊ ဒီနှစ် ဓာတုဗေဒအသင်းမှာ အတွင်းရေးမှူးလုပ်ဖို့”

ဆရာက ညို့ကိုကြည့်ကာ ပြောလိုက်သည်။

“ညို လုပ်ချင်တိုင်း လုပ်လို့ရမလား ဆရာ၊ အမှုဆောင်အသစ်တွေက အစည်းအဝေးမှာ အဆိုတင်ပြီး ရွေးကြမှာ မဟုတ်လား”

“ဟုတ်တယ်လေ၊ အဲဒီမှာ ညို့ကို တယောက်ယောက်က အဆိုတင်မှာပေါ့၊ အဲဒီအခါမှာ ညိုက မငြင်းဖို့ပဲ”

“ဪ”

ညိုက ဘာမျှမပြောတော့၊ ဆရာလုပ်စေချင်သည့် အလုပ်ကို လုပ်ပေးရန် သဘောတူလိုက်သည်။

“အစည်းအဝေးက ဘယ်တော့ လုပ်မှာလဲ”

သီသီက မေးသည်။

“လာမယ့် စနေနေ့ပဲ”

“ဟင် ဒီလိုဆို ဆရာ အစည်းအဝေး တက်နိုင်ပါ့မလား”

ညိုက စိုးရိမ်စွာ မေးသည်။

“ရပါတယ်၊ ဆရာဖြစ်အောင်လာခဲ့မယ်၊ အဲဒီနေ့လောက်ဆိုရင် ခြေထောက်က ထောက်နိုင်မှာပါ၊ ဆရာ မလာဖြစ်ရင်တောင်မှ ညို ဆရာပြောတဲ့အတိုင်း လက်ခံပါ၊ ကိုလှကြည်တို့ ကိုကျော်ဦးတို့ကို ဆရာပြောထားတယ်”

“ဟုတ်ကဲ့”

“ညိုတို့ ပြန်ချင်ပြန်တော့လေ၊ သီသီက အိမ်အပြန် မိုးချုပ်နေမယ်၊ ဪ

ညို အဆောင်ကို အင်းလျားလမ်းက ပြန်နေ၁်၊ အဆောင်တွေကြားက မပြန်နဲ့ လူပြတ်တယ်”

ဆရာက စိုးရိမ်ပူပန်စွာ မှာကြားနေသည်။

“ဆရာတော့ အလုပ်မလုပ်ရဘဲ ဒီလိုချည်း အိပ်နေရတာ သိပ် စိတ်ပျက်တာပဲကွာ”

ညိုတို့ ထပြန်ခါနီးတွင် ဆရာက ညည်းလိုက်သည်။

“ဒါမှ ဆရာ အနားရတာပေါ့၊ စာဖတ်နေပါလား”

“အေး ဟုတ်တယ်၊ ဆရာလဲ ဌာနကအလုပ်တွေချည်း ဖိလုပ်နေတာ ဘာစာမှ မဖတ်ဖြစ်ဘူး၊ ညို့မှာ ဘာစာအုပ်တွေ ရှိလဲ”

“ဒိပြင်စာအုပ်တွေတော့ အိမ်ပြန်ပို့လိုက်ပြီ၊ အဆောင်မှာ မသိမ်းနိုင်လို့၊ ခုဖတ်နေတဲ့ တအုပ်တော့ ရှိတယ်၊ ဟစ်တလာလေ”

“ညိုက ဟစ်တလာဖတ်တယ်”

ဆရာက အံ့သြသလို ပြောသည်။

“အလကားပါ ဆရာ၊ သူက ဖတ်တော့သာ ဟစ်တလာ၊ လူကဖြင့် လှိုင်မင်းသမီးလားကျနေတာ”

သီသီက သူ့ဝသီအတိုင်း ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်သည်။ ဆရာက ရယ်လေသည်။

“အေးအေး ကောင်းတယ်၊ အဲဒါပဲယူခဲ့”

※ ※ ※

“ညတွေအားလုံးတွေထဲမှာ တန်ဆောင်မုန်း လပြည့်နေ့ညဟာ အလှဆုံးပဲ ညို၊ ကြည့်စမ်း ဘယ်လောက်လှလဲ၊ နက္ခတ်တာရာတွေက စုံနေတော့ ပိုပြီး တောက်ပနေတာပေါ့”

“ညိုတော့ ကောင်းကင်က အလှထက် လရောင်အောက်မှာလှနေတဲ့ ဒီရေပြင်ကို ပိုသဘောကျတယ်”

ညိုနှင့် ကိုကိုက ကဗျာဆန်ဆန် သဘာဝအလှကို ငေးကာဖွဲ့နေစဉ် သီသီက လက်နှစ်ဖက်ကို ဆန့်ကာ သမ်းဝေလိုက်သည်။

"ဝါး အိပ်ချင်လိုက်တာ"

ဒီကောင်မဒီလိုချည်းပဲ။ ညို့စိတ်ထဲက ကျိန်ဆဲလိုက်မိလေသည်။

"ဟုတ်ပါရဲ့ကွယ်၊ ပျင်းစရာကောင်းနေပြီ၊ အတွက်ရေ သီချင်း ဆိုပါလားကွာ"

ကိုကိုက သီသီ့ဘေးတွင် ထိုင်နေသော အတွက်ကို လှမ်းပြောလိုက်သည်။

"အို ကိုကို့မွေးနေ့ပဲ၊ ကိုကို ဆိုပြပါလား"

သီသီက ပြန်ပြောသည်။

"ဟုတ်လား၊ ဒီနေ့ ကိုကို့မွေးနေ့လား၊ ညိုတောင် မသိဘူး"

"သိရင် ဘာလုပ်မလို့လဲ"

သီသီက ဝင်ဖောက်ပြန်သည်။

"မုန့်ဝယ်ကျွေးခိုင်းမလို့ပါ"

"ကိုကို မုန့်ဝယ်ကျွေးရင် ညို သီချင်းဆိုပြမလား"

"ကိုကိုက ဘယ်တော့ကျွေးမှာလဲ"

"မနက်ဖြန်လေ၊ ညိုကတော့ ခုဆိုပြပေါ့"

"ဟင့်အင်း ညို သီချင်းမဆိုချင်ပါဘူး"

"ဘာဖြစ်လို့"

"ညိုဆိုတဲ့ သီချင်းက ပျော်စရာကောင်းမှာ မဟုတ်လို့ပါ"

"အမယ်လေးနော်၊ သီချင်းပဲ ပျော်စရာဆိုရင် ပျော်စရာ ဖြစ်မှာပေါ့၊ လွမ်းစရာဆိုရင် လွမ်းစရာ ဖြစ်မှာပေါ့၊ တကတဲ"

သီသီက ပြောပြန်လေသည်။

"ကဲ မိသီသီ နင်အိပ်ချင်ရင်လဲ အိပ်နေစမ်းဟယ်"

ကိုကိုက ညီမဖြစ်သူကို လှမ်း၍ ပြောလိုက်သည်။

"မအိပ်ပါဘူး မရွှေညို၊ အင်းလျားရဲ့ညအလှကို ကြည့်ချင်တယ်ဆိုလို့

နေပေးနေတာ၊ တို့များကတော့ ရိုးနေပါပြီ”

အင်းလျားကန်ပေါင်ရိုးနှင့် ညအလှကို ညိုက ကြည့်ချင်သည်ဟု ပြောခဲ့သည်မှာ ကြာပြီ။ ထို့ကြောင့် သီသီက သတိတရ လာခေါ်၍ အဆောင်တွင် ခွင့်ပန်ပြီး ညို လိုက်ခဲ့သည်။ သည်ည သီသီတို့အိမ်တွင် အိပ်ရမည်။ သည်နေ့သည် ကိုကို့မွေးနေ့ဆိုသည်ကိုတော့ ညို ခုမှ သိရသည်။

အင်းလျားတွင် လမ်းလျှောက်သူများ၊ ထိုင်သူများဖြင့် စည်ကားနေသည်။ လရောင်ပျပျအောက်တွင် တီးတိုးစကား ဆိုနေသော စုံတွဲလေးများကိုလည်း တွေ့ရသည်။ ညိုတို့အဖွဲ့ကတော့ တစုတဝေး တပျော်တပါး။ ကိုကိုနိုင်ရယ် ညိုရယ်၊ အတွတ်နှင့် သီသီရယ်၊ ပြီးတော့ ကျော်ကျော်။ ကျော်ကျော်သည် အုတ်ခုံပေါ်တွင် လက်နှစ်ဘက်ကို ယှက်ကာ ခေါင်းအုံး၍ အိပ်ရင်း ကောင်းကင်ကို မော်ကြည့်နေလေသည်။

“မမညို သီချင်းမဆိုချင်ရင်လဲ ကပြပေါ့ဗျ၊ အကသင်တန်း တက်ထားတယ်ဆို”

ကျော်ကျော်က တောင်းဆိုလိုက်သည်။

“ခါးတောင် မကျိုးပါဘူးဟယ်”

သီသီက ဝင်နှောက်လိုက်ပြန်သည်။

“ဒီလိုဆိုလဲ သီချင်းပဲ ဆိုပါဗျာ၊ တခုခုတော့ လုပ်ပါ။ တခါတလေ လာတဲ့အခိုက်ပဲ”

“ဒီလိုဆို ပုံပြောပြမယ်”

“လုပ်ပြီ ကြံ့ကြံ့ဖန်ဖန်”

သီသီက ဝင်ပြောသည်။

“နားမထောင်ချင်လဲ နေပေါ့”

“ကဲကဲ ပြောပါ၊ နားထောင်ရအောင်၊ ပုံပြောကောင်းတဲ့ မိန်းကလေးပေါ့”

ကိုကိုက ဝင်၍ တိုက်တွန်းလိုက်သည်။

“ဟိုတခါတုန်းကတဲ့”

“ဒါတော့ ငါသိသားပဲ”

သီသီက နှောက်လိုက်ပြန်သည်။

"ဘုရင့်သားတော်လေးတပါး ရှိတယ်တဲ့ ငယ်ငယ်လေးပေါ့"

"အရှည်ကြီးပြောရင်တော့ ငါအိပ်ချင်တယ်နော်"

"ကဲပါ မမသီကလဲ နားထောင်စမ်းပါ"

ကျော်ကျော်က ညို့ပုံပြင်ကို စိတ်ဝင်စားလာလေသည်။ ကိုကိုက တိတ်ဆိတ်စွာ နားထောင်နေသည်။ ညို့ပုံပြင်သည် သူ့ကိုများ လာရောက် ထိခိုက်နေလေမလားဟု တွေးတောနေပုံရသည်။

"အဲဒီ ဘုရင့်သားတော်လေးဟာ ညတညမှာ ကောင်းကင်က လမင်းကြီးကို မြင်ရတော့ ကောင်းကင်ကို မော့ကြည့်ပြီး ငိုတော့တာပဲတဲ့"

"ဘာဖြစ်လို့ ငိုတာလဲ"

"လမင်းကြီးကို လိုချင်လို့ပေါ့"

သီသီ့အမေးကို ညို့က ဖြေလိုက်သည်။ သီသီက ကိုကို့ကို လှမ်းကြည့်သည်။ ကိုကိုက ညို့ကို စူးစူးစိုက်စိုက် ကြည့်နေလေသည်။

"အထိန်းတော်တွေလဲ အငိုတိတ်အောင် ချော့ကြတာ ဘယ်လိုမှ ချော့လို့ မရဘူးတဲ့။ ကလေးက လမင်းကြီးကိုကြည့်ပြီး လက်ဆန့်တန်းပြီးတော့ ငိုနေတာပဲတဲ့"

"ဒီလိုနဲ့ သားတော်လေးကိုလဲ ဘယ်လိုမှ ချော့လို့မရ၊ လမင်းကြီးကိုလဲ ယူပေးလို့က မဖြစ်တော့ အခက်တွေ့နေကြတာပေါ့လေ။ ဒါနဲ့ နောက်တော့ အထိန်းတော်တယောက်က အကြံရပြီး မှန်တချပ်ကို ယူပြီးတော့ လမင်းရဲ့အရိပ်ကို မှန်ထဲမှာ ထင်အောင်လုပ်၊ ပြီးတော့ သားတော်လေးကို ပြတယ်တဲ့"

"နင့်ဟာကလဲ စကားတောင်းစား ပုံပြင်လိုပါပဲလား"

"အေး အဲဒါနဲ့ သားတော်လေးဟာလဲ လမင်းကြီးကို ရပြီဆိုပြီး အငိုတိတ်သွားတာပေါ့ဟယ်"

"ဟင် ပြီးရောလား၊ နင့်ဟာက ပုံပြင်မှ မဟုတ်ဘဲ၊ အင်္ဂလိပ် သူငယ်တန်းဖတ်စာထဲက မဟုတ်လား"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ ငါက ပုံအဖြစ်နဲ့ ပြောတာပဲ ပုံလို့ပဲမှတ်ပေါ့"

"မမညို ပုံပြင်က ကလေးအငိုတိတ်အောင် အရိပ်အယောင်ပြတယ်ဆိုတာမျိုးပေါ့နော်"

ကျော်ကျော်က ဝင်ပြောလိုက်သည်။

"ကဲကဲ ပုံပြင်လေးကတော့ ဒါပါပဲကွယ်၊ မောင်ညီမလေးတွေလဲ အိပ်ချင်လှပြီမို့ ပြန်ကြပါစို့"

※※※

"ကိုကိုက ညို့ကို ရွာမယောင်ဟန်ပြင်ပြီး ညိုနေတဲ့မိုးလို လှည့်စားနေတာလဲ မဟုတ်ပါဘူးကွယ်။ ကလေးအငိုတိတ်အောင် အရိပ်အယောင်ပြနေတာလဲ မဟုတ်ဘူး၊ ကိုကို့မှာ ညို့ကို ပြောပြစရာလေးတွေ ရှိနေတယ်"

ရေပြင်သည် လှိုင်းခတ်၍ လှုပ်ရှားနေလေသည်။ မြက်ခင်စိမ်းစိမ်းလေးများကြားတွင် ပန်းပွင့်ဝါဝါလေးများ ပွင့်နေသည်။ ညိုက ပန်းပွင့်လေးများခူး၍ တနေရာတွင် စုပုံနေသည်။ ကိုကိုကသာ သူ့စကားကို ဆက်ပြောနေသည်။

"ဒီလိုညိုရဲ့၊ ညို့ကို ကိုကိုသိနေတာ ကြာပါပြီ၊ ပထမနှစ်စကတည်းကဆိုပါတော့၊ ညိုကသာ မသိတာပါ။ ကိုကို သီ့ဆီကို တခါလာဖူးတယ်။ သီသီက အတန်းထဲက ထွက်လာတယ်။ ညိုက သီသီထွက်သွားတဲ့ဆီကို လှည့်ကြည့်လိုက်တာ တွေ့ရတယ်။ ညိုက တပတ်လျှိုဆံထုံး ထုံးထားတယ်။ သနပ်ခါးကတော့ ဘဲကျားပဲ"

"နောက်တော့လဲ သီသီက ညို့အကြောင်းတွေ ပြောပြောနေတာ ကြားနေရတာပဲ"

ညိုသည် သက်ပြင်းကို အသာရှိုက်၍ ပန်းပွင့်များကို ရေထဲသို့ လွှင့်ပစ်လိုက်လေသည်။ အင်းလျားရေပြင်သည် ပန်းပွင့်လေးများကို အဝေးသို့ သယ်ယူမသွားဘဲ ကမ်းစပ်ဆီသို့ ပြန်ပြန်ပို့နေသည်။

"မနှစ်ကမှ ကိုကိုနဲ့ ညိုနဲ့ သိခဲ့ကြတာနော်၊ ညို့ကို ကိုကိုတွေ့ရတဲ့အချိန်ဟာ ကိုကို့ရင်ထဲမှာ ပြဿနာတခုနဲ့ ရင်ဆိုင်နေရတဲ့ အချိန်ပဲ"

"ကိုကို့မှာ ချစ်သူရှိနေခဲ့တယ် မဟုတ်လား"

ညိုက ကိုကို့ကို ဖျတ်ခနဲ မေးလိုက်သည်။

“ဟုတ်ပါတယ် ညို၊ ဒါပေမဲ့ မေမေတို့ သီသီတို့ အို တအိမ်သားလုံးကပဲ သဘောမတူကြဘူး”

ညိုသည် ပန်းပွင့်များကိုသာမက အရွက်များကိုပါ ခြေပစ်နေမိလေသည်။

“နားထောင်ပါ ညို၊ ကိုကိုက ယောကျ်ားတယောက်ပဲ၊ မိန်းကလေးတယောက်ကို မိဘမောင်နှမတွေက သဘောမတူလို့ အဆက်ဖြတ်ရမယ်ဆိုတာမျိုးကို ကိုကို လက်မခံနိုင်ဘူး။ မေမေတို့ သဘောမကျတဲ့အချက်ကို ကိုကိုသိတယ်။ မိန်းကလေးရဲ့မိဘဆွေမျိုး အသိုင်းအဝိုင်းရဲ့ စိတ်ဓာတ်ကို မကြိုက်လို့ပဲ။ ကိုကိုတို့နဲ့ ပေါင်းစပ်လို့ ရမယ်မထင်လို့ပဲ။ ဒါကို ကိုကိုလဲသိတယ်။ ဒါပေမဲ့ ညို၊ ကိုကို ပြောခဲ့သလိုပဲ၊ မိန်းကလေးတယောက်ကို ချစ်ပြီးမှ မိဘက ကန့်ကွက်လို့ ပစ်ပယ်ရမယ်ဆိုရင် ကိုကို ဘယ်မှာ ယောကျ်ားပီသပါတော့မလဲ”

“မိဘသဘောတူတာကို ခေါင်းညိတ်လိုက်ရင်လဲ ယောကျ်ား မပီသရာ ကျမှာပေါ့နော်”

ညိုက ခပ်ထေ့ထေ့လေး ပြောလိုက်မိသည်။

“ဒီလိုတော့လည်း ကိုကို မယူဆပါဘူး ညိုရယ်၊ ကိုယ့်စိတ်ထဲက ယုံကြည်တာ လက်ခံတာဆိုရင်တော့ ဘာမဆို လုပ်ရဲရမှာပေါ့၊ ညို့ကို ကိုကိုပြောချင်တာက ကိုကိုဟာ ဘာမဆို ယုံကြည်တဲ့အတိုင်း စိတ်ထဲကရှိတဲ့အတိုင်း ပြောတယ်၊ လုပ်တယ်ဆိုတာကိုပါပဲ၊ ဘယ်သူ့ ပယောဂကြောင့်မှ မဟုတ်ပါဘူးဆိုတာကိုပါပဲ”

“ကိုကို”

“ဘာလဲ ညို”

“ပြန်ကြပါစို့ ကိုကိုရယ်”

“နေပါဦး ညို ကိုကို့စကား မဆုံးသေးပါဘူး၊ ခုချိန်မှာ ကိုကိုဟာ ဘယ်သူ့ အမှောင့်ပယောဂမှ မပါဘဲ ဘယ်သူ့တိုက်တွန်းမှုမှ မပါဘဲနဲ့ ညို့ကို ချစ်တယ်လို့ ကိုကိုပြောချင်လို့ပါ”

ညို့ရင်သည် ထူးထူးခြားခြား ခုန်မနေတော့ပေ။ ကိုကို့စကားများကိုသာ နားလည်ရန် သရုပ်ခွဲနေမိ သည်။ ကိုကိုသည် ဘယ်လို လူစားမျိုးလဲ ဆိုသည်ကို စူးစမ်းနေမိသည်။

“ခုတော့ ကိုကိုတို့နှစ်ယောက်လဲ ပြတ်ခဲ့ကြပြီ၊ ကိုယ်တို့ချင်း

သဘောမတိုက်ဆိုင်လို့ပဲ၊ ပြောခဲ့သလိုပါပဲ ကိုကို ညို့ကိုချစ်တာဟာ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ မိန်းကလေးတယောက်ကို မိဘက သဘောမတူလို့၊ မိဘသဘောမတူတဲ့ မိန်းကလေးနဲ့ ချစ်လိုက်တာမျိုး မဟုတ်ဘူး၊ အဲဒီလို မဖြစ်အောင် ကိုကို ခုချိန်ထိ စောင့်နေခဲ့တာပဲ၊ ကိုကိုပြောတာ နားလည်ရဲ့လား ညို၊ ညိုဟာ ကိုကိုမြတ်နိုးတဲ့ မိန်းကလေးတယောက်ပါပဲ ညို၊ ညိုဟာ မလှပေမယ့် မြတ်နိုး တွယ်တာစရာ ကောင်းပါတယ်”

“လှလို့ချစ်တယ်ဆိုတဲ့ ပယောဂလဲမပါဘူး ဆိုပါတော့”

ညိုက ပြုံး၍ မေးလိုက်သည်။

“ဟုတ်တယ်၊ ချစ်တယ်ဆိုတာဟာ ချစ်လို့ ချစ်တာပါပဲ ဘာကြောင့်မှ မဟုတ်ဘူး၊ ချစ်တာဟာ ချစ်လို့ပဲ”

“ကိုကို့စကားတွေကလဲ ရှင်းမလိုနဲ့ ရှုပ်ကုန်ပြီ”

ကိုကိုနှင့်ညိုသည် ပထမဆုံးအကြိမ် ကြည်ကြည်နူးနူး ရယ်မောလိုက်မိကြလေသည်။

※※※

၇

ဘယ်လောက်ပဲ မှောင်မိုက်နေတဲ့ တိမ်တောင်တိမ်လိပ်တွေထဲမှာ ဖြစ်ပစေ ငွေရောင် အနားကွပ်လေးတော့ ရှိစမြဲတဲ့။ လောကကြီးသည် စိတ်ပျက် ငြီးငွေ့ဖွယ်များဖြင့် အစဉ်ပြည့်လျှမ်း နေသည်တော့မဟုတ်။ ပျော်ရွှင် ချမ်းမြေ့ဖွယ်ရာလေးများသည်လည်း တထောင့်တနေရာတွင် ရှိနေတတ်ကြသည်။

ညိုသည် ပျော်ရွှင်ရသော ဘဝ၏ ခဏတာ အစိတ်အပိုင်းလေးတွင် ကြည်နူးနစ်မျောနေမိလေသည်။

ညို့ဘဝသည် လူမှန်းသိတတ်စကတည်းက သာယာချမ်းမြေ့မှုကို ပြည့်ပြည့်ဝဝ မခံစားခဲ့ရ။ ညိုသိရသမျှ တွေ့ထိခံစားရသမျှ ညို့ဘဝသည် ဝမ်းနည်းဖွယ်၊ နာကျည်းဖွယ်၊ စိတ်ပျက်ဖွယ်ရာ များသာ ဖြစ်သည်။

ဖခင်မေတ္တာကို ငယ်စဉ်ကတည်းက ညို ဆုံးရှုံးခဲ့ရသည်။ မိခင်၏မေတ္တာကိုလည်း ညို အပြည့်အဝ မခံစားခဲ့ရ။ အမေသည် ညို့ကို ရင်တွင်းမှ ချစ်သည့်တိုင် ချစ်မေတ္တာကို လှစ်မပြခဲ့။ နုနယ်သော ညို့နှလုံးသားတွင် အမေသည် ညို့ကိုမချစ်၊ ညို့ကို မခင်တွယ် သည်သို့ပင် ညို ထင်ခဲ့သည်။

အမေ့မေတ္တာကို ပြက်ပြက်ထင်ထင် သိမြင်လာသည့်အချိန်တွင် ညို့နှလုံးသားက အချစ်ဟူသော မြတ်နိုးကိုးကွယ်ရာကို ဖွေရှာ ခံစားတတ်ခဲ့လေပြီ။ ကိုကိုနိုင်ဟူသော လူသားတယောက်က ညို့ကို လွှမ်းမိုးနေခဲ့ချေပြီ။

ဆရာ ညို့ကို ခင်မင်တွယ်တာသည်ကို ညို သိသည်။ ဣန္ဒြေဖြင့် အစဉ်တည်ထားတတ်သော ဆရာ့မျက်လုံးများတွင် ညို့အပေါ် ချစ်ကြင်နာစိတ်များကို မြင်နေရသည်ဟု ညို ထင်သည်။ သို့သော် ညိုသည် ချုပ်ချယ်တတ်၊ ဆုံးမတတ်၊ ပွဲကိုင်တတ်သော မေတ္တာမျိုးကို အလိုလို ရွံ့ကြောက်နေခဲ့မိ လေသည်။ သို့ဖြင့် ကိုကိုနိုင် သည်သာ ညို့အတွက် ကြည်နူးစရာ၊ ရင်ခုန်စရာ၊ မြတ်နိုးတွယ်တာစရာ ဖြစ်ခဲ့ရသည်။

ဆရာသည် ညိုနှင့် ရင်းနှီးလာသည်နှင့်အမျှ ညို့အပေါ် စေတနာပို၍ လွှမ်းမိုးစပြုလာတတ်သည်။ ဆရာနှင့်ညိုသည် ဌာနဆိုင်ရာ အသင်း၏လုပ်ငန်းများကို လုပ်ကိုင်ရင်း ပိုမို အကျွမ်းတဝင် ရှိလာသည်။ ဆရာသည် ညို့ကို ကလေးငယ်တယောက်လို အစဉ် ဆက်ဆံတတ်သည်။

"ညို ကလပ်စ်မှန်မှန်မတက်ဘူးထင်တယ်၊ ကြည့်စမ်း ညို့စာအုပ်ထဲမှာ

ကွက်လပ်တွေချည်းပဲ”

တခါတရံ ညို့ကျောင်းစာအုပ်များကို လှန်လှောကြည့်ကာ ဆရာက ပြောတတ်သေးသည်။

“စာဆိုတာ ပြန်ကူးရင် ပြီးတာပဲလို့ ထင်မနေနဲ့နော်၊ သင်ပြတာကို လိုက်နားထောင်မှ ခေါင်းထဲကို ဝင်မှာ”

ဆရာက စာအုပ်များကိုပိတ်ကာ ညို့ကို ဆုံးမပြန်သည်။ ပထမအကြိမ် အစမ်းစာမေးပွဲ ဖြေပြီးချိန်တွင်တော့ ဆရာသည် ညို့ကို အရေးတကြီး ခေါ်ယူလေတော့သည်။

“ဘယ်လိုဖြစ်တာလဲ ညို၊ ဒီနှစ်ဟာ ပေါ့ပေါ့ဆဆ နေရမယ့်နှစ် မဟုတ်ဘူး၊ ညို့အမှတ်တွေ အားလုံးလိုလို ဂရိတ်သရီးတောင် မပြည့်ချင်တော့ဘူး”

“ညို ကြိုးစားပါ့မယ် ဆရာ”

“မဖြစ်ဘူး မဖြစ်ဘူး၊ တော်ရုံကြိုးစားလို့ မဖြစ်ဘူး၊ ဖိဖိစီးစီး လုပ်မှ ဖြစ်မှာ။ ဒီနေ့ကစပြီး ကလပ်စ်အားတဲ့အချိန် ဆရာ့အခန်းထဲမှာ စာလာကြည့်၊ ဆရာ အားတဲ့အချိန် တိုက်ဆိုက်ရင် မသိတာကိုမေး၊ ညို မပေါ့နဲ့၊ ဆရာပြောတာ နားထောင်”

ဆရာ စေတနာပိုလွန်းသည်ဟု ထင်ရသည်။ တကယ်တော့ ကျောင်းသားအချို့က ညိုနှင့် ဆရာ့ကို သမုတ်စပြုနေပြီဆိုတာကို ဆရာ မသိလေရော့သလား။ သို့သော် ညိုသည် ဆရာ့စေတနာကို ပစ်ပစ်ခါခါ မပြုရက်။ အားလပ်သည့်အချိန်တွင် ဆရာ့အခန်းကို လာကာ စာအုပ်နှင့်မျက်နှာ ကြိုးစား၍ အပ်ထားမိသည်။ လွတ်လွတ်လပ်လပ် နေတတ်သော သီသီကိုလည်း အဖော်ဆွယ်၍ မရ။ ညိုသည် ဆရာနှင့် အားလပ်ချိန်ချင်း မတူစေရန် ဆုတောင်းနေရသည်။ သို့မဟုတ်ပါက စာအုပ်ကို လှန်ကာ စာကြည့်ချင်ယောင်ဆောင်နေရသော ဒုက္ခက သေးလှသည် မဟုတ်။

တခါတွင်တော့ ညိုက စာအုပ်ထဲမှ စာရွက်လွတ်များတွင် ညိုရေးချင်တာတွေ လျှောက်ရေးခြစ်နေမိ သည်။ ဆရာဝင်လာသည်ကို ညို မသိ။ ဆရာ့အရိပ်ကိုမြင်မှ ညို မော့ကြည့်မိသည်။ ညို့စာအုပ်ထဲတွင် “ကိုကိုနိုင်၊ ကိုကိုနိုင်” ဟူသော အမည်တွေဖြင့် ရှုပ်ပွနေလေသည်။

ညိုသည် ဆရာက တစုံတရာ ပြောတော့မည်လားဟု အထိတ်တလန့် ဖြစ်သွားမိသည်။ ဆရာသည် ညို့ကို ဘာမျှမပြောဘဲ မျက်နှာပျက်ပျက်ဖြင့် သူ့စားပွဲရှိရာသို့ လျှောက်သွားလေသည်။

ညိုသည် ရုက်ရုက်နှင့် စာအုပ်များကိုပိုက်ကာ အခန်းတွင်းမှ ထွက်ခဲ့သည်။ ဆရာသည် ညို့ကျောပြင်ကို ငေးကြည့်ကာ သက်ပြင်းချရင်း ကျန်ခဲ့လေသည်။

※※※

"တနင်္ဂနွေ တပတ်မှာ ဘယ်နေ့ဟာ ပျော်စရာ အကောင်းဆုံးလဲ မယု"

ညိုသည် ရေချိုးအပြီး သနပ်ခါးလိမ်းရင်း မှန်ထဲမှနေ၍ မယုကိုကြည့်ကာ မေးလိုက်သည်။ မယုက အိပ်ရာပေါ်တွင် လှဲကာ ဝတ္ထုစာအုပ်တအုပ်ကို သဲသဲမဲမဲ ဖတ်နေလေသည်။

"ငါတော့ ကျောင်းဖွင့်တဲ့နေ့ကလွဲရင် အားလုံးပျော်တာပဲ"

မယုက လှမ်းပြောလိုက်သည်။ မယုသည် ညိုကဲ့သို့ပင် ကျောင်းတက်ပျင်းသူတယောက် ဖြစ်လေသည်။

"ဟုတ်တယ်၊ ဒါပေမဲ့ စနေနေ့က ပိုပျော်စရာကောင်းတယ်။ နောက်နေ့ ကျောင်းပိတ်တယ်ဆိုတဲ့ အသိက သိပ်ပျော်ဖို့ကောင်းတာပဲ"

"ပြီးတော့ ကိုကိုနိုင်လဲ လာမယ်မဟုတ်လား"

မယုက လိုရင်းအချက်ကို ထောက်လိုက်သည်။ ညိုက မလုံမလဲ ပြုံးလိုက်မိ၏။ စနေနေ့ညနေဆိုလျှင် ကိုကိုနိုင် ရောက်လာစမြဲ။ ညိုနှင့် ကိုကိုနိုင်သည် မှောင်၍ ချောင်ကျသော အဆောင်ဧည့်ခန်းထဲမှာ မထိုင်ကြ။ အပြင်ဘက် ပေါ်တီကိုအောက်မှာ စကားပြောသည်။ တခါတရံ အင်းလျားကန်စောင်းမှ ဘူးသီးကြော်ဆိုင်တွင် ထိုင်ကြသည်။ တခါတရံ ကိုကိုနိုင်တို့အိမ်လိုက်၍ ထမင်းစားသည်။

ညိုလာမည်ဆိုလျှင် မေမေသည် စားစရာတခုခုကို အထူးတလည်လုပ်၍ စောင့်နေတတ်မြဲ။ သီသီနှင့် အတွတ်တို့က တတွဲ၊ ညိုနှင့် ကိုကိုတို့က တတွဲ၊ ကျော်ကျော်က ကလေးလို ရယ်စရာ မောစရာ ပြော၍ သောသောညံကြရင်း အချိန်ကုန်ကြရသည်။ အဆောင်ပိတ်ချိန်အမီ ကိုကိုက ညို့ကို လိုက်ပို့တတ်သည်။ သည့်ထက်ပို၍တော့ ကိုကိုနှင့် ညို ဘယ်ကိုမျှ မသွားဖြစ်ကြ။ ရုပ်ရှင်ကိုပင် သီသီတို့နှင့်အတူ တခါသာ ကြည့်ဖူးသည်။ ကိုကိုနှင့် ညိုတို့၏အချစ်သည် အေးအေးချမ်းချမ်းပင် ရှိသည်။

မည်သို့ဆိုစေ လှုပ်ရှားပျံ့လွင့်နေသော ညို့စိတ်တို့သည် တည်ငြိမ်စ ပြုလာလေသည်။ ညို့အတွက် အချစ်ကို မောမောပန်းပန်း ဖွေရှာစရာ မလိုတော့။ ညို့အမေကလည်း ညို့ကို ချစ်သည်ဆိုတာ ညိုနားလည်ခဲ့ပြီ။ ပြီးတော့ ကိုကိုနိုင်လို

ချစ်သူတယောက်လည်း ရခဲ့ပြီ။ ညို့ဘဝတွင် အမေဖြစ်စေချင်သော ပုံစံမျိုးရောက်အောင် ကြိုးစားဖို့သာ ရှိတော့သည်။ ဘဝသစ်ထူထောင်ဖို့သာ လိုတော့သည်။

အမေသည် ညို မြန်မြန်ဘွဲ့ရပြီး ရန်ကုန်မှာ အလုပ်တခု အခြေတကျ ရှာဖွေလုပ်စေဖို့သာ စာတွေရေးရေးပို့နေလေသည်။

သို့သော် အရာရာသည် မျှော်လင့်သလို မဖြစ်တတ်ချေတကား။ တောင်တို့သည်ပင် ပြိုချင်ပြိုတတ်သည်။ ကြယ်တို့သည်ပင် ကြွေချင် ကြွေတတ်သည်။ ညို့ဘဝတွင် ကြယ်ကြွေခဲ့လေပြီ။

"ရော့ရော့ ဖတ်ကြည့်ပါဦး၊ ဘာတွေများ ရေးထားသလဲ မသိဘူး"

သီသီ့အမူအရာက ပြူးပြူးပျာပျာနိုင်လှသည်။ အရေးတကြီး ရှိလှသည်။ အတန်းထဲကို ဝင်လာလာချင်း သီသီ့မျက်နှာက ပျက်နေသည်။ ပြီးတော့ ညို့လက်ထဲကို စာတစောင်ထည့်ကာ အတန်းပြီးချိန်ပင် မစောင့်နိုင်ဘဲ ချက်ချင်းဖတ်ခိုင်းနေသည်။ ညိုတို့က နောက်နားကျကျမှာ ထိုင်တတ်သည်မို့ တော်တော့သည်။

ညိုက စာကိုကြည့်ပြီး အထိတ်တလန့် ဖြစ်သွားမိလေသည်။ ကိုကိုနိုင့်ဆီကစာပါပဲ။ ညိုကသာ စိတ်ကူးယဉ်တတ်သူမို့ လူချင်းတွေ့ရသည့်တိုင် စာရေးချင် ရေးပေးတတ်သည်။ ကိုကိုနိုင်က စာရေးခဲ့သည်။ အကြောင်းထူးလို့သာ ဖြစ်မည်။

ညို

ကိုကို့ကို ခွင့်လွှတ်ပါလို့တော့ မပြောချင်ပါဘူးကွယ်။ ဒါပေမဲ့ ညို့အတွက် ကိုကို စိတ်မကောင်း ဖြစ်မိရတာ အမှန်ပါ။ ကိုကို ညို့ကို ချစ်ပါတယ်ကွယ်။ ဒါပေမယ့် ထွေးကို ကိုယ်သနားတယ်။ ထွေးဟာ မိဘ ညီအစ်ကိုမောင်နှမရဲ့ပယောဂကြောင့် ကိုကိုတို့မိသားစုက မုန်းတီးခြင်းကို ခံနေရသူ တယောက်။ ခု သူက ကိုကို့ကိုပြန်ပြီး အသနားခံလာတော့ ကိုကို သူ့ကို ဥပေက္ခာမပြုရက်တော့ဘူး။

ထွေးနဲ့ယှဉ်လိုက်ရင် ညိုက အစစ သာလွန်ပါတယ်။ ပညာရော ငွေကြေးရော ဆိုပါတော့။ ကိုကို ပစ်ပယ်ခဲ့လို့ ညို့ဘဝ နစ်မွန်းစရာ မရှိပါဘူးကွယ်။ ဒါကြောင့် ဒီတခါလဲ ကိုကို အချိန်ယူပြီး ဆုံးဖြတ်ခဲ့တဲ့ကိစ္စဟာ မှန်တလိမ့်မယ်လို့ ကိုကို ထင်ပါတယ်။

"ဘာတွေလဲ သီသီရယ်၊ ဘာတွေ ဖြစ်နေတာလဲ ညို့ကို ပြောစမ်းပါဦး"

ညိုသည် စာဖတ်နေရာမှ စိတ်မရှည်နိုင်သဖြင့် သီသီကို မေးမိပြန်သည်။ ညို့ရင်တွေကတော့ ခုန်နေပြီ။

"ငါလဲ မသိဘူး၊ ကိုကို ပြန်မလာတာ နှစ်ရက်လောက် ကြာသွားလို့ စိတ်ပူနေတာပဲ။ နောက်မှ ဒီစာကို သူ့သူငယ်ချင်းတယောက်က လာပေးသွားတယ်"

"အိမ်ကိုကော စာပေးလိုက်သလား"

"ဟင့်အင်း သူ့သူငယ်ချင်းကတော့ ပြောသွားတယ်"

"ဘာပြောသွားလဲ"

"ကိုကို မိန်းမခိုးသွားတာတဲ့"

"ဩော်"

ညို ဘာမျှပြန်မပြောမိ။ စာကိုလည်း ဆုတ်ခြေပစ်လိုက်မိသည်။

"ကိုကိုပစ်ပယ်ခဲ့လို့ ညို့ဘဝ နစ်မွန်းစရာ မရှိပါဘူးတဲ့"။

ဟုတ်ပေတာပေါ့။ ကိုကိုက ညို့ကို ထိခိုက်နစ်နာအောင် ဘာမျှ ကျူးလွန်ခဲ့သည်မှ မဟုတ်ပါပဲ။ တက္ကသိုလ်မှာ တတွဲတွဲနေပြီး ကွဲသွားကြတာတွေ တပုံချည်း။ တွဲတိုင်းသာ ညားမှဖြစ်မယ်ဆိုရင် ခက်ရချည့်။ ကွဲတိုင်းသာ နာမည်ပျက်ရမယ်ဆိုရင် ခုခေတ်တက္ကသိုလ် ကျောင်းသူတွေ လင်ကောင်း သားကောင်း ရဖို့ပင်မလွယ်။

အံကို တင်းတင်းစေ့ထားသည့်ကြားမှ ညို့မျက်လုံးအိမ်တွင် မျက်ရည်များဖြင့် ပြည့်လျှံလာလေသည်။

"ဟယ် ညိုရယ် အတန်းထဲမှာ မငိုပါနဲ့ဟယ်၊ ဒုက္ခပါ၊ ငါကလဲ ဘယ်လိုကြောင့် ချက်ချင်း ပြောမိတယ် မသိဘူး၊ ငါ့စိတ်ထဲ မွန်ထူနေတာပဲ၊ လာလာ အပြင်ထွက်ကြမယ်"

သီသီသည် ညို့ကို တက္ကသိုလ် စာကြည့်တိုက်ဘေး ကံ့ကော်အုပ်ဆီသို့ ဆွဲခေါ်လာခဲ့လေသည်။

"ငိုချင်လဲငိုပါဟယ် အရမ်းတော့ မငိုနဲ့၊ သီမှာလဲ အင်မတန် ချစ်ရ အားကိုးရတဲ့ အစ်ကိုကြီးတယောက် ဆုံးရှုံးရတာပါ၊ တအိမ်လုံးလဲ ဆူလို့ညံလို့ပါပဲကွယ်၊ အလုပ်ကလေးမှ ရမယ်မကြံသေးဘူး မိန်းမ ယူသွားပြီ၊ ကိုယ့်အိမ်အကြောင်းလဲ သိရက်နဲ့ တာဝန်မဲ့ လုပ်ရက်တယ်ပေါ့လေ"

ညိုသည် မျက်ရည်များကို ကြိုးစား၍ သုတ်ပစ်လိုက်သည်။

"သူမှန်တယ်ထင်လို့ဆုံးဖြတ်တာပဲကွယ်၊ ခုလို စောစောဖြစ်သွားတာပဲ ကောင်းပါတယ်။ ညို့ကြောင့် ဟိုမိန်းကလေးကို သနားရက် မယူရဘူးဆိုရင် ညိုဟာ သူတပါး ချစ်ဇာတ်လမ်းမှာ မိန်းမကြမ်း အခန်းက ပါနေရမှာ"

ညိုက အစစသာလွန်ပါတယ်၊ ပညာရော၊ ငွေကြေးရောဆိုပါတော့တဲ့။ ဒါပေမဲ့ ကိုကိုရယ်…

ညိုဆိုတဲ့ မိန်းကလေးဟာ အချစ်ကို ဘာပယောဂမှ မပါပဲ ချစ်တတ်တယ် ဆိုတာကိုတော့ ကိုကို ထည့်မတွက်လေရော့သလားကွယ်။

ချစ်တတ်တဲ့ အရာမှာရော ဘယ်သူကသာတယ်လို့များ ကိုကို နှိုင်းယှဉ်ခဲ့ပါသလဲကွယ်။

※※※

ညိုသည် စာမေးပွဲ နောက်ဆုံးအဖြေလွှာကို တင်၍ ဓာတုဗေဒ လက်တွေ့ဖြေဆိုခန်းထဲမှ လေးတွဲ့စွာ ထွက်လာလေသည်။ အခန်းပြန်ရောက်၍ ညို စာအုပ်များ သိမ်းနေစဉ် သီသီ ရောက်လာသည်။

"အချိန်စေ့မှ ထွက်ရမယ်လို့ ဆရာကအော်နေရက်နဲ့ ဘာဖြစ်လို့ ဖွတ်ထွက်သွားရတာလဲ ညိုရယ်"

"ဆက်နေလို့လဲ အကြောင်းထူးမှာမှ မဟုတ်တာ"

"ညို မဖြေနိုင်ဘူးလား"

"ဘာလုပ်ရမှန်းကို မသိတာ၊ အီကွေးရှင်းချကြည့်တာလဲ ဘယ်လိုမှ မရဘူး၊ ပရက်တီကယ်မှာ ကိုယ်အကြောက်ဆုံးကိုမှ မဲလာပေါက်တယ်၊ ဘယ်တတ်နိုင်မလဲလေ၊ ကုသိုလ်ပဲပေါ့"

သီသီက သက်ပြင်းကိုသာ ချလိုက်သည်။

"ညို ဘယ်တော့ပြန်မလဲ"

"မနက်ဖြန်မနက် ပြန်မယ်၊ ဖြစ်နိုင်လို့ ခုညရထားရှိရင်တောင် ပြန်သွားချင်ပါရဲ့ကွယ်"

"သီ လိုက်မပို့တော့ဘူးနော်၊ ညို့အိမ်မှာ ညို စိတ်ချမ်းချမ်းသာသာ နေရပါစေလို့ သီ ဆုတောင်းနေပါ့မယ်"

အမြဲလိုလို ပျော်ပျော်ရွှင်ရွှင်နေတတ်သော သီသီ့မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေလေသည်။ ယခင်အပတ် ကျောင်းပိတ်ရက်ကဆိုလျှင် သီသီနှင့် ညိုသည် တတွဲတွဲရှိခဲ့ကြသည်။ ယခုတော့ အခြေအနေတွေက အားလုံး တမျိုးတဖုံ ဖြစ်ကုန်ချေပြီ။ အစကသာ ဒီလိုမှန်းသိရင် ကိုကိုနှင့်ညို့ကို ဆုံမပေးခဲ့ရ ကောင်းသားဟု သီသီ တွေးနေမိလေသည်။ ညိုက သီသီကို နားလည်စွာ ကြည့်နေသည်။

“ညို့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ သီသီ၊ ဒါလေးတွေဟာ တနေ့ကျရင် တို့ဘဝမှာ သတိရစရာ လေးတွေ၊ ပြန်ဆုံတဲ့အခါ ပြောစရာလေးတွေ ဖြစ်နေမှာပါ၊ ဟုတ်ဘူးလား”

သီသီသည် ဘာမျှပြန်မပြောဘဲ ညို့ပစ္စည်းများကို ဝိုင်းသိမ်းပေးနေသည်။ ညိုက စာရွက်အတိုအစ များကို လွှင့်ပစ်ခဲ့ရန် ဆုတ်ဖြဲနေသည်။ များသောအားဖြင့်တော့ တပိုင်းတစ ကဗျာလေးများသာ ဖြစ်သည်။ ညိုက စာရွက်လေးတရွက်ကို ကြည့်ကာ သီသီ့ကို လှမ်းပေးလိုက်သည်။ ကဗျာတိုလေး တပုဒ်ပါပဲ။ အညတြ ရွက်လှပန်း။

“ညို၊ ဆရာ့ကို နှုတ်မဆက်တော့ဘူးလား”

ဘာရယ်မဟုတ်။ သီသီက လွှတ်ခနဲ မေးလိုက်မိသည်။

“ဆရာ့ကို ရင်တောင်မဆိုင်ဝံ့ဘူး သီသီရယ်၊ ညို စာမေးပွဲမဖြေနိုင်တာသိရင် ပြောလို့ဆုံးမှာ မဟုတ်ဘူး၊ ကျောင်းဖွင့်ရင်တောင် ဆရာနဲ့တွေ့ရမှာ ကြောက်တယ်”

“ဒုတိယနှစ်ဝက်ရှိသေးတာပဲကွာ အဲဒီကျရင် ဆရာဖြစ်စေချင်သလို ကြိုးစားပြလိုက်ပေါ့”

ထိုနေ့က အဆောင်တံခါးပိတ်ခါနီးမှ သီသီ ပြန်သွားလေသည်။ မယုနှင့်ညိုသည် လက်ဖက်စားရင်း ညဉ့်နက်အောင် စကားပြောကြသည်။ မယုက မြစ်ဝကျွန်းပေါ်ဇာတိ၊ အသားဖြူ၍ သေးသေးသွယ်သွယ် ရှိသည်။ မယုနှင့် ညိုသည် ပထမနှစ်ကတည်းက အခန်းဖော် ဖြစ်ခဲ့ကြသည်။ ယူသည့် ဘာသာရပ်ချင်း မတူ၍ ကျောင်းတွင် မတွဲဖြစ်သော်လည်း အဆောင်တွင်တော့ ညိုနှင့် မယုသည် တတွဲတွဲ။ ညိုညိုနှင့် မယုဆွေတို့က အချစ်တော်တွေလားဟုပင် အချို့က သမုတ်ကြသည်။ သို့သော် မယုတွင် ဘွဲ့ရပြီးပြီးချင်း လက်ထပ်မည့် တမြို့တည်းသား ချစ်သူရှိပြီး ဖြစ်လေသည်။

“နောက်တခါ ကျောင်းပိတ်ရင် မယုတို့ ဟင်္သာတကို လိုက်လည်မယ်လို့ အိမ်ကို ပြောခဲ့နော်”

မယုက မှာသည်။

"အိမ်ရောက်ရင်လဲ အားလုံးနဲ့ အဆင်ပြေအောင် ပျော်သလို ကြည့်နေပေါ့ကွာ"

သီသီကဲ့သို့ပင် မယုသည် ညို့အတွက် ပူပန်တတ်သူတဦး ဖြစ်လေသည်။

သို့သော် သီသီနှင့် မယုတို့ ဆုတောင်းမပြည့်ခဲ့ပါချေ။ ညို့အိမ်သည် ပြဿနာကြီးငယ်ဖြင့် အစဉ် ပြည့်လျှမ်းမြဲ ပြည့်လျှမ်းနေလေသည်။ ဘာမျှမဖြစ်သည့်အဆုံး ကန်စွန်းရွက်ကြော်တွင် ငံပြာရည် ထည့်ရေး မထည့်ရေးကပင် ပြဿနာဖြစ်နေတတ်သည်။ ဝက်သားလှီးရာတွင်ပင် အခေါက်ဘက်က လှီးရေး၊ အဆီဘက်က လှီးရေးသည် ပြဿနာဖြစ်နေတတ်သည်။ ပြဿနာအကြီးဆုံးကတော့ သင်္ကြန်ရက်အတွင်းက ဖြစ်သည်။

အမေနှင့် ညိုသည် သင်္ကြန်ရက်တွင် ဘုန်းကြီးကျောင်းသို့ သွား၍ သီလယူကာ ဥပုသ်စောင့်ကြလေ သည်။ သင်္ကြန်ရက်တွင် အသက်သတ်လွတ်စားသည့် အကျင့်ကိုလည်း အမေသင်ပေးခဲ့သဖြင့် ပြိုရခဲ့သည်။ အတယ်သည် အမေ ဘုန်းကြီးကျောင်းတွင် သီလယူရန် မုန့်ပဲလက်ဖက် စုံစုံလင်လင် ဝယ်စေသည်။ အမေ့စိတ်တိုင်းကျ လူတန်းစေ့သည်။ တခုပဲခက်သည်။ သင်္ကြန်ရက်တွင် သားငါးဝယ်မရတတ်သဖြင့် အိမ်တွင် ဘဲတကောင် နှစ်ကောင်ကို ခြေကို ကြိုးဖြင့် ချည်ကာ ထားခြင်းပင်ဖြစ်သည်။ ဘုန်းကြီးကျောင်းမှ ပြန်လာတိုင်း ကြိုးတန်းလန်းဖြင့် သတ္တဝါများကို မြင်နေရသည်မှာ စိတ်မချမ်းသာစရာ ဖြစ်နေသည်။ တရုတ်နှစ်ကူးတိုင်း ကြက်တို့ ဝက်တို့ကို သတ်၍ ပူဇော်ရသည်မို့ ဤကိစ္စကို ရေးကြီးခွင်ကျယ်ရှိသည် အတယ်က မထင်။ မြန်မာတွေပင် ဘုန်းကြီးဆွမ်းကပ်လျှင် ကြက်သား ဝက်သားဖြင့် ကပ်သည် မဟုတ်လား၊ အတယ်က ဆင်ခြေတက်သည်။

ဤသို့ပင် ညိုတို့အိမ်တွင် ပြဿနာသည် တနေရာမဟုတ် တနေရာမှ ပေါ်ပေါက်လာတတ်စမြဲ ဖြစ်လေသည်။ မည်မျှသေးသည့် ပြဿနာကိုပင်ဖြစ်စေ အမေသည် အော်ကြီးဟစ်ကျယ် ပြောတတ်သည်။ အတယ်က ဆဲရေးတိုင်းထွာ၍ ပြောတတ်သည်။ နောက်ဆုံးတော့ ထုံးစံအတိုင်း ရန်ဖြစ်ကြလေသည်။

ယခုအပတ် ကျောင်းပိတ်ရက်တွင် ညိုသည် တတ်နိုင်သမျှ အခန်းအောင်း၍ စာတွေချည်း ဖိဖတ်နေမိသည်။ ယခင်က ဝတ္ထုဖတ်လျှင် အမေ မကြိုက်သော်လည်း ယခုတော့ ခွင့်လွှတ်သင့်သလောက် ခွင့်လွှတ်လာသည်။ အမေက ညို့ကို အားလည်းကိုးလာခဲ့ပြီ။ သို့သော် အမေအားကိုးသော ညိုသည် ရည်းစားပူမိ၍ စာမေးပွဲ မဖြေနိုင်ခဲ့ပါဟုဆိုလျှင် အမေ ခွင့်လွှတ်ပါတော့မည်လား မသိ။

ငယ်ငယ်ကလို ငယ်ထိပ်ကိုပဲ ဒေါင်ဒေါင်မြည်အောင် ခေါက်လေမည်လား၊ တင်ပါးကိုပဲ ဝါးခြမ်းပြားဖြင့် ခပ်စပ်စပ်ကလေး ရိုက်လေမည်လား၊ ပေါင်တွင်းကြောကိုပဲ အံကိုကြိတ်၍ လိမ်ဆွဲလေမည်လား မပြောတတ်ပါချေ။ ယခုလည်း အမေက မကြာမကြာ မေးသည်။

“ညည်း စာမေးပွဲဖြေနိုင်ရဲ့ မဟုတ်လား”

အမေသည် မေးပြီးသား မေးခွန်းကိုပင် ထပ်ကာထပ်ကာ မေးလေသည်။ ထိုသို့ အမေးခံရတိုင်း ညို့ရင်သည် ထိတ်ခနဲ ထိတ်ခနဲ ဖြစ်သွားမိသည်။

“ဖြေနိုင်ပါတယ် အမေရဲ့”

မင်သေသေဖြင့် ထိုအဖြေကို ပေးနေမိသော်လည်း ညို့ရင်ထဲတွင် မလုံမလဲဖြစ်မိလေသည်။ ဒုတိယ နှစ်ဝက်တွင်တော့ အမေတို့ ဆရာတို့ အလိုကျ အပြင်းအထန် ကြိုးစားတော့မည်ဟု သန္နိဋ္ဌာန် ချမိသည်။

ထို ဆုံးဖြတ်ချက်နှင့်ပင် ညို တက္ကသိုလ်မြေသို့ ပြန်လာခဲ့လေသည်။

※※※

စာမေးပွဲဆိုသည့် စနစ်ကို မည်သူတွေက ထွင်ခဲ့ကြပါလိမ့်။ လူတယောက်ရဲ့အရည်အချင်းကို စာမေးပွဲက မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးနိုင်ပါရဲ့လား၊ စာမေးပွဲ အောင်လက်မှတ်ကို ကိုင်၍ မိမိကိုယ်ကို အတတ်ပညာအပေါင်းဖြင့် ပြီးပြည့်စုံပြီဟု ထင်နေသူတွေ ဤလောကတွင် ဘယ်လောက်များများ ရှိနေပါလိမ့်။

“ဘာတွေ အခက်အခဲရှိနေသလဲ ညို၊ ပြောလေ ဆရာတွက်ပေးမယ်”

“နေပါစေ ဆရာ ညို ရအောင်တွက်ပါ့မယ်၊ ဒီဖော်မြူလာတွေနေရာမှာ ဂဏန်းတွေ အစားထိုးဖို့ပဲ ကျန်ပါတော့တယ်”

“လော့ဂရစ်သမ် သုံးမလား”

“နေပါစေဆရာ ဒီအတိုင်း ချမြှောက်မယ်”

ဆရာသည် ခေါင်းမာသော ညို့ကို အလျှော့ပေးလိုက်ရသည်။ တခါတရံ သည်သို့ပင် ညိုက ခေါင်းမာတတ်သည်။ ဘာပဲဖြစ်ဖြစ် ညို စာကို စိတ်ဝင်တစား ကြိုးစားလာသည်ကို ဆရာ ဝမ်းသာနေမိသည်။ ပထမနှစ်မှာကတည်းက သည်မိန်းကလေးကို ဆရာ စိတ်ဝင်စားခဲ့သည်။ အသားညိုသည်။ မလှသော်လည်း စေ့စေ့ကြည့်နေချင်စရာ ကောင်းသည်။ အလုပ်လုပ်ရာတွင် သွက်လက်သလောက်

ကျန်သည့်အချိန်တွင် အေးအေးဆေးဆေး နေတတ်သည်။ တစုံတရာကို တွေးတောနေဟန်တူသော မျက်လုံးအစုံတွင် မျက်ရည်တို့ဖြင့် အစဉ် စွတ်စိုနေသည်ဟု ဆရာ ထင်မိလေသည်။

ပထမနှစ်ဝက်တွင် ညို့အမှတ်များက အားရစရာ မကောင်းလှချေ။ စာမေးပွဲကြီးတွင် ချောချောမောမော ဖြေဆိုနိုင်ပါမှ စိတ်ချရပေမည်။ ဆရာသည် ညို့အတွက် အစဉ်လို ပူပန်နေမိသည်။ ယခုတလော ညို့မျက်နှာသည် ပိုမို တည်ငြိမ်လာသည်ဟုလည်း ထင်မိသည်။ ကိုကိုနိုင်ဆိုသူသည် ညိုနှင့် မည်မျှပတ်သက်နေမည်ကိုလည်း ဆရာ တွေးတောနေမိသည်။ သို့သော် ထိုအတွေးကို ဆရာက ချက်ချင်းလိုပင် မောင်းနှင် ဖယ်ရှားပစ်တတ်သည်။

"ဆရာ"

"အင်"

ညို့အကြောင်းတွေးနေစဉ် ရုတ်တရက် ခေါ်လိုက်သံကြောင့် ဆရာ လန့်သွားသည်။

"ဆရာကလဲ ဘာတွေတွေးနေတာလဲ၊ ညိုခေါ်တာ နှစ်ခါ ရှိပြီ"

"ဩော်၊ အေး၊ ဘာပြောမလို့လဲ"

"ညို ပြန်တော့မယ်လို့ ပြောတာပါ"

"ကလပ်စ် မရှိတော့ဘူးလား"

ညိုက ခေါင်းခါပြလိုက်သည်။

"ဆရာလဲ ပြန်မှာပဲ၊ မနက်အစောကြီး ကျောင်းတက်ရတာ အိပ်ရေးပျက်တယ်၊ အဆောင် ပြန်အိပ်တော့မယ်"

ဆရာသည် ယခုနှစ်တွင် အမ်အက်စီ ပထမနှစ်ကို ဖြေဆိုမည် ဖြစ်သည်။ ယခုမှ နည်းပြဆရာ အဆင့်သာရှိသေး၍ ဆရာလည်း ကြိုးစားရဦးမည်။ ဆရာက စာအုပ်များကို သိမ်း၍ ညို့နောက်မှ လိုက်ထွက်ခဲ့သည်။

"အနားမှာနေပါကွယ်၊ အနားမှာနေပါ ဆရာရယ်"

ကျောင်းသားအချို့က မကြားတကြား သီချင်းဆိုကာ နောက်သွားကြလေသည်။ ဆရာသည် ညို့ကို အားနာစွာဖြင့် လှည့်မကြည့်ဘဲ နေသည်။

“ဒီအတိုင်းသာ ကြိုးစားသွားရင်တော့ ညို စာမေးပွဲအောင်မှာပဲ”

လှေကားအဆင်းတွင် ဆရာက ညို့ကို အားပေးစကား ပြောလိုက်သည်။

“ဒါပေမဲ့ ဆရာရယ် ညိုတို့တတွေဟာ စာမေးပွဲအောင်ဖို့ ကျောင်းနေကြတာလားဟင်”

“စာမေးပွဲအောင်ဖို့ နေတာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ကျောင်းဆက်နေဖို့ကတော့ စာမေးပွဲ အောင်မှ ဖြစ်မယ်”

“စာမေးပွဲဟာ လူတယောက်ရဲ့အရည်အချင်းကို အမှန် တကယ် အဆုံးအဖြတ် ပေးနိုင်သလား ဆရာ”

“ဒါဟာ သတ်မှတ်ချက်တခုပါပဲ၊ ဒီထက်ကောင်းတဲ့နည်းကို ရှာမတွေ့ကြသေးလို့ စာမေးပွဲစနစ်ကိုပဲ လက်ခံထားကြရသေးတယ်လေ”

“ညိုတော့ စာမေးပွဲကို မုန်းတယ်”

“ဒါပေမဲ့ အောင်အောင်တော့ ဖြေလိုက်ပါဦး ညို၊ ညိုတခုခု စားပါဦးလား”

လမ်းခွဲရမည့်နေရာ ရောက်ပြီမို့ ဆရာက ပြောသည်။

“နေပါစေဆရာ ညိုပြန်တော့မယ်၊ ဆရာလဲ အဆောင်ပြန်အိပ်ရဦးမယ် မဟုတ်လား”

ညိုက အင်းလျားဆောင် နောက်ဖေးလမ်းကလေးဘက်သို့ ချိုးလာခဲ့သည်။ ဆရာက စားသောက်ဆိုင်တန်းမှ ဖြတ်၍ လျှောက်သွားသည်။ သည်တခါတော့ ညိုက ဆရာ့ကျောပြင်ကို အမှတ်မထင် လှည့်ကြည့်လိုက်မိလေသည်။

※※※

လောကကြီးသည် မမျှော်လင့်သည်တို့ ဖြစ်လာတတ်၍ မျှော်လင့်သည်တို့ ပျက်စီးသွားတတ်ချေ သည်။ သည်သို့ဆိုလျှင် ဖြစ်ချင်တာကို မျှော်လင့်မနေဘဲ မဖြစ်စေချင်တာကိုသာ ကြိုတင် မျှော်လင့်ထားရလေမည်လား။ သည်သို့ဆိုလျှင်လည်း လောကကြီးသည် သူ့နိယာမကို ပြောင်းပြန်လှန်ကာ ဖြစ်ချင်တာတွေသည် မမျှော်လင့်သည့်အတိုင်း ဖြစ်မလာခဲ့ဘဲ မဖြစ်စေချင်တာတွေသာ မျှော်လင့်သည့်အတိုင်း ဖြစ်လာဦးမည်သာတည်း။

မယုသည် စာမေးပွဲနီးကာမှ ဖျားလေသည်။ ညိုတယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။ မယုကို ဆေးခန်းလိုက်ပို့သည်။ တတ်သမျှ မှတ်သမျှ ပြုစုသည်။ စာမေးပွဲနီးလျှင် ကျောင်းသူတွေသည် ဤသို့ပင် လန့်ဖျားဖျားတတ်ကြပေသည်။ အထူးသဖြင့် အအိပ်ပျက် အစားပျက်ကြသဖြင့် အားနည်းမူးဝေကာ ဖျားကြ နာကြသည်။

စာမေးပွဲအမီ မယု နေကောင်းလာစေရန်သာ ညို၊ ဆုတောင်းမိသည်။ မယုကို လူနာစောင့်ရင်း စာကြည့်ကာ မယုဘေးတွင်ပင် ညို အိပ်ပျော်ပျော်သွားခဲ့သည်။

ကံကောင်းထောက်မသဖြင့် စာမေးပွဲရက်အမီ မယု နေကောင်းလာသည်။ ပထမရက်ကို မယုရော ညိုပါ ကောင်းစွာ ဖြေနိုင်ခဲ့ကြလေသည်။

သို့သော် စာမေးပွဲခန်းထဲမှာကတည်းက ညို့ကိုယ်က ချမ်းချင်သလိုလို ဖြစ်နေမိလေသည်။

ညဦးပိုင်းတွင် ညိုက တရေးအိပ်ဦးမည်၊ ၁၀ နာရီထိုးရင် နှိုးပါဟု မယုကို မှာကာ အိပ်ရာထဲ လှဲနေလိုက်မိသည်။ မယု သွားနှိုးချိန်တွင် ညို့ကိုယ်သည် ခြစ်ခြစ်တောက် ပူနေလေပြီ။

"ညို ညို၊ ဟယ် ကိုယ်တွေပူလို့ ဒုက္ခပါပဲကွယ်"

မယုခေါင်းဝယ် မီးတောက်ရချေပြီ။ ညိုသည် အိပ်ရာမှထရန် ကြိုးစားသော်လည်း ခေါင်းက မထူနိုင်ပြီ။ တကိုယ်လုံး ကိုက်ခဲ နာကျင်နေလေသည်။

"အား ခေါင်းကိုက်လိုက်တာ ညိုတော့ ဖျားပြီထင်တယ်"

"ထင်တာမဟုတ်ဘူး၊ ဖျားကို ဖျားနေတာ ဒုက္ခပဲ ဘာလုပ်ရပါ့မလဲ။ နေဦး ကိုယ် မမထားကို သွားပြောဦးမယ်"

မယုသည် အဆောင်ရှိ ဆရာမများထံ ပြေးလွှား အကြောင်းကြားလေသည်။ အဆောင်မှူးဆီမှ ဆေးယူ၍ တိုက်သည်။

"ညိုညို ဒီအတိုင်းဆို မနက် စာမေးပွဲသွားဖြေနိုင်ပါ့မလား"

အဆောင်မှူးက စိုးရိမ်စွာမေးသည်။

"သက်သာသွားရင်တော့ ဖြေနိုင်မှာပါ မမညွန့်၊ ခုတော့ ခြေတွေ လက်တွေက သိပ်ကိုက်တာပဲ"

"မမ မနက်စောစောလာကြည့်မယ်၊ မသက်သာရင် ဒီပတ်မင့်ကို ကြောင်းကြားပေးမယ်လေ ဆေးရုံကနေ ဖြေရအောင်"

"ဟုတ်ကဲ့ မမညွန့်"

ထိုညက ညို စာမကြည့်နိုင်တော့။ ခေါင်းထဲတွင် စာမေးပွဲအတွက် ပူပန်သည့်စိတ်၊ ဝမ်းနည်း အားငယ်စိတ်တို့ ရောထွေးကာ အိပ်မက်များသာ ကယောင်ကတမ်း မက်နေလေသည်။

မယုမှာ သူ့အတွက် ညို ခုလိုဖြစ်ရတာ၊ သူ့ဆီက အဖျားကူးသွားလို့သာဟု တွေးကာ စိတ်မကောင်း ဖြစ်ရင်း စာမကျက်နိုင်တော့ေချ။ နံနက်လင်းသည်အထိ ညို့အဖျားက မကျ။ တက္ကသိုလ်ဆေးရုံကို ခေါ်သွားချိန်တွင် ၁၀၃ အထိ တက်နေသည်။ စာမေးပွဲဖြေရမည့် ၉ ရီခွဲတွင် ညို လူနာခုတင်ပေါ် ရောက်နေလေပြီ။ အဆောင်မှူး၏ကျေးဇူးကြောင့် ညို့ဆီသို့ ဆရာမတယောက်နှင့်အတူ မေးခွန်းလွှာ အချိန်မီ ရောက်လာခဲ့သည်။ သို့သော် ညို့ခေါင်းထဲတွင် ဘာမျှ မရှိပြီ။ အဖြေလွှာပေါ်သို့ မျက်ရည်များသာ တပေါက်ချင်း ကျလာကြလေသည်။

※※※

"ဖြစ်ရလေ ညိုရယ်၊ ညိုတယောက် ဖျားနေလို့ ဆေးရုံကို ပို့ခဲ့ရပြီလို့ မယုက လာပြောတော့လေ သီ ဘာလုပ်ရမှန်းမသိဘူး။ စာမေးပွဲချိန်ကလဲ နီးနေပြီ။ စာမေးပွဲဖြေရတာတောင် မဖြောင့်ဘူးကွယ်၊ ဘယ်လိုနေသေးလဲ ညို"

"အဲဒါ မယုကြောင့်ဖြစ်ရတာ၊ မယုကို ပြုစုရင်းနဲ့ ညို့ဆီ အဖျားကူးသွားတာ"

"ညိုက သိပ်အားနည်းတာကို၊ မိုးမိရင်တောင် ဖျားတတ်တာပဲ"

"ဟုတ်တယ်၊ မယုဖြစ်တာက နည်းနည်း၊ သူ့ကျတော့ အဖျားက ခုထိတောင် မကျသေးဘူး"

သီသီနှင့် မယုသည် ညို့အနားတွင် ယူကျုံးမရ တဖွဖွပြောဆိုနေကြလေသည်။ ညိုသည် မျက်လုံးကို စုံမှိတ်ကာ ဖြစ်သမျှအကြောင်းပေါ့ဟုသာ စိတ်တွင်းမှ ရေရွတ်နေမိသည်။ ဆရာသည် ငြိမ်သက်စွာ ထိုင်ရင်း သီသီတို့ ပြောသမျှကိုသာ နားေထာင်နေသည်။ ဆေးရုံမဖွင့်မီကတည်းက ဆရာ အပြင်တွင် ရောက်နေသည်။ ဆရာ့ရင်တွင် ညို့ကို သနားသည်ကလွဲ၍ ဘာပြောရမှန်း မသိပါချေ။

"ညို ဖြေနိုင်ရဲ့လားဟင်"

ညိုက ခေါင်းကို လေးတွဲ့စွာ ခါရမ်းလိုက်သည်။

"ကြိုးစားပြီးတော့ ရေးတာပဲ ဘာတွေမှန်းတောင် မသိပါဘူး။ ခေါင်းထဲကလဲ ကိုက်လိုက်တာ တအားပဲ"

ဆရာက သက်ပြင်းကို အသာချလိုက်သည်။

"ညို အိမ်ကို မှာဦးမလား"

"မမှာတော့ပါဘူး ဆရာ၊ ညို မှာလိုက်ရင် အမေ သိပ်စိတ်ပူသွားမှာ"

အိမ်ကို တွေးမိသည့်ခဏ၌ ညို့ရင်သည် ပို၍ပင် ပူလောင်သွားရလေသည်။ ဤသို့သော ပြဿနာမျိုးသာဆိုလျှင် အိမ်တွင် ကမ္ဘာ မီးလောင်သည်သို့ပင် ကြီးကျယ်ချေရော့မည်။

"နောက်နေ့ဆို သက်သာသွားချင် သက်သာသွားမှာပါလေ"

သီသီက အားပေးသည်။

"ညကျတော့ မယုစာအုပ်တွေ ယူလာပေးမယ်နော်၊ ခုတော့ ခဏနားလိုက်ပါဦး ဘာစားချင်သေးလဲ"

"ဘာမှ မစားချင်ပါဘူးကွယ်"

မယုနှင့်သီသီတို့ ပြန်သွားချိန်အထိ ဆရာသည် နေရာမရွေ့ ထိုင်နေသည်။ သူနာပြု ဆရာမက အဖျားလာတိုင်းသည်။ ဆရာက ဆရာမနောက်ကိုလိုက်ကာ မေးမြန်းစုံစမ်းနေပြန်သည်။ ပြီးလျှင် ညို့နားတွင် လာထိုင်နေပြန်၏။

"ညေ့သည်ချိန် ကုန်ပါပြီရှင်၊ ဆရာ စိတ်ချလက်ချသာပြန်ပါ၊ ကျွန်မတို့

ရှိပါတယ်”

ဆရာမက ယဉ်ကျေးစွာ နှင်ထုတ်တော့မှ ဆရာ နေရာမှ ထသည်။

“စာမေးပွဲအကြောင်း ခေါင်းထဲမှာ မထွေးနဲ့တော့၊ နေကောင်းေအာင်သာ နေပါ ညို”

ဆရာသည် ညို့အတွက် မှာကြားကာ ပြန်သွားလေသည်။ သို့သော် မယု စာအုပ်များယူ၍ ပြန်ရောက်လာချိန်တွင် ဆရာ့အကြောင်းကို ပြောရသေးသည်။

“တကတည်း ညို့ဆရာက သိပ်အဖြစ်သည်းတာပဲ၊ မယုကို လာမှာသွားတယ်၊ ရှစ်နာရီလောက်ကျရင် သူ ဖုန်းဆက်မယ်တဲ့၊ ညို့အခြေအနေ ဘယ်လိုနေလဲ ပြောပြပါတဲ့၊ အဆောင်မှူးကိုလဲ ဖုန်းလာရင် မယုကို ခေါ်ပေးဖို့ သူ မှာထားခဲ့တယ်တဲ့”

ညိုသည် မချိပြုံးလေးကိုသာ တချက်ပြုံးလိုက်မိသည်။

“အင်း လူတွေဟာ ရတာကိုမလို၊ မရတာကိုမှ တမ်းတတတ်ကြတယ်နော်”

မယုက ညည်းတွားလိုက်သည်။

“သွားမယ်နော်၊ ဆရာမကို စာအုပ်ဝင်ပေးရုံလေးတင်ပါ ပြောခဲ့ရတာ၊ အိပ်ပျော်အောင်သာ အိပ်လိုက်ပါကွယ်၊ အရင်း၊ ကျက်ထားတာတွေ ပြန်သတိရလာမှာပါ၊ ခေါင်းအေးအေးသာ ထားတော့ပေါ့”

သို့သော် ညို့ခေါင်းက မအေးပါချေ။

နောက်နေ့မနက်တွင်မူ ညို့တကိုယ်လုံး အပူရှိန်မြင့်တက်လာပြန်သဖြင့် ဆရာဝန် ဆရာမများပါ ပျာယာခတ်ကြရသည်။ ချိုင်းကြား ကိုယ်ကြားအနှံ့ ရေခဲများကို အဝတ်နှင့်ထုပ်၍ ကပ်ပေးထားကြရ သည်။ စာမေးပွဲဖြေချိန်ကျ၍ ဆရာမရောက်လာချိန်တွင်မှ ရေခဲများ ခဏဖယ်ချ၍ စာမေးပွဲ ဖြေစေသည်။ ညိုသည် မျက်လုံးကို ကြိုးစား၍ပင် ဖွင့်နေရသည်။ ညိုကဲ့သို့ ဆေးရုံမှနေ၍ စာမေးပွဲ ဖြေရသူများ ရှိသော်လည်း တယောက်မျှ ညို့လောက် အခြေအနေ မဆိုးကြ။

ညနေ ညှို့လာချိန်အထိ ညို့မျက်လုံးများ ကောင်းကောင်း ဖွင့်မရသေးချေ။ လက်တဘက်က ညို့နဖူးကို ညင်ညင်သာသာ လာထိသည်။ ညိုက မျက်လုံးကို အားယူ၍ ဖွင့်ကြည့်သည်။

“ဆရာ”

“ညို ဘယ်လိုနေသေးလဲဟင်”

“ညိုတော့ ဒီနှစ် စာမေးပွဲကျမှာ သေချာသွားပါပြီ”

ညို့မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

“နေကောင်းဖို့သာ အာရုံစိုက်ပါတော့ ညိုရယ်၊ နောက်နှစ်မှာ ညို အကောင်းဆုံးဖြစ်အောင် ကြိုးစားနိုင်မှာပေါ့”

“ညို စာမေးပွဲကျမှာကို ညို့အတွက် ဝမ်းမနည်းပါဘူးဆရာ၊ အမေ့အတွက် ဝမ်းနည်းတယ်၊ အမေ့အတွက် ညို စာမေးပွဲ အောင်ရမှာ”

“ညို့အမေက ညို့ကို ခွင့်လွှတ်မှာပါကွယ်”

ညိုက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။ ငယ်စဉ်ကတည်းက ကျောင်းမှ အစီရင်ခံစာကို ကြည့်ကာ ဒီဘာသာက ဘာလို့ အမှတ်နည်းရသလဲဟု ညို့ခေါင်းကို ခေါက်တတ်သည့်အမေ၊ ပထမအဆင့်မှ ဒုတိယအဆင့် ကျသွားလျှင် မျက်နှာထားစူကာ ဆူပူတတ်သည့် အမေ၊ ညို ဘွဲ့ရမည့်နှစ်ကို လက်ချိုးရေတွက်နေသည့် အမေ၊ ညို စာမေးပွဲကျမည်ဆိုလျှင် ဘယ်လိုများ ခံစားရလေမည်လဲ။

“ညို စာမေးပွဲကျရင် ညို့ အတယ်က ကျောင်းဆက်ထားမှာ မဟုတ်တော့ဘူး ထင်တယ်”

“ဘာရယ် ညို့အတယ်က ဟုတ်လား”

ညိုက ခေါင်းကို ညိတ်ပြသည်။ ဆရာက စဉ်းစားတွေးတောဟန်ဖြင့် ညို့မျက်နှာကို ကြည့်နေသည်။

“ညို့ဘဝမှာ ဆရာ မသိတာတွေ အများကြီးရှိနေပါသေးတယ် ဆရာ”

ဆရာသည် ညို့ကို ဘာမျှမေးမြန်းခြင်း မပြုတော့။ ညို့ဘဝကို သူစိတ်ဝင်စားသည်။ သူစိတ်ဝင်စားသော ညို့အကြောင်းကို သူ့ဘာသာသူ သိရန် ကြိုးစားမည်ဟုသာ ဆုံးဖြတ်လိုက်သည်။

“ဆရာ”

ညိုက လေသံတိုးဖြင့် ခေါ်လိုက်မိသည်။ ညို့အသံက လှိုက်လှဲနေသည်။ ဆရာသည် ဂရုတစိုက် အရေးတယူဖြင့် ခေါ်လိုက်သော ညို့အသံလေးကြောင့် ရင်ထဲတွင် မသိမသာ တုန်ခါသွားသည်။

“ဘာလဲ ညို”

“ညို စာမေးပွဲ မအောင်ရင်တော့ ကျောင်းကို ပြန်မလာတော့ဘူး ဆရာ”

“အို ညို ပြန်လာရမှာပေါ့ကွယ်၊ ညို ဘာလို့ပြန်မလာဘဲ နေရမှာလဲ၊ လူဆိုတာ အသက်ရှင်နေသရွေ့ မျှော်လင့်ချက်ဆိုတာ ရှိသေးတာပဲ၊ ညို ဘာကိုမှစိတ်မပျက်နဲ့ ဘာကိုမှ စိတ်မပျက်ပါနဲ့ ကလေးရယ်”

※※※

၉

အသက်ရှင်နေသရွေ့ မျှော်လင့်ချက်ဆိုတာ ရှိတာပဲတဲ့။ သည်အထိတော့ သည်သဘောတရားက မှန်နိုင်သည်။ သို့သော် မျှော်လင့်ချက် ရှိမှ အသက်ရှင်နိုင်မည်ဟုတော့ ဆို၍ ရမည် မထင်။ လောကတွင် ဘာ တခုမျှ မျှော်လင့်ချက် မရှိပါဘဲလျက် အသက်ရှင် ရပ်တည်နေသူတွေ တပုံတပင် ရှိနေပေသည်။

လောကနိဗ္ဗာန်ကို မျှော်လင့်ရင်း လောကငရဲတွင်း သက်ဆင်း ကျဆုံးသွားရသူတွေလည်း အများအပြားပင်။

ညို့ဘဝတွင် မျှော်လင့်ချက်ကို များများ မထားချင်။ များများ ထားလျှင် များများ ပင်ပန်းရမည်ကို ညို စိုးသည်။ များများဆုံးရှုံး ရမည်ကိုလည်း ညို ကြောက်သည်။

ညို့အမေအတွက်တော့ မျှော်လင့်ချက် ရှိစေချင်သည်။ အမေနှင့် ညိုသည် တင်းကျပ်မွန်းသိပ် နေသော ဘဝအတွင်းမှ ရုန်းကန်ပြေးထွက် အေးချမ်းဆိတ်ငြိမ်သော ဘဝလေးတခုကို တည်ဆောက်ရန် အားထုတ်နေကြသူများ ဖြစ်သည်။ အမေ့အတွက် ညို အသက်ရှင်နေချင်သေး သည်။ ဤမျှော်လင့်ချက်လေးဖြင့် တက္ကသိုလ်က ညို မခွာနိုင်သေး။ စင်စစ် တက္ကသိုလ်နယ်မြေသည် ညို့အတွက် ပျော်စရာ ကင်းမဲ့ခဲ့ပြီမှာတော့ အမှန်ဖြစ်သည်။

မျက်နှာသစ်တွေကြားမှာ ညို့စိတ်က ညှိုးငယ်နေသည်။ အချဉ်အစပ်မှန်သမျှကို တရစပ်စားရင်း စကားတတွတ်တွတ် ပြောနေတတ်သော သီသီကလည်း ညို့အနားတွင် မရှိပြီ။ ဆရာသင်သမျှ စာတွေသည် ညို့အတွက် သိပြီးသားလိုလို၊ မသိသေးဘူးလိုလိုနဲ့ စိတ်ဝင်စားမှုကို မပေးစွမ်းနိုင်တော့။

မျက်စိအားနည်းသော်လည်း မျက်မှန်တပ်ရမည်ကို မုန်းသော ညိုသည် စာကို ကျောက်သင်ပုန်းကြီး ဆီမှ ကူးမရေးဘဲ သီသီစာအုပ်ထဲမှ အမြဲ ကူးရေးခဲ့သူဖြစ်သည်။ သီသီသည် ဆရာရေးသမျှက မီအောင်လိုက်ကူးရင်း ညိုက သူ့ဆီမှတဆင့် ကူးရေးသည်ကိုလည်း စာရွက်မလှန်သေးဘဲ စောင့်စောင့်နေရတတ်မြဲ။ ယခုတော့ နောက်ဆုံး ထိုင်တတ်သော ညို့စာအုပ်ထဲတွင် ကွက်လပ်တွေ ပြည့်နေသည်။

အားလပ်ချိန် စာသင်ခန်းတခုမှ တခုသို့ အကူးတွင် အဖော်မဲ့သော

ညို့ခြေလှမ်းများက နေးကွေး လေးလံလွန်းလှသည်။ အားကြိုးမာန်တက် နေရာပြေးဦးတတ်ကြသော ကျောင်းသူ ကျောင်းသား များက ညို့ကို တိုး၍တိုက်၍ သွားတတ်ကြလေသည်။

တခါတရံတော့လည်း ညို့ခြေလှမ်းများသည် စာသင်ခန်းများဆီမှ အင်းလျားကန်ဘေးမှ ရေထဲ ထိုးထွက်ကျဆင်းနေသေ သစ်မြစ်ဆုံကြီးဆီသို့ ရောက်သွားတတ်ကြလေသည်။

"စာမေးပွဲတနှစ်ကျတယ်ဆိုတာ ပိုက်ဆံကုန်တာထက် အချိန်ကို နှမျောဖို့ သိပ်ကောင်းတယ်၊ ဒီတခါတော့ ပညာရေးရော ကျန်းမာရေးရော အထူးဂရုစိုက်ပါ အေ"

အမေ၏ တဖွဖွအမှာစကား။

ညို့စာအုပ်သေတ္တာတဲတွင် ဆေးမျိုးပေါင်းစုံကိုလည်း ထည့်ပေးလိုက်သေးသည်။ သွေးဆေး၊ ဝမ်းနုတ်ဆေး၊ လျက်ဆားမှအစ ငန်းဆေး၊ လေဆေး၊ ပျားရည်အဆုံး စုံစုံလင်လင် ပါဝင်ပေသည်။ အင်္ဂလိပ်ဆေးကိုတော့ အမေနားမလည်၍ ထည့်မပေးတတ်။

"မလှလို့လဲ အားမငယ်ရဘူး၊ မချမ်းသာလို့လဲ ဝမ်းမနည်းရဘူး၊ မအောင်မြင်လို့လဲ စိတ်မပျက်ရဘူး"

တချိန်က ကိုကိုနိုင်၏ အားပေးစကားလေးများ။ ကိုကိုနိုင်အကြောင်းကိုတွေးလျှင် ညို့ရင်သည် လှုပ်ရှားတတ်ဆဲ ဖြစ်သည်။ လောကကြီးက ရယ်စရာတော့အကောင်းသား။ ညို့က ကိုကိုနိုင့် အကြောင်း တွေးနေစဉ်တွင် ကိုကိုနိုင်တယောက် သားဦးလေးနှင့် မြူးနေပြီလား မသိ။ တမ်းတရတတ်သူသာ ပင်ပန်းရစမြဲ။

"ကျောင်းလွှတ်ရင် အိမ်ကို တခါတည်းပြန်လာခဲ့ကွာ၊ အဆောင်ကိုလဲ ဝင်မနေနဲ့၊ အင်းလျားဘက်လဲ လျှောက်သွားမနေနဲ့။ ထမင်းစားဖို့ ကိုယ်စောင့်နေမယ်"

ဗယ်လာရီသည် သူငယ်ချင်းကောင်း ပီသပေသည်။ ညို့အတွက် အထိန်းအကွပ်ဟူ၍ ဗယ်လာရီနှင့် ဆရာသာ ရှိတော့သည်။ စာမေးပွဲ မအောင်ရင် ပြန်မလာတော့ဘူးဆို၍ ဆရာသည် ညို့ဆီသို့ ကျောင်းပိတ်ရက် တလျှောက်လုံး စာတွေချည်း ရေးရေးပို့နေခဲ့သည်။ ညို့ ပြန်လာဖို့အကြောင်း၊ ဆက်ဆက်လာဖို့အကြောင်း၊ ကျောင်းဆက်တက်ဖို့အကြောင်း။ သည်အကြောင်းတွေသာ အပ်ကြောင်း ထပ်နေခဲ့သည်။ ညို့ပြန်မလာလျှင် ဆရာပင်

လိုက်လာတော့မလား ထင်ရသည်။ ပြောသာ ပြောရသည် ညို့အတွက်က သည်နေရာကိုမှ ပြန်မလာလျှင်လည်း အဓိပ္ပာယ်မရှိနိုင်။ ညို့အိမ်သည် ညို့အတွက် အိမ်မဟုတ်။ ဘဝတထောက် နားရာသာဖြစ်သည်။ သည်အိမ်တွင် တွယ်ကပ်နေခြင်းဖြင့် ညို့ဘဝအတွက် မည်သို့မျှ ထူးခြားမလာနိုင်။

"ဘဝဆိုတာ မျှော်လင့်ချက်ရှိမှ အဓိပ္ပာယ်ရှိမှာပဲ၊ ညိုတော့ တခါတလေ မျှော်လင့်ချက်တွေ တသီကြီး ထားပြီး ပျော်ပျော်နေမိတယ်၊ တခါတလေတော့လဲ စိတ်ပျက်လို့ ဘာကိုမှ မမျှော်လင့်ချင်ပါဘူးကွာ"

"စိတ်ပျက်တာက များတယ်ဆိုပါတော့"

ဗယ်လာရီသည် ညို့အတွက် ဆွေးနွေးရမည့် အဖော်ကောင်းလည်း ဖြစ်ပေသည်။ များသောအားဖြင့် တော့ ညိုပြောသမျှ နားထောင်ရသည်က များသည်။

"စိတ်ပျက်စရာတွေက များတော့လဲ စိတ်ပျက်မိတာပေါ့ကွာ၊ ဗဲလ်ကတော့ ဘယ်စိတ်ပျက်မလဲ၊ အားလုံး အဆင်ပြေနေတာကိုး"

ဗယ်လာရီအတွက် ပညာရေးလည်း ပြည့်စုံပြီ။ အိမ်အတွက်လည်း ပူစရာမရှိ။ အချစ်ရေးတွင်လည်း ဗယ်လာရီက ကံကောင်းသူ။ သူ့ချစ်သူ ကျော်ဇောထွန်းနှင့် မိဘများကပါ သဘောတူပြီးသား။

"အချစ်ရေး အဆင်မပြေတာနဲ့တော့ လောကကြီးကို စိတ်ပျက်စရာလို့ မတွေးပါနဲ့ကွာ"

ဗယ်လာရီက ချက်ကောင်းကို ထောက်ပေးလိုက်သည်။

"ဟုတ်ပါတယ်လေ၊ လောကကြီးကို အရှုံးပေးချင်လောက်အောင်တော့ စိတ်မပျက်သေးပါဘူး၊ တခါတခါ အနိုင်ယူချင်စိတ်ကလေးတွေတောင် ရှိသေးတယ်"

ညိုက သူ့အတွေးနှင့်သူ ပြုံး၍ ပြောလိုက်သည်။

"ဟုတ်လား၊ ဘယ်လို အနိုင်ယူချင်တာလဲ"

"တချိန်မှာတော့ လူတယောက်ကို အားပါးတရ ပြုံးပြလိုက်ချင်သေးတယ်"

"ဘယ်လို"

ညိုပြောလိုက်မှဖြင့် အဆန်းချည်းပဲဟု ဗယ်လာရီက တွေးမိသည်။

"ဥဒုမ္ဗရဒေဝီရဲ့အပြုံးမျိုးလေ"

ဥဒုမ္ဗရဒေဝီနှင့် ပိဂ္ဂုတ္တရလုလင်တို့အကြောင်း ဗယ်လာရီ အနည်းငယ်တော့ သိသည်။ အသေအချာတော့ မမှတ်မိ။ မိဘပေးစားလိုက်သော ဥဒုမ္ဗရဒေဝီကို ပိဂ္ဂုတ္တရလုလင်က မပေါင်းသင်းနိုင်၍ သစ်ပင်ပေါ်တွင် တင်ပြီး ဆူးခက်တွေဝိုင်းကာ ပစ်ထားခဲ့သည်ဆိုလား။ နောက်တော့ ဘုရင်က တွေ့ရှိ၍ ဥဒုမ္ဗရဒေဝီ မိဖုရားဖြစ်သွားသည်။ တနေ့ တိုင်းခန်းလှည့်စဉ် ပိဂ္ဂုတ္တရလုလင်ကို လမ်းဘေးတွင် ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်နေသည်ကို မြင်၍ ဥဒုမ္ဗရဒေဝီက ဆင်ပေါ်မှနေ၍ ပြုံးမိသည်ဆိုပဲ။

"အနိုင်ယူချင်တယ်ဆိုတာ နာကျည်းလို့ပေါ့နော်"

"ဟုတ်မှာပေါ့လေ"

"နာကျည်းတယ်ဆိုတာ ချစ်လို့ပဲ"

သည်တခါတော့ ဗယ်လာရီက သာသွားသည်။ ညို့တွင် အနိုင်ယူချင်စိတ်ကလေး ရှိနေသည်ကတော့ အမှန်ဖြစ်သည်။ ညိုသာ ဥမ္မာဒန္တီလို လှလျှင် တစုံတယောက်ကို သိဝိဘုရင်လို ရူးသွားအောင် လုပ်ပစ်လိုက်ချင်သည်။ ချစ်လို့ နာကျည်းသည်ပဲ ထင်ရဲ့။

"သူတပါးကို အနိုင်ယူချင်တယ်ဆိုရင် အနိုင်ယူချင်တဲ့သူလဲ ပင်ပန်းရတာပဲ၊ ဒါပေမဲ့ အနိုင်ယူချင်စိတ်နဲ့ ကြိုးစားမယ်ဆိုရင် ဝေဒနာခံစားရတာ သက်သာပြီး ကိုယ့်အတွက်လဲ အကျိုးရှိမယ်"

ဗယ်လာရီက ကြုံတုန်းကြုံခိုက် ညို့ကို မသိမသာ ဆုံးမနေမိသည်။ ညို့တယောက်ကို အောင်အောင်မြင်မြင် ဖြစ်သွားစေချင်သည်။ အရှုံးပေး လေလွင့်နေသူတယောက် ဖြစ်သွားမည်ကို စိုးသည်။

"စိတ်ချပါ သူငယ်ချင်းရာ၊ ကိုယ်ကြိုးစားမှာပါ၊ ဆုံးရှုံးမှု ဒဏ်ကို ခံစားရခါစဆိုတော့ နည်းနည်း မတည်ငြိမ်သေးတာ တခုပါပဲ"

တကယ်ပင် ထိုနှစ်က ညိုကြိုးစားခဲ့ပါသည်။ လူပ်ရှားပျံ့လွင့်ချင်သော စိတ်ကို ထိန်းချုပ်၍ စာထဲတွင် နှစ်ထားသည်။ ကဗျာတွေ ကာရန်တွေကို ဘေးဖယ်၍ ဖန်အိုးတွေ၊ ခတ်ငွေ့တွေဖြင့် အလုပ်ရှုပ်နေလိုက်သည်။ ညို့ဘဝကို လက်တွေ့ခန်းထဲတွင် မြှုပ်နှံထားသည်။ ဆရာပြောသလို စိတ်ကူးယဉ်ကမ္ဘာထဲမှ ညို ရုန်းထွက်ခဲ့သည်။ မျှော်လင့်ချက်ရောင်ခြည်သည် ညို့အတွက် လုံးဝ ကွယ်ပျောက်ခြင်း မရှိသေးပါပေ။

※※※

ညို

စာမေးပွဲနီးလို့ စာတွေ သိပ်ကြိုးစားနေပြီလား။ သိပ်လဲ အညှောင်းခံမနေနဲ့။ စာမေးပွဲမဖြေခင် ညိုတို့ သူငယ်ချင်းတစုကို ဟိုင်ဇွမ်မှာ မလေးခေါက်ဆွဲကျွေးချင်သေးတယ်။

ညိုတို့ အားမယ်ဆိုရင် လာမယ့် စနေနေ့ညနေ ဆရာ လာခေါ်မယ်။

ဆရာ

"အင်း ဆင်ဖြူတော်မိုပြီး ကြံစုပ်ရဦးမှာပေါ့ကွာ၊ စနေနေ့ကျရင် တို့က ဘယ်က စောင့်ရမှာလဲ၊ ဒါမှမဟုတ် ဘယ်ကို လာရမှာလဲ"

မယုက စာရွက်လေးကို ပြန်ပေးရင်း ညို့ကို မေးသည်။ သီသီ၊ ညိုနှင့် မယုတို့သည် တယောက်အချိန်စာရင်းကို တယောက် ကူးထားကြကာ၊ အားလပ်ချိန်ချင်းတူလျှင် စားသောက်ဆိုင်တန်းမှ ဆီချက်ခေါက်ဆွဲဆိုင်တွင် ဆုံကြမြဲဖြစ်သည်။ သည်နေ့တော့ ညိုက ချမ်းမြငြိမ်ကို ရောက်လာသော စာလေးတစောင်ကို သူငယ်ချင်းများသိရအောင် ထုတ်ပြသည်။

"ဗယ်လာရီက ဒိတ်လုပ်ပြီးသားမို့ မလိုက်နိုင်ဘူးတဲ့၊ ဒီတော့ အင်းလျားဟောကိုပဲ မှာလိုက်မယ်လေ၊ ညိုတို့က မယုအခန်းမှာ ဆုံကြမယ်"

"လူချင်းတွေ့နိုင်ရဲ့သားနဲ့များ စာတတန် ပေတတန် ရေးနေရသေးလား"

သီသီက စပ်စုသည်။

"ကျောင်းမှာလဲ သိပ်မတွေ့ရပါဘူးကွာ၊ ညိုတို့အတန်းကိုမှ ဆရာမသင်တော့တာ၊ သီနဲ့ ညိုနဲ့တောင် ဘယ်မှာဆုံမိကြလို့လဲ၊ သီကလဲ သိသားနဲ့"

"လူချင်းမတွေ့ရလို့ စာချင်းပဲ ဆက်သွယ်ရတယ်ဆိုပါတော့"

"မတော်ရတဲ့ ယောက်မရယ် သဝန်တိုမနေပါနဲ့တော့၊ ဆရာက ညို့အတွက် လေးစားရမယ့် လူတယောက်ထက် မပိုပါဘူး"

"ပိုမယ်ဆိုရင်လဲ သီက ဝမ်းသာမလို့ပါ ညိုရာ၊ ညို့ကို အပြစ်တင်စရာ မရှိပါဘူး"

သီသီသည် သူ့အစ်ကိုအတွက် ညို့ကို အားနာနေမိသည်။ စကားပြောရာတွင်ပင် ဆင်ခြင်နေရပါပြီကော။

"ငါးမရလို့ ရေချိုးပြန်ရုံပဲဆိုတာမျိုးတော့ အဖြစ်မခံချင်ပါဘူးကွယ်"

ကျောင်းတက်ခေါင်းလောင်းသံကြား၍ ညိုတို့ လူစုခွဲလိုက်သည်။ ညိုသည် အတန်းထဲတွင် နောက်ဆုံးခုံတန်းမှ ဝင်ထိုင်ရင် မှတ်စုစာအုပ်ကို ဖွင့်သည်။ သို့သော် ဘာစာမျှ ကူးမရေးဖြစ်။ ညို့မျက်လုံးအစုံသည် စာသင်ခန်းအပြင်ဘက်မှ ရေတမာပင်တန်းဆီသို့ ရောက်နေသည်။ တက္ကသိုလ်နယ်မြေသည် မပြောင်းမလဲ လှမြဲလှနေလေသည်။

ညိုတို့အတွက် “ဆယ်မှတ်တက်စ်” ဟု အလွယ်တကူ ခေါ်သော ပထမနှစ်ဝက်၏ ပထမ အစမ်းစာမေးပွဲလေးကို ဖြေဆိုရတော့မည်။ သည်နှစ်သည် ညို့အတွက် အရေးကြီးသည်။ ညို့တွင် အစစ အသင့်ရှိနေပြီ။

စာမေးပွဲမဖြေခင် အပန်းဖြေသဘောမျိုးဖြင့် ဆရာကျွေးသော မလေးခေါက်ဆွဲကြော်ကို ညိုတို့ တပျော်တပါး သွားစားဖြစ်သည်။ တချိန်က တက္ကသိုလ် အပန်းဖြေရိပ်သာမှာ ကိုကိုနိုင်ကျွေးသော ခေါက်ဆွဲကြော်ကို ညို သတိရနေသည်။ ဆရာနှင့် သီသီက ကျောင်းမှသင်သော စာတွေအကြောင်းကို စကားကောင်းနေစဉ် မယုက ညို့အနားကို တိုးတိုးကပ်၍ ပြောလိုက်သည်။

“အရင်က ဆားသုံးပွင့်၊ ခုတော့ ဆားနှစ်ပွင့်”

“ဒါပေမဲ့ ပြည်ပန်းညိုကတော့ မချိုခဲ့ပါဘူးကွယ်”

“ဘာတွေ ပြောနေကြလဲ၊ စားလေ ညို၊ မယုဆွေကော စားလေ”

“တော်ပါပြီ ဆရာရယ်၊ ကျေးဇူးတင်လှပါတယ်၊ နောက်တခါ ကျွေးရင်လဲ မယုတို့ကို ခေါ်ပါနော်”

“အားလုံးကို စေတနာရှိပါတယ်ဗျာ”

အပြန်တွင် သုံးဘီးတစီးငှား၍ သီသီကို အလျင်ဝင်ပို့သည်။ ပြီးတော့ မယုကို အဆောင်ပြန်ပို့ရသည်။ ချမ်းမြငြိမ်ကို နောက်ဆုံးမှ ရောက်သည်။

ညိုနှင့်ဆရာသည် သုံးဘီးကားကို လမ်းထိပ်မှ ပြန်လွှတ်ကာ လမ်းသွယ်လေးထဲသို့ ဖြည်းဖြည်း လျှောက်လာကြသည်။

“ညို စာမေးပွဲဖြေနိုင်ပါစေလို့ ဆရာ ဆုတောင်းနေပါ့မယ်၊ ဒီနှစ်ဟာ ညို့အတွက် ကံကောင်းတဲ့နှစ် ဖြစ်ပါစေကွယ်”

ခြံဝတွင်ရပ်ကာ ဆရာက နှုတ်ဆက်သည်။

“ဆရာ မဝင်တော့ဘူးလား”

"မဝင်တော့ဘူး၊ ဆရာပြန်မယ်၊ ညိုလဲ စာကျက်ရဦးမယ် မဟုတ်လား"

ဆရာ ပြန်ထွက်သွားမှ ညိုက ခြံဝင်းထဲသို့ အေးဆေးစွာ လျှောက်ဝင်လာသည်။

မမြှော်လင့်သူတယောက်ကို အိမ်ဝတွင် မြင်လိုက်ရ၍ ညို့ရင်သည် ဒိန်းခနဲ ခုန်သွားလေသည်။

"ဟင် မကျင်ထွေး"

"အစ်မကို ဆေးရုံတင်ခဲ့ရတယ်"

"ဘာ"

အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းတို့ဖြင့် ညို့ရင်တွင် ပူလောင်စွာ ခံစားလိုက်ရသည်။

"ညို့ကို စောင့်နေတာ ကြာပြီ"

အရေးထဲမှာ မကျင်ထွေးက ညို့ကို အပြစ်တင်သလိုပြောကာ ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"ဘယ်ဆေးရုံမှာ တင်ခဲ့ရတာလဲ၊ ဘယ်မှာလဲ၊ ဘာဖြစ်လို့လဲ"

ညိုက အိမ်တံခါးဘောင်ကိုကိုင်ကာ အမောတကော မေးလိုက်မိသည်။

"မြရတနာမှာ၊ မနက်ကပဲ ရောက်တယ်၊ ဆရာဝန်နဲ့တွေ့ပြီး တခါတည်း ဆေးရုံတက်ဖို့ပြောတာနဲ့ တင်ခဲ့ရတယ်"

"ဘာဖြစ်လို့လဲဟင်"

"စဖြစ်တာတော့ အရင်လိုပဲ ဗိုက်အောင့်တာပဲ၊ ခုတော အသားတွေပါ ဝါနေလို့"

ညိုသည် အိမ်ထဲသို့ပြေးဝင်ခဲ့သည်။ ဗယ်လာရီက ညို့ကို ဆီး၍ ဖက်တွယ်လိုက်သည်။

"စိတ်အေးအေးထားပါ ညို၊ ကိုယ် ဘာလုပ်ပေးရမလဲ"

"ညိုတောင် ဘာလုပ်ရမှန်း မသိပါဘူးကွယ်၊ ခုပဲ လိုက်သွားလိုက်မယ်"

"စာအုပ်တွေ ယူသွားဦးမလား"

“မယူတော့ဘူး မနက်မှ လာယူမယ်”

ညိုက အင်္ကျီဟောင်း တထည်နှစ်ထည်ကို အိတ်ငယ်တခုထဲ ဆွဲထည့်လိုက်သည်။

“စာမေးပွဲကတော့ တပတ်လောက် လိုသေးတယ်နော်၊ ညို စိတ်အေးအေးထားပါကွယ်”

“ကိစ္စမရှိပါဘူး ဖဲလ်ရယ် ဖြစ်သမျှ အကြောင်းပေါ့၊ ညို သွားမယ်”

“အေးကွယ်၊ ဂွတ်လပ် နော်”

ညိုနှင့် မကျင်ထွေးသည် သုံးဘီးငှား၍ မြရတနာ ဆေးတိုက်သို့ လာခဲ့ပြန်သည်။ မကျင်ထွေးက ညို စာမေးပွဲမအောင်သည့်အတွက် အမေ စိတ်ထိခိုက်နေဟန်တူကြောင်း၊ ထမင်းကောင်းကောင်း မစားကြောင်း၊ ဆရာဝန်ပေးသော ဆေးကိုလည်း မှန်မှန်မစားသည့် အကြောင်း၊ ယခု အသားဝါလာမှ အတယ်က အတင်းလွှတ်၍ ရန်ကုန်သို့ လာခြင်းဖြစ်ကြောင်း ကားပေါ်တွင် ပြော၍လာသည်။

“ဆေးရုံကြီးကို ဘာလို့ မသွားတာလဲ”

“အစ်မက ဆေးရုံကို ကြောက်တယ်တဲ့၊ ဆေးရုံကလဲ တော်ရုံလူနာဆို လက်မခံဘူးဆို၊ အစ်မကတော့ သွားနိုင်လာနိုင်ပဲ၊ မြရတနာမှာ ပြရုံလာပြတာ ဆေးရုံတက်ရမယ် မထင်ဘူး၊ ဆရာဝန်ကြီးက တပတ်နှစ်ပတ်လောက် အနားယူလိုက်ပါ ဆိုတာနဲ့၊ အစက ဆရာဝန်နဲ့ပြပြီးရင် ညို့ဆီကိုလာမလို့ပဲ”

ညို့စိတ်က နည်းနည်းတော့ အေးသွားရသည်။ အေးအေးဆေးဆေး အနားယူပြီး ဂရုတစိုက် ကုသမှုခံလိုက်လျှင် ပျောက်သွားတန် ကောင်းသည်ဟု ထင်သည်။

မြရတနာ၏ တနေ့ ၂ဝ ပေးရသောအခန်းလေးက သပ်သပ်ရပ်ရပ် ရှိသည်။ အိမ်သားတွေပါ စောင့်လို့နေလို့ရ၍ အမေက သဘောကျသည်။ အမေ့ကို ခုတင်ပေါ်တွင် အေးဆေးသက်သာ တွေ့ရသည်။ ပိန်သွားသည့်တိုင် လန်းလန်းဆန်းဆန်းပင် ရှိနေသည်။ အသားထက်ပို၍ မျက်လုံးများက ဝါနေသည်။

“မိုးချုပ်လှချည်လား အေ”

စောင့်ရသည်ကို စိတ်မရှည်ဟန်ဖြင့် အမေက ဆီး၍ ပြောသည်။ မကျင်ထွေးက ညို့ကို လှမ်းကြည့်သည်။ ညိုက ဘာမျှ ပြန်မပြောမိ။

"စာမေးပွဲ နီးနေပြီဆို၊ စာအုပ်တွေ ယူမလာဘူးလား"

"စာတွေက ကျက်ပြီးသားပါ၊ ရုတ်တရက်မို့ ဘာမှ မယူလာခဲ့ဘူး၊ အမေ နေရတာ သက်သာရဲ့လား"

"အေး၊ ဒီလိုဆို မကျင်ထွေး အိမ်ပြန်အိပ်ချင်အိပ်လေ"

၁၉ လမ်းထဲတွင် အတယ့်အစ်မဝမ်းကွဲတယောက်ရှိသည်။ အတယ်တို့လာလျှင် ထိုအိမ်တွင်ပင် တည်းခိုမြဲ ဖြစ်၏။ ဝမ်းကွဲဆိုသော်လည်း တပြည်တရွာ ပြန်ဆုံကြရသူများမို့ ရင်းရင်းနှီးနှီး ရှိလှသည်။ ပြန်တွေ့ပုံကလည်း ခပ်ဆန်းဆန်း။ အတယ့်အစ်မက မြန်မာပြည်ကို နှစ်ပေါင်းများစွာ စော၍ ရောက်နှင့်သည်။ အတယ် ရောက်လာသည်ကိုလည်း သူမသိ။ အတယ်ကလည်း သူ ဘယ်မှာနေသည်ကို မသိ။ တနေ့ ရန်ကုန်မြို့ သိမ်ကြီးဈေးထဲတွင် သူနဲ့ တွေ့သည်။ တယောက်နှင့် တယောက် မမှတ်မိကြ။ နောက် အတယ်က တူပါသည် ထင်၍ လိုက်မေးသည်။ သည်တော့ မောင်နှမနှစ်ယောက် ဝမ်းပန်းတသာ မျက်ရည်လည်ကာ ပြန်ဆုံကြရလေသည်။

ညိုသည် အမေ့ခုတင်ဘေးတွင် ခုံတန်းလေးဆက်ကာ မေးအိပ်ရင်း ထူးဆန်းသော ဘဝ အတွေ့လေးများကို တွေး၍ နေမိသည်။ လောကကြီးသည် ဘာကိုမျှ ကြိုတင် တွက်ဆ၍ မရချေတကား။ သည်နေ့ သည်အချိန်တွင် သည်နေရာကို ရောက်နေမည်ဟူ၍ မည်သည့်အခါကမျှ မထင်မှတ်ဖူးခဲ့။

အဖြစ်အပျက်တို့သည် မြန်လည်း မြန်ဆန်၍ အံ့ဖွယ်လည်း ကောင်းလှချေသည်။

※※※

၁၀

လူ့ဘဝသည် တားဆီးချုပ်နှောင် ကန့်သတ်ခြင်းကို အလွန်ပင်မုန်းတီးဟန်တူသည်။ ဘဝသည် လူ့အလိုကို မလိုက်လျောပေ။ လူတွေက ဒီအချိန်မှာ ဒါဖြစ်ရမည်ဟု အကွက်ချထားတတ်သည်ကို ပို၍ပင် မလိုက်လျောတတ်ချေ။ လူတွေ မျှော်တွေးထွက်ဆထားသည်ကို ကန့်လန့်တိုက်ရမှ ကျေနပ်သူဖြစ်ဟန်တူ၏။

ညို ကြိုတင် တွက်ဆထားသည့်အတိုင်းဆိုလျှင် သည်နှစ်သည် ညို့အတွက် အောင်မြင်ရမည့်နှစ် ဖြစ်သည်။ ညို့ဘဝအတွက် ချောချောမောမော လှမ်းတက်ရမည့် လှေကားတဆင့်သာ ဖြစ်သည်။ ကျဆုံးရမည့်အဆင့် ဟူ၍တော့ ညို ဘယ်တုန်းကမှ မတွေးဖူးခဲ့။

ညို့ဘဝသည် စာမေးပွဲနှင့် အကျိုးမပေးခဲ့။ အမေ့ကို ဆေးရုံမှာ ထား၍ အမျှင်တန်းတန်းနှင့် စာမေးပွဲ သွားဖြေရသည်။ ညဘက်တွင် အမေ့နားတွင် အိပ်ကာ စာကျက်သည်။ မနက်စောစောမှာ ချမ်းမြငြိမ်ကို ပြန်လာရသည်။ ကျောင်းသွားရသည်။ စာမေးပွဲဖြေရသည်။ သို့သော် ညို့အတွက် အသင့်ပြင်ပြီးသား စာမေးပွဲမို့ တော်ပါသေးသည်။

ညို စာမေးပွဲပြီးသည်နှင့် မကျင်ထွေးက ဒိုက်ဦးသို့ ပြန်သွားလေသည်။ သို့သော် အမေ့အခြေအနေက သက်သာလာသည်မရှိ။ အနားယူရုံဆိုသော်လည်း အမေ အနားမယူနိုင်။ နှစ်ပေါင်းများစွာက ငုပ်လျှိုးခဲ့သော ဝေဒနာပေါင်းစုံက တခုပြီးတခု ပေါ်လာသည်။

အသည်းရောင်သည့်နေရာက အလုံးဖြစ်နေပြီဟု ဆရာဝန်ကြီးက ဆိုသည်။ ခွဲထုတ်လိုက်လျှင် ကောင်းမည်။ အမေက ခွဲရမှာ ကြောက်နေသည်။ ပြီးတော့ အမေသည် အသက် ၄၀ ကျော်ပိုင်းမို့ မိန်းမရောဂါ လည်း ပေါ်လာသည်။ သွေးလုံးသွေးခဲများက အဆက် မပြတ် ဆင်းလာသည်။

အမေ့အတွက် နေ့ရောညပါ ဆရာမ ငှားပေးထားသည့်တိုင် ညိုပါ ညအိပ်စောင့်ရသည်။ နေ့လယ် ကျောင်းပြေးတက်ရသည်။ သို့သော် မတက်ဖြစ်သည်က များလာသည်။

အတယ်သည် ဒိုက်ဦးနှင့် ရန်ကုန်ကို ကူးချည်သန်းချည်ဖြစ်ကာ ဗျာများနေလေသည်။ တဘက်က စီးပွားရေးကိုလည်း လက်လွှတ်၍မဖြစ်။ အမေ့ရောဂါကို ငွေနှင့်စက်ကုဖို့ ဆုံးဖြတ်ထားပြီမို့လည်း စီးပွားရေးဘက်ကို

လျှော့၍မဖြစ်တော့။ အတယ့်အနေဖြင့် ငွေနှင့်စက်ယူလျှင် အမေ့ရောဂါ ပျောက်မည်ဟု ယုံကြည်ထားသည်။ သို့သော် အမေ့အခြေအနေက တနေ့တခြား ဆိုးလာလေသည်။

"သမီးလေးကို အန်တီတို့ တခုပြောချင်တယ်"

ညိုတို့တတွေ၏ ဒုက္ခကို မြင်နေရသော သူနာပြုဆရာမက ညို့ကိုခေါ်၍ တိုးတိုးပြောလေသည်။

"ပြောပါ အန်တီ၊ အမေ့အတွက် ညိုတို့လဲ ဘာလုပ်ရမှန်း မသိတော့ပါဘူး"

"သမီးတို့အမေ ရောဂါက သက်သာလာတယ်လဲ မရှိဘူး၊ ဒီမှာထားရတာ ငွေလဲကုန်လှပြီ၊ ဆေးရုံကြီးကို ရွှေ့ပါလားကွယ်"

"ဟုတ်ပါတယ် အန်တီရယ်၊ ညိုလဲ စိတ်ကူးရပါတယ်၊ ခက်တာက အမေက ဆေးရုံကို သိပ်ကြောက်နေတယ်၊ ဟိုမှာဆိုရင် ညိုတို့တွေလဲ အနားမှာ နေလို့ မရဘူး၊ ဆေးရုံကလဲ ခုလောက် ဂရုစိုက်မှာ မဟုတ်ဘူးလို့ချည်းပဲ ထင်နေတယ်၊ သိပ်အားငယ်နေတယ် အန်တီရယ်၊ သူ့ သဘောမကျဘဲ ဇွတ်ရွှေ့ခိုင်းရမှာ သနားလို့"

"လူနာ့အလိုချည်းဘဲ မလိုက်နဲ့ သမီး ချော့ပြောကြည့်ပါဦး၊ ခု သွေးဆင်းတာလဲ မရပ်သေးဘူး ဆိုတော့ ဒပ်ဖရင်ကို အရင်ရွှေ့ရင် ကောင်းမယ်၊ ခုလိုပဲ ဆရာမတွေ ငှားထားနိုင်သားပဲကွယ်"

ညိုသည် အမေ့ကို ဆေးရုံပြောင်းဖို့အရေး သွေးဆောင်စည်းရုံးရပြန်သည်။ တကယ် ရောဂါဖြစ်လာပြီဆိုလျှင် ဆေးရုံကြီးတွေကမှ ပစ္စည်းကိရိယာစုံလင်၍ စိတ်ချရကြောင်း၊ တာဝန်ကျ ဆရာဝန်တွေ၊ ဆရာမတွေကလည်း အမြဲလိုလိုရှိနေ၍ အားကိုးရကြောင်း အမေ နားဝင်အောင် တဖွဖွပြောရသည်။

"ပြောင်းဆိုရင်လဲ ပြောင်းမယ်လေ၊ ဒါပေမဲ့ ညည်းအတယ်မှ မရှိသေးတာ၊ သူလာအောင် စောင့်ဦးမယ်"

မိမိပေါင်းသင်းနေသော လင်သားတယောက်ကို ဦးစားပေးလိုသည့်စိတ်သည် မိန်းမတိုင်းတွင် ရှိချေ၏တကား။ အတယ့်ဆီကို စာတစောင် အမြန်ရေးကာ လူကြုံနှင့် ပို့လိုက်သည်။ သို့သော် အတယ်မလာခင် အမေ့ကို အမျိုးသမီးဆေးရုံကြီးသို့ ခေါ်ယူသွားရတော့သည်။ အမေ့အခြေအနေက အတော်ပင် ဆိုးရွားနေချေပြီ။ မြရတနာမှ ဆရာဝန်ကြီး၏လက်မှတ်ဖြင့် အမျိုးသမီးဆေးရုံက ဂရုတစိုက် လုပ်ပေးလိုက်ပြီး ဆေးရုံကြီးသို့ ကူးပြောင်းပေးလိုက်သည်။ အတယ်ရောက်လာချိန်တွင် အမေသည် ရန်ကုန်ဆေးရုံကြီးသို့ ရောက်နေပေပြီ။ ဆေးရုံပေါက်ဝမှ အစောင့်များက အတယ်ကို

ဝင်ခွင့်မပေးကြ။ ငွေပေးလျှင် ဘာမဆိုဖြစ်နိုင်သည်ဟု ယုံကြည်သော အတယ်သည် ထိုနေ့မှစ၍ အမေ့အတွက် ငွေကို ရေလိုသုံးလေသည်။ ဆရာဝန်ကြီးမှအစ ဆရာမတွေအလယ် သန့်ရှင်းရေး အလုပ် သမားတွေနှင့် တံခါးစောင့်အထိ အတယ့်ကို မသိသူမရှိပြီ။

"ပိုက်ဆံပေးရင် ရတာပဲဗျ၊ ကျွန်တော်ဆိုရင် တံခါးစောင့်တွေအားလုံးကို ပိုက်ဆံပေးထားတာ အချိန်မရွေး ဝင်လို့ရတယ်"

အတယ်က ဝင့်ဝင့်ကြွားကြွား ပြောတိုင်း ဘေးလူများကို ညို မျက်နှာပူမိလေသည်။ ငွေကို ယူသည့်လူသည် မျက်နှာမပူတတ်ပါချေ။ ညိုနားလည်ထားသည်က ဆေးရုံတွင် လူနာတွေ၏ အညစ်အကြေးကို ကူညီရှင်းလင်းပေးရသူတွေသည် သူ့တာဝန်နှင့်သူမို့ ငွေပေးစရာ မလို၊ အားလုံးအတွက် စေတနာထားကာ လုပ်ပေးရမည့်သူတွေ ဖြစ်သည်။ ခုတော့ ထိုသို့မဟုတ်ကြ။ သူတို့လုပ်ပုံက ရက်စက်လှသည်။ မျက်နှာမွဲလျှင်မွဲသလို ပစ်ထားတတ်သည်။ အိပ်ရာမှ လုံးဝမထနိုင်သော လူနာတယောက်က ဆီးသွားချင်၍ တစာစာအော်နေသည်။ နောက်ဖေးအိုးကို ယူမပေးကြ။ ယူပေးပြန်တော့လည်း ဆောင့်ဆောင့်အောင့်အောင့်။ အိုးကို တန်းလန်းထားခဲ့ကာ ပြန်လှည့်မကြည့်တော့။ လူနာသည် အိုးတန်းလန်းနှင့် တနေကုန် ကသိကအောက် နေရသည်။ မနေနိုင်သူက လုပ်ပေးမှပင် သက်သာရာရတော့သည်။ ငွေပေးနိုင်သည့်လူနာသည်သာ ဂရုစိုက်ခြင်း ခံရရှာ၏။

မေတ္တာစေတနာဖြင့် ပြည့်လျှံနေရမည့် နေရာတွင် အော်ငေါက် ဆူပူသံတွေ ညံနေသည်။ ငွေမျက်နှာကိုလိုက်၍ စေတနာနှင့် တာဝန်ဝတ္တရားကို ရောင်းစားနေကြလေသည်။

※※※

ငွေသည် လူတို့၏ သည်းခြေကြိုက် အစာပင်ဖြစ်၏။ ဆင်းရဲသူလည်း ကြိုက်သည်။ ချမ်းသာသူလည်း ကြိုက်သည်။ ဆင်းရဲသူက ဆင်းရဲ၍ ငွေလိုချင်၏။ ချမ်းသာသူကလည်း ပို၍ချမ်းသာလိုသဖြင့် ငွေကို လိုချင်သည်။ ငွေကြောင့် မေတ္တာခေါင်းပါးတတ်သည်။ ငွေကြောင့် အမှန်တရား ကွယ်ပျောက်တတ်သည်။ ငွေကြောင့် အဂတိလိုက်စားတတ်လာသည်။

လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ရမည့် အလုပ်တခုကို ငွေဖြင့် လာဘ်ထိုး၍ အသနားခံရမည်ကို ညို လက်မခံချင်ပေ။ လာဘ်ထိုးရမှာလည်း ရှက်သည်။ မိမိ၏မရိုးသားမှုကို တဘက်သားက လက်မခံဘဲ ငြင်းပယ်လိုက်မည်ကို

သာ၍ပင်ရှက်၏။ သို့သော် လောကကြီးသည် ညို့တွေးထင်သလို မဟုတ်ချေတကား။ ညို၏ အတွေးအခေါ် အသိအမြင်တို့သည် များစွာ နောက်ကျနေချေပြီ။

"ငါက ဗမာလို ကောင်းကောင်းပြောတတ်တာ မဟုတ်ဘူး၊ မိညို လိုက်ခဲ့"

ညို့ကျောထဲမှ စိမ့်သွားလေသည်။ လူတယောက်ကို ရှေ့မျက်နှာ ရှေ့ထား၍ စော်ကားရမည့် အလုပ်မျိုးကို အမှန်ပင် ရွံ့မိ၏။

"သူက မလိုချင်ဘူးဆိုပြီး အော်လွှတ်ရင် ဘယ်လိုလုပ်မလဲ"

"နင် အရူးလား"

ညိုက သက်ပြင်းချမိသည်။

"သွားလိုက်ပါ သမီးရယ်၊ အမေက တနင်္လာနေ့ဆို ခွဲရတော့မှာ၊ သမီးက သေသေချာချာ ပြောပြမှ အမေ့ကို သူ သိသွားပြီး ဂရုစိုက်မှာပေါ့၊ လူနာတွေက အများကြီးဆိုတော့ ဒီတိုင်းဆို သိမှာမဟုတ်ဘူး"

အမေကပါ ချော့မော့ပြောဆိုနေပြီဆိုတော့ ညို မနေသာတော့။ လူနာကို စိတ်ချမ်းသာစေဖို့က အရေးကြီးသည်။ သူတို့ပြောသလိုလည်း မှန်ချင်မှန်နေမည်။ ညိုသည် အရဲစွန့်၍ အမေ့ကို ခွဲစိတ်ကုသရမည် ဆရာဝန်ကြီးဆီ လိုက်သွားရလေသည်။

အိမ်တံခါးဝတွင် ပစ္စည်းများကို ချလိုက်ရကတည်းက ညို ရင်တွေ ခုန်နေသည်။ ဒါတွေက ဘာလုပ်တာလဲ၊ ဘာတွေလဲ၊ ယူသွား၊ ပြန်ယူသွားဟု အော်လိုက်လျှင် ဒုက္ခ။ ဘယ်နေရာကနေ အမြန်ဆုံး ပြေးဆင်းရပါမည်လဲ။

"ထိုင်ကြလေ ထိုင်ကြ၊ ဘာကိစ္စရှိလို့လဲ"

အတယ်က ညို့ကို လှမ်းကြည့်သည်။

"ကျွန်မအမေကို အခန်း ( ) မှာ တင်ထားပါတယ်ရှင်၊ လာမယ့် တနင်္လာနေ့မှာ ဆရာဝန်ကြီး ခွဲဆိတ်ရမယ့် လူနာပါ"

ညိုသည် အမေ့ရောဂါနှင့် အခြေအနေကို အတော်လေး ရှင်းလင်းပြောပြနေမိလေသည်။ တဘက်က အေးအေးဆေးဆေး လက်ခံစကားပြောနေ၍လည်း အားတက်လာမိသည်။ နောက်ဆုံးတော့ ကျေးဇူးတင်စကားကို ထိုင်၍ မရှိခိုးရုံတမည် အထပ်ထပ်ပြောရင်း ညိုတို့ ပြန်လာခဲ့ကြသည်။

ညိုတို့ထားခဲ့သော အိမ်တံခါးဝမှ ဆီတပုံး၊ ဝတ်စုံတစုံနှင့် စားဖွယ်သောက်ဖွယ်များကို အိမ်ရှင်တို့သည် သတိပင်မထားမိဟန် ဖြင့် ဣန္ဒြေကြီးစွာ နေနိုင်ကြပေ၏။

လောကကြီးကား အံ့ဩဖွယ်ကောင်းလေစွ။

"ညိုလဲ ပင်ပန်းလှပြီကွယ်၊ အဲဒီအဝတ်တွေကို ဆေးရုံမှာ လျှော်ခိုင်းရင် မရဘူးလား"

"မရဘူးကွယ်၊ ဆေးရုံမှာ လျှော်ခွင့်မရှိဘူး၊ ဘယ်တတ်နိုင်မလဲကွာ"

ညိုသည် အမေ့လုံချည်များကို တထည်ချင်း ရိုက်၍လျှော်ဖွတ်နေသည်။ ညဘက်တွင် အမေ့နားမှာ စောင့်အိပ်ပြီး မနက် အစောကြီး ချမ်းမြငြိမ်ကို ပြန်လာရသည်။ အမေ့လုံချည် အပေများကို လွယ်အိတ်တွင် ထိုးထည့်ကာ သယ်ဆောင်လာရသည်။ လျှော်ဖွတ်မီးပူတိုက်ပြီးမှ အမေ့ဆီ ပြန်သယ်ရသည်။

နေ့ဘက်တွင် မကျင်ထွေးက အမေ့ကို တလှည့်စောင့်သည်။ ဆရာမ ငှားထားသည့်တိုင်အောင် အမေ့နားတွင် အမြဲရှိနေကြသည်။ ဗယ်လာရီသည် ညို့ကိုကြည့်ကာ သက်ပြင်းချနေမိသည်။ တခါတရံ ညိုသည် မောမောဖြင့် အိပ်ပျော်သွားကာ ကျောင်းပင် မတက်နိုင်တော့ပါချေ။

"ဒီလိုဆိုလဲ ညိုရယ် အဝတ်တွေကို နီးနီးနားနား ၁၉ လမ်းက အိမ်မှာ သွားလျှော်ပါလား"

"သူတို့ကို ရောဂါ ကူးမှာစိုးလို့ ထင်ပါရဲ့ကွယ်၊ သိပ်မလိုလားတဲ့ပုံမျိုး မြင်ရတာနဲ့ ညို ယူမသွားတော့ပါဘူး"

အမေ့လုံချည်များက ညစ်လည်း ညစ်ပတ်၍ နံလည်းနံစော်နေတတ်သည်။ မနက်ခင်းတွင် ဆေးရုံမှ ထလာကာ လွယ်အိတ်တလုံးဖြင့် ပြန်လာတတ်သော ညိုသည် လူရုပ်ပင် မပေါ်ချေပြီ။ နွမ်းနယ် စုတ်ပြတ်နေလေသည်။

"ညိုတို့အမေ ဆေးရုံတက်တာ ကြာပြီနော်"

"ဟုတ်တယ် နှစ်လရှိသွားပြီ"

"ဒီအတိုင်းဆို ညို စာမေးပွဲ"

"အေးကွယ် အမေ့အခြေအနေက ခွဲပြီးတော့လဲ သက်သာ မလာပါဘူး၊ စာမေးပွဲဖြေမယ့်ရက်တောင် ဆေးရုံက ဆင်းချင်မှ ဆင်းရဦးမှာ"

"ဆရာကလဲ အဲဒါပဲ ပြောနေတယ်၊ ဒါပေမဲ့ ပထမနှစ် ဝက်ပဲ ရှိသေးတာပဲလေ၊ စာမေးပွဲကြီးကျတော့ ကြိုးစားဖြေပေါ့"

"မနှစ်ကလဲ ဒီလိုနဲ့ပဲ ကျတာပဲ"

"စိတ်မပျက်ပါနဲ့ဦး ညိုရယ်၊ လူ့ဘဝမှာ အမြဲတမ်း အဆိုးချည်းပဲတော့ ရှိမှာမဟုတ်ပါဘူး။ အကောင်းဘက်ကိုလဲ ရောက်ရဦးမှာပေါ့"

"ညိုတော့ မမျှော်လင့်ရဲအောင်ကို ဖြစ်နေပြီ"

ညို့ဘဝသည် အမှန်ပင် ဘာကိုမျှ မျှော်လင့်၍ မရတော့။ အမေ နေကောင်းလာဖို့ပင် မမျှော်လင့်နိုင်တော့ပေ။ အမေသည် ငွေနှင့်စက်ကုနေသည့်ကြားမှ ပို၍သာ အခြေအနေ ဆိုးလာခဲ့သည်။ အမေ ထူထူထောင်ထောင်ရှိလာစဉ် တခဏ ညိုတို့ ပျော်လိုက်ရသေးသည်။ အတယ်သည် တပတ်လျှင် တခါမျှ အမေ့ကို လာကြည့်သည်။ အမေသက်သာလာသည်ကို မြင်ရသည့် အပတ်က တခန်းလုံး ဆရာဝန် ဆရာမများကို အကျွေးအမွေးဖြင့် ကျေးဇူးပြုသည်။ ဆရာဝန်မကြီး တဦးက မျိုး၍ကျဟန်မတူ။ ညို့ကိုခေါ်၍ တိုးတိုးပြောသည်။

"သမီးလေးရဲ့အမေက သက်သာလာတယ် ဆိုပေမယ့် လုံးဝ စိတ်ချရသေးတာ မဟုတ်ဘူးကွယ်၊ သမီးအဖေက ဆေးရုံက ဆင်းရတော့မယ်ထင်ပြီး သိပ်ဝမ်းသာနေတယ်၊ လူနာရဲ့အခြေအနေမှန်ကို ပြောရရင်တော့"

ဆရာဝန်မကြီးသည် ညို့ကို ကရုဏာသက်စွာ ကြည့်နေလေသည်။

"ဟုတ် ဟုတ်ကဲ့၊ ညိုနားလည်ပါတယ် ဒေါက်တာရယ်၊ ဒီအတိုင်းဆို အမေ အမေဟာ"

ညိုသည် အံကိုကြိတ်၍ မျက်ရည်ကို ထိန်းလိုက်လေသည်။ အမေ့ရှေ့တွင် မျိုသိပ်ခဲ့ရသမျှ ချမ်းမြငြိမ်ရောက်မှ စိတ်ရှိလက်ရှိ ငိုပစ်လိုက်မိသည်။

"တိတ်ပါ ညိုရယ်၊ အိမ်ရှေ့မှာ ဆရာရောက်နေတယ်"

"မဲလ် ကြည့်ပြောလိုက်ပါကွယ်"

ဖြစ်နိုင်လျှင် မည်သူနှင့်မျှ မတွေ့ရသော ချောင်လေးတချောင်တွင် သွား၍ အားရပါးရ ငိုပစ်လိုက်ချင်တော့သည်။

မျှော်လင့်ချက် ရောင်ခြည်သည် တစတစ မှေးမှိန်၍ လာခဲ့ချေပြီ။

တိုက်ဆိုင်လွန်းသည်ပဲ ဆိုရမလား၊ ရှေးဘဝကုသိုလ်ပဲ ဆိုးလွန်း၍လား မသိ။ စာမေးပွဲရက် နီးလေလေ အမေ့ရောဂါက သည်းလေလေ ဖြစ်လာသည်။ နောက်ဆုံးတော့ အမေ့ထွက်သက်ကို စောင့်ကြည့်နေရချိန်သည် စာမေးပွဲဖြေရမည့်ရက်ပင် ဖြစ်နေပြန်သည်။

ညိုက တဘက်ကို လုံးလုံးစိတ်လျှော့ကာ အမေ့နောက်ဆုံးအချိန်ကို စောင့်ကြည့်နေမိသည်။ အမေ့လက်မှ သွေးတိုးနှုန်းသည် လျော့၍လျော့၍လာသည်။ အမေ့အသက်ရှုနှုန်းသည် ကြဲ၍ကြဲ၍ လာသည်။ တညလုံး မအိပ်ရသဖြင့် ညို့မျက်လုံးများသည် ကျိန်းစပ်၍ နေလေသည်။

"ညို ခဏပြန်ပြီး ရေချိုးလိုက်ဦးမယ်နော်"

မကျင်ထွေးရောက်လာမှ ညိုက ၁၉ လမ်းသို့ပြေး၍ ရေချိုးရသည်။ အမေ့ကို တစ်စက္ကန့်လေးပဲ ဖြစ်ဖြစ် စောင့်ကြည့်နေချင်သည့်စိတ်ကြောင့် ညို အပြေးအလွှား ပြန်လာခဲ့သည်။

သို့သော် ညို့ကုသိုလ်သည် သည်မျှပင် ဆိုးချေ၏တကား။ အမေ့နောက်ဆုံးအချိန်ကို ညို မမြင်လိုက်ရပါချေ။ ညို လစ်လပ်နေသည့် ခဏတာကလေး အတွင်းမှာပင် အမေသည် ညို့ကို မျက်ကွယ်ပြုသွားချေသည်။ ခဏကလေး စောင့်ပါဦးတော့လား အမေရယ်။

ညို ငို၍မရပါချေ။

အမေသေမည်ကို ကြိုတင်၍ သိနေခြင်းကပင် ညို့ကို ခံစားမှု ထုံထိုင်းနေစေသည်။ ညို့ရင်ထဲမှာ ဘာမျှမခံစားရသလို ဖြစ်နေသည်။

"ညိုရယ်"

ဘယ်အချိန်က ရောက်နေသည် မသိသော ဗယ်လာရီက ညို့လက်ကလေးများကို ဆုပ်ကိုင်လာလေ သည်။

"ညို အမေ့နားက ခဏလေး ခွာသွားတာပါ ဗဲလ်ရယ်၊ ညိုမရှိတုန်းမှာ အမေသေသွားတာ၊ အမေ့ နောက်ဆုံးအချိန်ကို ညို မမြင်လိုက်ရဘူး"

ညို့နှုတ်မှ စကားသံလေး ပွင့်ထွက်လာသည်။ သည်တော့မှလည်း ညို့ရင်က ခံစား၍ရလာသည်။ သည်တော့မှလည်း ညိုသည် သူငယ်ချင်းဖြစ်သူကို ဖက်ကာ အားရပါးရ ငို၍ ရလေတော့သည်။

※※※

တသက်လုံး ကိုယ့်ကိုယ်ကိုယ် မကျေနပ်ခဲ့သည့် ဘ၀။ ခုလည်း မကျေနပ်စရာတွေပဲ ကြုံနေရသည်။ သည်ဘ၀ထဲက ဘယ်လိုမှ ရုန်းထွက်၍ မရခဲ့။ ရုန်းထွက်၍ မရသည့် အဖြစ်ကိုပင် ဘ၀က ပြန်၍လှောင်ပြောင်နေသေးသည်။

အမေသေသွားသူမို့ တရုတ်ထုံးစံအတိုင်း လုံချည်အနက်ကို ဝတ်ရသည်။ လူမျိုးခြား ယူမိတော့ သေတာပင် လူမျိုးခြားလို သေရသည်ပေါ့။ ညိုက နာနာကျည်းကျည်း တွေးမိသည်။

တရပ်တရွာမှာမို့ အမေ့အသုဘသည် ရပ်ဆွေရပ်မျိုးနှင့် စည်ကားသိုက်မြိုက်ခြင်း မရှိ။ ရင်းနှီးသူ အချို့သာ လာနိုင်သည်။ ညို့သူငယ်ချင်းများမှာလည်း စာမေးပွဲဖြေနေရ၍ ဗယ်လာရီတယောက်သာ လာနိုင်သည်။ အတယ်သည် ရန်ကုန်မြို့တွင် သူ အသင်း၀င်ထားသော တရုတ်ဘုံကျောင်း အဖွဲ့ဝင်များကို ပင့်ဖိတ်လေသည်။ အမေ့အသုဘသည် တရုတ်ဆွေ တရုတ်မျိုးများဖြင့် စည်ကား၍ လာသတည်း။

ဆူဆူညံညံ တရုတ်ဆိုင်းသံကို ကြားရတိုင်း ညို့ရင်သည် မချမ်းမြေ့နိုင်။ အမေ့အသုဘ ပို့ဆောင်ရာ လမ်းတလျှောက်တွင် တရားဓမ္မသံကို မကြားရ။ ကြေးစည်ရိုက်သံကို မနာခံရ။ အမေ့အလောင်း မြေကျချိန်တွင် တရုတ်လင်ပန်းသံက ဆူဆူညံညံ ထွက်လာသည်။ ညိုသည် ဝမ်းနည်းစိတ်နှင့် နာကျည်းစိတ် ရောထွေးကာ စိတ်ရှိလက်ရှိ အော်ဟစ် ငိုလိုက်မိလေသည်။ သို့သော် အသံကား ထွက်မလာ။

အမေသည် ရောထွေးယှက်တင်နေသော ဘ၀အရှုပ်အထွေးကို တမလွန်အထိ သယ်သွားရရှာပေ သည်။

အမေ့အတွက် ရက်လည်ဆွမ်းကို ဒိုက်ဦးတွင် ပြန်၍ကျွေးသည်။ ထိုအချိန်တွင် အမေ မရှင်းနိုင်ခဲ့သော ဘ၀အရှုပ်အထွေးက ညို့ကို ရစ်ပတ်လာမှန်း သိရသည်။

အတယ်သည် အမေ့ကို ဆေးကုရာတွင် ငွေမည်မျှကုန်သွားကြောင်းကိုသာ လူပုံလယ်တွင် ပြောမဆုံးအောင် ဖြစ်နေလေသည်။ လူမမာအကြောင်းကို မပြောဘဲ ငွေကုန်ကြောင်းသာ တွင်တွင်ပြောနေသည်ကို ပထမတော့ ညို နားမလည်။ လောကတွင် ညိုနားမလည်သေးတာတွေက အပုံချည်း ရှိနေသည်။

"သေမယ့်သာသေရောဗျာ၊ ပိုက်ဆံကို ကုန်လိုက်တာ မပြောပါနဲ့တော့၊ ကျွန်တော်လဲ ရှိသမျှငွေကို အကုန်ပုံပြီး ကုတာပါပဲ"

"ဟုတ်တာပေါ့ရှင်"

“ဆေးရုံစတက်တုန်းက အပြင်ဆေးခန်းမှာဆိုတော့ အခန်းခရော၊ ဆေးဝယ်ခရော အတော် ကုန်သွားတာ”

“အင်း ကုန်မှာပေါ့”

“နောက်တော့လဲ မထူးပါဘူး၊ ဆေးရုံမှာ မနက်ရော ညပါ ဆရာမ ငှားထားတာဆိုတော့”

“ကုန်တာပဲပေါ့လေ”

“ဒါတင် ဘယ်ကမလဲ၊ ဆရာဝန်တွေ ဆရာမတွေဆိုလဲ လက်ဆောင်ပေးရသေးတယ်”

“အင်း အင်း”

“ရက်ကလဲကြာ ဆိုတော့၊ နောက်ပိုင်းက ရှိသမျှ တပြားမှ ကို မကျန်တော့ဘူး”

“ဟုတ်မှာ ဟုတ်မှာ”

ဆွမ်းကျွေးပွဲသည် အမေ့အတွက် ကုန်ကျငွေ စာရင်းရှင်းပွဲကြီး ဖြစ်နေလေသည်။ ညိုသည် ငွေကုန်ကြောင်းတွေ ကြားရလွန်း၍ စိတ်နာနာဖြင့် မမြင်ကွယ်ရာမှာ သွားနေမိသည်။ စဉ်းစားကြည့်လျှင် အမေ့အတွက် ကုန်ထိုက်ပါသည်။ အမေသည် အတယ်နှင့် လက်ထပ်စကပင် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ခဲ့သူ ဖြစ်သည်။ ညို့ကို လာမခေါ်မီ ပဲခူးမြို့တွင် အမေ စျေးရောင်းဖူးသည်။ သနပ်ပင်မြို့တွင်လည်း လိုက်၍ ကြက်၊ ဘဲ မွေးဖူးသည်။ ဒိုက်ဦးမြို့ရောက်ခါမှ လုပ်ငန်းတခု အခြေတည်ခဲ့ခြင်း ဖြစ်သည်။ အမေသည် ငွေကို ဟော့ဟော့ရမ်းရမ်း သုံးတတ်သူ မဟုတ်။ ငါးပိရည်နှင့် တို့စရာလောက်သာ စားပြီး ရုံသားအင်္ကျီလောက်သာ ဝတ်တတ်သူ ဖြစ်သည်။ အမေသည် သေခါမှ ငွေကို သုံးသွားရသူတည်း။

“အမေ့အတွက် ပိုက်ဆံကုန်ရတဲ့အကြောင်းကို ဘာကြောင့်များ ခဏခဏပြောနေရပါလိမ့်”

ညိုသည် အမေ အမြတ်တနိုးထားတတ်သော ပန်းကန်ခွက်ယောက်များကို ဆေးကြောသုတ်သင်ရင်း တွေးတောနေမိသည်။

“သေတာတောင် သူ့လက်ထဲမှာ သေသွားတာပဲဗျာ”

အတယ့်အသံကို ကြားလိုက်ရသည်။

"အင်း သူ့ခများလဲ အတော်ပြုစုရရှာတာပဲနော်"

"မိညိုက ကျောင်းတဘက်နဲ့ဆိုတော့ သူပဲပေါ့"

ဩော် လက်စသတ်တော့ နာမည်ကောင်းမှန်သမျှ သူတို့ဘက်ချည်း သယ်ယူနေတော့တာကိုး။ ညိုတို့များ နာမည်ကောင်းနှင့် လွဲချင်တော့ အမေ အသက်ထွက်ခါနီးမှ အိမ်ပြန်ရေချိုးမိသည်။ အမေသေတော့ ညို အနားတွင်မရှိ၊ မကျင်ထွေးသာ ရှိသည်။ ဒါကိုပင် လူပုံအလယ်မှာ ဂုဏ်ဖော်နေပြန်ပါပြီကော။ သူတို့သာ လူအား ငွေအားစိုက်၍ အမေ့ကို ပြုစုခဲ့ကြသည်ဟု ဆိုလိုသည်တကား။

ထိုညက ညိုသည် အခြေအနေအရပ်ရပ်ကို ရိပ်စားမိကာ မယုဆီသို့ စာတစောင် ရေးပို့မိသည်။ ညိုတော့ ပြဿနာတခုနှင့် ရင်ဆိုင်ရတော့မည်။ ညို့နားတွင် တယောက်ယောက် ရှိစေချင်သည် ဆိုသည့်အကြောင်း။ မယုတယောက် အမြန်ဆုံး ပေါက်ချလာလေသည်။

"ဘာတွေဖြစ်နေလို့လဲ ညို၊ သီသီလဲ လာမေးတယ်။ ဗယ်လာရီကလဲ စိတ်ပူနေတယ်၊ ဆရာကတော့ မပြောနဲ့တော့၊ ဖြစ်နိုင်ရင် သူတို့တောင် လိုက်လာချင်တာ"

"သူတို့ မလာနိုင်မှန်းသိလို့ တမင် မမှာတာပါကွာ၊ အခြေအနေက တမျိုးပဲကွ၊ ညိုလဲ မမှန်းဆတတ်ဘူး၊ ဆွမ်းသွတ်တဲ့ညက အတယ်က ညို့ကိုမေးတယ်၊ ဒီတခါ ကျောင်းပိတ်ရင် အိမ်ပြန်လာမလားတဲ့၊ ညို အိမ်မပြန်လို့ ဘယ်ပြန်ရမလဲ မယုရယ်၊ ညို့ကို ဒီမှာ မနေစေချင်တော့ဘူး ထင်ပါရဲ့"

"ညိုကလဲ မနေချင်ဘူး မဟုတ်လားကွ"

"ဟုတ်တော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ ညိုတယောက်တည်း ဘယ်လိုလုပ် ရပ်တည်မလဲ၊ ပြီးတော့ အမေ့ကို ဆေးကုတာ ကုန်တဲ့အကြောင်း၊ သူ့ဆီမှာ ငွေမရှိတော့တဲ့အကြောင်း တွင်တွင် ကြေညာနေတော့တာ ပဲ၊ ဘာသဘောလဲ မသိဘူး"

"သူတို့အရိပ်အကဲသာ စောင့်ကြည့်ပါဦး ညိုရယ်"

မယုက နှစ်သိမ့်သည်။ သည်နေ့တွင် စာတမ်းပြုစုရန် အိမ်မပြန်ဘဲ ရန်ကုန်တွင် နေမိသော မယုတယောက် ညို့နားတွင် သောကကူ၍ ရောက်နေရရှာသည်။

ညိုပြောသလို ညိုတို့အိမ်သည် အိမ်နှင့်မတူပါချေ။ သိုက်သိုက်ဝန်းဝန်း စုစုစည်းစည်း မရှိ။ အထူးသဖြင့် အမေနှင့် ဆက်သွယ်ပေါင်းခဲ့သော

အိမ်ထောင်စုတွင် အမေမရှိတော့၍ အဆက်ပြတ်သွားသည်။ ညိုသည် အပြင်လူ သူစိမ်းတယောက် ဖြစ်လာရသည်။ ညို သွားလာ လှုပ်ရှားသမျှကိုလည်း ကျန်လူများက အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ အမေ့အဝတ်အစား သေတ္တာကိုမျှ ညို ရဲရဲမဖွင့်ရ။ ခါတိုင်းဆိုလျှင် ညိုသည် ကျောင်းပိတ်ရက်တိုင်း အမေဝယ်ထားသမျှ အင်္ကျီစများကို သူ့သေတ္တာထဲသို့ ပြောင်းလဲ ထည့်သွင်းစမြဲ။ ယခုတော့ ညိုသေတ္တာဖွင့်လျှင်ပင် အပိတ်ကို စောင့်ကြည့်သူက ကြည့်နေသည်။

အခြေအနေသည် မယုပင် စိတ်မရှည်ချင်တော့။ တခုခု အကြောင်းပြပြီး ပြန်ကြရအောင်ဟု မယုက အကြံပေးလာသည်။ ထိုညမှာပင် ညိုတို့အခြေအနေကို ကြည့်နေသော အတယ်ကလည်း စကားစသည်။

“မိညို နင် ဒီနှစ် စာမေးပွဲ အောင်ပါ့မလား”

“ဒီနှစ်လဲ အောင်မယ်မထင်တော့ပါဘူး”

မယုက ဘေးမှထိုင်၍ စကားအသွားအလာကို နားစွင့်နေသည်။

“စာမေးပွဲ မအောင်ရင် ဘာလုပ်မလဲ”

“အလုပ်တခုခု ဝင်လုပ်မယ်လို့ စိတ်ကူးပါတယ်”

“အေး ကောင်းတာပေါ့၊ အောင်တော့လဲ ဆက်နေပေါ့၊ ငါ့မှာလဲ နင့်အမေကို ဆေးကုရလို့ ငွေအတော်ကုန်သွားပြီ၊ ဒါပေမဲ့ နင့်ကိုတော့ ပညာဆုံးခန်းတိုင်အောင် သင်ပေးရမယ့် ဝတ္တရား ရှိသေးတယ်”

ညိုက ဘာမျှပြန်မပြောမိ။ မယုက အသက်ပင် ရဲရဲမရှူဝံ့။ ခဏကြာတော့မှ ညို့အသံက ထွက်လာသည်။

“ကျွန်မ စာမေးပွဲ မအောင်ရင်ကော ဘယ်လိုလုပ်မှာလဲ”

“အေး၊ နင်ဘယ်လိုလုပ်ချင်သလဲ၊ စာမေးပွဲကလဲ ကျဖို့က များနေတယ်ဆိုတော့ အလုပ်တခုခု လုပ်ရတော့မှာပေါ့၊ ဒီတော့ နင့်အတွက် ရသင့်ရထိုက်တာကိုကော တခါတည်း ယူသွားချင်သလား”

ရုတ်တရက်တော့ ညို ဘာပြန်ပြောရမှန်းမသိ။ သို့သော် ညို့အတွက် အပြတ် စာရင်းရှင်းချင်နေသော သဘောကို ရိပ်စားထားမိ။ ညို့စိတ်က နာကျည်းနေသည်။ ထို့ကြောင့်လည်း မထူးပါဘူး၊ ဟူသောစိတ်ဖြင့် ပြောချလိုက်မိသည်။

“ဟုတ်ကဲ့၊ အတယ်ပေးမယ်ဆိုရင် ယူသွားချင်ပါတယ်”

မယုသည် ညို စကားမပြောတတ်ပုံကို ကျိတ်၍ဆဲမိသည်။

"အေး၊ ဒီတော့ နင့်မှာ နင့်အမေ ပေးထားခဲ့တဲ့ လက်ဝတ်လက်စားတွေလဲ ရှိတယ် မဟုတ်လား၊ အောင်သော်ရှိ မအောင်သော်ရှိ ကျောင်းစရိတ်လဲ နှစ်နှစ်အတွက် ပေးလိုက်မယ် ဟုတ်လား"

ညို ဘာပြောရမှန်း မသိတော့ပါချေ။ ညို့တွင် အမေ ဆင်ထားခဲ့သော လက်ဝတ်လက်စားအချို့ ရှိသော်လည်း ညိုက ကျောင်းနေသူမို့ ကျောက်နှင့်တွဲလုပ်သော ပစ္စည်းလှလှလေးများသာ ယူထားမိသည်။ တကယ့်ထုနှင့်ထည်နှင့် မရှိပါချေ။ အမေ့ထံတွင် ထုထည်ကြီးမားသော ရွှေသား များစွာ ရှိသည်။ ယခုမူ ရှာမတွေ့တော့။ အမေ့သေတ္တာထဲမှ အမေ အစဉ်စုဆောင်းတတ်သော စုဘူးကအစ အမေ ငွေတိုးရအောင် လက်ခံထားသည့် ရွှေတိုရွှေစပင် မရှိတော့ပါပြီ။

"နင်သိတဲ့အတိုင်း ငါ့မှာလဲ နင့်အမေကို ဆေးကုရလို့ သမျှငွေ ကုန်ပြီ၊ နင့်အတွက် ကျောင်းစရိတ်ကိုတောင် ရှာကြံပေးလိုက်ရမှာ"

"ဟုတ်ကဲ့၊ အတယ့်သဘောပါပဲ"

တကယ်တော့ အတယ်သည် ညို့ကို ငယ်စဉ် ကလေးဘဝမှစကာ ပြုစုပျိုးထောင်ပေးခဲ့ရသည့် ကျေးဇူးရှင်ပါပဲ။ မွေးကျေးဇူးကို တန်ဖိုးမဖြတ်စကောင်း။ ရင်နှင့်လွယ်၍ မမွေးရသည့်တိုင် ညို့ကို သမီးရင်းပမာ ပြုစုစောင့်ရှောက်ခဲ့ရသည်။ ပညာသင်ပေးခဲ့ရသည်။

ယခုမှ သွေးက စကားပြောလာခြင်း ဖြစ်၏။ အရင်းစစ်လျှင် ညိုသည် သွေးသားအားဖြင့် မည်သို့မျှ တော်စပ်သူမဟုတ်။ မကျင်ထွေးကမှ သွေးရင်းသားရင်း ဆိုလောက်သေးသည်။ မျှော်လင့် အားကိုးနိုင်သေးသည်။ ညို့ဘက်မှ ကြည့်တော့လည်း တသက်လုံးက အသွင်မတူ၍ ပဋိပက္ခ ဖြစ်ရသည့်နေရာတွင် အမှီသဟဲ မရှိတော့ ပါပဲ ဆက်လက်ရပ်တည်မနေဝံ့။ သည်တော့လည်း လမ်းခွဲကြမှ ဖြစ်မည်။

ငွေနှင့်ပတ်သက်လာလျှင် မေတ္တာတရားသည် အဂတိလိုက်စားတတ်လာသည်။ ငွေကြောင့် မေတ္တာ ပျက်ရသည်။ ငွေကြောင့် စေတနာ အစော်ကားခံရသည်။ အတယ့်စေတနာကို မစော်ကားလိုသည့် တိုင် ညို့ဘဝကို အထီးတည်း ရပ်တည်ဖို့ရန် ငွေလိုသည်။ ထို့ကြောင့် ညို နာမည်ပျက်ရသည်။ ငွေကြောင့် မိန်းမဆိုးလေး အမည်ခံရသည်။ သို့သော် ထိုငွေသည် မဖြစ်စလောက်သော ငွေ။ ပန်းကန်အနားဘေးမှ လျှံကျလာသော ရေသာတည်း။

"နင် စကားအပြောမတတ်မှန်း ငါ ခုမှသိတယ်၊ ဟိုက ဒီ အကွက်ဝင်အောင် စောင့်နေတာ၊ နင့်အတွက် ရသင့်ရထိုက်တာ တခါတည်း ယူသွားမလားဆိုတော့ ယူသွားချင်ပါတယ်လို့ ဘာလို့ ပြောရသလဲ၊ အတယ့်သဘောပါ အတယ် ကြိုက်သလိုလုပ်ပါလို့ ပြောပါလား၊ ခုတော့ ဘာမဟုတ်တာလေးနဲ့ ပြောစရာရှိရင် နင့်အဆိုးပဲ အပြောခံရမှာ"

မယုသည် ညို့ဘက်က မခံမရပ်နိုင်ဖြစ်ကာ တဖွဖွ ဆူပါလေတော့သည်။

"သူက ဒီလိုပဲ ဖြစ်စေချင်တာပဲဟာ၊ ညိုမသွားလို့ ညို ဘယ်လိုလုပ် ဆက်နေမလဲ၊ ညို့ကို မနေစေချင်တာလဲ သိနေရတယ်၊ ဒီတော့ သွားရမှာပဲ၊ ညိုသွားရင် လက်ချည်းပဲ သွားလို့တော့ ညို့ဘဝ ဘယ်လိုလုပ် ရပ်တည်နိုင်မလဲ"

"အေးလေ၊ ဒါကို ညိုက ရင်ထဲမှာထားပြီး စကားကို အလိမ္မာသုံးပြီး ပြောပါလား၊ ခုတော့ ကြည့်၊ အဲဒီ ကျောင်းစရိတ် နှစ်နှစ်ကလေးနဲ့ ညို့ကို တသက်စာအဖြစ် အပြတ်ပေးလိုက်မှာ"

"ခက်တယ် မယုရယ်၊ အမေ့ပစ္စည်းတွေနဲ့ ရှိသမျှငွေတွေ ကုန်ပြီဆိုတာ မဟုတ်မှန်း ညိုသိတယ်၊ ငွေတွေကုန်ပြီဆိုပြီး သတင်းလွှင့်နေကတည်းက ညို့စိတ်ထဲကတော့ ထင်ခဲ့မိသား၊ ဒါ သက်သက် လုပ်ကြံပြောနေတာပဲ ဆိုတာကိုလေ၊ ခုတော့ မယုပြောသလိုပဲ ဆင်ထားတဲ့ အကွက်ထဲကိုမှ ညိုက ဝင်မိပြီ"

"ကိုယ့်အိမ်မှာ ဘယ်လောက်ရှိလို့ ရှိမှန်းမှ မသိဘူးလား ညိုရယ်"

"မသိဘူး မယုရယ်၊ ညိုက အိမ်တွင်းကိစ္စ ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး၊ စီးပွားရေးလဲ ညို သိအောင် မကြိုးစားဘူး၊ အမေ ဆေးကုနေတုန်းက မကျင်ထွေးကပြောမှ သိတယ်၊ ငွေ ဘယ်လောက် ကုန်ကုန် အတယ်က မဖြုံပါဘူးတဲ့၊ ငွေကုန်ရင် ရွှေတွင်း ရှိသေးတာပဲတဲ့"

"ဒါနဲ့များကွာ ကျောင်းစရိတ်လေးတောင် အနိုင်နိုင်ပေးရမယ့် ပုံမျိုး ပြောသေးတယ်"

ထိုညက ညိုနှင့်မယုတို့ နှစ်ယောက်လုံး အိပ်မပျော်ကြ။ မနက်ကျတော့ ညိုတို့မျှော်လင့်သည်ထက် ဆိုးရွားသော အခြေအနေကို ရင်ဆိုင်ကြရသည်။ စာချုပ်စာတမ်းတွေ ရိုက်လာသည်။ စာချုပ်တွင် ညို့ထံ၌ ရှိနေသော လက်ဝတ်ပစ္စည်းစာရင်းကို တသီတတန်းကြီး အမှတ်စဉ်ထိုး၍ ဖော်ပြထားသည်။ ပြီးတော့မှ ကျောင်းစရိတ် ငွေသား ၈၀၀၊ ရပ်ကွက်လူကြီး စုံရာရှေ့မှာ ညိုက လက်မှတ် ထိုးယူရသည်။ စာချုပ်တွင်ရေးထားသော စာကို ညို ရဲရဲပင် မဖတ်ဝံ့။

နောက်မှ မယုက ယူကြည့်သည်။ သမီးဖြစ်သူ ညိုညိုကို ရသင့်ရထိုက်သော အမွေဝေစုများ ခွဲဝေပေးပြီး ဖြစ်ပါ၍ နောင် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း။ မယုသည် ကရုဏာဒေါသောဖြင့် အသားများပင် ဆတ်ဆတ်တုန်နေလေသည်။

“ကဲကွာ စိတ်ဆင်းရဲမနေနဲ့ ပြန်ကြပါစို့၊ ဖြစ်သမျှအကြောင်းပဲပေါ့၊ ကိုယ့်ဘဝကိုယ် ကြိုးစား ရပ်တည်ဖို့ပဲ ရှိတာပဲ”

ညိုသည် စိတ်နာနာဖြင့် ပစ္စည်းများကို ချက်ချင်းထုပ်ပိုးကာ ရန်ကုန်ပြန်ရန် ပြင်ဆင်ရသည်။ ညိုသိမ်းသမျှ ယူသမျှ ပစ္စည်းများကို အတယ်က စစ်ဆေးကြည့်ရှုသည်။

“လုံချည်အသစ်တွေ မကျင်ထွေးဖို့ ထားခဲ့ဦးလေ”

အမေ့သေတ္တာထဲမှ လုံချည်အချို့ကိုပင် အတယ်က ပြန်တောင်းသည်။

“ဒီလောက်တောင် ဖြစ်လှတာ ရသမျှပစ္စည်း အကုန်သာ ထည့်ကွာ”

မယုသည် စိတ်ဆိုးဆိုးနှင့် ညို့အသုံးအဆောင် ပစ္စည်းမှန်သမျှ မကျန်ရအောင် အကုန် လျှောက်သိမ်းလေသည်။

“ရထားမမီပဲနေမယ် မယုရေ၊ ညိုတော့ ဒီအိမ်မှာ တစက္ကန့်လေးတောင်မှ မနေချင်တော့ဘူး”

ညိုသည် မျက်ရည်ဝဲဝဲနှင့် အတယ့်ကို ရှိခိုးဦးချလေသည်။ အမေသင်ပေးထားခဲ့၍ ကျောင်းသို့ ပြန်ခါနီးတိုင်း အတယ့်ကို ကန်တော့ခဲ့ရမြဲ။ ယခုတော့ ညို့ရင်ထဲတွင် ဝမ်းနည်းစိတ်ရော နာကျည်းစိတ် ရောထွေးနေသည်။

လောကသားတို့သည် လောကဓမ္မတာအလျောက် လောဘ ဒေါသ၊ မောဟ ဖုံးလွှမ်းနေတတ်သည့် တိုင် တခါတရံတော့လည်း ရင်တွင်းမှ မေတ္တာတရားနှင့် သံယောဇဉ်သည် ငုပ်လျှိုးနေရာ ထိုးထွက်အန်ကျလာတတ်လေသည်။

ညိုရှိခိုးဦးချတော့ အတယ့်မျက်လုံးအိမ်တွင် မျက်ရည်စများ ဝဲနေလေသည်။

※※※

၁၁

ကိုယ့်အရေး ကိုယ့်ကိစ္စထက် သူတပါးအရေး သူတပါးကိစ္စတွင် ပိုမိုစိတ်ဝင်စားနေသူတို့ ဤလောကတွင် ဒုနှင့်ဒေး ရှိနေလေသည်။ မိမိကိုယ်ရေးကိုယ်တာမှ လွဲလျှင် တပါးသူ၏ ကိုယ်ရေးကိုယ်တာကို မည်သူမျှ ရင်းမြစ်သေချာစွာ မသိနိုင်။ သို့သော် သိရှိလေဟန် ဝေဖန်ကြသည်၊ သတင်းလွှင့်ကြသည်။

မိမိနှုတ်မှ အမှတ်မထင် ထွက်လွင့်သွားသော စကားတခွန်းသည် တဖက်သား၏ ဘဝတခုလုံး ထိခိုက်ဆုံးရှုံးသွားတတ်သည်ကို သတိမထားမိကြပါချေ။

"လောကကြီးက သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ"

စကားပြောတိုင်း လောကကြီးနှင့်ချီ၍ ပြောပြောနေသော ညို့စကားကို ကြားတော့လည်း ဗယ်လာရီနားက ရိုးနေပြီ။ ညိုက အလေးအနက်ပြောသော လက်သုံးစကားလေးသည် အမှတ်မထင် ဗယ်လာရီအတွက် နေရာတကာ ထည့်ထည့်သုံးတတ်သော ဗန်း စကားလေး ဖြစ်၍လာသည်။

"အား လောကကြီးက ပျင်းဖို့ကောင်းလိုက်တာ၊ ရုပ်ရှင်သွားရရင် ကောင်းမှာပဲ"

ဗယ်လာရီကလည်း လောကကြီးနှင့်ချီ၍ ငြီးပြတတ်သည်။

"လောကကြီးမှာ ထမင်းလဲ စားလို့မကောင်းဘူးကွာ၊ ဈေးထဲ သွားပြီး တခုခုစားကြရအောင်"

"လောကကြီး" ဟူသော စကားလုံးသည် ပြက်လုံးတခုပင် ဖြစ်၍နေပြီ။ သို့တိုင် ညိုကတော့ လောကကြီးနှင့်သာ ရင်ဆိုင်တိုက်ခိုက်နေဆဲ။ ခုလည်း ညိုက လောကကြီးနှင့် ကိုင်ပေါက်ပြန်ပြီ။

"ညိုတို့မြို့က လူတွေက ပြောနေကြတယ်တဲ့၊ ညိုညို၊ တယောက် တသက်လုံး ကျွေးမွေးလာတဲ့ အဘိုးကြီးမျက်နှာကိုမှ မထောက်၊ အမွေတွေ တနင့်တပိုးတောင်းပြီး ခြေစုံကန် ထွက်သွားပြီတဲ့"

"ခံနိုင်ရည်ရှိအောင် ကြိုးစားစမ်းပါ ညိုရာ"

"တကယ်တော့ ညို့မှာ အားကိုးစရာမရှိ နေစရာမရှိ၊

သောင်ပြင်လွှတ်တဲ့ခွေးလို ဖြစ်ရတာ”

ညို့အတွက် ဆက်လက်ရပ်တည်နေနိုင်ဖို့ တယောက်တည်း ရုန်းကန်နေရသည်။ ယခုမှ အမိပ္ပာယ် မရှိသော ဘဝ၊ မျှော်လင့်ချက် ကင်းမဲ့သော ဘဝ။

ပိုက်ဆံတပြားမှ မရှိတော့ဘူးဟူသော ညို့အတယ်က နောက်မိန်းမတယောက်ကို ရွှေ ၄၀ သား တင်၍ တောင်းယူလိုက်သည်ဆိုတော့ ညိုက လောကကြီးကို ဟားတိုက်၍ ရယ်ပစ်လိုက်မိသည်။

ညို မျှော်လင့်ခဲ့သည့်အတိုင်း စာမေးပွဲက မအောင်ပါချေ။ သည်တော့လည်း အလုပ်ရှာရပြန်သည်။

“ဆရာတော့ ညို့ကို အလုပ်မလုပ်စေချင်သေးဘူး၊ စာမေးပွဲကိုပဲ အပြင်ကနေ ဆက်ဖြေစေချင်တယ်”

ညို့ကို သံယောဇဉ်မပြတ်နိုင်သော ဆရာသည် ညို့အနာဂတ်အတွက် ရင်လေးနေမိသည်။

“စာမေးပွဲကိုတော့ ညို မဖြေချင်တော့ဘူး ဆရာ၊ စာမေးပွဲနဲ့ ညိုနဲ့ အကျိုးမပေးပါဘူး၊ ဖြေမယ် ဆိုရင်တောင် နောင် အေးအေးဆေးဆေးမှပဲ ဖြေတော့မယ်”

“ညို့ကို ကျောင်းသူတယောက်အဖြစ်ပဲ မြင်ချင်တယ် ညို၊ ကျောင်းမနေတော့ဘူး ဆိုကတည်းက ညိုဟာ လူ့ဘဝထဲကို ခြေစုံပစ်ဝင်လိုက်တဲ့ လူတယောက် ဖြစ်သွားပြီ၊ တကယ်တော့ ညို့မှာ ဘဝကို ရင်ဆိုင်နိုင်တဲ့ အင်အားမှ အပြည့်အဝ မရှိသေးတာပဲ ညိုရယ်”

“အင်အားမရှိပေမယ့် အခြေအနေက ပေးလာပြီပဲ ဆရာရယ်”

ချမ်းမြငြိမ်သည် တိတ်ဆိတ်နေလေသည်။ တနင်္ဂနွေနေ့မို့ ဗယ်လာရီက ကျော်ဇောထွန်းနှင့် အပြင်ထွက်သွားသည်။ ကျန်လူများကလည်း ရုပ်ရှင်သွားကြမည်။ ချမ်းမြငြိမ်ရှေ့မှ ဗာဒံပင်အောက်တွင် ဆရာနှင့်ညို နှစ်ယောက်တည်း ရှိသည်။

ဆရာသည် ညို့ကိုကြည့်ကာ တစုံတခု ပြောနိုင်ရန် အားယူ ပြင်ဆင်နေမိလေသည်။

ညိုက ကြွေကျနေသော ဗာဒံရွက်လေးများကို တုတ်ကလေးတချောင်းဖြင့် လိုက်ဆွဲကာ တနေရာတွင် စုပုံနေမိသည်။

“ညို ညို”

“ရှင်”

ဆရာက ရုတ်တရက်ခေါ်လိုက်၍ ညိုကလည်း ရုတ်တရက် ထူးလိုက်မိသည်။ ဘာစကားမျှ ထွက်မလာမီကပင် ဆရာ့မျက်နှာက ပျက်၍နေချေပြီ။

“ညို ညို ကျောင်းပဲ ဆက်နေပါ ညိုရယ်၊ ညို့အတွက်လေ ညို့အတွက် ဆရာ အစစ တာဝန်ယူပါ့မယ်”

ထိခိုက်နစ်နာစေမည့် စကားလုံး မပါသည့်တိုင် ဆရာ့အသံများက တုန်နေသည်။ ညိုက မသိဟန်ဆောင်ကာ လေပြည်လေးဖြင့် ပြုံးကာ ပြောမိသည်။

“ကျောင်းမှ တက်ခွင့်မရှိတော့တာပဲ ဆရာရယ်”

“ဒါပေမဲ့ ညို အပြင်က ဆက်ဖြေနိုင်တယ်လေ၊ ကျောင်းမှ စာရင်းမဝင်ပေမယ့် ခါတိုင်းလိုပဲ ညို လာတက်နိုင်တာပဲ၊ ညို့ကို အားလုံးသိနေကြတာ၊ ဘယ်သူကမှ မတားဆီးပါဘူး ညိုရယ်"

“ဟင့်အင်း ဟင့်အင်း၊ ကျောင်းကို ညို စိတ်နာတယ်၊ စာမေးပွဲကိုလဲ စိတ်နာတယ်၊ အို အားလုံးကိုပဲ၊ တလောကလုံးကိုပဲ"

တကယ်တမ်း ပြောရတော့မယ်ဆိုတော့ ဆရာ့နှုတ်မှ စကားလုံးများသည် ပီပီပြင်ပြင် ထွက်မလာကြတော့။ ငိုမလိုဖြစ်နေသော ညို့မျက်နှာကြောင့်လည်း စကားလုံးများကို ပြန်လည်မျိုချ သိမ်းဆည်းနေမိသည်။

“အဲဒီ တလောကလုံးထဲမှာ ဆရာတော့ မပါပါရစေနဲ့ ညိုညိုရယ်၊ ဆရာပြောသမျှတွေဟာ ညို့အတွက် စေတနာချည်းပါပဲ”

ညို မျက်ရည်မကျမီ ဆရာ ပြန်လာခဲ့သည်။ တကယ်တော့ ညို့ကို ကလေးတယောက်လို ပိုက်ထွေး ချော့မြူချင်ပါဘိ။ သို့သော် ညို့အပေါ် အခွင့်အရေးယူသလို ဖြစ်သွားမည့် အခြေအနေမျိုးကို ဆရာမလိုလား။ ညိုတယောက် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်အထိတော့ စောင့်ကြည့်နေဖို့ လိုဦးမည်ဟု ဆရာထင်သည်။

ညိုဆိုသော မိန်းကလေးသည် သူ့မေတ္တာနှင့် စေတနာကို လုံးဝနားမလည်သည့်တိုင် တစုံတခုသော အတိုင်းအတာအထိတော့ သိရှိလက်ခံထားမည်သာ။ သည်မျှဆိုလျှင် ဆရာကျေနပ်ပြီ။

※※※

“ရင်မဆိုင်ဝံ့လောက်အောင်တော့ ညို သတ္တိမနည်းသေးပါဘူးကွယ်၊ ဘယ်လိုမှ မခံစားရပါဘူး လို့တော့ ညို ရဲရဲမဆိုဝံ့သေးဘူး၊ ဒါပေမဲ့ သီလာစေချင်ရင် လာပါ့မယ်”

သီသီက မေမေ့ဆန္ဒအရ ပြုလုပ်မည့် အသက် ၅၀ ပြည့် မေမေ့မွေးနေ့ပွဲလေးကို ညိုတယောက် လာစေချင်နေသည်။ ဘုန်းကြီးများကို ဆွမ်းပင့်ဖိတ်ကျွေးပြီး မိသားစု ပျော်ပျော်ပါးပါး မုန့်ဟင်းခါး လက်ဆုံစားကြမည်။ သားသမီးရင်းချာလို ဝင်ထွက်စားသောက်နေသော ညိုတယောက် ခြေဦးလှည့်မလာတော့သည်ကို မေမေ စိတ်မကောင်း။ ထို့ကြောင့်လည်း သည်ပွဲကို ညို လာစေချင်သည်။ ညိုတယောက် စိတ်ညှိုးနွမ်း အားငယ်မည်ကိုတော့ စိုးသည်။ ကိုကိုနိုင်တို့ မိသားစုလည်း ရန်ကုန်ကို ရောက်နေကြသည်။ ညို ရင်ဆိုင်လိုပါ့မလား မသိ။

“လူကတော့ လူစုံပဲ ညို၊ ညီညီတို့လဲ ရောက်နေတယ်၊ လူစုံမှာမို့ ညို့ကိုလဲ လာစေချင်တယ်၊ လူစုံမှာမို့လဲ ညို မလာချင်မှာ စိုးတယ်”

“ညို့ဘဝမှာ ခါးသီးတဲ့ အတွေ့အကြုံတွေ ရိုးနေပြီပဲကွယ်၊ ဒီလောက်တော့ မဆန်းတော့ပါဘူး၊ သိဟောင်းကျွမ်းဟောင်းနဲ့ ပြန်တွေ့ရသလို နေမှာပေါ့၊ ညို လာခဲ့ပါ့မယ်”

ထိုနေ့ကတော့ အလျှင်တခါလို လှလှပပ စိတ်တိုင်းကျ ခြယ်သလိုစိတ် မရှိတော့။ အင်္ကျီအဖြူနှင့် လုံချည်အပြာနုနုကိုသာ ရွေးဝတ်သည်။ ဆံပင်ကို ခပ်မြင့်မြင့် စည်းနှောင်ကာ ပန်းဖြူဖြူတပွင့်ကို ပန်သည်။ ဖိနပ်ဖြူဖြူပါးပါးလေး စီးကာ လက်ကိုင်အိတ် ဖြူဖြူဖွေးဖွေးလေးကို ကိုင်သည်။

“ကြည့်စမ်း လောကကြီးမှာ ညိုက ဒီနေ့ သိပ်အဆင်ပြေနေတာပဲ၊ နှုတ်ခမ်းကို ဆေးနုနုလေး ဆိုးလိုက်ပါဦးကွယ်၊ ခဏလေး နော် ခဏလေး၊ မျက်ရစ်ကလေး နည်းနည်းဆွဲပေးမယ်၊ နည်းနည်းလေးပါ နည်းနည်းလေး”

ဗယ်လာရီက သူငယ်ချင်းဖြစ်သူကို လှစေချင်သည်။ အမြဲ မြင်နေရ၍လား၊ ချစ်ခင်နေ၍ပဲလား မသိ။ ဗယ်လာရီစိတ်တွင်တော့ ညို့ကို အရုပ်ဆိုးသည်ဟု မထင်မိ။ ရိုးရိုးယဉ်ယဉ်နှင့် ချစ်စရာ ကောင်းသည်။ မြန်မာဆန်သည်။ ပြုံးလိုက်လျှင် လှလာသည်ဟုပင် ထင်မိသေးသည်။

“တော်ပြီကွယ် တော်တော့၊ မလိုက်ပဲနဲ့ ပြင်နေရင် ပိုဆိုးနေဦးမယ်”

“မဆိုးပါဘူးကွယ်၊ မှန်ထဲမှာ ကြည့်ပါဦး၊ ဒီတခါ သနပ်ခါး လိမ်းထားတာလဲ

ညီတယ်”

ညို ငြင်းဆန်နေသည့်ကြားမှ ဗယ်လာရီက ညို့ပါးပြင်နှစ်ဘက်ကို မိတ်ကပ်ပါးပါးလေး တင်ပေးသည်။

“ကဲကဲ သွားတော့၊ တော်ကြာ ကိုကိုနိုင်ကြီးက ဝေဠုဝတီကို နားရွက်ကားတယ်ဆိုပြီး ပစ်မိတဲ့ ဟိုဘုရင်ကြီးလို ခုမှ ညို့အလှတွေ မြင်ပြီး ယူကျုံးမရ ဖြစ်နေရဦးမယ်”

သတ္တိရှိပါသည် ဆိုသည့်တိုင် အိမ်နားနီးလေလေ ညို့ရင်က လှုပ်ရှားလာလေလေ ဖြစ်နေသည်။ ကိုကိုနိုင်နှင့် ပတ်သက်လာလျှင် ညိုသည် အမြဲလို မတည်မငြိမ် ဖြစ်နေတတ်သည်။

“မမညို လာတယ်နော်၊ လာ မမညို”

ကျော်ကျော်က ညို့ကို အားရဝမ်းသာ ဆီးကြိုသည်။ မေမေရယ်၊ ညိုရယ်၊ ကျော်ကျော်ရယ်၊ သီသီနှင့် အတွက်ရယ် ဝိုင်းဖွဲ့ စားသောက်ကြသည်။

“ကိုကိုတို့တော့ မလာသေးဘူး”

တခုခုကို မျှော်လင့် ရှောင်ရှားနေရခြင်းဖြင့် မလွတ်မလပ် ဖြစ်စေသည်။ ထိုအခြေအနေမျိုးကို ချေဖျက်ရန် သီသီက ကြိုးစားသည်။ သီသီအနေဖြင့် တစုံတရာ အနှောင့်အယှက် မရှိဘဲ အားလုံး ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေစေချင်သည်။

“ကိုကိုက သူ့မိန်းမအိမ်မှာလား”

ညိုက ဘာမှုမဖြစ်သလို ဝင်၍ ထောက်လိုက်သည်။

“ဟုတ်တယ်၊ ဟော ဟိုမှာ လာပြီ”

သည်လိုတော့လည်း ညို လှည့်မကြည့်ဖြစ်။ စားလက်စ မုန့်ကိုခပ်နေသည့် လက်သည်ပင် အနည်းငယ် တုံ့သွားသည်။ သည်အတွက် ညို့ကိုယ်ညို မကျေမနပ် ဖြစ်မိရပြန်သည်။ ညို့မြင်ကွင်းသို့ ပထမဆုံးဝင်လာသူမှာ ကိုကို့သမီးငယ် “သန္တာညို” ပင် ဖြစ်လေသည်။

“သန္တာ့အင်္ကျီလေးက လှလိုက်တာကွယ်၊ အန်တီကို ချစ်ရဲ့လား၊ ပြောပါဦး”

“ချစ်တယ်၊ အများကြီးချစ်တယ်”

ချစ်စရာကောင်းသော သန္တာညိုသည် စကားပင်ပြောတတ်နေချေပြီ။ သည်လိုတော့လည်း လောကကြီးက ဘာမှုမဆန်းပါပဲကလား။ လူတိုင်း

လူတိုင်းသည် ပြီးခဲ့သည့် အတိတ်ကို အထူး ကြိုးစားမနေရဘဲ မေ့ပျောက်လွယ်တတ်ကြပေသည်။ အတိတ်ကို တမ်းတ၍သာ ဆွေးနေရလျှင် လောကအဖြစ်အပျက်များသည် ဆက်လက် ပြောင်းလဲ ပေါ်ထွန်းလာတော့မည်မဟုတ်။ အဟောင်းသည် အဟောင်းသာဖြစ်၍ အသစ်သည် အသစ်သာ ဖြစ်သည်။ လူတိုင်း လူတိုင်းတွင် သမားရိုးကျ စိတ်ခါတ်လေးများ တူညီစွာ ခိုအောင်း နေကြပေသည်။

ယခုပဲကြည့်။ မိဘတိုင်းသည် သားသမီးတယောက် သဘော မတူဘဲနှင့် ယူသွားလျှင် အစပထမတော့ စိတ်ဆိုးကြသည်။ နောက်တော့လည်း မြေးဦးဖြင့် ရှူးနေတတ်ကြပြန်သည်။ သီသီတို့ မိသားစုသည် ကိုကို့ကိုလည်းကောင်း၊ ကိုကို့ဇနီးကိုလည်းကောင်း ခွင့်လွှတ်ချစ်ဖြင့် ချစ်၍ နေကြရပြီ။ ညို့အတွက် ကိုကိုကို့ နာကျည်းလှချည်ရဲ့ဆိုသော သီသီသည်ပင် တူမချောလေး သန္တာညိုကို ငုံထားမတတ် ချစ်နေရပေပြီ။

“ညို စားပြီးပလား”

ကိုကိုနှင့် ညိုသည်လည်း သိဟောင်းကျွမ်းဟောင်းတွေပါပဲ။ ကိုကိုက ညို့ကို ဣန္ဒြေရစွာ နှုတ်ဆက်လာသည်။

“ပြီးပါပြီ”

ညိုက ရဲရဲဝံ့ဝံ့ မော့ကြည့်ဖြစ်အောင် ကြိုးစားလိုက်သည်။

“သူက ညိုညိုလေ ထွေး”

“ဪ ဟုတ်လား၊ အရင်တလောက ညိုညိုတို့အမေ ဆုံးသွားတယ်နော်”

ကိုကို့ဇနီးက သွက်လက်ပျူငှာသည်။

“ဟုတ်ပါတယ်”

“သူ့နာမည်က သက်သက်ထွေးတဲ့”

သီသီက ဝင်ပြောပေးသည်။ သည်တော့လည်း သက်သက်ထွေးကို ညိုက ပြုံးပြရပြန်သည်။ သက်သက်ထွေးကို သေသေချာချာ ကြည့်မိမှ ညိုသည် ကိုကို့ကို ပို၍နားလည်လာသည်။ ကိုကိုက သက်သက်ထွေးကို ဘာကြောင့် လက်မလွှတ်နိုင်ခဲ့သည်ကိုလည်း ပို၍သဘောပေါက်လာသည်။ ကိုကိုက ညို့ကို ဘာကြောင့် ပစ်ပယ်ဝံ့သည်ကိုလည်း ပို၍ သိမြင်လာသည်။

နာမည်လှသလောက် နူးနူးညံ့ညံ့ အိအိထွေးထွေးနှင့် လှပ ချောမွေ့သော

သက်သက်ထွေးပေတကား။

"ညိုတို့အမေဆုံးတော့ ကိုကိုတို့ မြင်းခြံမှာ ရောက်နေတယ်၊ ကိုကို စိတ်မကောင်းပါဘူး ညို"

ကိုကိုကလဲ လူကြီးတယောက် ဖြစ်နေပြီပဲ၊ လောကွတ် ပျူငှာစကားတွေကို အစဖော်ပြီး ပြောတတ်နေပြီကော။ သို့သော် ညို သည်နေရာမှာ ကြာကြာမနေချင်ပါ။

"ညို လာတာကိုပဲ သီဝမ်းသာလှပါပြီကွယ်၊ သီလေ ညို့ကို ဟိုအစက အခြေအနေမျိုးလိုဘဲ ဒီအိမ်မှာ ဝင်ကာထွက်ကာနဲ့ ခင်ခင်မင်မင် ပြန်နေစေချင်တယ်၊ ဒီအတွက် နည်းလမ်းရှာကြံနေခဲ့မိတာ ကြာပါပြီ ညိုရယ်"

"ညို ကြိုးစားပါ့မယ် သူငယ်ချင်းရယ်၊ ဒါဟာ ပဏာမ ရှိသေးတာပဲ၊ ခုတော့ ညိုပြန်ပါရစေဦး၊ နောက်တခါဆိုရင်တော့ ညိုဟာ အားလုံးကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ပုံမှန်အနေမျိုး ပြန်ရောက်နိုင်လိမ့်မယ် ထင်ပါရဲ့ကွယ်"

သီသီနှင့် အတွတ်က ညို့ကို ခြံဝအထိ လိုက်ပို့သည်။ ပြန်ခါနီးတွင် ညိုက သီသီလက်ကိုဆွဲကာ သူပြောချင်သော စကားကို ပြောဖြစ်အောင် ပြောခဲ့သေးသည်။

"ကိုကို့ကို အရင်ကထက်ပိုပြီး ခွင့်လွှတ်လိုက်ပြီ သီသီ"

"ဘာဖြစ်လို့လဲ ညို"

"သက်သက်ထွေးဟာ သိပ်လှတဲ့ မိန်းကလေး ဖြစ်နေလို့ပဲပေါ့ကွယ်"

※※※

"မင်းကို လှတဲ့ပန်းလေးတပွင့်နဲ့ မလှတဲ့ပန်းကလေးတပွင့် ပေးရင် ဘယ်ဟာကို ယူမလဲ ဗဲလ်"

"လောကကြီးမှာ လှတာကိုပဲ ယူမှာပေါ့"

ညို့ကို နောက်ရင်းပြောင်ရင်းဖြင့် "လောကကြီးမှာ" ဟူသော စကားကို ဗယ်လာရီက အလိုလို အကျင့်ပါနေသည်။

"လူတိုင်းဟာ လှတာကိုပဲ ကြိုက်ကြတာပဲနော်"

"ဟော၊ လောကကြီးမှာ သူ ရောဂါ တက်လာပြီ ထင်တယ်"

"ကိုကို့မိန်းမက သိပ်လှတယ်"

ဗယ်လာရီအသံ တိတ်သွားသည်။ ခဏာနေမှ ညို့ပခုံးလေး နှစ်ဘက်ကို ကိုင်၍ ပြောသည်။

"ဒီမှာညို လူတိုင်းဟာ လှတာကိုပဲ ကြိုက်တယ်ဆိုရင် အဲဒီထဲမှာ ညိုလဲပါတယ်"

"ဟုတ်လား၊ ညိုပါသလား"

"သိပ်ပါတာပေါ့ ညိုရယ်၊ ညို ကိုကိုနိုင့်ကို ဘာလို့ချစ်သလဲ"

"အို ဒါတော့"

"ညို ဆရာ့ကို ဘာလို့ မချစ်နိုင်သလဲ"

"ဆရာ့ကို မစော်ကားချင်လို့ပါ"

"ဘာဆိုင်လဲကွာ"

"ဒီလိုရှိတယ် ဗဲလ်ရယ်၊ ညိုနဲ့ ကိုကိုနိုင် တွေ့ခဲ့ကြတဲ့အချိန်မှာ ဆရာလဲ ရှိနေတာပဲ၊ ဒီတုန်းကတော့ ဆရာ့ကို ညို ဂရုမစိုက်ဘူး၊ ခု ကိုကိုက ပစ်သွားတော့မှ ဆရာ့အချစ်ကို လက်ခံမယ်ဆိုရင် ညို့အချစ်ဟာ မှန်ကန်နိုင်ပါ့မလား"

"အချစ်ဆိုတာ ကုန်သွားတာမျိုးမှ မဟုတ်ဘဲကွယ်၊ နှလုံးသားရှိနေသမျှ ချစ်တတ်နေမှာပဲ"

သည်တခါတော့ ဗယ်လာရီက သူ့သဘောတရားတရပ်ကို ထုတ်ပြလိုက်သည်။ ညို့သဘောတရား တွေကိုသာ နားထောင်ခဲ့ရပေါင်း များပြီ။

"ညို့အတွက်တော့ ကုန်သွားပြီ"

"အလကားပြောတာ၊ ညို ညာတာ၊ ညို ဆရာ့ကို တကယ် ချစ်ရမှန်း မသိသေးလို့၊ တနေ့မှာ ညို နောက်ထပ် ချစ်သူတွေ့ဦးမှာပဲ။ ဒီတော့မှ အချစ်သဘောတရားကို ညို ကောင်းကောင်း နားလည်မယ်"

အချစ်၏သဘောတရားကို တကယ်ပင် ညို နားမလည်သေး၍ဘဲလား မသိ။ ယခုထိတော့ ညို့ရင်တွင် ချစ်စိတ်တွေ ကုန်ခန်းနေသည်ဟု အမှန်ပင် ထင်မိသည်။ ဗယ်လာရီကတော့ မကျေမချမ်းနိုင် ဆက်ပြောနေသေးသည်။

လူတယောက်ဟာ လူအများကြီးကို ချစ်လို့ရတယ်၊ သစ္စာတရားကို မဆိုလိုဘူး၊ အချစ်ကို ပြောတာ၊ အဖေ့ကို ချစ်သလို အမေ့ကိုလဲ ချစ်တာပဲ၊ အစ်ကိုတွေ မောင်တွေ ရှိရင်လဲ ချစ်လို့ရသေးတာပဲ၊ ထောင့်ငါးရာမှာလဲ ဒီအတိုင်းပဲ

နေမှာပေါ့၊ ကိုကိုနိုင်ကို ချစ်တာက ချစ်တာတခြား၊ ဆရာ့ကို ချစ်တာ ချစ်တာတခြား ချစ်လို့မရတော့ဘူး ဆိုတာတော့ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ လောကကြီးမှာ”

ဗယ်လာရီက သူ့လက်သုံးစကားလေး ကျန်ခဲ့မည်စိုး၍ နောက်ဆုံးမှ ထည့်ပေးလိုက်သည်ကို ညိုက သဘောကျစွာ ရယ်မောမိသည်။ ညိုတို့ ဟက်ဟက်ပက်ပက် ရယ်ပြီဆိုတော့လည်း အတောမသတ်နိုင်။ ညို ရယ်လိုက်၍ ဗယ်လာရီရင်မှာ ပေါ့ပါးသွားသည်။

“အချစ် သဘောတရားမှာတော့ မင်းကို ဆရာတင်လိုက်မယ် ဗဲလ်ရေ၊ ဆရာနဲ့ ပတ်သက်လို့ မငြင်းကြပါစို့နဲ့၊ ဆရာ၊ ညို့ကို ချစ်တယ်လို့ တခွန်းမျှ မပြောသေးပါဘူး”

“ဒါတော့ နှစ်ယောက်စလုံး သိနေကြတဲ့ ကိစ္စကိုးကွ”

“အင်းလေ၊ ဆရာကတော့ ညို့ကို ချစ်တယ်ထင်ပါရဲ့၊ ဒါပေမဲ့ ညို မယုံချင်တော့ပါဘူး၊ ဆရာလဲ လှတဲ့မိန်းကလေးတွေ့ရင် ချစ်သွားမှာပဲ၊ ခုတော့ ဆရာ့နားမှာ ညိုတယောက်တည်း ရှိနေတာကိုး”

“တက္ကသိုလ်မှာ အချောအလှတွေ တပုံကြီးပါကွယ်”

“ဒါပေမဲ့ ဆရာနဲ့ မနီးစပ်သေးလို့ ဖြစ်မှာပေါ့”

“အင်းလေ ညို့အယူအဆတွေ မှန်သလား မှားသလားဆိုတာတော့ ညို တနေ့ သိမှာပေါ့၊ ခုချိန်မှာတော့ ညိုဟာ အနှောင်အဖွဲ့တခုထဲက မထွက်နိုင်သေးတာ အမှန်ပဲ”

ဗယ်လာရီသည် ညို့အပေါ် အနီးစပ်ဆုံးသော ဝေဖန်သုံးသပ်မှုကို ပြုခဲ့ချေသည်။

※※※

၁၂

လောကကြီးက အလကားပါပဲ။ ဘာမျှ မက်မောတွယ်တာစရာ မရှိပါဘူး။ လူတွေကလည်း စိတ်ပျက်စရာကြီးပါ။ မေတ္တာတရားကိုလည်း တန်ဖိုးထားတဲ့လူ ခပ်ရှားရှား။ ချစ်မေတ္တာကို နှုတ်က ကြွေးကြော်ပြီး အလှအပနောက်ကို ကောက်ကောက်ပါသွားသူတွေလည်း ဒုနဲ့ဒေး။

ပြီးတော့ ကိုယ်က အလေးအနက် ထားတိုင်းလည်း အရာရာသည် အလေးအနက် ဖြစ်မလာတတ်။ သည်တော့လည်း ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့နေတာပဲ ကောင်းသည်။

ညိုသည် သူ အမြဲတင်စားတတ်သော ‘လောကကြီး’ မှ လေလွင့်ငှက်တကောင် ဖြစ်မှန်းမသိ ဖြစ်၍ လာလေသည်။ ညို့အတွေးများသည်လည်း ပေါ့ပါးပျံ့လွင့်၍ နေသည်။ ရည်ရွယ်ချက် မရှိ။ ဦးတည်ချက် မရှိ။ ယခုအချိန်သည် ညို့အတွက် အလွတ်လပ်ဆုံးအချိန်ပင် ဖြစ်သည်။ မည်သည့် အနှောင်အဖွဲ့မျှ မရှိ။ လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်သည်။ လွတ်လွတ်လပ်လပ် ရွေးချယ်နိုင် သည်။ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ ဘာမဆို လုပ်နိုင်သည်။ သည်လွတ်လပ်ခွင့်လေးကို လည်း ညိုက အသုံးချကြည့်ချင်စိတ် ပေါ်၍လာသည်။

“သူက ကျော်ဇောထွန်း သူငယ်ချင်း ကိုသက်ဆွေတဲ့၊ အဆိုတော်ကြီးပေါ့”

“စတီရီယို အဆိုတော်လား”

“မဟုတ်ပါဘူးဗျာ၊ ခတ်ပြားမရတဲ့ ရေဒီယို အဆိုရှော်ကြီးပါ”

“သူက ညိုညိုလေ၊ ကဗျာဆရာမကြီးပေါ့”

“ဟုတ်လား၊ ဘယ်မဂ္ဂဇင်းတွေမှာ ရေးလဲ”

“မဟုတ်ပါဘူးရှင်၊ ဘယ်စာစောင်မှ မပါဖူးသေးတဲ့ ကဗျာချာမကြီးပါ”

အားလုံးက သဘောကျစွာ ရယ်မောလိုက်ကြသည်။

“ဒီလိုဆိုရင် တိုင်းသိပြည်သိ အဆိုတော်ကြီးနဲ့ နိုင်ငံကျော် ကဗျာဆရာမကြီးတို့ရဲ့တွေ့ဆုံပွဲပေါ့နော်”

ကိုသက်ဆွေက ခပ်သောသောလေး ပြန်ပြောလိုက်သည်။ ထိုနေ့သည်

ဗယ်လာရီနှင့် ကျော်ဇောထွန်း တို့၏ အကြို စေ့စပ်ကြောင်းလမ်းပွဲလေး ပြုလုပ်သည့်နေ့ ဖြစ်သည်။ ခုနစ်မိုင်ခွဲမှ ကျော်ဇောထွန်း တို့၏ တထပ်တိုက်ပုလေးတွင် နှစ်ဖက်သောမိဘများ ရောက်ရှိ ဆုံစည်းကြသည်။ ပြီးတော့ လူငယ်နှစ်ယောက်၏မင်္ဂလာပွဲအတွက် အစီအစဉ်တွေ ရေးဆွဲကြသည်။ ကျော်ဇောထွန်းကလည်း နိုင်ငံခြားရေးရုံးတွင် အလုပ်ရနေပြီ။ သူတို့နှစ်ယောက်၏ အနာဂတ်သည် ဖြောင့်ဖြူးနေသည်။

"ကိုသက်ဆွေက သီချင်းဆိုတယ်ဆိုလို့ ပြောရဦးမယ်၊ ကျွန်မသူငယ်ချင်းကလဲ အသံကောင်းတယ် ရှင့်၊ ဒီတခါ အသံလွှင့်ရင် ကိုသက်ဆွေတို့ဝိုင်းမှာ သူ့ကိုလဲ ထည့်လိုက်စမ်းပါ"

ဗယ်လာရီက ထမင်းစားရင်း အမှတ်မထင် ပြောလိုက်ခြင်းသာ ဖြစ်သည်။ သို့သော် ညို့စိတ်ကူးထဲတွင် အကြံတခု လက်ကနဲ ဝင်လာသည်။

"ဟုတ်လား တကယ်ဆိုမှာလား၊ ညိုဆိုမယ်ဆိုရင်တော့ ဒီတခါ သီချင်းသွင်းရင် ခေါ်မယ်လေ၊ အဲ ကျွန်တော်တို့ ဝိုင်းကတော့ ချောက်တိချောက်ချက်ပဲ၊ ပိုက်ဆံကတော့ အိတ်ထဲက စိုက်ရမယ်"

"ညို သေသေချာချာတော့ တီးဝိုင်းတွေ ဘာတွေနဲ့ မဆိုဖူးဘူး၊ အဆိုသင်တန်းလေး မတောက်တခေါက် တက်ဖူးတယ်၊ ဆိုတော့ ဆိုကြည့်ချင်သား"

"ဟောဗျာ၊ တကယ်ဆိုမလို့လား"

ကျော်ဇောထွန်းက ဝင်မေးသည်။

"အင်း၊ ဆိုရရင် ကောင်းမလားလို့"

"ဒီလိုဆိုရင် ရေဒီယို ရောင်းပစ်တော့မယ်"

သူတို့အားလုံး ရယ်မောကြပြန်သည်။

"စိတ်ချပါဗျာ၊ ကျွန်တော်နဲ့တွေ့ရင် မီးခဲပြာဖုံး ဖြစ်နေတဲ့သူဟာ လုံးဝ ပြာဖြစ်သွားစေရမယ်"

ထိုနေ့က ညိုသည် အထူးပင် ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားခဲ့သည်။ တကယ်တော့ ညိုသည် မပိုင်သော ဇာတ်တကွက်ကို စ၍ ကမိခြင်းသာ ဖြစ်လေသည်။

※※※

ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လိုက်သည်မှာ ပြောစရာ မရှိတော့။ ဘာကြောင့်များ မိုက်ကရိုဖုန်းရှေ့မှာ ခြေထောက်ကို မြဲအောင်ရပ်၍မရတော့သည်လဲ မသိ။ သတိထားနေသည့်ကြားမှ အသံက တုန်၍ တုန်၍ ထွက်လာသေးသည်။ အအေးခန်းထဲမှာ ဖြစ်လျက်နှင့် ချွေးတွေက တဒီးဒီးကျနေသည်။

ဝိုင်းကလည်း တကယ့်ချာတူးလန်သည့်ဝိုင်း။ အနည်းဆုံး သီချင်းရှစ်ပုဒ် လွှင့်ခွင့်ရမှ ဝိုင်းဖြစ်သည်။ သီချင်းကလည်း ရှစ်ပုဒ်တည်း တိုက်ထားကြသည်။ အဆိုတော်ကလည်း ရှစ်ယောက်တည်း အပိုမရှိ ကွက်တိ။ လူအားလုံး မိမိသီချင်းကိုမိမိ ပိုင်အောင်ဆိုနိုင်ပါမှ၊ အားလုံး အသံအောင်ပါမှ အသံလွှင့်ခွင့် ရတော့မည်။ တယောက်ယောက်သာ အသံမအောင်လျှင် သည်ဝိုင်းပြုတ်ပြီ။

တကယ့် ထိပ်သီးအဆိုတော်တွေပင် သည်မျှ အပိုင်တွက်ကြမည် မထင်။ ယခုတော့ တယောက်ယောက် အထစ်အငေါ့ဖြစ်၍မှ အစားထိုးရမည့်လူ မရှိ။ အစားထိုးရမည့်သီချင်း မရှိ။ အသံ စံချိန်မီသည်ဖြစ်စေ၊ မမီသည်ဖြစ်စေ ဆုံးအောင်သာ ဆိုပေတော့။ ကြိတ်သာကြိတ်။ ဘာမျှ မတတ်နိုင်။

တာဝန်ကျ ဂီတမှူးကပင် ညိုတို့ဝိုင်းကို သြချယူရသည်။ အဆိုတော်တွေကလည်း ကြည့်ဦး။ ဆိုနေကျ လက်ဟောင်း တယောက် နှစ်ယောက်ကလွဲလျှင် ချိုကျိုးနားရွက်ပဲ့ချည်း။

"ဒီဝိုင်းကတော့ ပြုတ်ဖို့ သေချာသွားပြီ"

အခန်းတွင်းမှ ထွက်လာလာချင်း ဝိုင်းခေါင်းဆောင် ညည်းသည်။ ညိုတို့တတွေ အသံလွှင့်ရုံ လက်ဖက်ရည်ဆိုင်ကို ခဏထိုင်မိကြသည်။

"မညိုညိုက အသံမဆိုးပါဘူး၊ ဒါပေမဲ့ လူက သိပ်ကြောက်နေတော့ အသံကို မငြိမ်ဘူး ဖြစ်နေတယ်"

"ဟုတ်တယ်၊ ညိုလဲ ကြိုးစားတာပဲ၊ ဒါပေမဲ့ ဘာဖြစ်မှန်းကို မသိဘူး"

"သီချင်းတွေကလဲ လဲဆိုရအောင် တပုဒ်မှကို အပိုမရှိဘူးနော်"

ညိုကဲ့သို့ပင် ဝါသနာရှင် အသစ်ကလေး မမြငြိမ်းက ပြောသည်။

"လုပ်ရတဲ့ လူတွေကလဲ အစီအစဉ်က မရှိ၊ အချိန်ပိုက မရှိနဲ့ မဟုတ်လားဗျာ၊ နောက်တခါ ကြိုးစားကြသေးတာပေါ့"

"ဒီဝိုင်းပြုတ်သွားရင် နောက်တခါ ဘယ်လိုလုပ် ဆိုလို့ ရတော့မှာလဲ"

"နောက်ဝိုင်းတခု ထောင်တာပေါ့"

"အင်း ငွေတော့ ကုန်ဦးမှာပေါ့"

"ငွေကုန်သံပြာ ဆိုတာမျိုးပဲ"

ညိုတို့ဝိုင်းက တကယ့်ကို ငွေကုန်သံပြာဝိုင်း ဖြစ်သည်။ ညိုတို့တတွေမှာ ဝိုင်းဖြစ်ဖို့အရေး ကိုယ်ပိုင်ငွေလေးများ ထုတ်၍ စုပေါင်းလုပ်ကိုင်ကြရသည်။ ဝါသနာပါ၍သာ ဆိုကြ တီးကြသည်။ ရေရေရာရာ ဦးဆောင်တတ်သူ မရှိ။ ဝိုင်းခေါင်းဆောင်ကလည်း ရုံးအလုပ်တဖက်နှင့် မအားလပ်သူမို့ အချိန်ကောင်းကောင်း မရ။ ကြိုကြိုတင်တင် အေးအေးဆေးဆေး သီချင်းတိုက်လိုက်ရသည် မရှိ။ အသံသာ သွင်းဖြစ်ရော သီချင်းက တိုက်၍ ကောင်းကောင်း မညီတတ်သေး။

"မညိုညိုတော့ သိပ်စိတ်ပျက်သွားပြီ ထင်တယ်"

ကိုသက်ဆွေက ညို့ကိုကြည့်ကာ ပြောလိုက်သည်။ ညိုသည် ကိုသက်ဆွေနှင့် သိကျွမ်းမိ၍သာ ဤနေရာသို့ ရောက်လာရခြင်း ဖြစ်သည်။

"ကိစ္စမရှိပါဘူးရှင်၊ ဒါ အစပဲ ရှိသေးတာပဲ"

"ဒီလိုဆိုတော့ ညိုက စိတ်မကုန်သေးဘူးပေါ့"

ညိုက ပြုံးလိုက်သည်။ တကယ်တော့ ညိုသည် ဟိုဟိုဒီဒီ စမ်းသပ်လေ့လာရင်း အချိန် ဖြုန်းကြည့်ချင်နေသူ ဖြစ်သည်။

"ကိုသက်ဆွေလဲ စိတ်မကုန်လို့ ဆိုနေတာ မဟုတ်လား၊ ခါတိုင်းကရော ဒီလိုပဲလား"

"ဒီလောက်တော့ အခြေအနေ မဆိုးဘူးဗျ၊ အသံလွှင့်ခွင့်တော့ ရလိုက်သေးတယ်၊ ဒီတခါတော့ ဖုတ်ပူမီးတိုက်လဲ ဖြစ်သွားလို့ပါ၊ ဆိုနေကျ အဖွဲ့သားတွေလဲ ခရီးလွန်နေကြတယ်လေ"

"ညိုတို့လို ဝိုင်းဖျက်မယ့်သူတွေက များနေတယ် ဆိုပါတော့"

မမြင့်မြင့်နှင့် အခြားလူများကပါ ရယ်ကြသည်။

"ဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ စိတ်မကုန်သေးဘူး ဆိုရင်တော့ နောက်တခါ ကြိုးစားကြသေးတာပေါ့၊ ခုတော့ ပြန်ကြစို့"

ကိုသက်ဆွေက ညို့ကို လှည်းတန်းလမ်းဆုံအထိ လိုက်ပို့သည်။ ကိုသက်ဆွေ၏အရပ်က မြင့်မား၍ ညို့ခေါင်းက သူ့ပခုံးစွန်းကိုပင် မမှီတမှီရှိသည်။

ဖော်ရွေသွက်လက်၍ စကားပြောကောင်းသော သူ့ကို ညို ခင်မိသည်။

ညိုက ချမ်းမြငြိမ်သို့ ဝင်လိုက်လျှင်ပင် ဗာဒံပင်အောက်မှ ခုံတန်းပေါ်တွင် ဆရာ့ကို ထိုင်လျက်သား တွေ့ရလေသည်။

"ညို သီချင်း သွားသွင်းတယ်ဆို"

"ဟုတ်တယ် ဆရာ"

ဆရာက သက်ပြင်းကို မသိမသာချသည်။

"ဆရာစောင့်နေတာ ကြာပြီ၊ ပြန်မယ် ညို၊ ညို စာမေးပွဲဖြေမယ်ဆိုရင် ပြင်ပဝိဇ္ဇာ ပထမနှစ်အတွက် မှတ်စုတွေဝယ်ဖို့ တိုင်ပင်ရအောင် လာခဲ့တာ"

"ဒီနှစ်တော့ ညို မဖြေချင်သေးဘူး ဆရာရယ်"

ညိုက ဆရာ့ဘေးတွင် ဝင်မထိုင်သဖြင့် ဆရာက ထိုင်ရာမှ ထလိုက်သည်။

"အချိန်ဆိုတာ ပြန်တမ်းတလို့ ရတာမျိုးမဟုတ်ဘူး ညို"

"ဒီတနှစ်တော့ ညို စိတ်အေးလက်အေး နေပါရစေ ဆရာ၊ နောက်နှစ်ကျရင် ဖြေပါ့မယ်၊ အလုပ်လဲ ရှာချင်သေးတယ်"

"ညို စဉ်းစားဦးပေါ့လေ၊ ဆရာပြန်မယ်"

ညိုက အခန်းထဲကို သီချင်းလေး တအေးအေးဖြင့် ဝင်လာသည်။ အခန်းထဲရောက်တော့ အိပ်ရာပေါ်တွင် ကိုယ်ကို ပစ်လှဲလိုက်သည်။

ဒီလိုတော့လဲ လောကကြီးက ဘယ်လောက် လွတ်လပ်သလဲ၊ ဘယ်လောက် ပျော်ဖို့ကောင်းလဲ။ သီချင်းဆိုမည်၊ ကဗျာစပ်မည်၊ တွေးမည်၊ ငေးမည်။ ဒီလိုအချိန်မှာ အချုပ်အနှောင် အတားအဆီး ထဲကို တိုးဝင်မည့်သူဟာ မိုက်လို့ပဲ။

ညို မမိုက်ချင်သေးဘူး ဆရာရေ့၊ လောကကြီးမှာ လွတ်လွတ်လပ်လပ် နေကြည့်ချင်သေးတယ်။

※※※

"မဂ္ဂဇင်းတိုက်တွေမှာလဲ ကျွန်တော့်မိတ်ဆွေတွေ ရှိပါတယ်၊ ညို ရေးထားတဲ့ ကဗျာလေးတွေရှိရင် ကျွန်တော့်ကို ပေးလိုက်ပေါ့"

"တခုခုတော့ ဖြစ်မြောက်အောင် လုပ်ပေးလိုက်စမ်းပါ ကိုသက်ဆွေရယ်၊ တတ်နိုင်ရင်တော့ ကဗျာတင်မကဘူး စာရေးဆရာမ ဖြစ်အောင် လုပ်ပေးစမ်းပါ"

ဗယ်လာရီက သူငယ်ချင်းဖြစ်သူအတွက် တိုက်တိုက်တွန်းတွန်း ပြောပေးနေသည်။ ဗယ်လာရီနှင့် ကျော်ဇောထွန်းတို့ သွားလေရာတွင် ကိုသက်ဆွေနှင့် ညိုတို့ နှစ်ယောက်က မကြာမကြာ ပါနေသည်။ လေးယောက်တတွဲ ဖြစ်မှန်းမသိ ဖြစ်လာသည်။ ကျော်ဇောထွန်း လာလျှင် ကိုသက်ဆွေက ပါလာတတ်သည်။ သည်တော့လည်း ညိုက အလိုလို ထွက်တွေ့ဖြစ်သည်။ သည်နား ဟိုနား လမ်းလျှောက်ကြမည်၊ မုန့်စားကြမည် ဆိုတော့လည်း ညို မပါ၍ မဖြစ်တော့။

"ညိုရေးထားတဲ့ ကဗျာတွေတော့ တော်တော်များများလေး ရှိပါတယ်၊ ကိုသက်ဆွေ ဖတ်ကြည့်ဦးလေ"

"ကျွန်တော်လဲ သိပ်နားလည်တာ မဟုတ်ပါဘူး၊ ညိုကြိုက်တာလေးတွေ ကူးပေးလိုက်ပေါ့"

တကယ်တော့ ကဗျာဟူ၍ ပီပီပြင်ပြင် ခေါ်ဆိုနိုင်မည့် ကဗျာ တပုဒ်တလေမျှပင် ညို့တွင်မရှိ။ ညို့ကဗျာများသည် အတွေးနောက်တွင်လိုက်၍ ရေးချထားသော သာမန်ခံစားမှုလေးများသာ ဖြစ်သည်။ ကိုသက်ဆွေ ယူသွားသော ကဗျာလေးများသည် အဘယ် စာစောင် မဂ္ဂဇင်းတွင်မျှ တပုဒ်တလေမျှ ပါမလာ။

အဆိုတော်လည်း ဖြစ်မလာ၊ ကဗျာဆရာမလည်း ဖြစ်မလာ။ ညို့ဘဝသည် ယောင်ချာချာဖြင့် အချိန်ကုန်မှန်းမသိ ကုန်လာသည်။ ထူးခြားလာသည်ဟူ၍ ပြောရလျှင် ညို့ကိုယ်ပိုင်ငွေလေးများ တစတစ လျော့ပါးလာခြင်းနှင့် ကိုသက်ဆွေနှင့် ရင်းနှီးကျွမ်းဝင်လာခြင်းပင် ဖြစ်သည်။

သည်အတွက် ညိုနှင့် ဆရာ ပဋိပက္ခဖြစ်ရသည်။

"ညိုဟာ မျက်ကန်းလမ်းလျှောက် ဆိုသလို စိတ်ထင်ရာတွေ လျှောက်လုပ်နေတာပဲ၊ ညို့ဘဝမှာ လုပ်သင့်လုပ်ထိုက်တာကို အရင် လုပ်ဖို့ကောင်းတယ်၊ လုပ်ချင်တာတွေကို နောက်မှ လုပ်ပေါ့"

"တချိန်မှာတော့ ညို လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ခဲ့သား ဆရာ၊ ဒါပေမဲ့ ညို့ဘဝမှာ လုပ်သမျှလဲ အရာမထင်ခဲ့ပါဘူး၊ ခုတော့ လုပ်ချင်တာတွေကိုပဲ လုပ်နေချင်တော့တယ်၊ အဲဒါ စိတ်ချမ်းသာတယ် ဆရာ"

"လူ့ဘဝကို အဓိပ္ပာယ်ရှိရှိ အသုံးချစမ်းပါလား ညို၊ ကိုယ် မျှော်လင့်တဲ့အတိုင်း ဖြစ်မလာလို့ ဘဝကို ကန့်လန့်တိုက်နေရင် ညိုပဲ နစ်နာမှာပဲ၊ ပြီးတော့ ညိုက မိန်းကလေး"

"ညို့မှာ သတိရှိပါတယ် ဆရာ"

ဆရာသည် ညို့ကို လက်လျှော့ရမလိုဖြစ်လာသည်။ ညို ပျက်စီးမှာကို ဆရာ စိုးသည်။ သို့သော် ညို့ကို တိတိလင်းလင်း သတိမပေးရဲ။ ပြောလျှင် ညိုက ဇွတ်လုပ်မည်ကို စိုးရသည်။ ညိုသည် သူ့ဘဝသူ မကျေနပ်တိုင်း ထင်ရာစိုင်းချင်နေသော ကျားနာမလေး ဖြစ်နေပြီ။

"တနေ့မှာတော့ ဆရာ့စေတနာကို ညို နားလည်လာမှာပါကွယ်"

သည်မျှသာ ဆရာ ပြောဖြစ်သည်။

※※※

ဟုတ်ပါရဲ့။ လောကကြီးကလဲ ဘာမျှ ရေရာတာတော့ မဟုတ်ပါဘူး၊ လုပ်ချင်တာ လုပ်တိုင်းလဲ ဖြစ်ချင်တာတွေ ဖြစ်မလာ။ လူ့ဘဝမှ အဓိပ္ပာယ်ရှိရှိ ရပ်တည်ဖို့ဆိုတာလဲ ဘာမျှ အဓိပ္ပာယ်မရှိ။ ဘာမှ မတည်မြဲသည့် လူ့ဘဝထဲမှာ ဘာကို မှီတွယ်နေလို့ ရမှာလဲ။

တကယ်တော့ ညို့စိတ်တွေ လေလွင့်နေခြင်းဖြစ်သည်။ ယခုတလော ညို့ခြေလှမ်းက ပိုကျဲလာသည်။ သည်အတွက် ဗယ်လာရီပင် စိုးရိမ်စပြုလာသည်။ ဗယ်လာရီသည် သူမပါဘ ညိုနှင့် ကိုသက်ဆွေ အပြင်ထွက်ထွက်သွားသည်ကို အစက မသိ။ ဗယ်လာရီက အလုပ်လုပ်နေသူမို့ ညို အပြင်ထွက်လည်နေသည်ကို မသိလိုက်သည်က များသည်။ ကိုသက်ဆွေသည်လည်း အနုပညာ သမားလိုလို၊ ကုန်သည်ပွဲစားလိုလိုနှင့် မရေမရာ ရပ်တည်နေသူ တဦးသာ ဖြစ်သည်။ ကျော်ဇောထွန်းက သူ့သူငယ်ချင်းအကြောင်း၊ မသိမသာ ပြောပြသည်။ သည်တော့မှ ဗယ်လာရီက လည်း ညို့အတွက် ပူပန်စပြုလာသည်။

"ညို မနက်က ဘယ်သွားသေးလဲ"

"ကိုသက်ဆွေနဲ့ သီချင်းသွားတိုက်တယ်"

"ညိုတို့ အသံသွင်းဖြစ်ဦးမှာမို့လား"

"ထင်တာပဲ ဗဲလ်ရယ်"

"ညိုကလဲ မရေရာလိုက်တာ"

"ညို့ဘဝက ဘာများရေရာတာရှိလို့လဲ"

ညိုနှင့် စကားပြောပြီဆိုလျှင် ဗယ်လာရီ အမြဲရှုံးသည်။ ကျောင်းသား တစ်ရာနှစ်ရာကို စာသင်ရသည်ကမှ လွယ်သေးသည်။

အကြောင်းအရာတခုကို ညို့ နားလည်အောင် ရှင်းပြဖို့ မလွယ်။ ဆင်ခြေဆင်လက်က အလွန် များတတ်သည်။

"ညို့ဘဝကို မရေရာအောင် ညို့ပဲ လုပ်နေတာပဲ"

သည်တခါတော့ ဗယ်လာရီစကားက အရှိုက်ကို ထိသွားသည်။

"ဒါကတော့ မင်းက ခုအခြေအနေကိုကြည့်ပြီး ပြောတာကိုး၊ အရင်တုန်းက ညို့လဲ ရည်မှန်းချက် ကြီးမားတဲ့ လူတယောက်ပဲ"

"ပြီးခဲ့တာတွေကို တွေးပြီး စိတ်ပျက်နေလို့ ဖြစ်မလား ညို့ရယ်"

"စိတ်ပျက်နေရုံမကဘူး၊ စိတ်ကုန်နေတာ"

"ဘာပဲဖြစ်ဖြစ် ညို့ တခုခုလုပ်ဖို့ကောင်းပြီ"

"ညို့ပညာအရည်အချင်းနဲ့ လျှောက်လို့ရမယ်ထင်သမျှအလုပ်တွေ လျှောက်ထားသားပဲကွာ"

ဗယ်လာရီက ဘာမျှဆက်မပြောတော့။ တကယ်တော့ ညို့တွင် အချိန်ပိုတွေ ရှိနေခြင်းကိုက ညို့အတွက် မကောင်း။ စာမေးပွဲဖြေဖို့ကိုတော့ ဗယ်လာရီ မတိုက်တွန်းချင်သေး။ ညို့ စိတ် မပါဘဲ ဖြေမိ၍ စာမေးပွဲ ထပ်ကျလျှင် ညို့တယောက် လောကကြီးကို အပြစ်ဖို့၍ ဆုံးတော့မည် မထင်။ ထိုအခါ ညို့ဘဝလည်း လုံးဝ သုံးမရအောင် ပျက်စီးသွားနိုင်သည်။

ညို့နှလုံးသားတွင် တစုံတရာ ခိုဝင်ခြင်း မရှိဘဲ လစ်လပ်နေခြင်းလည်း ကောင်းသည့်လက္ခဏာ မဟုတ်။ ညို့တွင် တွယ်တာစရာ မိဘညီအစ်ကိုမောင်နှမရှိလျှင် အကြောင်းမဟုတ်။ ယခုတော့ ညို့ဘဝက အမှီအတွယ် ကင်းနေသည်။

"ညို့"

ညို့မျက်လုံးများက မှေးစင်းနေပြီ။ အိပ်ဖို့ ဟန်ပြင်နေပြီ။ ဗယ်လာရီကမူ ညို့ကို စကားပြောချင်နေ သေးသည်။

"အင်"

"ညို့ လက်ထပ်လိုက်ဖို့ကောင်းပြီ"

ညို့မျက်လုံးများ ပြူးကျယ်လာကြသည်။

“ဘယ်သူနဲ့ လက်ထပ်ရမှာလဲ”

“ဆရာနဲ့”

ညိုက စောင်ကိုဆွဲ၍ ခေါင်းထိ ခြုံလိုက်လေသည်။

“ဂွတ်နိုက် ဗဲလ်၊ မင်းစကားကို နောက်မှ ဆက်ပြောတာပေါ့ကွ ညို သိပ်အိပ်ချင်နေပြီ”

ဗယ်လာရီက သက်ပြင်းကို ချလိုက်လေသည်။

※※※

“ဟယ် မယု”

“ညို့ကိုတွေ့ချင်လို့စောင့်နေတာ၊ နှစ်နာရီလောက် ရှိသွားပြီ”

“တွေ့တွေ့ချင်း အပြစ်မတင်ပါနဲ့ မယုရယ်၊ ခုတလော ညို့ကို အပြစ်တင်ချင်တဲ့သူတွေက များနေလို့ပါ”

ညိုက ဗယ်လာရီကို ကြည့်ရင်း ပြောလိုက်သည်။ မယုန ဗယ်လာရီတို့ ညိုမလာခင် ညို့အကြောင်း ပြောနေကြမည်ကို တွေးမိသည်။ ညိုက သားရေ လက်ကိုင်အိတ်လေးကို စားပွဲပေါ် ပစ်တင်ရင်း မယုဘေးတွင် ဝင်ထိုင်သည်။

“ညို အပြင်ချည်းပဲ ထွက်နေတာပဲဆို”

“ဒါက အရေးမကြီးပါဘူး၊ မယု ဘာလာလုပ်သလဲ”

“ဒီလိုပဲ အလုပ်ကလေးဘာလေး ရလိုရငြား လာရတာပေါ့ကွာ၊ သီသီတယောက်ကော အလုပ် ရပြီလား”

“သီသီ တယောက်တော့ ကံကောင်းလို့ပဲလား၊ ကံဆိုးလို့လားတော့ မသိဘူး၊ သူမလုပ်ချင်တဲ့ ဆရာမအလုပ် ရသွားပြီ၊ သူ့အိမ်ကတော့ ဝမ်းသာတာပေါ့၊ သူကတော့ ဝါသနာမပါလို့ ရှုံ့မဲ့နေတာပဲ၊ ညိုနဲ့လဲ မတွေ့တာကြာပါပြီ၊ မယု ဘယ်မှာတည်းသလဲ”

“ကျောက်မြောင်းမှာ”

“တို့နဲ့ လာနေပါလားကွာ”

“လာနေစမ်းပါ မယုရေ၊ ကိုယ်တော့ မင်းကောင်မကို မနိုင်တော့ဘူး၊ မယုထိန်းမှပဲ ရမှာပဲ”

“တော်ပြီ မင်းတို့နဲ့ စကားမပြောတော့ဘူး”

မယုကို တွေ့တော့လည်း ညို့စိတ်က တကယ်ပင် အနယ်ထိုင်သွားသည်။ မယုသည် ညို့ဘဝတွင် သူငယ်ချင်းကောင်းတယောက်အဖြစ် ရပ်တည်ခဲ့သူဖြစ်သည်။ မယုကိုမြင်တော့ ညိုက အတိတ်ကို တွေးပြီး ဆွေးမိပြန်သည်။

“ကိုယ် သိပ်ကြာကြာမနေဘူး၊ အလုပ်တခု လျှောက်ထားတာ ရမလားလို့ လာစုံစမ်းတာ၊ တပတ်လောက်ပဲ နေမယ်”

“မယု ခု အိမ်မှာ ဘာလုပ်နေလဲ”

“ကလေးတွေကို စာသင်ပေးတယ်၊ စာဖတ်တယ်”

“မယုက စာဖတ်တယ် ဟုတ်လား၊ ဘာစာတွေ ဖတ်လဲ”

အဆောင်တွင် အအိပ်မက်၊ အစားမက်ကာ ရုပ်ရှင်အလွန် ကြိုက်ခဲ့သော မယုကို စာဖတ်သည်ဆို၍ ညိုက အနည်းငယ် အံ့သြသွားသည်။

“အစ်ကိုဝယ်လာတဲ့ စာအုပ်တွေ အကုန်ဖတ်တာပဲ၊ ညိုက စာတွေ မဖတ်တော့ဘူးလား၊ ကဗျာတွေကော ရေးသေးလား”

“ညိုလား စာဆိုလို့ သတင်းစာတောင် မဖတ်တာ ကြာပြီး မယုအစ်ကိုက ဘယ်မှာလဲ”

မယုက သူ့ချစ်သူကို အစ်ကိုဟု ခေါ်ခြင်းဖြစ်သည်။

“ခုတော့ ဟသ်ာတမှာပဲ၊ မကြာခင် ရန်ကုန်ပြောင်းရမှာ ညို”

“သြော် ဒါကြောင့် မယုက ရန်ကုန်မှာ အလုပ်လုပ်မယ် ဆိုပါတော့”

“ဟုတ်တယ်၊ မယုတို့ လက်ထပ်တော့မလို့”

ညိုနှင့် ဗယ်လာရီက ဘာမျှမပြောဘဲ တယောက်မျက်နှာ တယောက် ကြည့်ဖြစ်ကြသည်။

“ညို့ကိုလဲ ယောကျ်ားပေးစားသွားစမ်းပါ မယုရယ်”

ဗယ်လာရီက မယုဘက်သို့လှည့်ကာ ပြောလိုက်သည်။

“ဘယ်လိုလဲ ညို၊ ဗယ်လာရီတော့ ညို့ကို အတော်လက်မြောက်နေပုံရတယ်၊ ညို ဘာတွေလျှောက်လုပ်နေလဲ”

"စိတ်ထင်တာလေး နည်းနည်းပါးပါး လုပ်နေမိတာပါကွ။ ဖဲလ်က အလကား စိတ်ပူနေတယ်၊ ညို ဘာမှမဖြစ်ပါဘူး မယုရယ်"

"ဒါပေမဲ့ ညို့ကို ကြည့်ရတာ အရင်ကလို လေးလေးနက်နက် မရှိတော့သလိုပဲ၊ ပေါ့ရွှတ်ရွှတ်နဲ့"

"လောကကြီးမှာ ဘာကို အလေးအနက်ထားနေရဦးမှာလဲ မယုရယ် ဟဲ ဟဲ"

"သူ့ပြောလိုက်ရင် ဒါပဲ"

ဗယ်လာရီက နှုတ်ခမ်းကိုရွဲ့ကာ မေးငေါ့ပြသည်။

"ညိုနဲ့ အေးအေးဆေးဆေး စကားပြောရအောင် တရက်တော့ လာအိပ်ဦးမယ်ကွာ၊ ညိုလဲ စဉ်းစားတတ်တဲ့အရွယ်ပဲကွယ်၊ ဘာမဆို စဉ်စဉ်းစားစား လုပ်ပေါ့၊ ဟုတ်ဘူးလား"

မယုက ထိုမျှသာပြောသည်။ တကယ်တော့ ညို့ကို ဘယ်လို ကိုင်တွယ်ရမည်ကို မယုကောင်းစွာ သိပေသည်။

※※※

"ဒီတပတ်တော့ အဆင်ပြေလိမ့်မယ် ထင်ပါရဲ့"

ကိုသက်ဆွေက ညို့ကို လှမ်းပြောလိုက်သည်။ ညိုနှင့် ကိုသက်ဆွေတို့ သီချင်းတိုက်ရာမှ ပြန်လာကြတော့ ညနေ ၅ နာရီ ကျော်နေပြီ။ ကိုသက်ဆွေက ညို့ကို တခုခုကျွေးချင်သည်ဆိုကာ မြေနီကုန်း လေဟာပြင်ကို ဝင်ကြသေးသည်။

"ညို့ကို ကျွန်တော် အေးအေးဆေးဆေး စကားပြောချင်သေးတယ်"

"ပြောချင်ရင် ပြောပါလားရှင်၊ ခုလဲ ပြောနေရသားပဲ"

"ဒီလိုနေရာမှာ မပြောချင်ဘူး၊ တနေရာရာမှာ အေးအေးဆေးဆေး ပြောချင်တယ်"

"ချမ်းမြငြိမ်မှာ ပြောပေါ့"

"ခုတလော ဗယ်လာရီက ကျွန်တော့်ကို သိပ်မကြည်ဘူး ထင်တယ်ဗျ၊ ညို့ဆီ သိပ်တောင် မလာရဲတော့ဘူး၊ ကျော်ဇောထွန်းက ဘာတွေများ ပြောထားလဲ မသိဘူး"

"ကိုသက်ဆွေကကော ပြောစရာတွေ ရှိနေလို့လား"

ကိုသက်ဆွေက မလုံ့မလဲ တချက်ရယ်လိုက်သည်။

“ကျွန်တော်ကတော့ ညို့လိုပဲ နည်းနည်းလွတ်လွတ်လပ်လပ် နေတတ်တယ်”

“ညို့ကို အဖော်မဆွယ်ပါနဲ့ရှင်၊ ညိုက အေးအေးဆေးဆေး နေတတ်ခဲ့တာပါ၊ ခုမှ”

“ခုမှ ဘာဖြစ်လဲ၊ ညို့ကိုကြည့်ရတာ အမြဲတမ်း တခုခုကို တွေးပြီး မကျေမနပ်ဖြစ်နေတဲ့ ပုံမျိုးပဲ”

“ဟုတ်တယ်၊ ညိုက တလောကလုံးကို မကျေမနပ် ဖြစ်နေတာ”

“ကျွန်တော်ရော ပါသလား”

“ဒါတော့ မပြောတတ်ဘူးရှင်၊ စားပြီးရင် ပြန်ကြတာပေါ့နော်"

ညိုတို့က ထုံးစံအတိုင်း ဘတ်စ်ကားစီးကာ လှည်းတန်းထိပ်မှာ ဆင်းကြသည်။

“ညို အင်းလျားဘက် ခဏလျှောက်ရအောင်”

“ဒီအချိန်ဟာ လမ်းလျှောက်တဲ့အချိန်မှ မဟုတ်ဘဲရှင်”

“ခဏလေးပါ ညို၊ ကျွန်တော် ညို့ကို မမှောင်ခင် ပြန်ပို့ပါ့မယ်၊ ကျွန်တော် သစ္စာရှိပါတယ်၊ ညို့ကို မှဲ့တပေါက် မစွန်းစေရပါဘူး၊ စကားလေး နည်းနည်းပြောချင်လို့”

အင်းလျားဆိုတော့ ညို့စိတ်က နည်းနည်း လှုပ်ရှားသွားသည်။ အင်းလျားသည် ညို့အတွက် ကြည်နူးစရာ၊ ရင်ခုန်စရာ၊ ဆွေးစရာ နေရာလေးအဖြစ် တည်ရှိနေသည်။ သည်နေရာလေးကို တခေါက်လောက်တော့ ညို သွားကြည့်ချင်လေသည်။

တကယ်တော့ ညို့စိတ်ကိုက မတည်ငြိမ်ခြင်း ဖြစ်သည်။ ကိုသက်ဆွေ ဘယ်လိုစကားမျိုးတွေ ပြောမည်ကို သိလျက်နှင့် လိုက်လာခဲ့ခြင်းလည်း ဖြစ်သည်။ ကိုသက်ဆွေကို အနုပညာသမား တယောက်အဖြစ် ညိုက မြင်သည်။ ကိုသက်ဆွေသည် အန္တရာယ် ပြုမည့်သူတယောက် မဟုတ်ဟု ညိုက ယုံကြည်သည်။

ညို ယုံကြည်သည့်အတိုင်းလည်း ကိုသက်ဆွေက အေးအေးဆေးဆေး

စကားပြောနေခဲ့သည်။ ညို မျှော်လင့်ထားသည့် စကားများလည်း ဖြစ်သည်။ ညို့အနေဖြင့် ဘာမျှပြဿနာမဖြစ်။ ပြဿနာ ဖြစ်လာရသည်က ကျော်ကျော်ပင် ဖြစ်၏။ သည်လိုအချိန်မျိုးတွင် ကျော်ကျော်တို့ သီသီတို့တတွေ သည်နေရာသို့ လမ်းလျှောက်လာတတ်သည်ကို ညို မေ့နေခဲ့သည်။

ညို့ကို သည်နေရာမှာ လူလတယောက်နှင့် တွေ့လိုက်ရတော့ ကျော်ကျော် အံ့သြသွားသည်။ ညိုကလည်း ကျော်ကျော် အဝေးမှ လျှောက်လာနေသည်ကို မြင်ကတည်းက ရင်ထဲတွင် လှုပ်ရှားလာသည်။ ကိုကိုနိုင့်ညီ ကျော်ကျော်နိုင်သည် လမ်းလျှောက်ရာတွင် ကိုကိုနိုင်နှင့် တူလှချေသည်။

"ဟင် မမညို"

ကျော်ကျော့်မျက်နှာက ညိုတို့နှစ်ယောက်ကိုကြည့်ကာ အလွန်အမင်း အံ့သြသည့်ဟန် ပေါ်နေသည်။

"ကျော်ကျော် တယောက်တည်းလား"

"ဟုတ်တယ် မမညို၊ မမညို ဒီနေရာမှာ ဒီအချိန်ထိ ဘာလုပ်နေ../"

ကျော်ကျော်က သူ့ဝသီအတိုင်း အမှုမဲ့ပြောလိုက်မည် ပြုပြီးမှ ကိုသက်ဆွေမျက်နှာကို လှမ်းကြည့်လိုက်သည်။ ကျော်ကျော့်မျက်နှာက ဟန်မဆောင်နိုင်။ မလိုလား မရှုစိမ့်သည့်အသွင်က ထင်းထင်းကြီး ပေါ်လွင်နေသည်။

"မမညို စကားပြောနေတာ၊ ခုပဲ ပြန်တော့မလို့၊ သီသီတယောက်ကော နေကောင်းရဲ့လား ဟင်၊ မတွေ့တာတောင် ကြာပြီ"

"မမသီ နေကောင်းပါတယ်၊ မမညို တယောက်တည်း ပြန်မှာလား၊ ကျွန်တော် လိုက်ပို့မယ်လေ"

ကိုသက်ဆွေက ဖြုန်းခနဲ မတ်တပ်ရပ်လိုက်သည်။ ကိုသက်ဆွေမျက်နှာက ဒေါသကြောင့် နီနေသည်။

"ဒီမှာ ကျော်ကျော်နိုင်၊ ညိုညို့ကို ငါခေါ်လာတာပါ၊ ဒီပြဿနာမှာ မင်းဝင်ပါစရာ အကြောင်း မရှိပါဘူး"

ညိုသည် အမျိုးသားနှစ်ယောက်ကို နားမလည်စွာ ကြည့်နေမိပေသည်။

"ကောင်းပါပြီဗျာ၊ မမညိုက ကျွန်တော့်အစ်မဆိုလဲ ဟုတ်တော့ ဒီလိုနေရာမျိုးမှာ အချိန်နှောင်းအောင် မနေသင့်ဘူးထင်လို့ ပြောတာပါ၊ မမညို ပြန်ချင်ပြန်တော့လေ၊ ကျွန်တော် ဒီနေရာမှာပဲ ရှိနေပါ့မယ်"

ကိုသက်ဆွေက တက်တချက် ခပ်ပြင်းပြင်း ခေါက်လိုက်လေသည်။ ညိုက ကိုသက်ဆွေကို ပြန်မည့်ဟန် ပြုကာ လူချင်းခွဲစေရသည်။ ကျော်ကျော်တယောက်က ညိုတို့ကို ငေးကြည့်ရင်း ကျန်ရစ်သည်။

"ကိုသက်ဆွေက ကျော်ကျော့်ကို သိလား"

လမ်းဆုံရောက်တော့မှ ညိုကစ၍ စကားပြောဖြစ်သည်။ ကိုသက်ဆွေက ဒေါသမပြေသေး။

"အလကားပါ ညိုရာ၊ မိန်းကလေးတယောက်နဲ့ပတ်သက်ပြီး သူက ကျွန်တော့်ကိုအထင်လွဲနေတာပါ"

"သြော် သြော်"

ညိုက တိတ်ဆိတ်စွာ လျှောက်လာသည်။

"သြော် ကိုသက်ဆွေ၊ ကိုသက်ဆွေပြောခဲ့တဲ့စကားတွေက ညို ကြိုတင်ပြီး သိပြီးသားတွေမို့ အထူးစဉ်းစားနေစရာ မလိုပါဘူးရှင်၊ ညိုဟာ ခုချိန်ထိတော့ ဘာအနှောင်အဖွဲ့မှ မလိုလားသေးလို့ ကိုသက်ဆွေ ပြောသလိုပဲ လွတ်လွတ်လပ်လပ် နေဦးမှာပါ၊ ဒါကြောင့် ဒီအကြောင်းကို ခေါင်းထဲက ထုတ်လိုက်ပါတော့နော်"

ညိုက ပြောပြီးပြီးချင်း ခြံထဲသို့ လှည့်ဝင်ခဲ့သည်။ သည်နေ့မှ ပြဿနာက ကြုံပဲကြုံတတ်သည်။ ညို လှည့်လိုက်တော့ ဆရာနဲ့ မတိုက်ရုံတမည် ရင်ဆိုင်တိုးမိလေသည်။

"မိုးချုပ်လှချည်လား ညို"

ပိုင်ပဲ ပိုင်သေးတော့။ ညို့စိတ်က နည်းနည်းတော့ ခံပြင်းသွားသည်။

"ခုမှ ခြောက်နာရီကျော်ကျော်ပဲ ရှိသေးတယ်"

"ဒါပေမဲ့ မိုးချုပ်နေပြီ"

လာပြန်ပြီ တယောက်က။ ညို့ဘဝကို စိုးမိုးချုပ်ချယ်နေသည့်အရာတွေက ရှိနေဆဲပါကလား။ ညို့စိတ်က အခွဲ့တိုက်ချင်လာသည်။

"ညိုဟာ အရွယ်ရောက်တဲ့ လွတ်လပ်တဲ့ မိန်းကလေး တယောက်ပါ ဆရာ၊ ညို့ကို မချုပ်ချယ်ပါနဲ့၊ ညို့ကို ချုပ်ချယ်ရအောင် ဆရာနဲ့ ညိုလဲ ဘယ်လိုမှ ပတ်သက်သေးတာ မဟုတ်ဘူး"

"တော်တော့ ညို၊ မင်းဟာ ငါ့စေတနာကို ဘယ်တော့မှ နားမလည်ဘူး၊

အမြဲစော်ကားနေတာပဲ၊ ဒီတခါ နောက်ဆုံးလာခြင်းပဲ၊ တနေ့ကျရင် မင်းလိုလားတဲ့ လွတ်လပ်ခွင့်က မင်းကို ဒုက္ခပေးမှာပဲ၊ ဒါပဲ နောက်ဆုံးသတိပေးချင်တယ်၊ သွားမယ်”

ဆရာသည် စိတ်ဆိုးမာန်ဆိုးဖြင့် ညို့ကို ကျောခိုင်းထွက်သွားလေသည်။ ပထမတော့ ဆရာက မအော်စဖူး အော်လိုက်၍ ညို့စိတ်က ထိတ်လန့် အားငယ်သွားသည်။ နောက်တော့ ခံပြင်းသည့် စိတ်၊ မာနစိတ်၊ မခံချင်စိတ်ကလေးက နိုးကြွလာသည်။

ဟင်း ရယ်စရာပဲ ကောင်းသေးတော့၊ အိုးကမပူ စလောင်းက ပူနေရသေး၊ တယောက်တည်း နေချင်လို့မှ နေလို့မရ၊ ဘာကြောင့်များ သူများဘဝထဲကို ဝင်နှောင့်ယှက်နေချင်ကြပါလိမ့်။

တွေးကြည့်လျှင် ကျော်ကျော့်ကိုပင် သိပ်မကျေနပ်ချင်။ သိမ်းကျုံး၍ အပြစ်တင်ချင်စိတ် ပေါက်လာမိသည်။ သည်ကြား ဗယ်လာရီက တမှောင့်။

“ညို့လွတ်လပ်ခွင့်ကို ကိုယ်မဖျက်ဆီးချင်ပါဘူး၊ ဒါပေမဲ့ ကိုသက်ဆွေအကြောင်းတော့ ညို့ကို နည်းနည်း ပြောပြသင့်တယ်လို့ ထင်မိတယ်”

“ကိုင်း မရွှေဘဲ၊ အမိကကော ဘာများ တရားဟောချင်သေးလဲ၊ ဆိုစမ်းပါအုံး”

ညိုက ဗယ်လာရီကို အစွဲ့တိုက်၍ မရွှေဘဲဟု ခပ်ရွတ်ရွတ်လေး ခေါ်လိုက်သည်။

“ညို့ကို ကိုယ် တရားမဟောနိုင်ပါဘူးကွယ်၊ ညိုက ကိုယ့်ထက် စကားတတ်တာပဲဥစ္စာ၊ ကိုယ်ပြောချင်တာက ညိုဟာ ကိုယ်တို့နဲ့ ပတ်သက်ပြီး ကိုသက်ဆွေနဲ့ ခင်မင်သွားတာ မဟုတ်လား။ တစုံတခု ဖြစ်ရင် ကိုယ်တို့တာဝန် မကင်းဘူးလို့ ဇော်ကလဲ ပြောနေတယ်”

“မင်းရဲ့မောင်တော်က ဘာတွေများ ပြောသွားလို့လဲ”

“သူနဲ့ ကိုသက်ဆွေတို့က ခင်မင်တယ်ဆိုပေမယ့် သာမန် မိတ်ဆွေတွေပါပဲတဲ့၊ တော်ကြာ ညိုက ကိုယ်တို့နဲ့ သိပ်ရင်းနှီးတယ် ထင်ပြီး သိပ်ယုံနေမှာ စိုးလို့ပါ”

“ကိုသက်ဆွေက မယုံရဘူးလို့ ဆိုလိုတာလား”

ညိုက ဒဲ့ဒိုးပင် မေးလိုက်သည်။

“ဒီလိုလေ သူ့အကြောင်းကို ညို သေသေချာချာ မသိသေးသလို ကိုယ်တို့လဲ

မသိဘူး၊ အကြောင်းမသိတဲ့ လူတယောက်ကို သိပ်ယုံစားတာ ဘာပဲဖြစ်ဖြစ် မကောင်းဘူး မဟုတ်လားကွယ်”

“ညို့မှာ ဦးနှောက်ရှိပါတယ် ဗဲလ်ရယ်”

ညိုနှင့် ဗယ်လာရီတို့သည် မိန်းကလေးတို့ညာဉ်၊ သူငယ်ချင်းတို့ ဘာသာဘာဝ စကားပြော အဆင်မပြေရုံလေးဖြင့် တစ်ရက် နှစ်ရက် စကားကောင်းကောင်း မပြောဖြစ်ကြတော့။

ညို့ဆီကို စိတ်ရှည်လက်ရှည် လာလာတွေ့တတ်သော ဆရာလည်း ရောက်မလာ။

ဟင်း နေကြစမ်းပါစေ။ လောကကြီးမှာ တယောက်တည်း နေရလေ ကောင်းလေပဲ။

ညိုသည် တလောကလုံးကို စိန်ခေါ်၍ ထင်ရာစိုင်းချင်စိတ်လေးများ ကြီးထွားလာခဲ့မိလေသည်။

※※※

“ကျွန်တော်နဲ့ ကျော်ကျော်က ဆယ်တန်းအထိ ကျောင်းအတူတူ နေခဲ့ဖူးတာပဲ၊ ကျောင်းတော်က ရန်စကြောင့် ကျော်ကျော်က ကျွန်တော့်ကို အခဲမကျေဖြစ်နေတာ”

“ဘာတွေများ ဖြစ်ခဲ့ကြလို့လဲ”

“လူငယ်တွေဆိုတော့ ထုံးစံအတိုင်း မိန်းကလေးနဲ့ ပတ်သက်တာပေါ့ဗျာ၊ ကျော်ကျော့်ရည်းစားကိုမှ ကျွန်တော်က ချစ်ရေးဆိုမိတယ်”

“နောက်တော့ကော”

“ကျွန်တော်က သူနဲ့ဖြစ်နေမှန်းလဲ မသိပါဘူး၊ မိန်းကလေးက ပထမတော့ ကျွန်တော့်ဘက် ပါလာတယ်၊ နောက်တော့ ကျွန်တော်နဲ့လဲ အဆင်မပြေလို့ ကွဲသွားကြတယ်၊ အဖြစ်က ဒါပါပဲ”

“ကိုသက်ဆွေက မြုပ်ကွက်ကလေးတွေ ချန်ထားခဲ့တယ် ထင်ပါရဲ့”

ညိုက အလေးမထားသလို ရယ်မောပြောဆိုခဲ့သည်။ တကယ်တော့ ကိုသက်ဆွေနှင့် ညိုသည် နောက်ထပ် တွေ့စရာ အကြောင်းမရှိတော့။ သို့သော် ကိုသက်ဆွေက ညို့ကို တောင်းပန်ချင်သည်ဟု ဆိုကာ လာတွေ့သည်။ ညို

မလိုလားသော စကားများကိုလည်း မပြောတော့ပါဟု ဆိုသည်။ သူနှင့် ညိုသည် သာမန် မိတ်ဆွေတွေကဲ့သို့ပင် ခင်မင်မပျက် နေလိုသည်။ ညို့အနေဖြင့် ဝန်လေး နှောင့်နှေးစရာ အကြောင်းမရှိ။

ပြီးတော့ ညိုနှင့် ကိုသက်ဆွေက ဘဝတူဖြစ်သည်။ ကိုသက်ဆွေက ဆေးတက္ကသိုလ်မှာ ဒုတိယနှစ်အထိ နေဖူးသည်။ ယခုတော့ ကိုသက်ဆွေလည်း အက်ဖ်သမားတယောက်သာ။ စာမေးပွဲ မအောင်၍ ကျောင်းထွက်နေသူသာတည်း။ ကိုသက်ဆွေဘဝကလည်း မရေမရာ။ မိဘတွေက အညာမှာ။ သူက ဦးလေးတယောက်အိမ်မှာ နေသည်။

ကိုသက်ဆွေအကြောင်းကို သည်မျှတော့ ညိုသိသည်။ သည့်ထက်ပို၍လည်း သိစရာ မလိုဟု ညိုထင်သည်။ ညိုနှင့် ကိုသက်ဆွေတို့သည် သာမန်မိတ်ဆွေတွေပါပဲ။

သို့သော် ညိုနှင့် ကိုသက်ဆွေသည် သာမန်မိတ်ဆွေတွေ မသွားတတ်သော နေရာများသို့ တခါတရံ ခြေကျွံမိတတ်ကြသည်။ ဘာရယ်တော့မဟုတ်။ ခြေဦးတည့်ရာ သွားမိကြခြင်းသာ။

တနေ့တော့ ညိုနှင့် ကိုသက်ဆွေတို့ မင်္ဂလာဒုံဘက်သို့ ခြေကျွံသွားကြသည်။ ကျိုက်ကလို့ဘုရားနား ရောက်တော့လည်း မတိုင်မပင် ဘတ်စ်ကားပေါ်မှ ပြိုင်တူဆင်းမိသည်။ ပြီးတော့ အဓိပ္ပာယ်မရှိ ရယ်ကြသည်။

လောကကြီးက ကျဉ်းကျဉ်းကလေးပါပဲ။ သည်နားမှာ လယ်ထွန်စက်စခန်းရှိသည်ကို ညိုမသိ။ ထွန်စက်စခန်းမှာ ကိုကိုနိုင် ရှိသည်ကိုလည်း ညိုမသိ။ ညို့မျက်စိကလည်း ကိုကိုနိုင့်ကို မမြင်မိ။ နေပူကျဲကျဲမှာ နှစ်ယောက်တည်း လျှောက်လာကြသော ညိုတို့ကိုတော့ ကိုကိုနိုင်က အဝေးမှပင် မြင်ဟန်တူသည်။ ညိုတို့နား ရောက်အောင်လည်း သွက်သွက်လေး လျှောက်လာခဲ့သည်။

"ညို"

ရုတ်တရက်တော့ ညို လန့်သွားသည်။ သည်လိုနေရာမျိုးမှာ ကိုကိုနိုင့်ကို တွေ့ရမည်ဟု ညို မထင်မိ။

"ဪ ကိုကို"

ညို့နှုတ်မှ ခေါ်နေကျ အသုံးအနှုန်းလေးက အလိုအလျောက် ထွက်သွားလေသည်။

"ညို ဘယ်သွားမလို့လဲ"

"ဟို အင်း၊ ဘယ်မှ မသွားပါဘူး"

ကိုကိုနိုင်နှင့် ပတ်သက်လာလျှင် ညို အမြဲသတ္တိနည်းခဲ့သည်။ ညို့ကိုညိုပင် ဒေါသဖြစ်၍မဆုံး။ ကိုကိုနိုင်ကလည်း ဘာဆက်ပြောရမှန်း သိဟန်မတူ။ ခပ်ကြောင်ကြောင်ဖြစ်နေသော ကိုသက်ဆွေကို တချက်လှမ်းကြည့်သည်။

"ညို အအေးသောက်မလား"

ကိုကိုနိုင်က အကြံရဟန်ဖြင့် မလှမ်းမကမ်းမှ အအေးဆိုင်ကလေးသို့ ခေါ်သွားသည်။

"ကိုကို ဒီမှာ တာဝန်ကျနေတယ်"

ကိုကိုနိုင်က ဦးဆောင်၍ လိမ္မော်ရည်မှာသည်။ ကိုသက်ဆွေကို မကြည့်ဘဲ လိမ္မော်ရည်ခွက်ကို ရှေ့တိုးပေးလိုက်သည်။

"ညို မသိဘူး"

ညိုက ထိုမျှသာ ပြောဖြစ်သည်။ ပြီးတော့လည်း သုံးယောက်သား စကားမပြောဖြစ်ဘဲ လိမ္မော်ရည်ခွက်တွင် မျက်နှာစိုက်ကာ တိတ်ဆိတ်နေမိကြသည်။ ညို့စိတ်တွင်တော့ အတွေးရိုင်းလေးများ လှည့်ပတ်ကစားနေသည်။ ကိုကိုနိုင့်ကို ကြုံတုန်းကြုံခိုက် အရွဲ့တိုက် လိုက်ချင်စိတ်လေး ပေါ်လာသည်။

"လိမ္မော်ရည်တိုက်တာ ကျေးဇူးတင်ပါတယ် ကိုကို၊ ညိုတို့ ဘုရားဖူးပြီးရင် ပြန်တော့မှာ"

ကိုကိုနိုင့်မျက်နှာက ကွက်ခနဲ ပျက်သွားသည်။ ညို့ကို သည်နေရာတွင် မြင်ကတည်းက သူ့ရင်ထဲက မကျေနပ်။ ညို့စကားကို ကြားရပြန်တော့ ညီမငယ်တယောက်လို နားရင်း ထအုပ်ပစ်ချင်စိတ် ပေါ်လာသည်။ ညိုကတော့ ကိုကိုနိုင့်ကိုကြည့်ပြီး ပျော်လာသည်။

"ကိုကိုလဲ အလုပ်ရှိသေးတယ် မဟုတ်လား၊ သွားမယ် ကိုကို"

ပြောပြောဆိုဆို ညိုက နေရာမှထသည်။ ကိုကိုနိုင်က ညို့ကို တားဆီးရန် အပြေးအလွှား စဉ်းစားရသည်။

"ဒီအချိန်ဟာ ဘုရားပေါ်မှာ လူပြတ်တယ် ညို၊ ဟို ဟို ဒီက"

"ကိုသက်ဆွေပါ"

“ဪ ကိုသက်ဆွေလဲ သိမှာပေါ့နော်၊ ကိုယ်က ဣန္ဒြေရရ သွားလာနေပေမယ့် လူပြောင် လူနောက်လေးတွေက ရှိနေတတ်တာ မိန်းကလေးတယောက်အတွက် မကောင်းဘူး”

ကိုကိုနိုင်က ညို့ကို သနားခံသလို၊ တောင်းပန်သလို ကြည့်နေပြန်သည်။ ကိုသက်ဆွေက မနေသာတော့။

“ကျွန်တော်တို့လဲ ဘာရယ်မဟုတ်ပါဘူး၊ ဘတ်စ်ကားပေါ်မှာ စကားပြောရင်း မှတ်တိုင် ကျော်လာတာပါ၊ ကဲ ပြန်ကြရအောင် ညို”

သည်တခါတော့ ကိုသက်ဆွေက သဘောကောင်းနေသည်။ ညိုက မပွင့်တပွင့် ပြုံးလိုက်သည်။ မဲ့ပြုံး၊ ခနဲ့ပြုံး။

“ညို့အတွက် သတိပေးတာ ကျေးဇူးတင်ပါတယ် ကိုကို၊ နောင်ကိုလဲ ခုလို ကြုံကြိုက်တဲ့အခါ ဆုံးမပါနော် ဟင်း ဟင်း၊ ပြန်လိုက်ပါဦးမယ်”

ညိုက ကိုသက်ဆွေလက်မောင်းကို ကိုင်ဖြစ်အောင်ကိုင်ကာ လှည့်ထွက်ခဲ့သည်။ ကိုကိုတယောက် အံကိုကြိတ်ကာ ကရုဏာ ဒေါသဖြစ်၍ ကျန်ခဲ့သည်ကိုတော့ ညို မမြင်မိပါချေ။

※※※

“နင် နေချင်သလိုနေတာ ငါမပြောဘူး၊ ဒါပေမဲ့ ဒီလို အဓိပ္ပာယ် မရှိ လျှောက်လုပ်နေတာကိုတော့ ငါ နည်းနည်းမှ သဘောမကျဘူး၊ ဒါလဲ နင့်အတွက်ပြောတာ၊ နင့်ကိုခင်လို့ ပြောရတာ”

“ညို့ကိုခင်လို့ ဟုတ်လား၊ လောကမှာ ညို့ကို ခင်တွယ်တဲ့သူဆိုတာ ရှိသေးလို့လား”

ဝါသော သီသီပါးပြင်လေးက ဒေါသသွေးဖြင့် နီမြန်းလာသည်။

“အေး ဟုတ်တယ်၊ မရှိဘူး၊ မရှိဘူးဘဲ ထားပါတော့၊ ဒါပေမဲ့ နင် ကိုယ့်ကိုယ်ကိုယ်တော့ မခင်တွယ်သင့်ဘူးလား၊ ကိုယ့်ကိုယ်ကိုယ် နစ်မွန်းအောင် ပျက်စီးအောင် ဘာလို့လုပ်ချင်ရတာလဲ”

“ညိုက ဘာတွေ ပျက်စီးနေလို့လဲ”

“နင် မပျက်စီးဘူး ပျက်စီးတယ်ဆိုတာ နင်ပဲသိမှာပဲ၊ ဒါပေမဲ့ သူများအမြင်မှာတော့ နင် ပျက်စီးနေပြီ”

ညို့မျက်နှာကလည်း ဒေါသကြောင့် မည်းလာသည်။

"ဘာ ညိုပျက်စီးရအောင် ညို ဘာဖြစ်နေလို့လဲ၊ ညို ဘာဖြစ်နေလို့လဲ၊ ဘာများဖြစ်နေလို့လဲ ပြောစမ်းပါဦး"

ညိုက ဒေါသတကြီး အော်ပစ်သည်။ မျက်ရည်များလည်း စီးကျလာသည်။

"ယောကျ်ားတယောက်နဲ့ ထင်ရာ လျှောက်သွားနေတာ ပျက်စီးတာပေါ့"

သီသီကလည်း အလျှော့မပေး။ သူ့တွင် သူငယ်ချင်းအပေါ် ကောင်းစေလိုသော စေတနာအပြည့်နှင့်မို့ သူပြောသမျှ ကောင်းဖို့ချည်းသာဟု မှတ်ယူထားသည်။ သူ့ဝသီအတိုင်း ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောပစ်သည်။ အမုန်းခံလျှင် ခံရစေတော့။

"ညို ယောကျ်ားတယောက်နဲ့ လျှောက်သွားပေမယ့် အဲဒီယောကျ်ားနဲ့ ဘာမှမဖြစ်ဘူး၊ သူဟာ ညို့ရည်းစားလဲ မဟုတ်ဘူး၊ သူများပြောတာတွေ ညို ဂရုမစိုက်ဘူး၊ နေချင်သလို နေမှာပဲ"

"အေး ရည်းစားမဟုတ်လို့ ပြောနေတာပေါ့၊ ယောကျ်ားတွေအကြောင်း နင်ဘယ်လောက် သိလို့လဲ၊ နင့်အကြိုက်ကိုလိုက်ပြီး တနေ့ နင့်ကို ကြံစည်မှာ နင် မကြောက်ဘူးလား၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့ နေတာပဲ၊ ပတ်ဝန်းကျင်ကို ဂရုစိုက်ရမယ်၊ ပြီးတော့ နင်က မိန်းကလေး"

"သိတယ် သိတယ်၊ ညို သိတယ်၊ ညို အားလုံးကို နားလည်တယ်၊ ညို့ကို ဘာမှမပြောနဲ့၊ မပြောနဲ့၊ မပြောကြနဲ့"

ညိုက ငိုရင်း အော်ပြောသည်။

"ဒီမှာညို သူငယ်ချင်းတယောက်အနေနဲ့ ညို့ကို လာပြောတာ ဒါနောက်ဆုံးပဲ၊ ပြီးခဲ့တဲ့ အကြောင်းတွေမှာ ငါ့အပြစ်ပါရင် ငါ တောင်းပန်ပါတယ်၊ ခုချိန်မှာ ငါဟာ နင့်သူငယ်ချင်းကောင်း တယောက်အဖြစ် ရှိနေတယ်ဆိုတာ နင် နားလည်ထားပါ"

သီသီအသံက ပျော့ပျောင်းလာသည်။ သူပါ ဝမ်းနည်းသံဖြင့် မျက်ရည်ဝဲလာသည်။ ညိုက မျက်နှာကို အိပ်ရာပေါ်တွင် မှောက်ထားကာ နားကို ပိတ်ထားသည်။

"သွား သွား၊ ညို့မှာ အဖေလဲ မရှိဘူး၊ အမေလဲ မရှိဘူး၊ သူငယ်ချင်းလဲ မရှိဘူး၊ ဘယ်သူမှ မရှိဘူး၊ မရှိဘူး"

ကျောင်းမှပြန်လာသော ဗယ်လာရီသည် မျက်ရည်စဖြင့် ပြုံးပြသွားသော သီသီကို လမ်းတွင် တွေ့လိုက်ရပြီး အိပ်ရာပေါ်တွင် မှောက်၍ငိုနေသော ညို့ကို တွေ့ရပြန်သောအခါ သက်ပြင်းကိုသာ ရှိုက်လိုက်မိရှာလေသည်။

※※※

၁၃

စင်စစ် ချမ်းသာခြင်း ဆင်းရဲခြင်း၊ အောင်မြင်ခြင်း ရှုံးနိမ့်ခြင်းနှင့် ချစ်ခြင်း မုန်းခြင်းတို့ကို လူသားအားလုံး တလှည့်စီ ဖြန့်ဝေခံစားနေကြရသည်သာ ဖြစ်သည်။ သို့သော် အခွင့်မသင့်က ဆင်းရဲခြင်း၊ ရှုံးနိမ့်ခြင်း၊ မုန်းခြင်းဟူသော အနုတ်လက္ခဏာများကိုသာ တဖက်သတ် ဖိစီးခံစား နေရသည်လည်း ရှိသည်။ ထိုအခါမျိုးတွင် လူ့ဘဝဟူသည် စိတ်ပျက်စရာကြီးပါလားဟူသော နှလုံးသွင်းမိပေမည်။

ညိုကတော့ သူ့ဘဝကို အနုတ်လက္ခဏာဘဝဟု သတ်မှတ်ထားသည်။ ထို့ကြောင့်လည်း အနုတ်လက္ခဏာမှ တိုးတက်လာရန် မကြိုးစားမိ။ ရေဆန်ကို လှော်ခတ်ရန် အားမထုတ်မိ။ အားယုတ်ရမှာကို သတ္တိလည်းနည်းသည်။ ရေစီးအတိုင်းလိုက်၍ သက်သက်သာသာ နေလိုစိတ်လည်း ရှိသည်။

ညို့အတွက် တစ်နှစ်တာသည် မရေမရာ ကုန်ဆုံးခဲ့ပြီ။ လေလွင့်ရင်း၊ စိတ်ကူးယဉ်ရင်း၊ စိတ်ပျက်ရင်းဖြင့် ညိုပြောနေကျစကားအတိုင်း လောကကြီးတွင် အဓိပ္ပာယ် ကင်းမဲ့သော လူသားတယောက်အဖြစ် လှုပ်ရှားနေခဲ့သည်။

ဗယ်လာရီသည် မကြာမီ လက်ထပ်တော့မည်ဖြစ်၍ ချမ်းမြငြိမ်ကိုခွာရန် စိတ်ကူးနေရပြီ။ ထိုအခါ ဗယ်လာရီကို အကြောင်းပြု၍ နေကြရသော ညိုတို့တတွေမှာလည်း ချမ်းမြငြိမ်ကို ခွာရမလို ဖြစ်လာသည်။ ထိုအချိန်တွင် ညိုသည်လည်း သူ့ဘဝကို သူ ဆန်းစစ်မိစ ပြုလာသည်။

ဆရာသည် သူ့စေတနာ သူ့မေတ္တာကို အစော်ကား ခံရပါ များလာ၍ ညို့အပါးမှ စိတ်နာစွာ ခွာသွားခဲ့ပြီ။ သူငယ်ချင်းဖြစ်သူအတွက် ကရုဏာဒေါသ ဖြစ်ရလွန်းသော သီသီသည်လည်း ညို့ကို မပျက်စီးစေလိုသော သဘောဖြင့် တားဆီးပိတ်ပင်သွားခဲ့ပြီ။ ညို့ဆီသို့မူ နောက်ထပ် ရောက်မလာတော့။ ယခု ဗယ်လာရီနှင့်လည်း ခွဲရတော့မည်။ ညို့နားတွင် တယောက်မျှ မရှိကြတော့။

ညိုသည် အလုပ်တခုရရန် အပြင်းထန် ကြိုးစားရှာဖွေနေရလေပြီ။ အလုပ်သမားရုံးသို့ ခြေရာချင်းထပ်မတတ် သွားသည်။ လက်မှတ်သာ အခါခါလဲနေရသည်။ အလုပ်ရရေးကား မမြင်။ အထူးသဖြင့် နိုင်ငံတော်က သတ်မှတ်ထားသော ဘွဲ့လက်မှတ်ကလေးက ညို့တွင် မရှိ။ သည်တော့လည်း ညို အလုပ်ရရေးက ပို၍ ဝေးရပြန်သည်။ ယခုမှ တကယ့်ဆင်းရဲဒုက္ခကို ညိုမြင်လာရပေသည်။ လူတွေအတွက် လောကကြီးတွင် နေရာတနေရာပေါ်မှာ

အခြေချ ရပ်တည်ရေးသည် တကယ်ပင် အရေးကြီးလှပါကလား။

ညိုသည် သူ့ဘဝရှေ့ရေးကို လေးလေးနက်နက်တွေးရင်း ငေးနေမိသည်။

ထိုအချိန်တွင် ဗယ်လာရီတယောက်က ရေးကြီးသုတ်ပျာ ပြန်လာသည်။

ညို အခန်းအောင်းနေသည်မှာ တပတ်ခန့်ရှိပြီ။ ပြင်ပတွင် ဘာတွေဖြစ်လို့ ဖြစ်နေမှန်းမသိ။ ညို့အပြောအရဆိုလျှင် လောကကြီးတွင် ဘာတွေဖြစ်နေမှန်း ညို မသိ။

"ဟင်း စိတ်ညစ်စရာ ကောင်းလိုက်တာ"

ညိုက ညည်းညူလိုက်သည်။

"သူ့ပြောရင် ဒါပဲ"

ဗယ်လာရီက အင်္ကျီလဲရင်း စကားလည်း တတွတ်တွတ် ပြောနေသည်။

"တကယ်တော့ ညိုဟာ လောကကြီးအကြောင်းကို တကယ် မသိသေးပါဘူး၊ သိရသမျှနဲ့ လောကကြီးကို အရွဲ့တိုက်ဖို့ပဲ ကြိုးစားနေတယ်၊ ဘာပဲပြောပြော တို့တတွေဟာ လောကမှာ နေရာ ကောင်းကောင်း ရထားသူတွေပါ။ ကိုယ့်ထက် အကျိုးပေး ကောင်းသူကိုတော့ မကြည့်နဲ့ပေါ့၊ ကိုယ့်ထက်ဆိုးသူတွေကို ကြည့်၊ ညို့မှာ စားစရာ နေစရာ ရှိသေးတယ်၊ မျှော်လင့်ချက် ရှိသေးတယ်"

"စားစရာ နေစရာရှိရင် ပြည့်စုံပြီလား"

"ပြည့်စုံတယ် မပြည့်စုံဘူးဆိုတာကို ဘာနဲ့ တိုင်းတာမလဲ၊ ဒါတော့ ကိုယ်မသိဘူး၊ ဒါပေမဲ့ ညိုသာ စားစရာမရှိရင် ငတ်နေရင် ခုလို အခန်းအောင်းပြီး လောကကြီးကို ကျိန်ဆဲနေနိုင်မှာ မဟုတ်ဘူး၊ တနည်းနည်းနဲ့ လောကကြီးကို ရင်ဆိုင်ရမှာပဲ"

"ညိုလဲ ငတ်တော့မှာပါ"

"အေး ဟုတ်တယ်၊ ညိုလဲ ငတ်မှ ဘဝအကြောင်းကို သိလာမှာ၊ ခုတောင် အလုပ်လုပ်ဖို့ အပူတပြင်း ဖြစ်လာပြီ မဟုတ်လား"

ညိုသည် ဗယ်လာရီကို ငေးစိုက်ကြည့်နေမိလေသည်။ ခုတော့ ဗယ်လာရီသည် သူ့ကို တရားဟောနေပေပြီ။ ဗယ်လာရီ တရားသည် ဘဝနှင့်လည်း ပို၍နီးစပ်နေလေသည်။

"ဒီလိုဆိုတော့ လူတွေဟာ စားဖို့က အရေးအကြီးဆုံးပေါ့နော်"

ညိုက ညည်းတွားသလို ပြောလိုက်သည်။ ဗယ်လာရီက ညို့ကို စေ့စေ့ကြည့်သည်။

“ဒီမှာညို ကိုယ်ကတော့ စကားသိပ်မတတ်လို့ မပြောတတ်ဘူး၊ ဆရာပြောတာ သိပ်မှန်တာပဲ၊ တကယ်တော့ ညိုဟာ လောကအကြောင်း ဘာမှမသိသေးဘူး၊ ညိုသိရသမျှလေးနဲ့လဲ ညို့ဘဝကြီးဟာ ဆိုးလှပါပြီ၊ လောကကြီးဟာ စိတ်ပျက်စရာ ကောင်းလှပါချည်ရဲ့လို့ ညည်းညူနေတယ်၊ တကယ့်ဆင်းရဲဒုက္ခဆိုတာကို ညို မသိသေးဘူး"

ညို့စိတ်ကတော့ သူ့ကို မသိသေးဘူးဟု အပြောခံရသည်ကို သိပ်လက်မခံချင်ပေ။

“သိသင့်သလောက်တော့ သိပါတယ်ကွာ၊ ညိုလဲ ဒုက္ခဆိုတာကို လှလှကြီး ခံစားခဲ့ရတာပဲ၊ မင်းပြောသလို မငတ်ဖူးသေးတာ တခုပါပဲ”

“ညို့ဒုက္ခဆိုတာက အသေးအဖွဲပါကွာ၊ အမေသေလို့ စိတ်ဆင်းရဲရတဲ့ဒုက္ခ၊ အားကိုးရာမဲ့လို့ လေလွင့်ရတဲ့ဒုက္ခ၊ ဆုံးရှုံးမှုတွေ ကြုံရလို့ စိတ်ပျက်ရတဲ့ ဒုက္ခ၊ ဒီဒုက္ခတွေဟာ လောကမှာ စားစရာ နေစရာရယ်လို့ လုံးဝမရှိလို့ ဒုက္ခရောက်နေရတဲ့သူတွေ၊ မျှော်လင့်ချက် လုံးဝမရှိဘဲ အမှောင်ထဲမှာ စမ်းတဝါးဝါး ဖြစ်နေရတဲ့ သူတွေနဲ့စာရင် အပုံကြီး တော်ပါသေးတယ်၊ ညို အချိန်မီ ကြိုးစားရင် ညို့ဘဝမှာ မျှော်လင့်ချက်တွေ အများကြီး ရှိနိုင်သေးတယ်”

“မင်း စကား တော်တော်တတ်နေပြီပဲ”

“ညို့ကြောင့် တတ်လာရတာ ဖြစ်မှာပေါ့”

ထိုနေ့မှစ၍ ညိုသည် ဗယ်လာရီ၏ တရားနာပရိသတ် ဖြစ်လာရလေသည်။ ညိုသည် လောကကြီးနှင့် အဆက်ဖြတ်ကာ အခန်းအောင်းနေရာမှ လောကအကြောင်းကို လက်တွေ့လေ့လာ စူးစမ်းလိုစိတ်လေး ပြန်ဝင်လာရသည်။ ဗယ်လာရီကဲ့သို့ လူ့ဘဝတွင် ပညာရော ခေဥစ္စာပါ ပြည့်စုံသည်ဟု ဆိုရမည့် မိန်းကလေးတယောက်က ဘဝအကြောင်းတွေ၊ ဒုက္ခအကြောင်းတွေ ပြောလာပြီဆိုတော့ ညိုကဲ့သို့ ဆင်းရဲဒုက္ခရောက်နေရသော လူတွေနှင့် ထိတွေ့ဆက်ဆံခဲ့ဖူးသည့် မိန်းကလေးတယောက်က သတိတရား ပြန်ဝင်လာရသည်။ ဗယ်လာရီပြောသလိုပင် လောကတွင် တကယ့်ဒုက္ခဆင်းရဲကို ရင်ဆိုင်နေရသူတွေ တပုံကြီး ရှိပါကလား။

ညိုသည် စိတ်ကူးယဉ် လေလွင့်ကမ္ဘာထဲတွင် မည်မျှကြာကြာ အိပ်ပျော်နေခဲ့မိသည်ကို တွေးတောရစ ပြုလာလေသည်။ ဗယ်လာရီ စကားများက

သူ့ကို လှုပ်နှိုးနေသည်။

ညို တရေးနိုးချိန်တွင် လောကကြီးသည် ညိုထင်ထားသည်ထက်ပင် ပို၍ပျက်စီးနေသည်ကို တွေ့ရလေသည်။

※※※

"ဟေ့ မိညို အိပ်ပုပ်မကြီး ထစမ်း ထစမ်း မြန်မြန်ထစမ်း"

ပခုံးကိုကိုင်ကာ ခပ်ကြမ်းကြမ်းလေး လှုပ်နှိုးလိုက်သည်ကို မရသဖြင့် ညိုက မျက်လုံးများကို ပွတ်သပ်ကာ ဖွင့်ကြည့်လိုက်မိသည်။

"ဟင် မယု၊ နင်ကလဲဟယ် လာလိုက်ရင် မိုးပေါ်ကကျလာသလား အောက်မေ့ရတယ်၊ ဆိုင်းမဆင့် ဗုံမဆင့်"

"အေး ဘာမှပြောမနေနဲ့ ထ၊ ရေချိုး အဝတ်အစားလဲ"

"ဘာလုပ်မလို့လဲ"

"ငါနဲ့လိုက်ခဲ့"

"ဟင် ဘယ်ကိုလိုက်ရမှာလဲ"

"ရုံးကို"

ညို့မျက်လုံးများက ယခုမှ ပြူးကျယ်လာပြီး အိပ်ရာမှ တကယ်နိုးလာသည်။

"ကဲပါ လုပ်စမ်းပါ မြန်မြန် အချိန်မရှိတော့ဘူး၊ တို့ရုံးမှ သွားလက်ထပ်မလို့၊ အဲဒါ နင် အသိသက်သေလိုက်လုပ်ရမယ်"

"ဟောတော့"

ညိုက ဘာမျှမပြောအားဘဲ အပြေးအလွှား ရေချိုးရသည်။ အလှပြင်ရသည်။ မယုကလည်း ယခုမှပင် အဝတ်အစားလဲက အလှပြင်နေသည်။ ဗယ်လာရီကပါ ဝိုင်းဝန်း ပြင်ဆင်ပေးနေရသည်။

"အစကတော့ အေးအေးဆေးဆေးမှ လက်ထပ်ကြဖို့ပါပဲ၊ အခု အစ်ကိုက ရန်ကုန်မှာ အလုပ်ရတော့ မယုကို တခါတည်း လိုက်စေချင်တယ်၊ မယုကလဲ အလုပ်မရသေးတော့ လိုက်လို့မဖြစ်ဘူးလေ၊ လက်ထပ်လိုက်ပြီဆိုတော့ လိုက်လို့ရသွားတာပေါ့"

"နောက်ဆုံးတော့ မခွဲနိုင်လို့ ဆိုပါတော့ကွာ"

ဇယ်လာရီက မယုကို ဆံထုံး အကျအန ထုံးပေးနေသည်။

"မယုတို့ လက်ထပ်ပြီးရင် ဘယ်မှာနေမှာလဲ"

"ကြည့်မြင်တိုင်က သူ့အစ်မတယောက်အိမ်မှာ ခဏနေရမယ်၊ နောက်မှ အိမ်ရှာရမှာပေါ့"

"ဒီမှာ လာနေပါလားကွ၊ ဗဲလ်ကလဲ ယောက်ျားနောက် လိုက်သွားတော့မှာ၊ ညိုတို့ ဘုံပျောက်မလို ဖြစ်နေပြီ၊ မယုတို့က ဒီဘက်ခြမ်းနေ၊ ညိုတို့နှစ်ယောက်က ဟိုဘက်တခြမ်း နေမယ်၊ မယုကို ဘယ်လိုမှ အနှောင့်အယှက် မပေးပါဘူးလို့ ကတိပေးပါတယ်"

ဇယ်လာရီ ပြောင်းသွားလျှင် သူ့ညီမဝမ်းကွဲ တယောက်ကလည်း ချမ်းမြေ့ငြိမ်မှ ပြောင်းတော့မည် ဖြစ်ရာ ညိုနှင့် မလေးဆွေဆိုသော မိန်းကလေးနှစ်ယောက်သာ ကျန်ခဲ့ကြမည် ဖြစ်၏။

"အိမ်လခ မတတ်နိုင်ပါဘူးကွာ၊ လောလောဆယ် အလကားရတဲ့နေရာပဲ နေလိုက်ဦးမယ်၊ မယု အလုပ်ရရင် အိမ်ငှားမယ်၊ ညို မယုတို့နဲ့ လာနေပေါ့"

"ရှုပ်ပါတယ် မယုရယ်၊ ညို့ကိုပါ ယောက်ျားပေးစားကြရအောင်"

ဇယ်လာရီက အခွင့်သင့်ခိုက် ဝင်ပြောလိုက်သည်။

"ဟင်းနော် ဒါပဲပြောနေ၊ ညို့ကို ဘယ်သူက ယူမှာလဲ"

မယုက တခုခု မေးမည်ပြုပြီးမှ နှုတ်ဆိတ်သွားသည်။ ဇယ်လာရီက မျက်ရိပ်မျက်ခြည် ပြလိုက်၍ပဲ ထင်သည်။ ညိုနှင့် ဆရာ အဆက်အသွယ်ပြတ်နေသည်ကို မယု မသိသေး။

မယုအစ်ကို ကိုသိန်းဖေက ညိုတို့နှစ်ယောက်ကို လာကြိုသည်။ မြို့မတရားရုံးတွင် မယုတို့ လက်ထပ်ကြသည်။ ညိုနှင့် ကိုသိန်းဖေ၏ အစ်ကိုတော်သူက အသိသက်သေအဖြစ် လက်မှတ် ရေးထိုးသည်။ ပြီးတော့ ဇယ်လာရီကို ပြန်ခေါ်ကာ ကျွေးမွေးပြုစုသည်။ မယုတို့အစီအစဉ်က ဤမျှသာ ဖြစ်၏။

"မယုအိမ်က ဘယ်သူမှ မလာကြဘူးလား"

သည်တော့မှ မယုက ရင်ဖွင့်သည်။

"အစကတော့ ဟသ်ာတမှာပဲ အကြီးအကျယ် လက်ထပ်ပေးဖို့

နှစ်ဘက်စလုံးက စီစဉ်ကြတာပဲ၊ နောက်တော့ ထုံးစံအတိုင်းပေါ့ကွာ မင်္ဂလာအခမ်းအနား ကုန်ကျစရိတ်နဲ့ ပတ်သက်ပြီး မကျေမလည် ဖြစ်ကြတာနဲ့ မယုလဲ စိတ်ရှုပ်ရှုပ်နဲ့ တခါတည်း ခိုးရာ လိုက်ပြေးခဲ့ရော၊ ခုတော့ ပြီးရောမဟုတ်လား”

မယုက ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။

မယုသည် မှန်သည်ထင်လျှင် ပြတ်ပြတ်သားသား လုပ်တတ်သူသာ ဖြစ်သည်။ မပြတ်သားသူက ညို။ ညိုသည် မည်သည့်ကိစ္စကိုမျှ ပြတ်ပြတ်သားသား ဆုံးဖြတ်ရဲသူ မဟုတ်။ ညို့ဘဝကို မပြတ်သားမှု၊ တွေဝေမှုများကလည်း များစွာ ဖျက်ဆီးခဲ့လေသည်။

※ ※ ※

သည်တသက်တွင် ဒိုက်ဦးမြို့ကို ပြန်လည် ခြေချရမည်ဟု ညို ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့။ ဒိုက်ဦးမြို့တွင် အခြေတည်ခဲ့ရသော ညို့ဘဝသည် မလှပခဲ့။ နောက်ဆုံး ထွက်ခွာလာခဲ့ရပုံက ပို၍ပင် အကျည်းတန်သည်။ ထို့ကြောင့်ပင် ဤအရပ် ဤဒေသကို ညို မခင်တွယ်မိ။ မြို့ခံလူတွေ၏ အပြစ်တင်စကားများနှင့် ခနဲ့သံများ ကြားရတိုင်း ညိုက ပို၍ရင်နာသည်။ လူတယောက်၏ အတွင်းရေးကို တိတိပပ မသိရဘဲ လက်ညှိုးထိုး အပြစ်တင်တတ်သူတွေကိုလည်း ညို မုန်းသည်။ သို့သော် ဤသို့သော လူများသည် ဤနေရာတွင်သာမဟုတ် နေရာအနှံ့ရှိတတ်သည် ဟူ၍တော့ ညို့ စိတ်က ဖြေကြည့်သည်။

လူ့ဘဝတွင် ပြေး၍မလွတ်အောင် တားဆီး ချုပ်နှောင်ထားသော အရာတို့က ရှိနေပေသည်။ ယခုလည်း သည်မြေက ညို ပြေး၍ မထွက်နိုင်။ လာချိန်တန်တော့လည်း လာရသည်သာ။ လာဖို့ အကြောင်းကလည်း ကြုံလာရသည်။

ဗယ်လာရီသည် သူ့မင်္ဂလာကိစ္စအတွက် လုံးပန်း ပြင်ဆင်နေသည်။ ပြင်ဦးလွင်သို့ တခေါက်သွား၍ မိဘများနှင့် တိုင်ပင်ဦးမည်။ ဖြစ်နိုင်လျှင် မယုကဲ့သို့ပင် အေးအေးဆေးဆေး ကိစ္စငြိမ်းအောင် စီစဉ်ချင်သည်။ ဗယ်လာရီက ညို့ကို တယောက်တည်း မထားခဲ့ချင်။ ခွဲရခါနီး၍ ပိုလွမ်းနေသည်။ ပြင်ဦးလွင်ကို လိုက်ခဲ့စေချင်သည်။ ညိုကလည်း လိုက်လိုသည်။ ယခုဆိုလျှင် ညိုသည် ကိုသက်ဆွေကိုပင် အတွေ့မခံဘဲ ရှောင်နေပြီ ဖြစ်သည်။ ညို့ဘဝကို စိတ်သစ် လူသစ်ဖြင့် အသစ်မွေးဖွားရန် ပြင်ဆင်နေပြီ။

အသစ်မွေးလိုကာမှ အဟောင်းတို့က တားဆီးတိုက်ခိုက်လာကြလေသည်။

ညို့ဘဝ အတိတ်ဟောင်းသည် ညို့ကို လွှမ်းမိုးချုပ်ကိုင်ဆဲပင် ရှိလေ၏။

"ကဲ ညိုရေ လက်မှတ်ဝယ်ခိုင်းရမယ်၊ မှတ်ပုံတင်လက်မှတ်ပေး"

"လက်မှတ်ဝယ်မှာနဲ့ မှတ်ပုံတင်နဲ့ ဘာဆိုင်လို့လဲ"

"မှတ်ပုံတင်လက်မှတ်နဲ့မှ ရထားလက်မှတ် ဝယ်လို့ ရတယ်၊ ရထားပေါ်တက်တော့လဲ စစ်ဦးမှာ"

"ရှုပ်လိုက်တာကွာ နံပါတ်ပြောရင် မရဘူးလား၊ အရင် တလောက လေဘာရုံးသွားခါနီး မှတ်ပုံတင် မတွေ့လို့ ရှာသေးတယ်၊ ဘယ်နားရောက်နေလဲ မသိဘူး"

"ရှာပါဦးကွာ"

သို့သော် ညို့မှတ်ပုံတင်လက်မှတ်က ပျောက်ချင်းမလှ ပျောက်နေလေသည်။ အလျင်တလောကပင် ညိုသည် မှတ်ပုံတင် တကိုင်ကိုင်ဖြင့် လေဘာရုံးပြေးလိုက်၊ ပါတီယူနစ်ရုံးပြေးလိုက်၊ ကောင်စီရုံး ပြေးလိုက်နှင့် အလုပ်ရှုပ်နေခဲ့သည်။ တနေရာရာမှာ ကျပျောက်လေပြီထင့်။

"ခက်တာပဲကွာ၊ ဘယ်လိုလုပ်ရမလဲ"

"ဒီခေတ်ကြီးမှာ မှတ်ပုံတင်လက်မှတ် မရှိလို့တော့ ညို ဘာမှအလုပ်ဖြစ်မှာ မဟုတ်ဘူး၊ မြန်မြန် အသစ် ပြန်လုပ်ချည်"

ညိုသည် ရပ်ကွက်ပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီနှင့် ရဲစခန်းပါမကျန် ပြေးလွှားရတော့ သည်။ တကယ့်လက်တွေ့ လောကကြီးက တယ်လဲခက်ခဲပါကလား။ မြန်မာပြည်မှာ မွေးပြီး မြန်မာနိုင်ငံသားစစ်စစ် ဖြစ်ပါလျက် မြန်မာဖြစ်ကြောင်း သက်သေပြနိုင်ဖို့အရေး ပြေးရလွှားရ ပင်ပန်းလိုက်ရသည့်ဖြစ်ခြင်း။

"မရဘူး ဗဲလ်ရှေ့၊ မှတ်ပုံတင်ရုံးက ပြောလိုက်တယ်၊ ညို မှတ်ပုံတင်က ဒိုက်ဦးမြို့မှာ လုပ်ခဲ့တာမို့ ဒိုက်ဦးမြို့မှာ ပြန်လုပ်ပါတဲ့"

"ဒီလိုဆို ထောက်ခံစာနဲ့ ဝယ်ကြတာပေါ့ကွာ"

တကယ်တော့ ရထားလက်မှတ်တွေ မှောင်ခိုရောင်းကြလွန်း၍ တီထွင်လိုက်သောစနစ်ဟု ညိုသိရ၏။ သို့သော် ညိုကဲ့သို့ အကြောင်းကြောင်းကြောင့် မှတ်ပုံတင်လက်မှတ် လက်ဝယ်မရှိသူတို့အတွက် မည်သို့ စီစဉ်ရမည်နည်း။ ညိုသည် မြန်မာနိုင်ငံသားစစ်စစ်ပင် ဖြစ်၏။ သို့သော်

ညိုသည် မြန်မာပြည်တွင်း ခရီးသွားခွင့်ကို မရခဲ့ပါချေ။

ညိုက တလောကလုံးကို သိမ်းကျုံး၍ စိတ်နာပစ်သည်။

"လောကမှာ လူတွေဟာ ကိုယ်လုပ်တာပဲ ကိုယ်မှန်တယ်ထင်နေကြတယ်ကွ၊ ကိုယ်လုပ်တဲ့ အလုပ်ဟာ တကယ်အကျိုးရှိ မရှိ မသိကြဘူး၊ ဘာအတွက်လုပ်တယ်ဆိုတာ နားမလည်ကြဘူး"

ညိုသည် ဒေါသဖြစ်စွာ တချိန်လုံး အော်ဟစ် ဆူပူနေသည်။ ဗယ်လာရီသည် နားညည်းလာ၏။ ဘူတာရုံမှ ပြန်လာကတည်းက ညိုမည်းနေသော ညို့မျက်နှာကိုကြည့်ကာ သည်အဖြစ်မျိုး ကြုံရမည်ကို တွေးမိပြီးလည်း ဖြစ်သည်။

"ရဲစခန်း ထောက်ခံစာနဲ့တောင် ဝယ်လို့မရဘူး ဆိုတာတော့ လွန်လွန်းတယ်၊ မကျေနပ်ရင် ဓာတ်ပုံပါ ကပ်ခိုင်းချင် ခိုင်းပေါ့၊ ခုတော့ မှတ်ပုံတင်လက်မှတ်ကလွဲရင် ဘာလက်မှတ်နဲ့မှ မရဘူး ဆိုတာတော့ လူတွေကို သက်သက်ညှဉ်းဆဲတာနဲ့ မတူဘူးလား၊ မှောင်ခိုလက်ထဲ မရောက်ဖို့က အဓိက မဟုတ်လား၊ ဝယ်သူနဲ့စီးသူ တယောက်တည်းဖြစ်ရင် ပြီးရော မဟုတ်လား"

"ဒါကတော့ သူတို့ချထားတဲ့ မူကိုး"

"ကိုယ်ချထားတဲ့မူဟာ ဘာအတွက်ဆိုတာ သိရမယ်ကွ၊ ဒီလိုပါပဲ၊ နေရာတကာမှာ လူတွေဟာ ကိုယ့်အလုပ်ရဲ့ရည်ရွယ်ချက်ကို မဆန်းစစ်ကြဘူး၊ ကိုယ်လုပ်တဲ့ အလုပ်ဟာ မှန်လဲ မှန်ရမယ် အကျိုးလဲ ရှိရမယ်၊ ပိုပြီး သက်သာလွယ်ကူအောင်သာ ဖန်တီးရမယ်၊ ပိုခက်အောင်လုပ်ဖို့ အကြောင်း မရှိဘူး၊ ညို အလုပ်ရှာတဲ့နေရမှာလဲ ဒါတွေပဲ တွေ့တွေ့နေရတယ်"

"ညို ခုမှ လက်တွေ့ဘဝထဲ ရောက်လာတာ"

ဗယ်လာရီက မှတ်ချက်ချသည်။

"စိတ်ကူးယဉ်အိပ်မက်ထဲ အိပ်နေရတာကမှ ကောင်းသေးတယ်၊ လက်တွေ့ဘဝထဲလဲ ဝင်ကြည့်ရော စိတ်ပျက်စရာတွေကို တွေ့ရရော"

ဘဝအစကို မေ့ပျောက်ကာ ဘဝသစ် ဖန်ဆင်းချင်နေသော ညိုသည် ရုန်းမထွက်နိုင်သော ဘဝ၏ ချုပ်နှောင် ဖမ်းဆီးမှုဖြင့် နောက်ကြောင်းကို ပြန်လှည့်ခဲ့ရလေသည်။

※※※

သည်နေရာ သည်ဒေသက ညို ဘယ်တော့မှ ပြေး၍ လွတ်မည် မဟုတ်။

ယခု သည်မြေကို ညို ခြေချခဲ့ရပြီ။

မြို့၏ အခြေအနေသည် လမ်းဘေးဈေးဆိုင် အချို့မှလွဲ၍ မပြောင်းမလဲ တည်ရှိနေ၏။ မျက်နှာစိမ်း အချို့မှ လွဲ၍ မြို့ခံလူ အတော်များများသည် ညို့ကို သိနေကြသည်။ အချို့က လှိုက်လှဲပျူငှာ နှုတ်ဆက်၏။ အချို့က ဝတ္တရားကျေ ပြုံးပြ၏။ အချို့က မသိမသာ မျက်နှာလွှဲနေကြသည်။ လူအမျိုးမျိုး စိတ်အထွေထွေပေပဲ။ ညိုသည် အားလုံးကို ကြိုးစား၍ ပြုံးပြနေမိသည်။

မှတ်ပုံတင်အရာရှိသည် ညို့အတွက် မျက်နှာသစ် ဖြစ်၏။ ညို့ထံမှ စာရွက်စာတမ်းများကို ယူကာ လိုအပ်သည်ကို အလျင်အမြန် ဆောင်ရွက်ပေးရန် သဘောတူသည်။ စာရွက်ပေါ်မှ ညို့ဘဝမှတ်တမ်းကို အကြမ်းဖျဉ်း ဖတ်ကြည့်လိုက်သည်။

"အဲ မညိုညိုအဖေက ဘာလူမျိုးလဲ"

ရုတ်တရက်တော့ ဘာပြောရမည် မသိ။ နောက်တော့လည်း အခြေအနေကို သုံးသပ်ကာ ညို့ဘဝကို အစဖော်ပေးရသည်။ ဇာတ်စုံခင်းရသည်။ အစမှ အဆုံးတိုင်။

စာရွက်စာတမ်းနှင့် အလုပ်လုပ်ရသူသည် စာရွက်စာတမ်းကိုသာ ယုံကြည်ဟန် တူလေသည်။

"ဒီဖိုင်ထဲမှာတော့ မညိုညိုဟာ ဦးဟုတ်ကြိုင်ရဲ့သမီးပါလို့ စာရင်း သွင်းထားတယ်ဗျ၊ ဒီတော့ မညိုညိုဟာ မြန်မာလူမျိုး မဟုတ်ဘဲ တရုတ်ကပြား ဖြစ်နေတယ်"

"အမှန်ကတော့ ကျွန်မပြောခဲ့တဲ့အတိုင်းပါပဲရှင်၊ ဒါကို ဒီမြို့ကလူတွေအားလုံး သိပါတယ်"

ညိုက စိတ်ကိုထိန်း၍ ပြောလိုက်ရသော်လည်း မျက်ရည်က ဝဲချင်လာသည်။ ညို့ဘဝနှင့် ပတ်သက်လာလျှင် မကျေနပ်ဆုံးအရာကမှ ညို့ကို လာ၍ အနှောင့်အယှက် ပေးနေလေသည်။

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ စာရွက်ထဲမှာတော့ မညိုညိုဟာ ဖခင် တရုတ်အမျိုးသား၊ အက်ဖ်အာစီ လက်မှတ် ကိုင်ဆောင်ထားသူရဲ့သမီးမို့လို့ ခုလို နိုင်ငံသားလက်မှတ် ပြန်ထုတ်ပေးလို့ မဖြစ်ပါဘူး"

"အို ဘာကြောင့်ပါလိမ့်ရှင်၊ ကျွန်မပျောက်သွားတဲ့ လက်မှတ်ဟာ မြန်မာနိုင်ငံသား လက်မှတ်ပါ၊ ကျွန်မလဲ ဗမာလူမျိုးစစ်စစ်ပါ၊ လက်မှတ်အဟောင်းပျောက်လို့ အသစ်လဲရတာနဲ့ ကျွန်မဟာ နိုင်ငံခြားသား

ဖြစ်ရတော့မှာလား၊ အဟောင်းအတိုင်း ပြန်ထုတ်ပေးလိုက်ရင် ပြီးရော မဟုတ်လား”

“အရင်တုန်းက ထုတ်ပေးခဲ့တာတော့ မှန်ပါတယ်၊ ခုနောက်ပိုင်း ထုတ်ထားတဲ့ ဥပဒေအရ နိုင်ငံခြားသားတွေရဲ့သားသမီးတွေကို အမျိုးသားမှတ်ပုံတင် ပြန်ထုတ်ပေးခွင့် မရှိပါဘူး”

“ကျွန်မဟာ မြန်မာလူမျိုးစစ်စစ်ဖြစ်ကြောင်း ကျွန်မဇာတ်ကြောင်းကို ပြောပြီးပြီပဲရှင်၊ မြို့ပေါ်က လူတွေကို အချိန်မရွေး မေးကြည့်လို့ ရပါတယ်”

ပြောရင်း ပြောရင်း ညို့အသံများက တုန်လာသည်။ ဝမ်းနည်းစိတ်နှင့် ဒေါသစိတ်က ရောထွေးလာသည်။ အစပြန်မဖော်လိုသော ဘဝအတိတ်ကို ထုတ်ဖော် ဖွင့်ဆိုပါလျက် ညို့ကို တရားဝင် စာရွက်စာတမ်းက လက်မခံ။ စာရွက်စာတမ်းက လူ့ထက် အရေးကြီးနေသည်လား။ ဘာကြောင့်များ စာရွက်စာတမ်းတွေက နေရာတကာ လွှမ်းမိုးနေရပါလိမ့်။

“မညိုညိုအနေနဲ့ အဖေဗမာ အမေဗမာက မွေးဖွားခဲ့သူ ဖြစ်ကြောင်း၊ ဦးဟုတ်ကြိုင်ဟာ မညိုညိုကို အုပ်ထိန်းခဲ့သူသာ ဖြစ်ကြောင်း လျှောက်လွှာတစောင် ရေးပြီး တင်ပါ၊ ဦးဟုတ်ကြိုင်ကိုလဲ လက်မှတ် ထိုးခိုင်းပါ”

“ဒါဆို ရပြီလား”

ညိုက အားရဝမ်းသာ ပြောမိသည်။ သည်မျှဆိုလျှင် ညို့အတွက် ဘာမျှမခဲယဉ်း။ တနေ့တွင်းပင် ကိစ္စပြီးနိုင်သည်။

“အဲဒီလျှောက်လွှာကို တင်ခဲ့ပါလေ၊ ကျွန်တော်တို့က ဦးဟုတ်ကြိုင်နဲ့ မြို့ခံ အသိသက်သေတွေကို ခေါ်စစ်ပါမယ်၊ ကောင်စီရဲ့ထောက်ခံချက်လဲ ယူခဲ့ပါ”

“ပြီးတော့ကောရှင်”

“ပြီးတော့မှ တိုင်းလူဝင်မှုကြီးကြပ်ရေးကို တင်ပေးရမယ်၊ အဲဒီကမှတဆင့် ဗဟိုကို တင်ရပါမယ် ခင်ဗျာ”

ညိုက စိတ်ပျက်စွာ သက်ပြင်းချလိုက်မိသည်။

“ဒီလိုဆိုရင် မှတ်ပုံတင် အသစ်ရဖို့ ဘယ်လောက်ကြာမှာလဲရှင်”

“ဒါတော့ မပြောနိုင်ဘူးခင်ဗျာ၊ တနှစ်ကြာချင်လဲ ကြာမယ်၊ နှစ်နှစ်ကြာချင်လဲ ကြာမယ်၊ များသောအားဖြင့်တော့ ပြန်ကျမလာတော့ဘူးဗျ”

အားလုံး စိတ်ပျက်ဖွယ်ရာချည်းပင် ဖြစ်လေသည်။

"ခုချိန်မှာ မှတ်ပုံတင်လက်မှတ်က နေရာတကာ အရေးပါနေတယ်ရှင့်၊ အလုပ်လုပ်ရင်လဲ မှတ်ပုံတင် ပါမှ၊ ငွေစုရင်လဲ မှတ်ပုံတင် ရှိမှ၊ ခရီးသွားရင်လဲ မှတ်ပုံတင်လက်မှတ်နဲ့မှတဲ့၊ ဒီတော့ ကျွန်မကို ထောက်ခံစာလေး တစောင်လောက်များ ထုတ်ထားပေးလို့ရရင် ထုတ်ပေးပါနော်၊ ဒီကပြောတဲ့ အတိုင်း လုပ်စရာရှိတာကိုလဲ လုပ်သွားပါ့မယ်"

"ကျွန်တော်တို့အနေနဲ့ အမျိုးသားမှတ်ပုံတင်လက်မှတ်ကလွဲလို့ အခြား ဘာလက်မှတ်မှ ထုတ်ပေးခွင့် မရှိပါဘူးခင်ဗျား"

အို တမျိုးပါလား၊ လောကကြီးက ဘယ်လိုပါလိမ့်၊ အမှန်တရားကို စာရွက်ပေါ်မှာပဲ အသိအမှတ် ပြုနေကြပါကလား။ အမှန်တရားဟာ တံဆိပ်တုံးပေါ်မှာပဲ တည်နေပါပကောလား။ စိတ်ပျက် လိုက်သည့်ဖြစ်ခြင်း။

"ဒီလိုဆိုရင် ကျွန်မဟာ မှတ်ပုံတင်လက်မှတ် မရမချင်း ခရီးဝေး မသွားရဘူးပေါ့နော်၊ မှတ်ပုံတင် လက်မှတ် မပါရင် မန္တလေး လက်မှတ် ဝယ်လို့မရဘူးရှင့်၊ ဗမာလူမျိုးဖြစ်လျက်နဲ့ ဗမာပြည်ထဲမှာတင် ခရီးမသွားရဘူးပေါ့"

ညို့စိတ်က တိုလာပြီမို့ အငေါ်တူးမိသည်။

"ဒါကတော့ ခင်ဗျားဟာက အစကမှ မရှင်းခဲ့ပေကိုးဗျာ"

အင်း ဟုတ်လိုက်ပါဘိ။ အစကမရှင်းသမို့ ရှုပ်ရသည့်ဘဝ။ နောက်ဆုံးတော့ သည့်လောက်တောင် ရှုပ်လှသည့် ငါ့ဘဝ။ ကိုယ့်ဘဝကိုသာ ကိုယ်အပြစ်တင်ပေရော့။

ဘဝအစမကောင်း၍ ဘဝရေစီးကြောင်းတွင် နစ်မွန်းကာ ဘဝဇာတ်ခုံမှ လွင့်ပါးရသည့်သူတွေ ဘယ်လောက်များများ ရှိနေပါလိမ့်။

※※※

လောကမှာ လူက အရေးကြီးသလား၊ စာရွက်စာတမ်းက အရေးကြီးသလား၊ လူထက် တံဆိပ်တုံးက ပိုတန်ဖိုးရှိသလား၊ လူကိုယ်တိုင်ထက် စာရွက်ပေါ်က လက်မှတ်တခုက ဘာကြောင့်များ ပိုပြီး အရေးပါနေရပါလိမ့်။

ညိုတို့ တွေးမိပြီဆိုလျှင် သည်လိုပဲ လောကကြီးနှင့်ချီပြီး တွေးတတ်သည်။ တလောကလုံးကို မကျေမနပ် ဖြစ်နေတတ်သည်။ တလောကလုံးသည် ညိုနှင့် ဆန့်ကျင်ဘက် ဖြစ်နေတတ်သည်။ ထိုတလောကလုံးထဲတွင်မှ မကျေနပ်ဆုံးအရာသည် ညို့ဘဝ ဖြစ်နေပြန်သည်။

ညို့ဘဝသည် အနုတ်လက္ခဏာနှင့် စထားသောဘဝ ဖြစ်သည်။ ဘဝအစကို

ညို မေ့ချင်သည်။ သို့သော် ညို့ဘဝတွင် အရေးကြုံတိုင်း အတိတ်ကို ပြန်လည်ဖော်ထုတ်နေရတတ်သည်။ ဒါကို ညို အမုန်းဆုံးဖြစ်သည်။ သူတပါးလို အတိတ်ကို အတိတ်မှာ ထား၍ မရဘဲ အတိတ်ကို အစဉ် ဖော်ထုတ်ပြသနေရသည့် ညို့အဖြစ်ကို ညို နာကျည်းလှသည်။

ယခုပင် ညို့အတိတ်ကို ညိုတူးဖော်ခဲ့ရပြီ။ အများသိပြီးသော ညို့ဘဝကို အများသိအောင်ပင် ထပ်မံ၍ သက်သေသာဓက ပြည့်စုံစွာဖြင့် စင်တင်ပြခဲ့ရပြန်ပါပြီ။

※※※

၁၄

သည်မျှညဉ့်နက်သည့် ရထားကို အဖော်မပါဘဲ တယောက်တည်း စီး၍ ပြန်လာဝံ့သော ညို့ကို ဗယ်လာရီ အံ့သြမိသည်။ ရထားဆိုက်တော့ ည ၁၂ နာရီ ထိုးလုပြီ။

ညို့မျက်နှာကို မြင်လိုက်ကတည်းကလည်း အဆင်မပြေခဲ့ဘူး ဆိုသည်ကို မပြောဘဲနှင့် သိလိုက်သည်။ ထိုညက ညိုသည် အိပ်ရင်းမှ ရှိုက်၍ ရှိုက်၍ နေလေသည်။ ညို့ကို စိတ်ပြေလက်ပျောက် ခေါ်သွားချင်ကာမှ စိတ်ညစ်ညူးစရာတွေ ကြုံခဲ့ရသည်ကို သနားမိသည်။ ကြုံရသည့်အဖြစ်ကလည်း ညို အစဉ်မကျေနပ်ခဲ့သော ညို့ဘဝနှင့် ပတ်သက်နေသည်။ ဗယ်လာရီသည် သူ စမိသော ပြဿနာကြောင့် ညိုတယောက် စိတ်မကောင်းဖြစ်မည်စိုးကာ မေမြို့သို့ ပြန်မည့်အစီအစဉ်ကိုပင် ရွှေ့လိုက်ရလေသည်။ ညိုသည် အိပ်၍မရတိုင်း ဖယောင်းတိုင် ၅ တိုင်အားသာ ရှိသော မီးရောင်အောက်တွင် စာထရေးနေတတ်လေသည်။ သူ ရေးသော ဝတ္ထုလည်း မဟုတ်၊ ကဗျာလည်းမမည်ဘဲ စိတ်စာများက ထင်ရာ လျှောက်ရေးထားသော လေလွင့်အတွေး များသာ ဖြစ်နေသည်။ ကမ္ဘာကြီးနှင့်လည်း ချီနေသည်။

ဗီယက်နမ်မှာ အမေရိကန်စစ်သားတွေနဲ့ ရတဲ့ ကလေးပေါင်း ၂၀၀၀ ကျော် ရှိတယ်တဲ့။ သူတို့လေးတွေရဲ့အနာဂတ်ကို ဘယ်သူတွေက တာဝန်ယူမှာလဲ။ ဗီယက်နမ်ပြည်သူတွေက တို့နိုင်ငံသား မဟုတ်ဘူးဆိုပြီး လျစ်လျူရှုမှာလား။

ဗီယက်နမ်က မိဘမဲ့ကလေးအချို့ကို အမေရိကန်သမ္မတကြီးက မွေးစားတယ်တဲ့။ သူတို့ဟာ အမေရိကန်ပြည်သားလေးတွေအဖြစ်နဲ့ ဆက်လက် အသက်ရှင်နေကြတော့မှာလား။

"တိုင်းပြည်တပြည်ကို အခြားတိုင်းပြည်က လူမျိုးတမျိုး ဝင်ရောက် ကျူးကျော်ပြီ ဆိုတာနဲ့ အဲဒီတိုင်းပြည်မှာ တိုင်းရင်းသား၊ မဟုတ်တဲ့ ကပြားလေးတွေ ပေါက်ဖွားလာမှာပဲ၊ ဒါဟာ ကမ္ဘာနဲ့ အဝှမ်း ရင်ဆိုင်နေရတဲ့ ပြဿနာပဲ"

"ဒါပေမဲ့ လူသားချင်း အတူတူဆိုတဲ့ သဘောမျိုး ထားနိုင်ရင်တော့ အဲဒီပြဿနာ မရှိဘူးပေါ့"

ညိုသည် ပြဿနာကို တခုပြီးတခု တင်နေသည်။ ဗယ်လာရီသည် ညိုတင်ပြသမျှ ပြဿနာကို လိုက်ဖြေပေးနေရသည်။

"ကျူးကျော်ပြီ ဆိုကတည်းက မေတ္တာထားဖို့ ကျူးကျော်တာမှ မဟုတ်တာ၊ လွှမ်းမိုးချင်လို့၊ ချယ်လှယ်ချင်လို့ ကျူးကျော်ကြတာ၊ နယ်ချဲ့တယ်ဆိုတာလဲ အတူနေဖို့မှ မဟုတ်တာ၊ သူများနယ်ကို ကိုယ့်နယ်ဖြစ်အောင် တိုက်ယူကြတာ"

ယခုတော့ ညိုသည် အချိန်အတော်ကြာက ပစ်ထားခဲ့သော စာအုပ်များကို ပြန်လည်၍ ဖုန်ခါနေပြီ ဖြစ်သည်။ ညို့စာအုပ်သေတ္တာထဲတွင် ဟာစ်တလာတို့၊ ကပ်စထရိုတို့လို စာအုပ်မျိုးတွေ၊ နဝဒေး ရတုပေါင်းချုပ်လို စာအုပ်မျိုးတွေနှင့် ကြည်အေး၊ ခင်နှင်းယုတို့၏ စာအုပ်များပါ ရောထွေး မြင်တွေ့ရသည်။ အဆောင်မှာ နေစဉ်ကတော့ ညိုသည် စနေနေ့ ညတိုင်းလိုလို ညဉ့်နက်အောင် စာဖတ်နေတတ်သည်ကို တွေ့ရသည်။ ခင်နှင်းယု၏ 'သပြေ' ကို အထပ်ထပ်ဖတ်ပြီး၊ ဖတ်တိုင်းလည်း မျက်ရည်ကျကျနေတတ်သည်။

ညို စာဖတ်သည်ကို မတွေ့ရတာကြာပြီ။ ယခုတော့ ညိုသည် စာအုပ်များကို ပြန်လည် စိတ်ဝင်စားလာလေပြီ။ ညိုစိတ်ဝင်စားသော စာအုပ်များသည် ကမ္ဘာ့အရေးအခင်းများ၊ နိုင်ငံရေး နယ်မှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများ ဖြစ်နေပြန်သည်။ စကားပြောတိုင်းလည်း ကမ္ဘာကြီးနှင့်ချီ၍ ပြောနေလေသည်။

ဘာပဲပြောပြော ညိုတယောက် စိတ်တေလေကို ပြန်လည် ထိန်းချုပ်၍ လက်တွေ့ကမ္ဘာထဲမှာ ရောက်လာသည်ကိုပင် ဗယ်လာရီက ဝမ်းသာနေမိသည်။

လက်တွေ့ဘဝထဲကို ဝင်ပါတော့မည်ဟု နိုးထလာသော ညို့ကို အခက်အခဲများက စုံကန် တွန်းပစ်သဖြင့် ညိုတယောက် အကျနာရပြန်သည်။ ညိုသည် အလုပ်ရရေးအတွက် အပန်းတကြီး လိုက်နေရသည်။ ဗယ်လာရီမှတဆင့် သိကျွမ်းသူ၊ မယုမှတဆင့် အကူအညီပေးနိုင်သူ စသဖြင့်လည်း ကိုယ်ပိုင်အရည်အချင်းနှင့် မည်သို့မျှ မသက်ဆိုင်သော အရာများနောက်သို့ တကောက်ကောက် လိုက်ရင်း ပင်ပန်းနေရလေသည်။

"ညို့လက်ထဲမှာ ငွေလဲ ကုန်တော့မယ် ဗဲလ်၊ မင်းလဲ ဒီအိမ်က ပြောင်းတော့မှဆိုတော့ ညိုတော့ မင်းပြောသလို လင်ယူရမလို ဖြစ်နေပြီ"

"နိုင်ငံတကာ အမျိုးသမီးများနှစ် ညီလာခံမှာ အမျိုးသမီးတယောက်က ပြောတယ်တဲ့၊ မိန်းမတွေဟာ လုပ်စရာအလုပ် မရှိတော့ နောက်ဆုံး လင်ယူကြရတယ်၊ ဒါဟာလဲ ခန္ဓာကိုယ်ကို ရောင်းစားတဲ့ ပြည့်တန်ဆာပြုမှုပဲတဲ့"

"ဟုတ်တယ်၊ မိန်းမတွေရဲ့အခွင့်အရေးဆိုတာ တိုင်းပြည် မတိုးတက်ဘဲနဲ့၊ လူမှုရေး စီးပွားရေး မပြေလည်ဘဲနဲ့ ဘယ်နည်းနဲ့မှ မရနိုင်ဘူး"

"ဒီတော့ ညိုလဲ လင်ယူပေါ့ကွယ်"

ညိုသည် ငိုင်ငိုင်တွေတွေ ဖြစ်သွားပြန်လေသည်။ ဗယ်လာရီက ညို့ကို တခုခုပြောချင်သော်လည်း မပြောသေးဘဲ မျိုသိပ်ထားသည်။ ညို့ကို သူ စောင့်ကြည့်ချင်သေးသည်။

"ကိုသက်ဆွေ မိန်းကလေးတယောက်နဲ့ တွဲနေတာ ညို သိတယ် မဟုတ်လား"

ညိုက ခေါင်းညိတ်ပြသည်။

"ညို သိပါတယ်ကွယ်၊ အစကတည်းကလဲ ညို သူ့ကို မချစ်ခဲ့ပါဘူး"

"ညိုချစ်တာ ကိုကိုနိုင်လား"

"ပြောနေစရာ လိုသေးလားကွယ်"

"နောက်ကော ရှိသေးလားလို့ပါ"

သည်တခါတော့ ညို့မျက်နှာက အနည်းငယ် ငုံ့သွားသည်။ ညိုနှင့် ဗယ်လာရီသည် တစုံတယောက် အကြောင်းကို တမင် မပြောဘဲ နေကြသည်မှာ ကြာပြီ။

"ညိုလေ ဘယ်သူနဲ့မှ မတွေ့နိုင်တဲ့ တနေရာရာမှာ သွားနေချင်ပါရဲ့ကွယ်"

"ဒီလို စိတ်ပျက်စကားတွေ မပြောပါနဲ့တော့ကွာ၊ ညို့ကို သတ္တိရှိတဲ့ မိန်းကလေးတယောက် ဖြစ်လာအောင် တို့အားလုံးက မျှော်လင့်နေကြတာ"

ဗယ်လာရီပြောသော "တို့အားလုံး" ထဲတွင် သူငယ်ချင်းတွေ အားလုံးပါပေမည်။ ထိုအထဲတွင် "ဆရာ" တယောက် ပါနေသေးသည်ကိုတော့ ညို မသိပါချေ။

※※※

၁၅

လူ့ဘဝ အပြောင်းအလဲကား မြန်ဆန်လှချေသည်။ သည်နေရာ သည်ဒေသလေးသို့ ညို ရောက်လာရမည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူး။ အလုပ်တခု ရမည်ဆိုတော့လည်း အလုပ်ရှိရာ နောက်သို့ အပြေးအလွှား လိုက်လာခဲ့ရသည်။

သည်နယ်နှင့် ပတ်သက်လျှင် မယုခင်ပွန်း ကိုသိန်းဖေ၏အစ်ကိုက အစစ တာဝန်ယူနိုင်သည်၊ အကူအညီ ပေးနိုင်သည်ဆို၍ စိတ်ချလက်ချ လိုက်လာခဲ့သည်။ သူပြောသည့်အတိုင်းလည်း ညို့ကို အစစ အကူအညီပေးခဲ့သည်။ ယခုတော့ ညိုသည် မမျှော်လင့်သည့် ဒေသလေးတခုတွင် လာ၍ အခြေချမိရသည်။

တာဝ ရေတံခါး။

ရွာနာမည်လေးက ဆန်းသည်။ ရေတံခါးလည်း ရှိသည်။ သနပ်ပင်မှ ချောင်းရိုးအတိုင်း ပွဲချိတ်နှင့် ကူး၍လာရသည်။ ငါး ပုစွန်ပေါသော ရွာကလေး၊ ချောင်းတို့ အင်းတို့အလယ်မှ ချစ်စဖွယ် ရွာကလေး။

ညို့လို ဘဝကို ဇာတ်မြှုပ်၍ အေးအေးဆေးဆေး နေချင်သူအတွက်တော့ အကောင်းဆုံး နေရာလေး ပါပင်။ ညို သည်နေရာ ရောက်နေသည်ကို မယုမှလွဲ၍ မည်သူမျှမသိ။ ညိုကလည်း အသိမပေးဖို့ အတန်တန် မှာခဲ့သည်။ ဖြစ်နိုင်လျှင် တလောကလုံးနှင့် အဆက်အသွယ် ဖြတ်၍ နေချင်သည်။

ဗယ်လာရီ ပြင်ဦးလွင်သို့သွားစဉ် ညိုက တိတ်တိတ်ကလေး ထွက်လာရသည်။ ဗယ်လာရီတယောက် သူ့လက်ထပ်ပွဲတွင် ညိုမပါဝင်ခဲ့၍ မည်မျှစိတ်ဆိုးလေမည်နည်း။ ညို ဒိုက်ဦး ပြန်သွားသည် ဟူသည့် စကားကိုလည်း ဘယ်နည်းနှင့်မျှ ယုံကြည်မည် မထင်။

ဗယ်လာရီနှင့် ဆရာတို့ အဆက်အသွယ်ရှိမည်ကို ညိုက ရိပ်မိသည်။ တကယ်တမ်း လျစ်လျူရှုပြီ ဆိုတော့လည်း ညို့စိတ်က မခံချင်။ သူက တိမ်းပြီဆိုတော့လည်း နည်းနည်းလေး စိမ်းပြချင်သည်။

ညိုသည် ဘဝကို သတ္တိရှိရှိ ရင်ဆိုင်ဝံ့ပါသည် ဆိုသည်ကိုလည်း ပြချင်သည့် စိတ်ကလေးက ဝင်လာလေသည်။ မယုကတော့ ညိုတယောက် လောကအကြောင်းကို ကောင်းကောင်း နားလည်သွားစေချင်၍ တယောက်တည်း လွှတ်လိုက်ခြင်းဖြစ်သည်။ ညို့အကြောင်းကိုကား အစဉ် စုံစမ်း၍ နေခဲ့သည်။

ညိုသည် စိတ်သစ်လူသစ်မွေးကာ လောကကို တယောက်တည်း ရင်ဆိုင်နေခဲ့လေသည်။ "ဘာမျှ အားငယ်စရာ မရှိပါဘူး၊ အမေက တယောက်တည်းမွေးပြီး တယောက်တည်းပဲ ထားခဲ့တာ၊ တယောက်တည်း ပဲ ရင်ဆိုင်ရပေမပေါ့" ဟု လည်း အားတင်းထားသည်။

"ဆရာမ ဆရာမက ရန်ကုန်ကဆို"

"ရန်ကုန်မှာ နေခဲ့တာပေါ့ကွယ်၊ ဆရာမကို မွေးတုန်းကတော့ မင်းတို့လို တောရွာလေးမှာပါပဲ"

"ဆရာမက တက္ကသိုလ်ကျောင်းကြီးမှာလဲ နေခဲ့ရတယ်ဆို"

"နေခဲ့ရပါတယ်ကွယ်၊ မင်းတို့လဲ ကြီးလာရင် အဲဒီကျောင်းကြီးကို ရောက်မှာပေါ့"

"ဆရာမက သိပ်ချစ်စရာကောင်းတာပဲ"

တသက်လုံးက ချီးမွမ်းမခံခဲ့ရသော ညို့ကို တပည့်လေးက လှိုက်လှိုက်လှဲလှဲ ချီးမွမ်းလိုက်သဖြင့် ညို့ရင်က ကြည်နူးသွားသည်။ ကလေးများက ညို့ကို ချစ်ကြသည်။ ထို့ကြောင့်လည်း သူတို့မျက်စိထဲမှာ ညိုသည် ချစ်စရာကောင်းနေပေမည်။

တခါတရံတော့လည်း သူတို့အတွက် ရင်မောရသည်။

"မောင်အေးငွေ မင်း ကျောင်းမတက်တာ နှစ်ရက်တောင် ရှိပြီ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် ကျွဲကျောင်းနေလို့ပါ ဆရာမ"

"မင်းအိမ်မှာ ဒီပြင် ကျွဲကျောင်းမယ့်လူ မရှိဘူးလားကွာ"

"မရှိဘူး ဆရာမ၊ ကျွန်တော်တို့အိမ်က ကျွဲလဲ မဟုတ်ဘူး၊ သူများကျွဲတွေ"

"သူများကျွဲတွေကို မင်းက ဘာလို့ ကျောင်းရတာလဲ"

"ပိုက်ဆံရလို့ပါ ဆရာမ"

ညို့ရင်တွင် နာကျင်သွားမိလေသည်။ စာသင်ခန်းတွင် အေးအေးဆေးဆေးထိုင်ကာ စာသင်ရမည့် အရွယ်ကလေးများသည် ငွေတကျပ်တပြားအတွက် စာသင်ခန်းကို ပစ်ထားခဲ့ကြလေသည်။ ညို့အတန်းသည် အစဉ်လိုပင် လူမပြည့်တတ်။ ငါးလိုက်ဖမ်းနေလို့ပါ၊ စပါးသွားသယ်နေလို့ပါ

ဆိုသူလေးတွေဖြင့် အစဥ်လျော့နေတတ်သည်။

လူ့ဘဝတွင် စားဖို့က တကယ်အရေးကြီးပါကလား။ လူတွေသည် စားဝတ်နေရေးအတွက် ဘဝကို ရင်ဆိုင်ရာတွင် အနာဂတ် အရေးထက် လက်ရှိဘဝ ပြေလည်ရေးကိုသာ အလေးထားကြရသည်။ အနာဂတ်အရေးဟူသည်မှာ မှုန်ဝါးဝါးသာတည့်။ ဘာမျှ ရေရေရာရာ မရှိပါချေ။

"ဆရာမစားဖို့ ကြဥလတ်လတ်ဆတ်ဆတ် ယူလာတယ် ဆရာမ"

ကျောင်းသားမိဘများက ညို့ကို ဂရုစိုက်ကြလေသည်။

"ဩော် ကျေးဇူးတင်ပါတယ် ဦးလူဝရယ်၊ သတင်းစာတွေကော ရောက်ပြီလား ဟင်"

"ယူခဲ့မယ် ဆရာမ၊ ရန်ကုန်က သတင်းတွေ ဆရာမ မသိသေးဘူး ထင်တယ်"

ရန်ကုန်က သတင်းတွေဆို၍ ညို့ရင်က ထိတ်ခနဲ ခုန်သွားသည်။ ဘာများ ဖြစ်ပြန်ပါလိမ့်။ တတိုင်းတပြည်လုံး အေးအေးချမ်းချမ်း ရှိပါစေဟု ညို့ရင်က ဆုတောင်းမိသည်။

ယခုမှ လူ့ဘဝအကြောင်း၊ လောကအကြောင်းကို ညို ကောင်းကောင်း နားလည်လာသည်။ မိမိဘဝကို ဒုက္ခကြီးလှချည့်ဟု မကျေမနပ် ဖြစ်ခဲ့ရချိန်ဝယ် ကမ္ဘာ့တနေရာတွင် တမျိုးသားလုံး လွတ်မြောက်ရေးအတွက် သွေးချောင်းစီး တိုက်ပွဲများကို ရင်ဆိုင် တိုက်ခိုက်နေရချိန် ဖြစ်နေမည်။ မိမိဘဝ ဆင်းရဲလှချည့်ဟု ညည်းညူနေချိန်ဝယ် တနေရာတွင် လူသားတို့သည် ထမင်းနပ်မှန် စားရရေးအတွက် အခွင့်အရေး တောင်းဆိုနေကြလေသည်။

"ဆရာမအတွက် စာလဲပါတယ်"

စာဆိုလျှင် မယုဆီကမှလွဲ၍ ဘယ်ကမျှ လာစရာအကြောင်းမရှိ။

ညိုရေ

အဆင်ပြေရဲ့လားကွာ။ ညို သွားချင်လှချည်ရဲ့ ဆိုလို့သာ လွှတ်လိုက်ရတယ် စိတ်မချဘူးကွယ်။ ခုဆို မယုလဲ အလုပ်ရပြီ။ မယုနဲ့ လာနေပါလား။

ဗယ်လာရီကလဲ ညို ခုလိုထွက်သွားတာကို တဖွဖွ ပြောမဆုံးဘူး။ ခုတော့ သူတို့ ခရီးထွက်သွားကြတယ်။ သီသီလဲ ညို ဇာတ်မြုပ်သွားတာကို သိပ်စိတ်မကောင်း ဖြစ်နေတယ်။ မယုကတော့ ညို သူ့စိတ်သူ ဆုံးမချင်လို့ ခဏလေး

လှောင့်နေတာပါလို့ပဲပြောထားတယ်။

နောက်ဆုံးပြောပြချင်တာကတော့ ဆရာပဲ ညိုရယ်။ ဆရာက ညို့ကို သိပ်တွေ့ချင်တယ်တဲ့ကွယ်။ သူလိုချင်တာက ညိုဟာ ဘဝကို မှန်ကန်တဲ့နည်းနဲ့ ရဲရဲဝံ့ဝံ့ရင်ဆိုင်တာပဲ လိုချင်တယ်တဲ့။ ခုလို ဘဝကို အရှုံးပေးပြီး တနေရာမှာ အသစ်ပြန်မွေးနေတာမျိုး မဖြစ်စေချင်ဘူးတဲ့ကွယ်။

သူ့စေတနာကို ညို အလိုအလျောက် သိလာပါစေတော့လို့ ခဏလေး လွှတ်ထားလိုက်မိတာပါတဲ့ ညိုရယ်။ ခု ညို ကဗျာတွေ သိပ်ရေးနေတယ် ထင်တယ်။ စာအုပ်တွေထဲမှာ တွေ့တယ်။ မယုတော့ ညို့ကဗျာတွေ ဖတ်ရတာ အားမရသေးဘူး။ ညှိုးနွမ်းအားငယ်တဲ့ အရိပ်အယောင်တွေပဲ တွေ့နေရတယ်။ သည့်ထက်အားမာန်ပါပြီး ဘဝကို ရင်ဆိုင်ဝံ့တဲ့ ကဗျာမျိုး၊ လူ့ဘဝရဲ့ သရုပ်ကို ပီပီပြင်ပြင် ဖော်နိုင်တဲ့ စာမျိုးတွေ ရေးစမ်းပါကွယ်။ ဒီအချိန်ဟာ ညို့အတွက် စာရေးဖို့ အကောင်းဆုံး အချိန်ပါပဲ။

မယုဆီ စာမပြန်ချင်လဲ နေပါ။ အကြောင်းရှိရင်တော့ ရေးဖို့ မမေ့နဲ့နော်။

သိပ်ချစ်တဲ့

မယု

သည်နေရာရောက်မှ ညို ကဗျာလေးတွေ ပိုရေးဖြစ်သည်။ ရေးဖြစ်သမျှကိုလည်း ပို့ဖြစ်သည်။ သွားလေရာ ပါတတ်သော ဗလာစာအုပ်လေးထဲမှ ကဗျာဟောင်းလေးများကိုလည်း ပြန်ဖတ်၍ စိတ်ကြိုက်ကဗျာလေးများ ရွေးထုတ်သည်။ ပြီးတော့ သူငယ်ချင်း အားလုံးသိသော “တမာ” ဟူသည့် ကလောင်နာမည်လေးတပ်ကာ ပို့ဖြစ်သည်။ ပထမဆုံး စာစောင်တခုတွင် ပါလာသည့် ကဗျာလေးက ညို့ဘဝတွင် အမှတ်တရ အဖြစ်ရဆုံး ကဗျာလေးတပုဒ်ဖြစ်သည့် “အညတြ ရွက်လှပန်း”။

မယုပြောသလို အားမာန်ပါသော ကဗျာလေးတွေ ရေးဖို ညို ကြိုးစားမိသည်။ ညို့ပတ်ဝန်းကျင်တွင် ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်နေရသူတွေ၊ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်နေရသူတွေ၊ မရေရာသော အနာဂတ်ကို မျှော်တွေးရင်း မဖူလုံသော ဝမ်းကို ဖြည့်ဆည်းနေရသူတွေ နေ့စဉ် တွေ့မြင်နေရသည်။

ယောက်ျားကြီးတွေ၏ ကျောပြင်တွင် အစဉ်လို အဝတ်ဗလာ ကျင်းနေတတ်သလို ကလေးငယ်တို့၏ ခန္ဓာကိုယ် အောက်ပိုင်းတွင် ဖုံးအုပ်ထားသည့် အဝတ်စဟူ၍ မရှိကြ။ သူတို့၏ ဘဝသည် ညို သိခဲ့၊ ကျင်လည်ခဲ့ရသော ဘဝနှင့်

တခြားစီ ဖြစ်နေသည်။ ညိုက ဒုက္ခဟု ထင်ခဲ့သော ညို့ဘဝသည် သူတို့တတွေ ကြုံရသော ဒုက္ခနှင့် အသွင်ချင်းမတူ။ သူတို့၏ ဒုက္ခသည် ညို့ရင်သို့ ကူးစက်လာသည်။ ထိုဝေဒနာကို ကဗျာရေးနိုင်ရန် ညို ကြိုးစားသည်။

ညို့ကဗျာလေးများသည် အတိတ်နှလုံးသားနှင့် ပစ္စုပ္ပန်တွင် ရင်ဆိုင်နေရသော လက်တွေ့ဘဝတို့ အကြားတွင် ပြေးလွှားနေကြဆဲ ဖြစ်လေသည်။

※※※

"မင်းကို ဆရာမကိုယ်တိုင် စောင့်ကြည့်ခဲ့တာ နှစ်ရက်ရှိပြီ မောင်တင်ထွန်း၊ သူများပြောတာ ဆရာမ မယုံရက်လို့ တမင်ကြည့်နေခဲ့တာ၊ မင်း ဆရာမပိုက်ဆံကို ယူတယ် မဟုတ်လားဟင်"

မောင်တင်ထွန်းသည် ရင်ဘတ်နှင့် မေးစေ့ ထိမတတ် ခေါင်းကို ငုံ့ထားလေသည်။ သည်ကျောင်းကို ရောက်လာကတည်းက သည်ကလေးကို ညို စိတ်ဝင်စားခဲ့သည်။ ညို စရောက်သည့်နေ့မှာပင် သူ့ကို သတိထားမိသည်။ ဆရာကြီးက ညို့ကို ကျောင်းသား အားလုံးနှင့် မိတ်ဆက်ပေးသည့်သဘောဖြင့် ညို့အကြောင်းကို ကျောင်းသားအားလုံးရှေ့တွင် ပြောပြသည်။ ဆရာမက ရန်ကုန် တက္ကသိုလ် ကျောင်းကြီးကပင် ထွက်လာသူမို့ စာတွေ အများကြီး တတ်ကြောင်း၊ တပည့်တို့လည်း ဆရာမလို စာတွေ အများကြီး တတ်ကြရမည် ဖြစ်ကြောင်း ကလေးများကြိုက်အောင် အပိုအရွှန်းကလေးများ ထည့်ခါ ပြောသည်။ အားလုံးက တိတ်ဆိတ်စွာ လက်ကလေးများပိုက်ခါ နားထောင်နေချိန်ဝယ် ကျောင်းသားတယောက်က လွယ်အိတ်တွင်းမှ တစုံတခုကို နှိုက်ကာ ဆော့နေလေသည်။ ထို့ကြောင့်လည်း သူ့ကိုမှရွေး၍ ညို သတိထားမိခဲ့ရသည်။

"ဒီကောင်ကိုတော့ ဆရာမ အတော်ထိန်းရမယ်၊ ဒီကျောင်းမှာ အဆိုးဆုံးပဲ"

ကျောင်းသားအားလုံး ထွက်သွားချိန်တွင်မှ တယောက်တည်း စာအုပ်ပေါ်တွင် တစုံတရာ ရေးရင်း ကျန်ခဲ့သော သူ့ကို ပြကာ ဆရာတဦးက ပြောလိုက်ခြင်း ဖြစ်သည်။ ညိုက သူရေးနေသည့်စာရွက်ကို လှမ်းကြည့်လိုက်သည်။ မညီညာသော စာလုံးများကို မြင်လိုက်ရတော့ ညို အလိုလိုပြုံးလိုက်မိသည်။ စာရွက်ပေါ်တွင် ရေးထားသော စာလုံးလေးများမှာ ညို့နာမည် ဖြစ်လေသည်။

"မင်းနာမည်ကော ဘယ်လိုခေါ်လဲကွယ်"

ဆရာမနာမည်ကို ရေးမှတ်နေစဉ် ဆရာမတွေ့သွား၍ ရှက်စနိုးဖြစ်သွားသော သူ့ကိုကြည့်ကာ ညိုက မေးမိသည်။

"မောင်တင်ထွန်းပါ ဆရာမ"

သူ့မျက်လုံးလေးများက ဝိုင်းနေသည်။ အသားကဖြူ၍ ပါးလေးနှစ်ဘက်က တွဲနေသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ်နှစ် ရှိပါပြီ"

"အို ခုမှ နှစ်တန်းပဲ ရောက်သေးတယ်ဆိုတော့ မင်းအသက်နဲ့ စာရင် အတန်းက ငယ်နေတာပေါ့ကွယ် ကြိုးစားနော်"

သူက ခေါင်းညိတ်ပြသည်။

ထိုနေ့မှစ၍ မောင်တင်ထွန်းသည် ညိုနှင့် ရင်းနှီးခဲ့ရသည်။ ညို မလာမချင်း လမ်းထိပ်တွင် မိုးရွာရွာ နေပူပူ ရပ်စောင့်နေတတ်သည်။ မည်သူမျှ ခေါ်၍မရ။ သူ့တွင် ဖိနပ်လည်း မရှိ၊ ဆောင်းစရာလည်း မပါ၊ ညိုလာမှ ကျောင်းတွင်းသို့ သူဝင်သည်။ ညို့လက်ထဲမှ ပိုက်ဆံအိတ်နှင့် ထီးကို အခြားကလေးများထက် ဦးအောင် ပြေးယူ ဆီးကြိုတတ်သည်။ အခြားသူများ ဦးသွားလျှင်လည်း ထိုးကြိတ်၍ လုယူတတ်သည်။ ထို့ကြောင့် သူနှင့်ဖက်ပြိုင်၍ ညို့ပစ္စည်းများကို မည်သည့်ကလေးမျှ ဆီးကြိုမယူရဲကြ။

"မောင်တင်ထွန်းကို ပြောလို့ဆိုလို့ရတာ ဆရာမတယောက်ပဲ ရှိသေးတယ်"

ဆရာအားလုံးက အံ့သြဝမ်းသာ ဆိုကြရသည်။ မောင်တင်ထွန်းသည် ချော့ချော့မော့မော့ လိုက်လိုက်လျောလျော ပြောဆိုတတ်သော ညို့ကို အထူးပင်ခင်တွယ်သည်။ ညိုပြောသမျှ နားထောင်သည်။ သို့သော် သူ့အကျင့်စာရိတ္တလေးနှင့် ပတ်သက်၍ သံသယ မကင်းစရာ ကြုံလာရသည်။

ပထမတော့ ဘယ်သူ့ကိုမျှ မပြောဘဲနေမည်ဟု ညို စိတ်ကူးမိသည်။ နောက်တော့ ညို့ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံလေးများ သိသိသာသာ ပျောက်မှန်းမသိ ပျောက်၍သာ နေသည်ကို တွေ့လာရသည်။ ညိုက ဆရာမတယောက်ကို ပြောပြမိသည်။

"ဆရာမကို သတိပေးမလို့ပါပဲ ဆရာမ၊ ဆရာမကလဲ ဒီကလေးကို သိပ်ခင်တွယ်နေတော့ ပြောလို့ မကောင်းဘူး ထင်လို့ပါ၊ မောင်တင်ထွန်းဟာ ဒီလိုပဲ လက်ဆော့တတ်တယ် ဆရာမ"

ညို့အပေါ် သည်မျှခင်မင်နေသူလေးက ညို့ပစ္စည်းကို ညို မသိအောင် ယူရဲလိမ့်မည်ဟု ညိုမထင်၊ မထင်ရက်။ သို့သော် ညိုက အဖြစ်မှန်ကို သိလို၍ ပိုက်ဆံကို အသေအချာ မှတ်သားထားကာ ခါတိုင်းကဲ့သို့ အမှတ်မထင်

နေကြည့်သည်။ မောင်တင်ထွန်းသည် ညို့ပိုက်ဆံအိတ်ကို ဆော့ကစားနေလေဟန်ဖြင့် ပိုက်ဆံအကြွေအချို့ကို နှိုက်ယူလေသည်။

ညို့ရင်သည် ဒေါသဖြစ်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ ကလေးတယောက်၏ အကျင့်စာရိတ္တကို နှမြောတသခြင်းတို့ဖြင့် လှုပ်ရှားခဲ့ရသည်။

"မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရလဲ ဟင်၊ သူတပါးပစ္စည်းကို မသိဘဲနဲ့ ယူတာ သိပ်အပြစ်ကြီးလေးတယ်၊ သိပ်လဲ ရှက်ဖို့ကောင်းတာပဲ"

ဆရာ ဆရာမများက သူ့ကို ရိုက်ဆုံးမဖို့ ပြောသော်လည်း ညိုက မရိုက်ဖြစ်။ သူ့ကို တနည်းနည်းဖြင့် ပြုပြင်နိုင်ရန်သာ ကြိုးစားမိသည်။

"မင်း တနေ့ကို မုန့်ဖိုး ဘယ်လောက်ရသလဲ ဟင်"

"တပြားမှ မရဘူး ဆရာမ"

"မင်းအဖေအမေက မပေးဘူးလားကွယ်"

"မပေးဘူး ဆရာမရယ်"

"စားစရာကော ထည့်မပေးလိုက်ဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် မင်း ထမင်းစားပြီးမှ လာတာလား"

"မစားခဲ့ပါဘူး"

ညိုသည် တပည့်ငယ်၏ ဘဝတွင်းသို့ စူးစမ်း လေ့လာရန် ဆုံးဖြတ်လိုက်မိလေသည်။

※※※

"ခုလို လာပြောတာ သိပ်ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ဒီကလေးကို ဆရာမကိုပဲ အပ်ပါတယ်၊ ဆရာမ ကြိုက်သလို ဆုံးမပါ၊ ကျွန်မတော့ ဒီကလေးအတွက် စိတ်ဆင်းရဲလှပါပြီ ဆရာမရယ်"

မောင်တင်ထွန်း၏ မိခင်သည် ပါးပြင်ပေါ်တွင် မျက်ရည်များ စီးကျကာ ညို့ကို အားကိုးတကြီး ပြောပြရှာသည်။

"သူ့အဖေ အရင်းကတော့ သေရှာပါပြီ၊ ခုဟာက ကျွန်မရဲ့နောက်အိမ်ထောင်ပါ၊ သူက သဘောတော့ မဆိုးလှပါဘူး၊ ဒါပေမဲ့

အရက်မူးရင်တော့ သွေးဆိုးတယ် ဆရာမရယ်”

မောင်တင်ထွန်းသည် ညို့ဘေးတွင်ထိုင်ကာ သူ့အမေ ပြောသမျှကို မျက်စိသူငယ်နှင့် နားထောင် နေရှာသည်။ ညိုက မောင်တင်ထွန်း အရိုက်အနှက်မခံစေရဟု အာမခံကာ သူ့အိမ်သို့ လိုက်ခဲ့ရသည်။ သူ့အမေကိုလည်း ကလေးကို ကောင်းစေလို၍ တိုင်ပင်လိုသည့်အကြောင်း ကြိုတင် တောင်းပန်ခဲ့ရသည်။ အခြေအနေကို ပြောပြ၍လည်း သူ့နေရေး ထိုင်ရေးကို စုံးစမ်းမိသည်။

“ကလေးကိုလဲ သူ စိတ်မထင်ရင် မထင်သလို ကြမ်းကြမ်းတမ်းတမ်း ရိုက်နှက် ဆုံးမပါတယ်၊ သူခိုင်းသမျှ လုပ်ပေးပေမယ့် ဘယ်တော့မှ မျက်နှာကောင်း မရပါဘူး ဆရာမရယ်”

ကလေးငယ်လေးကို ရင်ခွင်မှာ နို့တိုက်လျက်က ညိုသိလိုသော မောင်တင်ထွန်း၏ဘဝကို ပြောပြရှာသည်။ ညိုသည် ဆင်းရဲ နုံချာလှသော တဲကလေးအတွင်းမှ ချို့တဲ့လှသော သူတို့ဘဝကို ကြည့်ရင်း နားထောင်နေမိသည်။ အိုးတလုံး ဖျာတချပ် ဆိုသည်ကို စာထဲမှာသာ တွေ့ဖူးသည်။ ယခုမှ ကိုယ်တွေ့မြင်နေရ၏။ အိမ်ရှေ့တွင် မှိုတက်နေသော သောက်ရေအိုးတလုံး၊ အနားစုတ်နေသော ယွန်းရေခွက်လေး တခွက်သာ ခံ့ခံ့ညားညား ရှိနေသည်။ ချေးအထပ်ထပ် တင်နေသော စောင်တထည်ကို ပုခက်ဆင်ထားသည်။ ဘုရားစင်မှ ဘုရားပုံတော်ပင် မပီပြင်တော့။ ဘုရားကား တချပ်ရှေ့တွင် ပင့်ကူအိမ်များ ငြိတွယ်နေကြလေသည်။

“သူ့အလုပ်က အင်းလုပ်သား ဆိုပေမယ့် စားရရုံမှ အနိုင်နိုင်ရယ်ပါ၊ ရသမျှလေးကိုလဲ အရည်သာ ဖျော်ပစ်နေလေတော့ အိမ်မှာဆိုရင် မြင်တဲ့အတိုင်းပါပဲ၊ ဒီကလေးတောင် သေစာရင်စာလေးမှ တတ်ပါစေတော့လို့ ကျောင်းကို ဇွတ်ထားရတာပါ၊ ဒါတောင်မှ ကျွန်မအစ်မတယောက်က လွယ်အိတ်လေးအစ စာအုပ်လေးအစ ဝယ်ပေးနေလို့ပါ ဆရာမရယ်”

ညိုသည် သူ့ရှေ့တွင် မျက်ရည်လည်ရွဲနှင့် ရိုရိုသေသေ ပြောပြနေရှာသော မိန်းမကြီးကိုကြည့်ကာ မျက်ရည်ဝဲလာလေသည်။ ရင်ခွင်ထဲမှ ကလေးငယ်သည် မအေ့နို့ကို အငမ်းမရ စို့နေရှာသည့်တိုင် ပျော့အိတွဲကျနေသော ရင်သားအစုံသည် အာဟာရဓာတ် ပြည့်ဝသောနို့ရည် တစက်တလေမျှပင် ရှိပါလေစဟု သံသယဖြစ်လောက်အောင် ပိန်လှီလှသည်။ ကလေးငယ်သည် နို့စို့၍ အားမရတိုင်း ရှုံ့တွနေသော နို့သီးခေါင်းကိုသာ လက်ဖြင့် အတင်းဆိတ်၍ ဆွဲနေလေသည်။

“မောင်တင်ထွန်းအတွက် ကျွန်မ တတ်နိုင်သလောက် ကူညီပါ့မယ်ရှင်”

ညိုသည် ရှိမခိုးရုံတမည် ကျေးဇူးတင်စကားကို အကြိမ်ကြိမ် ပြောနေသော

အမျိုးသမီးကြီးအပါးမှ လေးလံထိုင်းမှိုင်းစွာ ပြန်လာခဲ့ရသည်။

သူတို့ဘဝနှင့် နှိုင်းစာလျှင်တော့ တို့များဘဝက အများကြီး ချမ်းသာပါသေးကလား။ ညို့မှာ အဖေ မရှိ၍ ပထွေးနှင့် နေခဲ့ရသည့်တိုင် ဆင်းဆင်းရဲရဲ မနေခဲ့ရ။ ပညာကို လူတန်းစေ့အောင် သင်ရသည်။ ဝဝလင်လင် စားရသောက်ရသည်။ လူဝင်ဆံ့အောင် ဝတ်နိုင်ဆင်နိုင်သည်။ လူတွေသည် လူ့လောက အတွင်းသို့ ဒုက္ခကိုယ်စီနှင့် ဝင်ရောက်လာကြသည်ချည်းပင်။ ညို့ဘဝတွင် စားဝတ်နေရေးအတွက် မပူပင်ခဲ့ရသော်လည်း ဘဝ၏အလှည့်အပြောင်း၊ အနိမ့်အမြင့် စသည့် ဒုက္ခလေးတွေကို တွေ့ကြုံ ခံစားခဲ့ရသည်။ ဤသည်ကိုပင် တကယ့်ဒုက္ခဟု ညို ထင်ခဲ့သည်။

ဒုက္ခပင်လယ်ဝေ၍ လောကကြီးတခုလုံး သုံးမရတော့ဟုလည်း မှတ်ယူခဲ့မိသည်။ ယခု ညိုတွေ့နေရသော လူ့ဘဝဒုက္ခက တမျိုးဖြစ်နေသည်။

စားစရာ မရှိသည့် ဒုက္ခ၊ ဝတ်စရာ မရှိသည့် ဒုက္ခ၊ နေစရာ မရှိသည့် ဒုက္ခ၊ ပညာမသင်ရသည့် ဒုက္ခ၊ ပညာမတတ်၍ လူ့ဘဝတွင် ဒုက္ခသံသရာထဲ လှည့်လည်ကျင်လည်နေရသည့် ဒုက္ခ။ လူမှု ဒုက္ခ အပေါင်းကား များလှပေစွ။ ဤကမ္ဘာတွင် လူမှုဒုက္ခအပေါင်းက ကင်းလွတ်သည့်နေရာဟူ၍ မည်သည့်နေရာတွင် ရှိပါလေသနည်း။ ထိုနေရာသည်ကော မည်မျှကျယ်ဝန်းပါသလဲ။ မည်သူတွေ ခံစားရပါသလဲ။

နောက်ဆုံးတော့ လူတွေသည် ဒုက္ခအပေါင်းမှ လွတ်မြောက်ရာကို ရှာကြံတွေးတောရင်း ဒုက္ခပင်လယ်တွင်းတွင် နစ်မွန်းမသိ နစ်နေကြရလေသည်။

※※※

ကိုကိုနိုင်နှင့် စတွေ့သည့်နေ့က “ညို ကဗျာတပုဒ် စပ်နေတယ်" ဟု ပြောမိသည်ကို သတိရနေသည်။ ထိုစဉ်ကတော့ စိတ်ကူးထဲမှ စပ်နေခြင်းသာ။ ယခုမှ စာရွက်ပေါ် ချရေးဖြစ်သည်။ အားရစရာကား မကောင်းလှ။ သို့သော် ညို့ကဗျာထဲတွင် လူ့ဘဝသရုပ်ကို ပိုမိုပေါ်လွင်အောင် ထည့်နိုင်ဖို့ ကြိုးစားနေမိသည်။ ကဗျာနာမည်ကိုလည်း ရိုးရိုးလေး ပေးထားသည်။ ရွက်လှပန်း။

ယခုမှပင် အချိန်တိုင်းသည် ညို့အတွက် တန်ဖိုးရှိနေသည်။ ကလေးတွေအနားမှ ခွာလိုက်လျှင်ပင် စာရေးဖို့ စာဖတ်ဖို့ အချိန်ကို အသုံးပြုရသည်။ ညို့ပတ်ဝန်းကျင်မှ လူတွေသည် အားလုံး အလုပ်ကိုယ်စီနှင့်သာဖြစ်သည်။ အချိန်ကို အပိုထား၍ လူ့ဘဝ၏ စည်းစိမ်ချမ်းသာ ဟူသမျှကို ရှာဖွေ ခံစားနေတတ်သူမျိုးကို သည်ဝန်းကျင်တွင် မတွေ့ရ။ တကယ့်ဘဝဟူသည် တနေရာတည်း ကွက်ကြည့်၍ မမြင်နိုင်။ အထူးသဖြင့် လူ့ဘဝ၏ အဆီအနှစ်တို့သာ စုပေါင်းနေသော နေရာတွင်

ကွက်ကြည့်၍ ဘဝသရုပ်မှန်ကို မသိနိုင်။ ညိုသာ သည်နေရာ ရောက်မလာခဲ့လျှင် ကျွဲကျောင်းရင်း၊ ဈေးကူရောင်းရင်း၊ ငါးဖမ်းရင်း ကျောင်းတဘက်တက်ကြရသော ကလေးငယ်တို့၏ဘဝကို သိမည် မဟုတ်။ လူမှန်းသိစကတည်းက ဘဝဒဏ်ကိုခံ၍ တနေကုန် မုန့်မစားရဘဲ ကျောင်းတက်ရသော မောင်တင်ထွန်းလိုကလေးမျိုး၏ ဘဝကိုလည်း စာနာမိတတ်မည်မထင်။ ယခုတော့ အရာရာသည် ညစ်ပေ လေလွင့်နေချင်ခဲ့သော ညို့စိတ်ရိုင်းတို့ကို ထိန်းကြပ်ပေးခဲ့လေသည်။

"အလုပ်သိမ်များနေလား ဦးလူဝ၊ ညို ဘာလုပ်ပေးရမလဲဟင်"

"နေပါစေ ဆရာမရေ၊ ဟင်းတမျိုး လိုနေလို့ပါဗျာ"

"ဘာဟင်းများလဲ ဦးလူဝရဲ့"

"လိပ်သားတဲ့ဗျာ"

ဦးလူဝက စာရွက်တရွက်ကို ညို့ထံ လှမ်းပေးသည်။ စာရွက်တွင်းတွင် တောင်သူလယ်သမား ဦးကြီးများနှင့် လာရောက် ဆွေးနွေးကြသည့် ဧည့်သည်တော်ကြီးများအတွက် ကျွေးမွေးပြုစုရမည့် ဟင်းလျာစာရင်းကို ရေးထားလေသည်။

ကြက်သား ကာလသားချက်

လိပ်သား ဆီပြန်

ငါး ချက်ချင်သလိုချက်

"ခု လိုနေတာက ဘာဟင်းလဲ ဦးလူဝရဲ့"

မောမောပန်းပန်း လုပ်အားပေးနေရသော ဦးလူဝကို ညိုက မေးမိသည်။

"လိပ်သားလေဗျာ၊ လိပ်ကတော့ ရပါပြီ၊ သတ်ရဲတဲ့လူ မရှိလို့ မချက်ရသေးဘူး"

ဧည့်သည်များအတွက် ဂရုတစိုက် ကျွေးမွေးဖို့ လုံးပန်းနေကြသည်။ အပြေးအလွှား ရှာဖွေရ၊ အချိန်မီအောင် ချက်ရပြုတ်ရနှင့် အတော်ပင် မောသွားကြသည်။

"သဘော်သီးမှည့်မှည့် တလုံးတော့ အသင့်ဆောင်ထားမှ"

"ဘာဖြစ်လို့"

"ဟိုပုဂ္ဂိုလ်ကြီးက မနက်စောစော သဘော်သီးမှည့်လေး စားရမှ အဲဒီနေ့အဖို့ ခုတ်သွားနိုင်မတဲ့ဗျာ"

မနက်က သဘော်သီး လာခူးသွားသော ဦးလူဝတယောက် နေ့လယ်ကျတော့ ရေးကြီးသုတ်ပျာ ရောက်လာပြန်သည်။

"ဆရာမရေ သံပရာသီးလေးတလုံးလောက် မရှိဘူးလားဗျာ"

"တလုံးတော့ ရှိသေးတယ်၊ ပိန်ခြောက်နေပြီ"

"ပေးပေး ဆရာမ၊ ရှိတာပဲပေး"

ဦးလူဝ၏ မည်းနက်သော မျက်နှာပြင်တွင် ချွေးများဖြင့် ပြောင်တင်းနေလေသည်။

"အရက်ထဲကို သံပရာသီးလေး အကွင်းလိုက် လှီးထည့်ပြီးမှ သောက်တတ်သတဲ့ဗျာ"

သံပရာသီးပေါ်ချိန် မဟုတ်၍ သံပရာသီးကို တအိမ်တက်ဆင်း မေးမြန်းရှာဖွေလာရဟန်တူသော ဦးလူဝတယောက် အပြေးအလွှား ဆင်းသွားလေသည်။

ဘဝတခုတွင်းသို့ ဝင်ရောက်လေ့လာမည်ဆိုလျှင် ထိုဘဝတွင်းသို့ ကိုယ်တိုင် ထိုးဖောက် ဝင်ရောက် မကြည့်ဘဲနှင့်တော့ ဘဝမှန်ကို မသိနိုင်။ ရှေးအခါက ပြည့်ရှင်ဘုရင်တို့သည် တိုင်းပြည်တွင်း စနည်းနာလိုလျှင် ဆင်းရဲသားအသွင်၊ ရွာသားအသွင် ဆောင်၍ ကိုယ်တိုင် ထောက်လှမ်း စုံစမ်းကြသည်ဟု ကြားသည်။ မိမိအပေါ် အမှန်အတိုင်း ဝေဖန် ပြောဆိုချက်များကိုလည်း ကြားနာ မှတ်သား၍ ပြုပြင်ဆောင်ရွက်မှုတို့ကို ပြုကြလေသည်။

မျက်နှာချင်းဆိုင်၍ အမှန်ကို အမှန်အတိုင်း ပြောပြဖို့ဟူသည် အပြောလွယ်သော်လည်း လက်တွေ့တွင် မလွယ်။ ဖြစ်သမျှကို ပြောပြဖို့ထက် ပြောသမျှကို ဖြစ်အောင်လုပ်ဖို့သာ ကြိုးစားကြရလေသည်။

ဘယ်နေရာ ကြည့်ကြည့် စပါးပုံကြီးတွေ ဟည်းနေသည်။ ချောင်းရိုးတလျှောက် ပွဲချိတ်လှေကိုစီးရင်း ရွာငယ်လေးများသို့ ညိုလျှောက်လည်ကြည့်သည်။ တသက်တာ မခံစားရဖူးသော သဘာဝ အလှနှင့် ရှင်းသန့်သောလေကို လန်းလန်းဆတ်ဆတ် ခံစားရလေသည်။

တောရွာ၏သဘာဝ၊ တောအလှကို စာဖွဲ့သူတွေ ပေါလှပါ၏။ တောအလှကို ကြည်ကြည်နူးနူး ခံစားလိုသူတွေလည်း ဒုနှင့် ဒေး။ သို့သော် တောရွာကလေးက

လှပသာယာလှပါသည်၊ နေချင်စဖွယ် ကောင်းလှပါသည် ဆိုသူတို့သည် တောတွင် ကြာရှည်နေသူများ မဟုတ်။ တောတွင် ခဏခဏ လာရောက် လည်ပတ်၍ တဒင်္ဂ ပြောင်းလဲမှုလေးအတွက် ကြည်နူးသွားကြသူတွေသာ ဖြစ်သည်။ တောသဘာဝကို ဇိမ်ခံပစ္စည်းတခုအဖြစ် မြည်းစမ်း ခံစားကြည့်ခြင်းမျှသာတည်း။

နေပူရှိန်အောက်တွင် တောသူတောင်သားတို့၏ မည်းနက်ပြောင်လက်နေသော ကျောပြင်ကြီး များသည် အဝတ်ဗလာကျင်းနေသည်။ သူတို့သည် သည်နေရာတွင် လူဖြစ်မလာဘဲ အခြားတနေရာတွင်သာ လူ့ဘဝကို ခြေချမိပါက နိုင်ငံခြားအရက်ကို သောက်ကာ ဇိမ်ခံကား စီးချင် စီးနေမည်။ တောသူတို့၏အလှကို ဘယ်လိုပင် စာဖွဲ့သော်လည်း တကယ်တမ်းမှာ သူတို့၏ အလှကလေးများသည် သဘာဝ ပတ်ဝန်းကျင်၏ ပြုပြင်မှုကြောင့် ကြမ်းတမ်းခက်ထန် နေကြသည်သာ။ မိန်းမသားပင် ဖြစ်သော်လည်း သူတို့၏ လက်ချောင်းလေးများက နူးညံ့မနေ။ မြေကြီးနှင့် ရေကို မပြတ်ကိုင်တွယ် လုပ်ကိုင်နေရ၍လည်း လက်ဖဝါးနုနုတွင် အသားမာများ တက်ကာ ဝါနေကြလေသည်။

အသွင်မတူသော ဘဝတခုအတွင်းသို့ ထိုးဖောက်ဝင်ရောက် မကြည့်ပါဘဲနှင့် မည်သို့သော အမှန်တရားကို ထင်ထင်ရှားရှား သိမြင်နိုင်ပါမည်လဲ။ သိမြင်ရသည့် အရာသည် အပေါ်ယံအလှသာ ဖြစ်မည်။ တကယ့်ဘဝ မဖြစ်နိုင်။

“ဆရာမရေ လှေဝမ်းထဲကို ငါးတကောင်ဝင်လာပြီ၊ ဆရာမ ခြေထောက်နားမှာလေ၊ ဖမ်းထားလိုက်ပါ

ပဲ့ချိတ်ဦးပိုင်းမှနေ၍ မောင်တင်ထွန်းက လှမ်းအော်သည်။ ညိုက ငါးလေးကို ဖမ်း၍ ရေထဲ ပြန်လွှတ်လိုက်သည်။

“ဆရာမကလဲ ဖမ်းထားပါဆိုနေမှ”

“သနားပါတယ်ကွယ်”

“ဒေါ်သိန်းချက်ပေးတဲ့ ငါးလေးဆီပြန်ဟင်းကျတော့ ဆရာမက သိပ်ကြိုက်တာပဲဆို”

ညိုက သဘောကျစွာ ရယ်မိသည်။ ပြီးတော့ ကလေးငယ် နားမလည်နိုင်သည့်စကားကိုလည်း ပြန်ပြောသည်။

“လူဆိုတာ ဒီလိုပဲ သားရဲ့”

လူတွေသည် ကိုယ်တိုင် မကြုံသေးသမျှတော့ ကာယကံ၊ ဝစီကံကို

ရှောင်နိုင်ကြသည်သာ။ ငါးဖမ်း၍ အသက်မွေးရသော တံငါသည်တယောက်သည် အဘယ်သို့လျှင် ငါးပါးသီလကို လုံခြုံအောင် ထိန်းနိုင်ပါမည်နည်း။

ညိုနေသည့်အိမ်မှ အိမ်ရှင်ဒေါ်သိန်းသည် ထိုနေ့က တကယ်ပင် ငါးလေးဟင်းကို ချက်ထားပေးသည်။ ဒေါ်သိန်းသည် မုဆိုးမတယောက်ဖြစ်၍ သားသမီး မရှိသူပီပီ ညို့ကို သံယောဇဉ်ဖြစ်နေရှာသည်။ မယုဇ၏အစ်ကိုက ညို့ကို အဆင်ပြေဆုံး ဖြစ်မည့်နေရာတွင် ထားပေးခြင်း ဖြစ်သည်။ ယခုတော့ ညိုကလည်း ဖြစ်ရာဘဝမှာ ပျော်နေပြီ။ ညို့တွင် သားလို သမီးလို ခင်တွင်ရမည့် ကလေးတွေကလည်း ရှိနေပြီ။ ညို့ဘဝသည် အနယ်ထိုင်၍ နေပေပြီ။

"ဆရာမ နွေကျောင်းပိတ်ရင် ရန်ကုန်ပြန်ဦးမှာလား"

ဒေါ်သိန်းက ညို့ကို ဂရုတစိုက် ထမင်းပြင်ကျွေးရင်း မေးသည်။ ညို့ကိုလည်း အများတကာလိုပင် ဆရာမဟု ခေါ်သည်။

"ညိုက ရန်ကုန်သူမှမဟုတ်ဘဲ အမေရယ်"

"ဒါဖြင့် ဆရာမအိမ်ကို ပြန်မှာပေါ့"

"ညို့မှာ အိမ်မှမရှိဘဲ"

ဒေါ်သိန်းသည် ညို့ဘဝကို ရေရေရာရာသိသူမဟုတ်။ ရန်ကုန်ကလိုလို၊ ဒိုက်ဦးကလိုလို ယောင်ဝါးဝါး သိထားခြင်းသာဖြစ်၏။ ညို့ကို တွယ်တာနေ၍ ညိုပြန်သွားမည်ကို စိုးနေသည်။ ညို့စိတ်ကလည်း ရန်ကုန်ကို ပြန်လိုစိတ် မရှိတော့။ ရန်ကုန်တွင် မိန်းကလေးတယောက်အတွက် ခြေထောက် တနေရာစာ ချနိုင်ဖို့ မလွယ်။ အလုပ်ရဖို့က ဝေလာဝေး။ ညိုတို့လို ဘဝအခြေအနေ မရေရာသော မိန်းကလေးတယောက်သည် ရန်ကုန်လို နေရာမျိုးတွင် ပျက်စီးခြင်းမက ပျက်စီးသွားနိုင်သည်။ အဝတ်တဆင်စာအတွက် ခန္ဓာကိုယ်နှင့် ရင်းနှီးရသည့် ဘဝမျိုး ရောက်မသွားဘူးဟု မည်သူ အာမခံနိုင်ပါမည်နည်း။ ညိုသည်ပင် အပေါင်းအသင်း ကောင်း၍ အခြေအနေ မပျက်ခဲ့ရခြင်း ဖြစ်သည်။ လူ့ဘဝအလယ်တွင် မျက်စိသူငယ်ဖြစ်နေသော မိန်းကလေးမျိုးကိုမှ ရှာဖွေ မစတတ်သည့် ယောကျ်ားမုဆိုးများက ဒုနှင့်ဒေး။

"အမေ့အိမ်မှာ ဆရာမ အမြဲနေနိုင်ပါတယ်ကွယ်"

ဒေါ်သိန်းက ညို့ကို ကရုဏာစကား ဆိုလေသည်။ ညိုက ထမင်းလခပေးသည့်တိုင် ဒေါ်သိန်းက မယူ။ ဒေါ်သိန်းသည် သား ငါး ဟင်းသီးဟင်းရွက် စသည်တို့ကို ရာသီအလိုက် အဆင်ပြေသလို ဖောက်သည်ယူကာ ချောင်းရိုးတလျှောက် လှည့်ရောင်းသူ ဖြစ်သည်။ တခါတရံ ငွေပိုငွေလျှံရှိလျှင်

သနပ္ပင်၊ ပဲခူးတို့သို့ တက်ကာ ကုန်ခြောက်ကလေးများ ဝယ်သည်။ မင်းရွာ၊ ချောင်းဖျား စသည်တို့ဘက်လည်း လှည့်ရောင်းတတ်သည်။ ရွာမှထွက်သော ငါးပိ ငါးခြောက်တို့ကိုလည်း မြို့ပေါ် ယူရောင်းသည်။ သူ့တဝမ်းတခါးတော့ ဖူလုံသည်သာ။ အသက် ၄၀ ကျော်သာ ရှိသေး၍ ဖျတ်ဖျတ်လတ်လတ် ကျန်းကျန်းမာမာ ရှိလေသည်။ ညို ကျောင်းမတက်မီ နံနက် အစောကြီး ထသွားရတတ်၍ နံနက်စာကို ညိုက ချက်ပြုတ်ပြီးမှ ကျောင်းသွားသည်။ ညနေဘက်တွင် ဟင်းချက်စရာများနှင့်အတူ ဒေါ်သိန်း ပြန်ရောက်လာသည်။ ညစာအတွက် အသင့်ချက်ပြုတ် ထားသည်။ ညိုသည် သူ့အတွက် အဆင်ပြေသော အိမ်သားတယောက် ဖြစ်နေလေသည်။

"အမေ့မှာ ဆွေမျိုးတွေ မရှိဘူးလားဟင်"

ညိုကလည်း ဒေါ်သိန်းဘဝကို စပ်စုကြည့်သည်။

"နည်းနည်းပါးပါးတော့ ရှိပါတယ်ကွယ်၊ ဒါပေမဲ့ အနေဝေးကြလို့ မခင်တွယ်လှပါဘူး၊ ကိုယ်လုပ်နိုင်မှ ကိုယ်စားရတာ၊ အမျိုးပေမယ့် အားကိုးလို့ရတာမှ မဟုတ်တာကလား"

လူ့ဘဝကို တယောက်တည်း ရင်ဆိုင်ရသူချင်း ဆုံမှဆုံတတ်ပလေဟု ညိုက တွေးမိသည်။ ယခုတော့လည်း ဘာကိုမဆို ညိုသည် ခွင့်လွှတ်တတ်သော အတွေး၊ နက်နဲတည်ငြိမ်သော အတွေးမျိုးကို တွေးတောလာတတ်ပြီ ဖြစ်လေသည်။

※※※

၁၆

ဘဝဟူသည် တသမတ်တည်း နေချင်၍လည်း နေ၍မရ။ လူက ဘဝကို မဖန်တီးနိုင်။ ဘဝကသာ လူကို ဖန်တီးနေလေသည်။

ယခုတော့ ညို့တွင် အချစ်အတွက် နာကျည်းခြင်း၊ တုံ့ပြန်လိုခြင်းကိုသော်လည်းကောင်း၊ ဘဝ၏ဆုံးရှုံးမှုများအတွက် တုန်လှုပ်ခြင်း၊ တွေဝေခြင်းကိုသော်လည်းကောင်း ခံစားရမှုမရှိတော့။ ဖြစ်လာသည့် အခြေအနေမှ အားနှင့် မာန်နှင့် ရင်ဆိုင် ကြိုးစားဖို့ကိုသာ စိတ်အား ထက်သန်နေမိသည်။

ထို့ကြောင့်လည်း ယခုတကြိမ် မယုဆီမှစာကို ဖတ်ရချိန်တွင် ညိုသည် အထူးတလည် စိတ်လှုပ်ရှားခြင်း မဖြစ်တော့ပါပေ။ မယုစာနှင့် အတူပါလာသော သီသီ့စာလေးကိုလည်း တည်ငြိမ်စွာ ညို ဖတ်နိုင်ပေပြီ။

မယုကို အတင်းတောင်းပန်ပြီး မေးမှ ညို့လိပ်စာကို ပြောပြတယ်။ ညို သီ့ကို သိပ်စိတ်ဆိုးသွား သလား။ သီတို့မှာ ညို့ကို ကောင်းစားစေချင်တဲ့ စေတနာက အမြဲ ပိုနေခဲ့ပါတယ်။

အခု သီ လက်ထပ်တော့မယ်။ နွေကျောင်းပိတ်ရက်မှာပေါ့။ သီလက်ထပ်ပွဲမှာ ညို မရှိရင်တော့ ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး။ ညို့ကိုခေါ်ပြီး နှိပ်စက်ချင်လို့တော့ မထင်ပါနဲ့။ အရင်တခါ မေမေ့မွေးနေ့တုန်းက ညိုပြောသွားတာကို သတိရနေတယ်။ ကိုကိုနိုင့်ကို အရင်ကထက်ပိုပြီး ခွင့်လွှတ်လိုက်ပါပြီ ဆိုတာလေ။ သက်သက်ထွေးဟာ သိပ်လှတဲ့ မိန်းကလေး ဖြစ်နေလို့ ဆိုလားပဲ။ အဲဒါကို ကိုကို့ကို ပြန်ပြောပြမိတယ်။

သက်သက်ထွေးဟာ လှတာတော့ မှန်ပါတယ် ညို။ ဒါပေမဲ့ ညို့ကို မလှလို့ ပစ်သွားတယ် ဆိုတာတော့ မဟုတ်ပါဘူးတဲ့ကွယ်။ ညိုက ကိုကို့ကို ကျိုက္ကလို့မှာ တွေ့တုန်းက အရွဲ့တိုက်သွားတော့ ကိုကို စိတ်ထိခိုက်တယ်တဲ့။ ညိုဟာ ဒီလိုပဲ အဆင်မပြေတဲ့ လောကကြီးကိုပါ အရွဲ့တိုက်နေတာ သိရတော့ ပိုပြီး စိတ်ပူမိတယ်တဲ့။ ဒါကြောင့် သီသီကို ညို့ဆီ လွှတ်လိုက်တာပါ။ ကျော်ကျော်ကလဲ အဲဒီအကြောင်းပဲ ပြောပြောနေတယ်လေ။ ဒါပေမဲ့ ခုလို ညိုက အားလုံးကို စိတ်နာပြီး ရှောင်ထွက်သွားပြန်တယ်ဆိုတော့ တို့တတွေ ပိုပြီး စိတ်မကောင်း ဖြစ်ရတာပေါ့ကွာ။

သီသီစာက ရှည်လျားလွန်းလှပေသည်။ အဓိကအကြောင်းကတော့ ညို့ကို ရန်ကုန်ပြန်လာဖို့နှင့် သူ့လက်ထပ်ပွဲကို လာဖြစ်အောင် လာဖို့ပဲ ဖြစ်သည်။

ညိုက စာကိုဖတ်ပြီး ကျေကျေနပ်နပ်ပင် ပြုံးနေမိ သည်။ ယခုတော့ ညိုသည် အားလုံးကို ရင်ဆိုင်ရန် အသင့် ဖြစ်နေပေပြီ။

※※※

"မင်းအတွက် ဆရာမ စာအုပ်တွေလဲ ဝယ်လာခဲ့ပါမယ် သားရယ်၊ မုန့်ဖိုးကိုလဲ ဒေါ်သိန်းဆီက တောင်းယူနော်၊ ကျောင်းပြန်ဖွင့်ရင် အဆင်သင့်ဖြစ်အောင် စာတွေလဲ ကျက်ထား၊ ဆရာမ ပြန်လာမှာပါကွယ်"

မောင်တင်ထွန်းသည် ညို့နားတွင်ထိုင်ကာ တရှုပ်ရှုပ်ငိုနေလေသည်။ ဒေါ်သိန်းသည် ပဲ့ချိတ် ဦးပိုင်းတွင် ငါးခြောက်တွဲကို ကိုင်ကာ ငေးငိုင်လျက် ပါလာသည်။ အံ့ဩဖို့တော့လည်း အကောင်းသား။ ညို ဒီရွာလေးကို လာစဉ်ကတော့ ဥတလုံး တကောင်ကြွက်မလေး အဖြစ်နှင့် ရောက်လာခြင်း ဖြစ်သည်။ ယခုတော့ အမေတယောက်နှင့် မွေးစားသားတယောက်ပါ တိုးနေပေပြီ။

ညိုပြန်လာပါမည် ဆိုသည်ကို မောင်တင်ထွန်းက လုံးဝ အယုံအကြည် မရှိပေ။ ဖြစ်နိုင်လျှင် သူပါ တပါတည်း ညိုနှင့် လိုက်သွားချင်နေသည်။ ယခုဆိုလျှင် ဆရာမ၏ ကူညီထောက်ပံ့မှုကြောင့် ကျောင်းတွင် စာအုပ်ဖိုး မုန့်ဖိုးကအစ မပူမပန်ရတော့။ ဆရာမ၏ စေတနာကို တဖွဖွ ပြောနေတတ်သော အမေ့စကားကြောင့် သူ့ပထွေးသည်ပင် သူ့ကို ယခင်ကလို ပစ်ပစ်ခါခါ ပြောဆို ရိုက်နှက်ခြင်း မပြုတော့။ သူတပါးကပင် စေတနာ ထားလာသည် ဆိုတော့ သူ့ကိုယ်သူ ဆင်ခြင်လာမိပုံ ရသည်။

ဒေါ်သိန်းသည် ညို့ကို သံယောဇဉ် တွယ်တာလှသည့်တိုင် တွေ့ကြုံဆုံကွဲ ဓမ္မတာကို ကောင်းစွာ နားလည်ပြီးသူမို့ များစွာ တုန်လှုပ်ခြင်းမရှိ။ ညို့ကို မိမိဘဝ တက်လမ်းအတွက် တနည်းတဖုံ ဆက်လက် ကြိုးပမ်းသင့်ကြောင်း၊ သည်အရွယ်တွင် သည်အခြေအနေမျှနှင့် ရောင့်ရဲမနေသင့် ကြောင်း သူကပင် ဆုံးမသွန်သင်ခဲ့သေးသည်။ သို့သော် ညိုက သူ့ကို ကန်တော့စဉ်တွင်မူ စွတ်စိုလာသော မျက်ရည်စများကို သိမ်းဆည်းရန် သတိရခဲ့ရှာပါပေ။

"ကားဆိပ်အထိတော့ မလိုက်နဲ့တော့ အမေ၊ မောင်တင်ထွန်းလဲ မလိုက်နဲ့တော့၊ ဒီလှေနဲ့ပဲ ပြန်ကြပေါ့၊ ညို ကျောင်းမဖွင့်ခင် ပြန်လာပါ့မယ်၊ အမေ ဘာမှာဦးမှာလဲ"

"အထူးမှာစရာ မရှိပါဘူးကွယ်၊ အမေ ပေးလိုက်တဲ့ ပိတ်စလေးသာ"

ဒေါ်သိန်းက ပိတ်ဖြူစ တစကို ရန်ကုန်တွင် ယောဂီရောင် ဆေးဆိုးခဲ့ရန် ညို့ကို ပေးလိုက်သည်။

"ဟုတ်ကဲ့ စိတ်ချပါ၊ သား ဆရာမ သွားမယ်နော်၊ လိမ်လိမ်မာမာနေနော်"

"ဆရာမဆီ ကျွန်တော် စာရေးလိုက်မယ်"

"အေး အေး"

ညိုသည် သားရေအိတ်နှင့် ဒေါ်သိန်းက တကူးတကန့် လုပ်ပေးလိုက်သော ငါးခြောက်တွဲကို ဆွဲကာ နောက်သို့ လှည့်မကြည့်ဘဲ ကမ်းပေါ် ပြေးတက်ခဲ့သည်။ တဒင်္ဂ ခွဲရမည် ဆိုသော်လည်း လွမ်းနေမိသည်။ ဒိုက်ဦးမှ ထွက်လာရစဉ်ကသော်လည်းကောင်း၊ ရန်ကုန်မှ ခွာလာရစဉ်ကသော် လည်းကောင်း သည်မျှ မလွမ်းမိ။

ညို့စိတ်တွင်တော့ ရုပ်ရှင်ဇာတ်လမ်းအချို့ထဲကလို တောမှာပဲ ဘဝကို မြှုပ်နှံပါတော့မည်၊ တောသူတောင်သားတွေ၏ ပညာရေး၊ ဖွံ့ဖြိုးရေးကိုသာ ဆောင်ရွက်ပါတော့မည် ဟူသော အတွေးမျိုး၊ ဆုံးဖြတ်ချက်မျိုး မဝင်မိ။ သို့သော် ဘဝဆိုတာ တနေရာတည်း၊ ဝန်းကျင်တခုတည်း ကျင်လည်ကျက်စားနေရုံဖြင့် တကယ့်ဘဝကို မသိမြင်နိုင်၊ ဝန်းကျင်အမျိုးမျိုးတွင် ရုန်းကန် လှုပ်ရှားနေထိုင်ကြရသော ဘဝအထွေထွေကို သိရ မြင်ရမှသာ လူ့ဘဝ၏ မဆုံးနိုင်သော အရာများကို မှန်းဆနိုင်မည်ဆိုသော အသိကိုမူ ရခဲ့သည်။ အရာရာကို နှိုင်းယှဉ် ချိန်ထိုး၍ ကြည့်တတ် မြင်တတ်သော အလေ့ကိုလည်း ရခဲ့ပြီ ဖြစ်လေသည်။

လောကကြီးသည် ညို ထင်သည်ထက် ကျယ်ဝန်းနေလေသည်။

※※※

ဗယ်လာရီ မျက်လုံးတွင် မျက်ရည်များဝေ့နေသည်။ မျက်တောင်ကို တချက် နှစ်ချက် ခတ်လိုက်သည်နှင့် ပါးပြင်ပေါ်သို့ မျက်ရည်စက်လေးများ လွင့်ကျလာသည်။ ဗယ်လာရီသည် ဝမ်းသာအားရ ရယ်လည်း ရယ်သည်။ ဝမ်းနည်းပမ်းနည်းလည်း ငိုပြန်သည်။

"ဟော ကြည့်၊ ညို့ကို မငိုရဘူးလို့ပြောပြောနေခဲ့ပြီး ခုတော့ သူ ငိုပြီ"

"ညို သိပ်ဆိုးတာကိုး၊ ကိုယ်လဲ ပြန်လာရော၊ ညို့ကို မတွေ့ရတော့ဘူး၊ ညိုလုပ်သွားတာ ကောင်းလား။ ဟောဒီ မယုကလဲ ညို ဒိုက်ဦးကို ပြန်သွားပြီချည်းပဲ ပြောနေတယ်၊ မဖြစ်နိုင်တာတွေ"

ဗယ်လာရီသည် သူ ပြင်ဦးလွင်သို့သွားစဉ် ညို ရန်ကုန်က တိတ်တဆိတ် ထွက်သွားခဲ့သည့်အတွက် ပြောမဆုံးအောင် ဖြစ်နေလေသည်။ ယခုတော့

ဗယ်လာရီလည်း ချမ်းမြငြိမ်မှ ခွာခဲ့ပြီ။ ၇ မိုင်ခွဲမှ 'သီရိမြိုင်' ဂေဟာသို့ ရောက်နေပြီ။ ပြီးတော့ ဗယ်လာရီသည် မိခင်လောင်း အင်္ကျီလှလှလေးပင် ဝတ်နေရပေပြီ။

"ညို ဒီည ဒီမှာပဲ အိပ်ပေါ့၊ မနက်မှ မင်္ဂလာဆောင်ကို ဒီကနေသွား၊ မဟုတ်ဘူးလား၊ မယုက ဝင်ခေါ်လေ"

မယုသည်လည်း ကျောက်မြောင်းတွင် အိမ်လေးတလုံး ငှား၍ နေနေပြီ။ သို့သော် မယုတို့မှာ ဗယ်လာရီကဲ့သို့ ပြည့်ပြည့်စုံစုံ မရှိ။ ညိုက မယုဆီတွင် နေရန် စိတ်ကူးသည်။ သည်တညတော့ ဗယ်လာရီနှင့် နေလိုက်ရဦးမည်။

"သီသီဆီကို ခု မသွားဘူးလား"

ဗယ်လာရီတို့ အိမ်မှဆိုလျှင် သီသီတို့အိမ်သည် မဝေးလှ။ သို့သော် ညိုက မသွားချင်။

"မနက်မှပဲ သွားတော့မယ် မယု၊ သူက ညိုမလာတော့ဘူး ထင်နေမှာ၊ မနက်ကျမှပဲ သူ အံ့ဩသွားအောင် လုပ်လိုက်မယ်"

ညိုတို့ သုံးယောက် ထမင်းလက်ဆုံ စားဖြစ်ကြသည်။ ညိုသည် သူ့ဘဝအကွေ့လေးမှ အတွေ့အကြုံ များကို လန်းလန်းရွှင်ရွှင် ပြန်ပြောပြနေသည်။ ညိုတယောက် ပြောင်းလဲလာသည့်အတွက် မယုနှင့် ဗယ်လာရီက ဝမ်းသာနေသည်။

"ညို့မှာ ခု သားတယောက်လဲ ရနေပြီ"

"ဘာရယ်"

"သြော် သားတယောက် မွေးစားထားတယ်လို့ ပြောတာ"

"အပျိုကြီး ကျောင်းဆရာမပီပီ တပည့်သားမြေးတွေ မွေးနေပြီပေါ့လေ၊ တော်ကြာ လူပျိုဆရာကြီးက ကလေးအမေဆိုပြီး စိတ်ပျက်သွားဦးမယ်"

ဗယ်လာရီက နောက်သည်။ ညိုက ဆရာ့ကိုပြောမှန်း သိလိုက်သည်။ ထို့ထက်ပို၍တော့ ဆရာ့အကြောင်းကို သူတို့က ဘာမျှ မပြောကြ။ ဆရာတယောက် အိမ်ထောင်မကျသေးဘူး ဟူ၍တော့ သိလိုက်သည်။ ဗယ်လာရီနှင့် မယုသည် တစုံတခုကို ဖုံးကွယ်ထားသည့်အလား တယောက်မျက်နှာ တယောက် မကြာမကြာ လှမ်းကြည့်နေကြသည်။ သူတို့ အမူအရာများကလည်း အကဲခတ်၍ ခက်နေလေသည်။

"ကန်ရေပြင်ဟာ လေပြင်းခတ်ရင်တော့ လှုပ်ရှားစမြဲပဲကွ၊ ဒါပေမဲ့ သူ့အချိန်ကျတော့လဲ ပြန်ငြိမ်သွားတာပါပဲ၊ သူက ရေသေကိုး"

"ဟော သူ လောကကြီးအကြောင်း ပြောတော့မယ်"

ဗယ်လာရီက ဆိုသည်။

"ဒီတခါတော့ လောကကြီးအကြောင်း မပြောတော့ဘူး၊ ဘဝအကြောင်းပဲ ပြောတော့မယ်၊ မင်းတို့ အံ့သြကြမလား၊ ကိုယ် ဝတ္ထုတပုဒ် ရေးထားတယ်"

"မယုက ညို့ကို စာရေးစေ့ချင်နေတာပဲ၊ ဘာတွေ ရေးထားလဲ"

"ဇာတ်လမ်းတော့ မည်မည်ရရ မရှိပါဘူး၊ အတွေးလေး တွေ၊ စိတ်ကူးလေးတွေ စုပေါင်းထားတာပါ"

"ချမ်းမြငြိမ်မှာ နေတုန်းက ညည ထပြီး ရေးနေတာမျိုး တွေလား"

ဗယ်လာရီက သတိတရ ပြောလိုက်သည်။ ညိုက ခေါင်းညိတ်ပြသည်။

"ကိုယ်က ထင်နေတယ်၊ ညိုဟာ သူငယ်ချင်းတွေကြားမှာ နေတုန်းကတောင် ငိုငိုနေတာ၊ ဟိုမှာတော့ တယောက်တည်း ငိုချည်းနေမှာပဲလို့၊ ခုတော့ ညို့ကိုကြည့်ရတာ ငိုမယ့်ပုံ မဟုတ်တော့ပါဘူး"

ညိုက ခေါင်းခါပြသည်။ မငိုတော့ဘူးဆိုသည့် သဘော။ ဗယ်လာရီက ထမင်းပွဲကို သိမ်းလိုက်သည်။ မယုက ညို့ကိုထားကာ ပြန်သွား၏။

"ညို စာမေးပွဲ မဖြေတော့ဘူးလား၊ အဲဒီမှာပဲ တသက်လုံး နေတော့မှာလား ဟင်"

"လူဆိုတာ ဘယ်မှာပဲနေနေ၊ ဘာပဲလုပ်လုပ် လုပ်စရာတွေ အများကြီး ရှိပါတယ်ကွယ်၊ လူ့ဘဝမှာ တခုခုတော့ လုပ်နေကြရမှာချည်းပဲ၊ တခါက ဗဲလ် ညို့ကို ပြောဖူးတယ် မဟုတ်လား ညို မမေ့ဖူးသေးဘူး၊ ညိုလဲ ဝေ်ရင် ဆူလာပူလာမှာပဲ ဆိုတာလေ ဟုတ်တယ်၊ လူတွေဟာ စားဝတ်နေရေးအတွက် အဓိက လုပ်နေကြရတယ်ကွ၊ အဲဒီအတွက် လုံးပန်းနေရတာနဲ့ပဲ တခြား ဘာမှမလုပ်နိုင်ကြဘူး၊ လုပ်ဖို့လဲ အချိန်မရကြတော့ဘူး၊ သိပ် နှမြောဖို့ကောင်းတယ် စားဝတ်နေရေး ပြည့်စုံတဲ့လူတွေကတော့ ကိုယ့်ဘဝ တိုးတက် မြင့်မားအောင် လုပ်နိုင်ကြတာပေါ့ကွာ"

"ညိုလဲ ခု ထမင်းစားဖို့ လုပ်နေရတယ် ဆိုပါတော့"

"ခုမှ လူ့ဘဝမှာ အခြေချဖို့ ကြံရတုန်း ရှိသေးတယ် ဆိုပါတော့၊ တခုခုလုပ်ဖို့ ကြိုးစားရဦးမယ်"

“ညို့ လောကကြီးကို မဆဲတော့ဘူးနော်”

“ဟုတ်တယ် လောကကြီးကို ဘယ်လို ရင်ဆိုင်ရမယ် ဆိုတာပဲ စဉ်းစားနေတယ်”

“ဒါနဲ့ ညို့ဝတ္ထုနာမည်က ဘာလဲ”

“ရွက်လှပန်း”

“ဟင်း တခါလာလဲ ဒါပဲ”

ဗယ်လာရီက ညို့ကို မျက်စောင်းထိုးသည်။ ညိုကတော့ ယခင် ရွက်လှပန်းနှင့် ယခု ညို့အတွေးထဲမှ ရွက်လှပန်း၏ အသွင် ခြားနားပုံကို တယောက်တည်း တွေးတောနေလိုက်မိလေသည်။

※※※

ယခုတော့ ညို လှလှပပ ပြုံးတတ်ပြီ။ ညို့အပြုံးသည် တောက်ပ၍ အားမာန်အပြည့် ပါနေလေသည်။ တချိန်က ညို ကြုံးဝါးခဲ့သလို ဥဒုမ္ဗရဒေဝီ၏အပြုံးမျိုး ဟုတ်မဟုတ်တော့ မသိ။ ညိုသည် ဣန္ဒြေရစွာ ပြုံး၍နေသည်ကတော့ အမှန် ဖြစ်သည်။

“မနေ့ကတည်းက ရောက်နေလျက်နဲ့တောင် မလာဘူး ညိုရယ်၊ ညို သီကို စိတ်ဆိုးနေလားဟင်”

ညိုက ပြုံး၍ ခေါင်းခါပြသည်။

“ဆိုးချင်လဲ ဆိုးနေမှာပါလေ၊ ဒီ့အနေနဲ့လဲ ညို့ကို စေတနာနဲ့ လုပ်ခဲ့သမျှ ညို့အတွက် ဝေဒနာချည်း ဖြစ်ခဲ့ရတာကိုး”

“သတို့သမီးဆိုတာ စိတ်မကောင်းစရာတွေ မပြောရဘူးလေ၊ သွားပါ ညို ဒီမှာပဲ ထိုင်နေပါ့မယ်၊ ဧည့်သည်တွေကို သွားနှုတ်ဆက်ချေပါ”

“ပြန်မသွားနဲ့ဦးနော်”

“အေးပါ”

“ကိုကိုက ညို့ကို သိပ်တွေ့ချင်နေတာ၊ လွှတ်လိုက်ရမလား”

“သူ့သဘောပါ”

“ညို့သဘောကကော”

"ဘာမှ မထူးခြားပါဘူးလို့ ပြောတာပါ၊ ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာ မရှိပါဘူး"

"ညို သိပ်ပြောင်းလဲနေပြီ"

သီသီသည် စကား ကြာကြာမပြောနိုင်။ ဧည့်သည်များနှင့် အတွက် စကားပြောနေရာသို့ ထသွားရသည်။ ဗယ်လာရီနှင့် မယုက ညို့ကို ထားကာ ပြန်သွားကြပြီ။ ညို့ကို သီသီက ဆွဲထား၍ နေရစ်ရသည်။ ကျော်ကျော်သည်လည်းကောင်း၊ ညီညီသည်လည်းကောင်း ညို့ကို လာရောက် နှုတ်ဆက်ခဲ့ကြသည်။ ကိုကိုနိုင် တယောက်သာ ညို့ဆီသို့ မလာသေးဘဲ အဝေးမှ လှမ်းလှမ်း ကြည့်နေသည်။ ညို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိလျှင် ညီမဖြစ်သူက သူ့ကို ဆူမှာ ကြောက်ရသေးသည်။ သီသီက လွှတ်လိုက်မှ ညို့အနားကို ရောက်လာသည်။

ညိုက ကိုကိုနိုင့်ကို အပြုံးဖြင့် ဆီးကြိုလိုက်လေသည်။ ကိုကိုနိုင်သည် အဝေးမှ လှမ်းမြင်နေရသော ညို့အပြုံးကြောင့် ခြေလှမ်းပင် အနည်းငယ်တုံ့သွားလေသည်။ ယခင်ကတော့ ကိုကိုနိုင်ကသာ ညို့ကို ဣန္ဒြေရရ ပြုံးပြ နှုတ်ဆက်ခဲ့စမြဲ။ ယခုတော့ အစဉ် ခေါင်းငုံ့၍ မျက်လွှာချထားတတ်သော ညိုက သူ့ကို အပြုံးဖြင့် ဆီးကြိုနေပါပြီကော။

"ကိုကို ဝလာတယ်နော်၊ ကိုကို့ဇနီးကော ဟင်"

ညိုက ကိုကို့ထက်ဦးအောင် လောကဝတ်စကား ဆိုပြန်လေသည်။ တိုက်ဆိုင်၍ပဲလားတော့ မသိ။ ညိုသည် ကိုကိုနှင့် ပထမဆုံးတွေ့ရသည့်နေ့ကအတိုင်း ပန်းရောင်ဝတ်စုံကို ဝတ်ထားသည်။ ကိုကိုက လုံချည်မရမ်းရောင်ကို ဝတ်ထားသည်။ သတို့သမီးသီသီသည်ပင် မင်္ဂလာပွဲရယ် ဘာရယ် ဂရုမထားဘဲ သူကြိုက်သော အစိမ်းရောင်ဝတ်စုံကိုသာ ရွေးချယ် ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

"ညိုကတော့ တောမှာနေလို့လားမသိဘူး အသားမည်းသွားတယ်နော်"

"အစကတည်းကမှ မဖြူဘဲ ကိုကိုရယ်"

ညိုသည် ငယ်သူငယ်ချင်းတယောက်နှင့် ပြန်တွေ့ရသော မိန်းမကြီးတယောက်ကဲ့သို့ လွတ်လွတ်လပ်လပ် ရယ်မောနေပြန်လေသည်။ ညို့အမူအရာတွေက ပြောင်းလဲနေသော်လည်း ညို့တွင် မပြောင်းလဲသော အချက်ကလေးက ရှိနေသည်။ ကိုကို့ကို 'ကိုကို' ဟု ခေါ်လိုက်တိုင်း ညို့အသံလေးက အဖျားခတ်၍ တုန်သွားတတ်သည်။ ညိုသည် ကိုကို့ကို ဘယ်အချိန် ဘယ်နေရာမှာပဲ

တွေ့တွေ့ ကိုကိုဟုသာ ခေါ်ခဲ့သည်ကိုလည်း သတိပြုမိသည်။

"ညို တောမှာနေရတာ ပျော်ရဲ့လားဟင်"

"မြို့မှာ နေတုန်းကကော ပျော်နေခဲ့မိလို့လား ကိုကို"

ကိုကိုနိုင်သည် ညို့ကို စကားဆက်ပြောရန်ပင် တုံ့နှေးသွားမိသည်။

"ညိုက ဆရာမလုပ်နေလို့လား မသိဘူး၊ စကား ပိုတတ်လာတယ်"

"ဘဝက သင်ပေးတာဖြစ်မှာပေါ့"

ကိုကိုက ညို့ကို ကြိုးစား၍ ပြုံးပြမိသည်။ ညိုက တချိန်လုံး ပြုံး၍ ပြုံး၍ စကားပြောနေခဲ့သည် မဟုတ်လား။

"ညို တောမှာပဲ နေတော့မှာလားဟင်၊ ရန်ကုန်ကို ပြန်မလာတော့ဘူးလား"

"ရန်ကုန်မှာ ညို့အတွက် ခြေချစရာနေရာမှ မရှိတာပဲ ကိုကိုရယ်"

"ညို စာမေးပွဲ မဖြေတော့ဘူးလား"

ညိုက ခေါင်းခါပြသည်။

"ညို တခုခုလုပ်ဖို့ကောင်းတယ်၊ ကလေးတွေကို စာသင်တာလည်း အလုပ်ပါပဲ။ ဒါပေမဲ့ ညို နောက်ထပ် တခုခုလုပ်ရင် ကောင်းဦးမယ်လို့ ကိုကိုထင်နေတယ်။ ညို အရင်တုန်းကလို လောကကြီးကို စိတ်ပျက်စရာချည်းပဲလို့ မတွေးတော့ဘူး မဟုတ်လား၊ ညို့ကြည့်ရတာ ပိုအားပြည့်လာသလိုပဲ"

"ကိုကို မှတ်မိသလားဟင်၊ ကိုကိုနဲ့ စတွေ့တုန်းက ညို ပြောခဲ့ဖူးတာလေ၊ ညို ကဗျာတပုဒ် စပ်နေတယ် ဆိုတာ"

"ဪ အင်း၊ ဟုတ်တယ် ဟုတ်တယ်"

ကိုကိုက ယောင်ဝါးဝါးဖြင့် ဖြေလိုက်သည်။ ပြီးမှ တစုံတရာကို သတိရသွားသလို ညို့ကိုကြည့်သည်။

"ကိုကို ရွက်လှပန်းကို သတိရတယ် မဟုတ်လား"

ကိုကိုက ခေါင်းကို သွက်သွက်ညိတ်ပြသည်။

"ညို့ကို ပထမဆုံး ဝေဖန်တာ ကိုကိုပဲ"

"ကိုကို ညို့အပေါ် အမြဲ စေတနာရှိပါတယ်ကွယ်၊ အရင်ကလဲ ရှိတာပဲ၊ ခုလဲ ရှိတာပဲ၊ ညို့ကို လောကအလယ်မှာ အားငယ်နေတဲ့ မိန်းကလေးတယောက် ဖြစ်မနေစေ့ချင်တာ အမှန်ပါ။ ဒါပေမဲ့ ကိုကို ညို့ကို နှစ်သလိုဖြစ်ခဲ့ရတယ် ခွင့်လွှတ်ပါ"

"ညို့ကို တောင်းပန်ဖို့ မလိုတော့ပါဘူး ကိုကို၊ ကိုကို့ကို ညို ကျေးဇူးတင်ပါတယ်၊ ခုလေ ညို ရွက်လှပန်းကို အသစ် ပြန်ရေးထားတယ်"

ကိုကိုက ညို့ကို ငေး၍ကြည့်နေမိသည်။

ယခုတော့ ညို့မျက်နှာလေးက တည်တည်ငြိမ်ငြိမ်လေး ဖြစ်သွားသည်။ ညို့မျက်လုံးများသည် ယခင်လို မှိုင်းမှိုင်းညို့ညို့ မဟုတ်တော့။ မျက်ရည်တွေ ဝေ့မနေတတ်တော့။ ပြောင်လက် တောက်ပ နေသည်။ ညိုက သူ့ကို အရုပ်ဆိုး၍ ပစ်ပယ်ခဲ့သည်ဟု ထင်နေသည်ကို ကိုကို ရှင်းပြချင်နေသည်။ ကိုကို့အမြင်တွင် ညိုသည် မလှသော်လည်း အရုပ်မဆိုးခဲ့။ သို့သော် ကိုကို ဘာမျှ မပြောဖြစ်။ ခုမှတော့ ပြော၍လည်း ကောင်းမည် မဟုတ်တော့။

"ကိုကို ညိုပြောတာ ကြားရဲ့လားဟင်"

"ကြားပါတယ် ညို၊ ရွက်လှပန်းကို အသစ်ပြန်ရေးထားတယ် ဆိုတာလေ၊ ကိုကို စောင့်ဖတ်ပါ့မယ် ညို။ ညို့ကဗျာတွေကို ကိုကို အမြဲ စောင့်ဖတ်နေခဲ့ပါတယ်၊ ညို့မှာ ကဗျာရေးတဲ့ အလုပ်တခု ရှိနေတယ်ဆိုတာ ကိုကို မေ့သွားတယ်"

ကိုကိုသည် အမှတ်မထင် ညို့လက်ချောင်းလေးများကို ငေးကြည့်လိုက်မိပြန်သည်။ ညို့လက်ချောင်း လေးများက သွယ်၍ ပျော့ပျောင်းသည်။ ကိုကိုသည် မိုးရွာသောနေ့လေးတနေ့ကို ပြေး၍ သတိရလိုက်မိလေသည်။ ထိုနေ့က အမှတ်မထင် ညို့လက်ကလေးများကို ဆုပ်ကိုင်ထားခဲ့မိဖူးသည်။ ပြီးတော့ သည်မိန်းကလေးကို ဘာကြောင့်များ ပစ်ပစ်ခါခါ ပစ်ထားခဲ့မိပါလိမ့်ဟုလည်း တွေးနေမိသည်။ ညိုပြောသလို သက်သက်ထွေးဟာ သိပ်လှနေလို့ပဲလား။ တကယ်တမ်းကျတော့ ကိုကိုသည် ဝတ်ဆံပါသော ပန်းကိုမှ ရွေးချယ်မြတ်နိုးသူ ဖြစ်ခဲ့လေသည်။

ယခုတော့ ကိုကိုသည် စိမ်းစိမ်းဝေဝေ၊ လန်းလန်းဆန်း ဆန်း ဖြစ်နေသော ပန်းကလေး၏ သဘာဝကို နှစ်သက်ကြည်နူးနေမိလေသည်။ မပန်မဆင်ရဘဲနှင့် သဘာဝအလျောက် ရှင်သန် လန်းဆန်း နေသည်ကိုပင် စေတနာသန့်သန့်ဖြင့် ကျေနပ်နှစ်သိမ့် နေမိလေသည်။

"ကိုနိုင်က ဒီမှာ ရောက်နေတာကိုး"

သက်သက်ထွေးက အနားသို့ ရောက်လာသည်။ မိန်းမသား နှစ်ယောက်က အပြုံးဖြင့် တုံ့ပြန် နှုတ်ဆက်လိုက်ကြသည်။

“ကိုကိုတို့ ပြန်တော့မယ်၊ ညို နေဦးမှာလား”

“သီသီတို့ မေမေတို့နဲ့ စကားပြောပြီးရင် ပြန်မယ်လေ”

ကိုကို့သမီးငယ်က ပြေး၍လာသည်။ ပြီးတော့ ကိုကိုနှင့် သက်သက်ထွေးက လက်တဘက်စီဆွဲကာ ခေါ်သွားသည်။ သည်တခါတော့ ညို့ကို ကိုကို လိုက်မပို့နိုင်တော့။ ညို့အပြန်လမ်းကို ညိုတယောက်တည်းပင် ပြန်ရပေမည်။

※※※

၁၇

လူ့ဘဝတွင် မထင်မှတ်သောအရာတို့သည် တထောင့်တနေရာတွင် အမြဲ ရှိနေတတ်ကြလေသည်။

ညိုက ကိုကိုနိုင်နှင့် လျှောက်နေကျ လမ်းကလေးကို တယောက်တည်း လျှောက်ခဲ့သည်။ လမ်းဆုံးလျှင် ပြည်လမ်းမကို ရောက်မည်။ ညာဘက်ကွေ့လိုက်လျှင် ဗယ်လာရီတို့အိမ်ကို ရောက်မည်။ မယုက နောက်နေ့ကျမှ ညို့ကိုလာခေါ်မည်။ ရန်ကုန်တွင် ကြာကြာနေဦးမည် စိတ်ကူးသော်လည်း ယခုတော့ နေချင်စိတ် မရှိတော့။ ရန်ကုန်မြို့သည် တနှစ်အတွင်းမှာပင် များစွာ ပြောင်းလဲ၍နေလေပြီ။ ဘယ်နေရာကြည့်ကြည့် လူတွေသည် ပြေးလွှားလှုပ်ရှားနေကြသည်ဟုသာ ထင်မိသည်။ အလုအယက် အရေးတကြီး၊ အမောတကော ဖြစ်နေကြဟန် ရှိလေသည်။ အေးမြ ဆိတ်ငြိမ်မှုကို ရှာ၍ မတွေ့သလို ခံစားရသည်။

အတွေးဖြင့် လျှောက်လာသော ညိုသည် သီရိမြိုင်၏ အဝင်ဝတွင် တစုံတယောက်နှင့် တိုးမိတိုက်မိမတတ် ဖြစ်သွားသည်။ လက်တဘက်က ညို့ပခုံးကို ပိုင်စိုးပိုင်နင်း ကိုင်လိုက်၍ ညိုက တအံ့တသြ မော့ကြည့်မိသည်။

"သြော်"

ဆရာသည် ညို့ကို ပြုံး၍ ကြည့်နေလေသည်။

"ဆရာစောင့်နေတာ ကြာပြီ၊ ဒီနေ့ စောင့်နေတာလဲ ကြာပြီ၊ ညို ရန်ကုန်က ထွက်သွားကတည်းကဆိုရင်တော့ ကြာလှပြီပေါ့ကွယ်"

ညို ပြန်လာချိန်သည် ညနေဆည်းဆာသို့ပင် ရောက်နေပေပြီ။ သီသီနှင့် မေမေသည် ညို့ကို မပြန်စေချင်၍ ဆွဲထားကြသေးသည်။ နောက်မှ အေးအေးဆေးဆေး လာပါမည်ဟု ညိုက ပြောခဲ့ရသည်။ ပြန်ပို့မည် တကဲကဲလုပ်နေသော ကျော်ကျော့်ကိုလည်း တောင်းပန်၍ ထားခဲ့သည်။ ညိုတယောက်တည်း ပြန်လာခဲ့သည်။ ညို့ကို စောင့်နေသူ ရှိနေမည်ဟုတော့ ညို မထင်ခဲ့။

"ဆရာ ညို့ကို စောင့်နေတယ် ဟုတ်လား"

"ညိုက မမျှော်လင့်ဘူး ဆိုပါတော့"

"ထိုင်ကြရအောင်နော်"

ညိုကိုယ်တိုင်က ဧည့်သည်ဖြစ်နေပြီမို့ အိမ်ရှေ့အုတ်ခုံလေးတွင်ပင် ထိုင်ရန် ဟန်ပြင်လိုက်သည်။

"ဆရာတို့ လမ်းလျှောက်ကြရအောင်"

ဆရာသည် ညို့ကိုကြည့်ကာ တောင်းပန်သလို ပြောလိုက်သည်။ ညိုက အိမ်ဘက်သို့ လှမ်းမျှော်ကြည့်သည်။ ဗယ်လာရီက လက်ကလေးကို ဝှေ့ယမ်းပြသည်။ ညိုတို့ အမူအရာကို နားလည်သည့်သဘော။ ညိုက ဆရာနှင့်ယှဉ်၍ ပြည်လမ်းဘက်သို့ ထွက်ခဲ့သည်။

တံတားဖြူရောက်တော့ မတိုင်ပင်ဘဲနှင့် အင်းလျားကန်ပေါင်ပေါ်သို့ အတူတူ တက်လာမိသည်။ ရေပြင်သည် ငြိမ်သက်နေလေသည်။ ညို့အပြောအရဆိုလျှင်တော့ လေငြိမ်နေ၍ပဲ ဖြစ်မည်။

"ညို ဆရာ့ကို စိတ်ဆိုးသွားလား"

တလမ်းလုံး နှစ်ယောက်သား စကားမဆိုဘဲ တိတ်တဆိတ် လျှောက်လာခဲ့ကြသည်။ အေးအေးဆေးဆေး ထိုင်မိပြီ ဆိုတော့မှ ဆရာက စကားဆိုသည်။ ညိုက အင်းလျားရေပြင်ကို ပိတ်ကားသဖွယ် သဘောထားကာ ဇာတ်လမ်းဟောင်းကို ပြန်လည် ခင်းကျင်းနေမိ၏။ ကိုကိုနိုင်ရယ်၊ ကိုသက်ဆွေရယ်၊ ခု ဆရာရယ်။ သည်နေရာမှာ ထိုင်ခဲ့ကြဖူးသည် မဟုတ်လား။

"ပြောပါဦး ညို၊ ဆရာ့ကို ညို စိတ်နာသွားသလားဟင်"

"ညို့ကို တွေ့တာနဲ့ စိတ်ဆိုးသွားသလားလို့ မေးတဲ့လူ တွေချည်းပဲ၊ ညို ဘယ်သူ့ကိုမှ စိတ်မဆိုးပါဘူး ဆရာ၊ ညို့အပေါ် ဆိုးတဲ့လူတွေမှ မဟုတ်တာ"

ဆရာသည် တည်တည်ငြိမ်ငြိမ်ဖြစ်လာသော ညို့ကို ငေးစိုက် ကြည့်နေမိသည်။ တချိန်ကတော့ ညိုသည် တခါတခါ ထ၍ ရိုက်ပစ်ချင်စရာ ကောင်းလောက်အောင် အပြောရ အဆိုရခက်သော ကောင်မလေး ဖြစ်ခဲ့လေသည်။

"ဟုတ်တယ်ကွယ်၊ ညို့အပေါ်မှာ အားလုံးက စေတနာ ရှိကြပါတယ်၊ ဆရာကတော့ ကိုယ့်ကိုယ်ကို အပိုဆုံးလို့ ထင်တာပဲ"

ဒီတနေ့တည်းမှာ စေတနာစကားတွေချည်း ကြားနေရပါလား။ ညိုက သက်ပြင်းလေး ရှိုက်လိုက်သည်။

"ညို နားလည်ပါတယ် ဆရာ၊ အစကတော့ ညို့ဘဝမှာ နာကျည်းစရာတွေ

ရှိခဲ့သလို့ စေတနာ ဆိုတာလဲ အပိုတွေပဲလို့ ထင်ခဲ့တယ်၊ လူတွေအားလုံးဟာ စိတ်ရင်းကောင်းကြသူတွေချည်းပါပဲလေ၊ အခြေအနေနဲ့ ပတ်ဝန်းကျင်ကြောင့် အပြုအမူတွေ ခြားနားကုန်တာ ထင်ပါရဲ့”

“ညို စကားပြောတာတောင် အရင်ကနဲ့ မတူတော့ပါလား၊ ဒါကြောင့် ဗယ်လာရီက ပြောတာ၊ ညို ခုမှ လောကအကြောင်း ကောင်းကောင်း နားလည်သွားတာတဲ့၊ အဲ အဲ ဘာတဲ့ လောကအကြောင်း မဟုတ်ဘူး ဘဝတဲ့”

ညိုက ကလေးတယောက်လို ရယ်မောလိုက်သည်။

“ညို အခု စာတွေ ရေးနေတယ်ဆို”

ညိုက ဘာမျှမဖြေ။ ဆရာကသာ ညို့ကို တစိမ့်စိမ့် ကြည့်ကာ စကားကို တယောက်တည်း ပြောနေသည်။

“ဆရာပြောတယ် မဟုတ်လား၊ ညိုအလုပ်လုပ်ရင် ဘဝကို ခြေစုံပစ် ဝင်လိုက်တဲ့သူ ဖြစ်သွားမယ်လို့၊ ဆရာကတော့ ညို့ကို လူ့ဘဝထဲက ရင့်ကျက်တဲ့ မိန်းကလေးတယောက်အနေနဲ့ မမြင်ချင်ပါဘူး၊ ကျောင်းသူလေး တယောက်လိုပဲ မြင်ချင်တယ်”

“ဘာလဲ ညို့ကို ကျောင်းပြန်နေပါ၊ စာမေးပွဲဖြေပါလို့ ပြောဦးမလို့လား၊ လူတွေ့တိုင်း စာမေးပွဲ ဖြေလို့ချည်းပဲ ပြောနေကြတာပဲ၊ ညိုတော့ ညို့ကို စာမေးပွဲ ဖြေခိုင်းတဲ့သူတွေကို မုန်းတယ် သိလား၊ စာမေးပွဲတွေ အောင်ထားမှ လူ့ဘဝမှာ နေလို့ရမှာ ကျနေတာပဲ”

ညိုသည် သူ့နဂိုဟန်လေး ပြန်ဝင်လာကာ ဆရာ့ကို ကက်ကက်လန်အောင် ပြန်ပြောလိုက်မိလေ သည်။ ဆရာက သည်အမူအရာလေးကိုပင် နှစ်ခြိုက်ကြည်နူးသွားမိသည်။ သူနှင့် ပတ်သက်လာလျှင် ညိုသည် ပို၍ဆိုးကာ ပို၍ အနိုင်ယူတတ်နေသည်ကိုလည်း ကျေနပ်လိုက်မိသည်။

“မပြောတော့ပါဘူး ကလေးရယ်၊ နေချင်သလိုနေပါ၊ ခုတော့ ဒီလိုနေနေတာကိုပဲ ဝမ်းသာနေမိပါပြီ၊ အရင်အတိုင်းဆိုရင်တော့ ညို့ကို ထားခဲ့ရမှာ စိတ်မချလို့”

“ဘာရယ် ညို့ကို ထားခဲ့ရမယ် ဟုတ်လား”

ညို့စိတ်သည် သိသိသာသာ လှုပ်ရှားသွားလေသည်။ ဆရာနှင့် ပတ်သက်လာလျှင် ညို့တွင် ခံစားရမှု နည်းခဲ့သည်ဟု ထင်ခဲ့မိသည်။ ယခုတော့ ညို့ရင်တွင် ဝေဒနာတရပ်က မထင်မှတ်ဘဲ လာရောက် ကပ်ငြိသွားလေသည်။

“ဗယ်လာရီတို့က မပြောဘူးလား”

“ဟင့်အင်း”

“ဆရာ လန်ဒန်ကို သွားရမယ်”

“ဟုတ်လား”

ညို့အသံလေးက သိသိသာသာ တုန်သွားသည်။ ဆရာ့ မျက်နှာကိုလည်း စူးစူးစိုက်စိုက် ကြည့်နေလိုက်မိသည်။ ဆရာသည် ညို့လက်ကလေးများကို ဖမ်းယူ ဆုပ်ကိုင်လိုက်လေသည်။

“ဗယ်လာရီတို့ မယုတို့က ပြောတယ်၊ ညိုက ကိုယ့်ကိုယ်ကို ညာနေတာတဲ့၊ ဆရာကို အရင်တွေ့ခဲ့ပြီး ဟို ကိုကိုနိုင်ဆိုတဲ့သူနောက်ကို ပါသွားတော့ ဆရာ့ဆီ ပြန်လာရမှာ ရှက်နေလို့ သူ့စိတ်သူ မလုံလို့တဲ့၊ ဟုတ်လား ဟင်”

ဆရာသည် အချစ်ဟူသော စကားတခွန်းမျှ မပါဘဲနှင့် ညို့ဆီမှ အဖြေကို တောင်းယူနေလေသည်။ ညို့မျက်လုံးအိမ်တွင် မျက်ရည်စက်လေးများ ဥလာသည်။

“ဟော၊ ဆရာမကြီးက ငိုတော့မလို့လား၊ ဆရာမေးတာ ဖြေပါဦး”

“ဆရာ ဟိုမှာ ဘယ်လောက်ကြာကြာ နေရမှာလဲဟင်”

“သုံးနှစ်”

“သုံးနှစ်”

ညိုက တီးတိုး ရေရွတ်လိုက်သည်။

“သုံးနှစ်ဆိုတာ ဘာမှမကြာပါဘူး ကလေးရယ်၊ ဆရာ ပြန်လာရင် ညိုဟာ ဒီ့ထက် ရင့်ကျက် တည်ငြိမ်တဲ့ မိန်းကလေး ဖြစ်နေမှာပေါ့၊ ဟုတ်ဘူးလား၊ အပျိုကြီး ကျောင်းဆရာမအဖြစ်နဲ့ ဆရာ့ကို စောင့်နေပေါ့၊ စောင့်နေမယ် မဟုတ်လားကွယ်”

ညိုက အလိုလို ခေါင်းညိတ်လိုက်မိလေသည်။ လူဆိုသည်မှာ ကိုယ်က ခွဲထားခဲ့ရစဉ်က ဝေဒနာကို များစွာ မခံစားရသော်လည်း တစုံတယောက်က ခွဲသွားပြီဆိုတော့ ရင်ထဲမှာ ပို၍ နာကျင်လာတတ် ကြသည်သာ။ ခွဲခွာရခြင်း အတူတူ ကျန်ခဲ့သူက ပိုလွမ်းရသည် ထင်၏။

ညို့ပါးပြင်ပေါ်မှ မျက်ရည်စက်များကို ဆရာက တယုတယ သုတ်ပေးသည်။ ပြီးတော့ ညို့နဖူးလေးကို ငုံ့နမ်းမည်ပြုပြီးမှ ညို့လက်ကလေးများကိုသာ ဆုပ်ကိုင်၍ နမ်းလိုက်သည်။

မိုးမိုး (အင်းလျား)

၁၆၊ ၈၊ ၇၅။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ
Subscribe Telegram Channel

https://t.me/TheBookR